
www.burmeseclassic.com

စာပေဗိမာန်စာမူဆုရ

# အဖေ အမေတို့ သားတို့ သမီးတို့



ဇင်မင်း(သမိန်ထော)

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၄ ခုနှစ်၊ စာပေဗိမာန်စာမူဆု

ပြဇာတ်စာပေ တတိယဆုရ

# အဖေအမေတို့ သားတို့သမီးတို့

## တစ်ခန်းရပ်ပြဇာတ်များ

ဇင်မင်း (သမိန်ထော)

စီစဉ်တည်းဖြတ်သူ – ဦးညွန့်ဟံ (ညွန့်ဟံ ကြူတော)
စာတည်း (တာဝန်ခံ)
– ဒေါ်တင်မွေး (မွေးငယ်ငယ်)
စာတည်း

အဖုံးပန်းချီ – ညီညီ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | အမေအဖေတို့ သားတို့သမီးတို့ | ... | ၁ |
| ၂။ | ဘုရားခန်း | ... | ၂၁ |
| ၃။ | ဆရာဝန် အင်ဂျင်နီယာ | ... | ၂၉ |
| ၄။ | သမီးလေးရေးတဲ့စာတမ်း | ... | ၄၁ |
| ၅။ | အမေ့အစုတ်ပလုတ်တွေ | ... | ၅၄ |
| ၆။ | ဘကြီးဆုံးမစကား | ... | ၇၂ |
| ၇။ | ထန်းမွေ | ... | ၈၆ |
| ၈။ | ကဲ .. ခင်ဗျားကိစ္စပြော | ... | ၁၀၂ |
| ၉။ | အဲဒီ နိုင်ငံခြားကျေးဇူး | ... | ၁၁၉ |
| ၁၀။ | နိုင်ငံခြားပြန် | ... | ၁၃၄ |
| ၁၁။ | တတိယအဖြေ | ... | ၁၄၉ |
| ၁၂။ | ဆယ်ယောက် နှစ်ယောက် | ... | ၁၆၆ |


www.burmeseclassic.com

www.burmeseclassic.com

# အဖေအမေတို့ သားတို့သမီးတို့

(တစ်ခန်းရပ်ပြဇာတ်)

## ပါဝင်သူများ

၁။ ဦးလေးမြတ် – အငြိမ်းစား ခရိုင်အုပ်ချုပ်ရေးမှူး

၂။ ဒေါ်အေးမြတ် – ဦးလေးမြတ်၏ဇနီး

၃။ ဒေါက်တာလေးမြတ်သူ – ဦးလေးမြတ်၊ ဒေါ်အေးမြတ်တို့၏သားကြီး

၄။ လ/ထအင်ဂျင်နီယာ အေးမြတ်သူ – ဦးလေးမြတ်၊ ဒေါ်အေးမြတ်တို့၏သားလတ်

၅။ အထပြဆရာမ ထွေးမြတ်ဖြူ – ဦးလေးမြတ်၊ ဒေါ်အေးမြတ်တို့၏သမီးငယ်

၆။ မခင်မျိုး – ဒေါက်တာလေးမြတ်သူ၏ ဇနီး

၇။ မဝင်းချို – လ/ထအင်ဂျင်နီယာအေးမြတ်သူ၏ဇနီး

၈။ မျိုးသူရ – လေးမြတ်သူနှင့် မခင်မျိုးတို့၏သားငယ်

၉။ ဝင်းသူရ – အေးမြတ်သူနှင့် မဝင်းချိုတို့၏သားငယ်

၁၀။ ပုလဲဖြူ (ပုလဲမ) – ထွေးမြတ်ဖြူ၏ လသားသမီးငယ်လေး

၁၁။ ဦးစိုးလွင် – မြို့နယ်အုပ်ချုပ်ရေးမှူး



www.burmeseclassic.com

www.burmeseclassic.com



## အပြင်အဆင်

တိုက်အိမ်တစ်လုံး၏ သန့်ရှင်းသပ်ရပ်သော ထမင်းစားခန်း ရေးချက် နောက်ခံကားရှိရမည်။ ၎င်းပိတ်ကား၏ လယ်ယာဘက်အစွန်တွင်၊ ထမင်းစားခန်းမှ အိမ်မကြီးသို့ ဝင်/ထွက်သည့် တံခါးပေါက်ကြီးတစ်ခု (တံခါးရွက်များဖွင့်လျက်သား အနေအထား) ရေးဆွဲပါရှိရမည်။ ၎င်းပိတ်ကား၏ လက်ဝဲဘက်အစွန်တွင် ထမင်းစားခန်းမှ မီးဖိုဆောင်သို့ ဝင်/ထွက်သည့် တံခါးပေါက်ကြီးတစ်ခု (တံခါးရွက်များဖွင့်လျက်သား အနေအထား) ရေးဆွဲပါရှိရမည်။

ပိတ်ကား (နံရံပေါ်) တွင် သစ်သီးဝလံပန်းမန် ပန်းချီကားများ၊ ရှုမျှော်ခင်း ပန်းချီကားများ သင့်သလို ရေးဆွဲပါရှိရမည်။

အခန်းအလယ်တွင် ဆုံလည်ပါသော ထမင်းစားပွဲဝိုင်းကြီးတစ်ခုနှင့် ၎င်းကို ဝိုင်းပတ်လျက် ထိုင်ခုံ ၁၀ လုံးရှိရမည်။ နံရံတွင်ကပ်လျက် ရေခဲသေတ္တာကြီး တစ်လုံးလည်း ထားရှိရမည်။

နံနက်ခင်းအလင်းရောင် ရှိရမည်။

## (ရှေ့ဖုံးကားဖွင့်)

(လမ်းလျှောက်တုတ်ကောက်ကိုင်လျက် ဦးလေးမြတ်သည် မြေးနှစ်ယောက် မျိုးသူရနှင့် ဝင်းသူရတို့ ဝဲယာလိုက်ပါလျက်၊ ဇာတ်စင်၏လက်ယာဘက်တံခါး ပေါက်ကြီးမှ အခန်းထဲသို့ဝင်လာစေ။ ဦးလေးမြတ်က ဘောင်းဘီရှည်ဝတ်ထား ပြီး မြေးနှစ်ယောက်က ဘောင်းဘီတိုလေးများဝတ်ဆင်ထားလျက် ရှင်လန်းစွာ ဝင်လာကြစေ။ ၎င်းတို့နောက်မှ ဦးစိုးလွင် ပါလာစေ။)

(ဦးလေးမြတ်လက်ထဲတွင် မုန့်ဟင်းခါးမုန့်ဖတ်များ ကြွပ်ကြွပ်အိတ်များဖြင့် ထည့်လျက်ပါလာစေ။)

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးမြတ်။ (ဝင်လာလာချင်း မုန့်ဖတ်အထုပ်များကို စားပွဲပေါ်လှမ်းတင်ရင်း မီးဖိုဆောင်ဘက်သို့ လှမ်းအော်ပြောစေ။) ဟေး ... ဘွားအေကြီး ဒေါ်အေးမြတ်ရေ ... မောင်စိုးလွင်ပါလာပြီဟေ့။ မုန့်ဟင်းခါး မုန့်ဖတ်တွေလည်းဝယ်ခဲ့ပြီဟေ့ ... (နောက်သို့လှည့်ပြီး) လာကွ ... မောင်စိုးလွင်ကြီး ... တို့ ဒီထမင်းစားခန်းထဲမှာပဲ မုန့်ဟင်းခါး စားရင်း စကားပြောကြတာပေါ့။ ဒီနေ့တနင်္ဂနွေနေ့လည်းဖြစ်၊ မင်းလဲလာမှာမို့ အိမ်မှာ မုန့်ဟင်းခါးဟင်းချက်တယ်လေ။

ဒေါ်အေးမြတ်။ (အတွင်းဘက်/ မီးဖိုဆောင်ထဲမှအသံ) လာမယ် ဘိုးအေကြီးရေ။ ဒီမှာ ဟင်းထဲ ငှက်ပျောဖတ်ထည့်နေတုန်းမို့လို့ ...။

ဦးလေးမြတ်။ မောင်စိုးလွင်ရေ မင်းအစ်မက မုန့်ဟင်းခါးဆို အသေအလဲ ကြိုက်တာ။ အခုလဲ မုန့်ဟင်းခါးကို သူကိုယ်တိုင်ချက်နေတာကွ။ ချွေးမတွေက ဝိုင်းကူရုံပဲ။ သမီးကတော့ သူ့ကလေးငယ်သေး လို့ ဝိုင်းမချက်နိုင်ဘူး။

(ဦးလေးမြတ်နှင့် ဦးစိုးလွင်တို့ ထိုင်ခုံများတွင်ထိုင်ကြစေ။)

မျိုးသူရ။ သား ဖေဖေ့ကို သွားနှိုးတော့မယ်နော် ဘိုးဘိုး။

ဝင်းသူရ။ သားလဲ ဖေဖေ့ကိုသွားနှိုးမယ်။

(ကလေးနှစ်ယောက်ပြောရင်းဆိုရင်း လက်ယာဘက်သို့ ပြေးဝင်သွားကြစေ)

(ဒေါ်အေးမြတ် ဇာတ်စင်၏လက်ဝဲဘက်မှ၊ လက်သုတ်ပဝါတစ်ခုဖြင့် လက်သုတ်ရင်းထွက်လာစေ။ ဦးစိုးလွင်ကိုမြင်လျှင်မြင်ချင်း ဝမ်းသာအားရနှင့် ...)

ဒေါ်အေးမြတ်။ ဟာ ... မောင်စိုးလွင်ကြီးက ဝလို့ပါလား။ ရုပ်ကတော့ မပြောင်းပါဘူး။ အရင်အတိုင်းပဲ။ မငွေရီတို့ရော နေကောင်းကြသား။ ကလေးတွေရော ဘယ်အဆင့်တွေရောက်နေကြပြီပဲ။ မငွေရီ တို့က လိုက်မလာကြဘူးလား ...။ အခု မောင်စိုးလွင် တစ်ယောက်တည်း ပြောင်းလာတာလား ... ။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးမြတ်။ ဟာ ... မင်းမေးခွန်းတွေကများလွန်းတော့ မောင်စိုးလွင်က ဘယ်လိုလုပ်ဖြေမှာလဲကွ။

(ဦးစိုးလွင်က ပြုံးလျက်ရှိစေ။)

ဒေါ်အေးမြတ်။ (ထိုင်ခုံတစ်လုံးတွင်ဝင်ထိုင်ရင်း) အို ... မတွေ့တာနှစ်ပေါင်း သုံးဆယ်လောက်ရှိပြီဆိုတော့ မေးမိတာပေါ့တော်။

ဦးလေးမြတ်။ မောင်စိုးလွင်ရေ ... မင်းဒီမြို့ကိုပြောင်းလာတယ်ဆိုတဲ့သတင်းကို ရကတည်းက မင်းကို အရမ်းတွေ့ချင်နေကြတာကွ။ ဒါနဲ့ မင်းဆီ ဖုန်းဆက်ပြီး ဒီနေ့တွေ့ဖို့ စီစဉ်လိုက်တာ။ တို့မြေးအဘိုးတွေက မနက်ဘက်လမ်းလျှောက်ရင် မင်းအခုနေတဲ့ဝန်ထမ်းတိုက်ခန်း တွေဘက်ရောက်တာမို့လို့ အခုလမ်းလျှောက်အပြန်မှာ မင်းကို ဝင်ခေါ်ခဲ့တာလေ။

ဦးစိုးလွင်။ ကျွန်တော်ကလဲ ဆရာတို့ မမတို့ ဒီမြို့ဇာတိဆိုတာသိပေမယ့် လိပ်စာအတိအကျမသိတော့ စုံစမ်းနေတုန်း၊ ဆရာ့ဆီက ဖုန်းဆက်လို့ အရမ်းဝမ်းသာသွားတာ။ အဲဒီ ကျွန်တော့ ဘာသာ လာမလို့ကို၊ ဆရာက ဒီနေ့မနက်စောစော တိုက်ခန်းက စောင့်နေဆိုလို့။ ကျွန်တော် မမတို့အိမ်ကို အရောက်နောက်ကျ သွားတာ ခွင့်လွှတ်ပါနော် ... ။

ဒေါ်အေးမြတ်။ အို ကိစ္စမရှိပါဘူးကွယ်။

ဦးလေးမြတ်။ ဆရာတို့ကလဲ အခုလို ရုံးပိတ်ရက်ကျတော့ မင်းလဲအားမယ် မှာပဲ၊ တို့အိမ်မှာလဲ မိသားစုစုံစုံညီညီရှိတယ်ဆိုပြီး အခုလို မုန့်ဟင်းခါးစားရင်း စကားတွေတစ်ဝကြီးပြောဖို့ စီစဉ်လိုက် တာကွ မောင်စိုးလွင်ရ။

www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးလွင်။ ကောင်းပါတယ်ဆရာရယ်။ မမရေ ... မညိုမ မငွေရီနဲ့ ကလေးတွေကတော့ အညာမှာကျန်ခဲ့ကြတယ်။ ဖြည်းဖြည်းမှပဲ ခေါ်တော့မယ်။ ကလေးက (၃) ယောက်ပေါ့။ ဆရာတို့ရှိတုန်းက တစ်ယောက်ပဲရှိတာ။ အဲဒီအကြီးကောင်က ဂျီတီအိုင်တက်ပြီး အခု မိတ္ထီလာဆောက်လုပ်ရေးမှာ။ သူက အိမ်ထောင်နဲ့လေ။ အလတ်မက ဆရာမဖြစ်ပြီ၊ ငါန်းဇွန်မှာပဲ။ အငယ်ကောင်ကတော့ ဒီနှစ် ၁၀ တန်းတက်ရပြီ။

ဒေါ်အေးမြတ်။ ဩော် ... အကြီးလေးတောင် အိမ်ထောင်ကျပြီကိုး။ အေးလေ တို့တောင် မြေးတွေရနေမှပဲ။

ဦးစိုးလွင်။ အလတ်မက ဆရာမဖြစ်ပြီး အတူနေဆိုတော့ မငွေရီလဲ မြို့က မခွာနိုင်သေးဘူးလေ။ ဒါကြောင့် ဖြည်းဖြည်းမှပဲ သူတို့ကို ခေါ်တော့မယ်။ ဒုဦးစီးဘ၀တုန်းကလဲ ကျွန်တော်ပြောင်းတဲ့ နေရာတိုင်း သူတို့ကို မခေါ်နိုင်ခဲ့ပါဘူးမမရာ။

ဒေါ်အေးမြတ်။ အေးကွယ် ... မောင်စိုးလွင်ကြီး စာရေးဘ၀ကနေ အခုလို မြို့နယ်အရာရှိဘ၀ရောက်လာတာ ၀မ်းသာတယ်ကွယ် ... ။

ဦးစိုးလွင်။ ကျွန်တော်အခုလိုအဆင့်မျိုးရောက်လာတာ ဆရာ့ကျေးဇူးတွေပါ။ ကျွန်တော်တို့စာရေးကလေးဘ၀မှာ ရုံးလုပ်ငန်းတွေကို ဆရာကသင်ပေးခဲ့တာလေ။ အဲဒီတုန်းက ကျွန်တော်တို့ မြို့နယ်ကောင်စီရုံးတစ်ရုံးလုံးရဲ့လုပ်ငန်းတွေကို စနစ်ကျအောင် လုပ်ပေးခဲ့တာဟာ မြို့နယ်ကောင်စီအတွင်းရေးမှူးဖြစ်တဲ့ ဆရာပါပဲ။

ဦးလေးမြတ်။ အင် ... အဲဒီတုန်းက ဆရာက ဒုဦးစီးဘ၀နဲ့ မြို့နယ်ကောင်စီ အတွင်းရေးမှူးအဖြစ် ရွေးချယ်တာ၀န်ပေးခံရတာကိုး။

www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးလွင်။ အခုလဲ ... ကျွန်တော် ဆရာတို့အိမ်ကြီးကိုဝင်လိုက်တာနဲ့ တစ်ပြိုင်နက်၊ အေးချမ်းလှတဲ့ခြံဝင်း၊ စနစ်တကျဖွဲ့စည်းထားတဲ့ အိမ်ခန်းတွေ၊ စနစ်တကျချိတ်ဆွဲထားတဲ့ ဓာတ်ပုံတွေ၊ ပန်းချီကားတွေ ... ဒါတွေကိုတွေ့လိုက်တာနဲ့ ဟော် ... အငြိမ်းစား ဘဝမှာလည်း ဆရာရဲ့စည်းစနစ်တွေဟာ အရင်အတိုင်းပါပဲလား လို့ တွေးမိနေတာ ... ။

ဒေါ်အေးမြတ်။ မင်းတို့ဆရာကတော့ ရောက်လေရာမှာ စည်းကမ်းစနစ်နဲ့ပဲလေ။ ပင်စင်ယူချိန်မှာတောင် မိသားစုသိုက်သိုက်ဝန်းဝန်းနေရအောင် ဆိုပြီး ဒီတိုက်ကြီးကို စနစ်ဇယားချပြီး ဆောက်ခဲ့တာကွဲ့။ ကဲ မောင်စိုးလွင်ရေ ... မမ မုန့်ဟင်းခါးသွားပြင်လိုက်ဦးမယ်။ သားတို့ သမီးတို့လည်းနိုးကြပါပြီ။ ပြီးတော့မှ မုန့်စားရင်း သားတွေ သမီးတွေ မြေးတွေနဲ့ တွေ့ပေးရမယ်။ သားတွေကို မောင်စိုးလွင် ကြီး မှတ်မိချင်မှတောင်မှတ်မိမယ် ... ။ (ပြောရင်း လက်ဝဲဘက် သို့ ဝင်သွားစေ။)

ဦးစိုးလွင်။ ဆရာတို့က ခုထိ သားသမီးတွေနဲ့အတူတူနေတာပေါ့နော်။

ဦးလေးမြတ်။ ဟုတ်တယ် မောင်စိုးလွင်ရေ့ သားသမီးတွေ အိမ်ထောင်ကျလည်း မိသားစုမခွဲဘဲအတူနေရအောင်ဆိုပြီး ဆရာအငြိမ်းစားမယူခင် မှာပဲ ဒီဇာတိမြို့မှာ ဟောဒီတိုက်ကို တရှေ့ရှေ့နဲ့ဆောက်ခဲ့ တာလေ။ မောင်စိုးလွင် ဒီအိမ်ကြီးထဲ ဝင်လာတော့ ဖြတ်လာခဲ့ တဲ့အခန်းတွေ တွေ့တယ်မဟုတ်လား။

ဦးစိုးလွင်။ ဟုတ်ကဲ့ တွေ့ပါတယ်။ တည်းခိုဆောင်ကြီးလို အခန်းတွေ အခန်းတွေနဲ့နော် ... ။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးမြတ်။ ဟုတ်တယ်လေ ... ပထမဆုံးတွေ့ရတဲ့အခန်းကျယ်ကြီးက ဧည့်ခန်းပေါ့။ တစ်နည်းဆိုရရင် မိသားစုတွေ ညစာစားပြီးတဲ့ အခါ တီဗွီကြည့်ရင်း ကြည်ကြည်နူးနူးပြောကြဆိုကြတဲ့ Common Room ပေါ့ကွာ။ အဲဒီအခန်းကြီးထဲမှာ ဆရာတို့ဇနီးမောင်နှံ ဓာတ်ပုံကြီးနဲ့ သားသမီးတွေရဲ့ ဓာတ်ပုံတွေချိတ်ထားတယ်လေ။ သားသမီးဓာတ်ပုံဆိုပေမယ့် သူတို့ငယ်ငယ်က သူတို့အသီးသီး မွေးရာမြေမှာရိုက်ခဲ့တဲ့ဓာတ်ပုံတွေပဲထားတယ်။

ဦးစိုးလွင်။ ဆရာ ကျွန်တော်တို့မြို့ရောက်တော့ သားအကြီးနဲ့အငယ်ပဲ ပါလာတာနော်။ နောက်မှ သမီးငယ်လေး မွေးတာမဟုတ်လား။

ဦးလေးမြတ်။ ဟုတ်တာပေါ့။ သားကြီး လေးမြတ်သူကို ဆရာ ငယ်တောမြို့နယ်မှာ လက်ထောက်မြို့ပိုင် တာဝန်ထမ်းစဉ်ကမွေးတာမို့ သူငယ်ငယ်က မော်တင်စွန်းကျောက်ဆောင်တွေပေါ်မှာရိုက်ထားတဲ့ဓာတ်ပုံကို ပုံကြီးချဲ့ပြီး ချိတ်ထားတယ်လေ။ (ခဏနားပြီး) သားလေး အေးမြတ်သူကတော့ ဆရာ ဖောင်ကြီးဝန်ထမ်းကျောင်းမှာ နည်းပြတာဝန်ထမ်းဆောင်တုန်းက မွေးတာမို့ သူငယ်ငယ်က ဘောင်းဘီလေးနဲ့ လက်တင်အလေးပြုနေတဲ့ ဓာတ်ပုံလေးကို ပုံကြီးချဲ့ပြီး ချိတ်ထားတယ်လေ။ (ခဏနားပြီး) အဲ ... သမီးလေး ထွေးမြတ်ဖြူကတော့ မင်းတို့ ငါန်းဇွန်မှာမွေးတာမို့ သူငယ်ငယ်က ဝါခင်းထဲမှာ ဝါပေါက်ကလေးတွေ နားနှစ်ဘက်မှာ ပန်ထားတဲ့ဂါဝန်လေးနဲ့ ဓာတ်ပုံကို ပုံကြီးချဲ့ပြီး ချိတ်ထားတယ်လေ။

ဦးစိုးလွင်။ ဓာတ်ပုံတွေမြင်တိုင်း သူတို့ရဲ့ငယ်စဉ်ဘဝကို သတိရကြမှာပေါ့နော်။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးမြတ်။ ဟုတ်တယ် ... ငယ်စဉ်ဘဝကိုမမေ့တော့ မိဘကိုရိုသေမှု၊ ညီအစ်ကိုမောင်နှမချင်း ချစ်ခင်မှုမပျက်ဘူးပေါ့ မောင်စိုးလွင်ရာ။ (လက်ယာဘက်သို့လက်ညှိုးထိုးပြီး) အဲဒီခန်းမကြီးကနေ ဝင်လာတော့ ... ပထမဆုံးတွေ့ရတဲ့အခန်းက သားကြီး လေးမြတ်သူနဲ့ သူ့ဇနီး မခင်မျိုးတို့အခန်းပေါ့။ အခန်းဝမှာ သူတို့ ဇနီးမောင်နှံရဲ့ ဓာတ်ပုံကြီးရှိတယ်။ သားကြီးက ဆရာဝန်လေ။ သူတို့က သားလေးတစ်ယောက်ရပြီ။ မျိုးသူရ တဲ့။

ဦးစိုးလွင်။ ဩော် ... ခုနက ဆရာနဲ့အတူလမ်းလျှောက်တဲ့ အကြီးလေး လား။

ဦးလေးမြတ်။ ဟုတ်တယ်ကွ။ နောက် ... ဒုတိယအခန်းကတော့ သားလေး အေးမြတ်သူနဲ့ မဝင်းချိုတို့အခန်းပေါ့။ အခန်းဝမှာ သူတို့ ဇနီး မောင်နှံရဲ့ ဓာတ်ပုံကြီးရှိတယ်။ သားလေးက ဆည်မြောင်း လက်ထောက်အင်ဂျင်နီယာလေ။ သူတို့ကလဲ သားလေး တစ်ယောက်ရပြီ။ ဝင်းသူရ တဲ့။ ခုန ဆရာနဲ့အတူလမ်းလျှောက် တဲ့ အငယ်လေးပေါ့။

ဦးစိုးလွင်။ အင်း ... ကျွန်တော့်မျက်စိထဲမှာတော့ လေးမြတ်သူနဲ့ အေးမြတ်သူတို့ညီအစ်ကို လက်ကလေးတွေတွဲပြီး ကျောင်း သွားကျောင်းပြန်၊ ရုံးရှေ့ကဖြတ်သွားတာလေး မြင်ယောင် နေတယ်။

ဦးလေးမြတ်။ အငယ်ဆုံး ထွေးမြတ်ဖြူရဲ့အခန်းကတော့ ဒီထမင်းစားခန်းနဲ့ ကပ်လျက်ပေါ့ကွာ။ သူ့ယောကျ်ားက တပ်ကဗိုလ်ကြီး၊ တောင်ကြီးမှာ။ သမီးက ဒီမြို့မှာ အထက်တန်းပြဆရာမ ဆိုတော့ လိုက်မသွားဘူးလေ။ အခု သူတို့ကလေးက ကြောက်လပဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်။ ပုလဲဖြူလို့ နာမည်ပေးထားတယ်။ အဲ ... သူတို့အခန်းဝ မှာလည်း ဇနီးမောင်နှံဓာတ်ပုံကြီးတွေမှာပေါ့။

ဦးမိုးလွင်။ ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... တွေ့တယ်ဆရာ။ ဒါကြောင့် ဘွဲ့ရ ဓာတ်ပုံတွေဟာ သူ့အတွဲနဲ့သူ အခန်းတိုင်းမှာရှိနေတာကိုး။ ဆရာတို့ မိဘနှစ်ပါးရဲ့အခန်းကတော့ အပေါ်ထပ်မှာထင် တယ် ... ။

ဦးလေးမြတ်။ ဟုတ်တယ် ... အပေါ်ထပ်မှာတော့ ဘုရားခန်း၊ စာဖတ်စာရေး တဲ့အခန်းနဲ့ ဆရာတို့အိပ်ခန်းရှိတယ်လေ။ ဆရာက ပင်စင်ယူ တော့မှ စာတွေရေးဖြစ်နေတယ်။ အဲ ... စာပေဆုရတဲ့ဓာတ်ပုံ တွေကိုတော့ စာဖတ်ခန်းထဲမှာ ချိတ်ထားတယ်။ ပန်းချီကား တွေလည်းရှိတယ်။ ပြီးမှ မောင်မိုးလွင်ကို အပေါ်ထပ် ခေါ်ပြ ရဦးမယ်။

(ထိုစဉ် ဒေါ်အေးမြတ်နှင့် မခင်ယုံ၊ မဝင်းချိုတို့ မုန့်ဟင်းခါးပွဲများ၊ ရေတ်သီးမှုန့် ငံပြာရည်၊ အချဉ်ပန်းကန်များကို လင်ပန်းများတွင်ထည့်လျက် လက်ဝဲဘက်မှ/ မီးဖိုဆောင်ထဲမှ ထွက်လာကြစေ။)

ဒေါ်အေးမြတ်။ အပေါ်ထပ်ကိုခေါ်ပြတာ နောက်မှလုပ်။ အခုတော့ ကျုပ်လက်ရာ မုန့်ဟင်းခါးစားကြဦး။

(ပန်းကန်များကို စားပွဲပေါ်တွင် စနစ်တကျတည်ခင်းကြစေ)

(ထိုအချိန်မှာပင် မျိုးသူရက သူ့အဖေ လေးမြတ်သူကို လက်ဆွဲလျက်၊ ဝင်းသူရက သူ့အဖေ အေးမြတ်သူကိုလက်ဆွဲလျက် ဇာတ်စင်၏လက်ယာဘက်မှ ဝင်လာကြစေ။ ၎င်းတို့နောက်မှ ထွေးမြတ်ဖြူက ကလေးငယ်ကို ပွေ့ချီလျက် ပါလာစေ။)

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးမြတ်။ ကဲ ... ကဲ ... မုန့်မစားခင် မောင်စိုးလွင်ကို မင်းတူတွေ တူမတွေ ပြထားရဦးမယ်။ သားတို့သမီးတို့က မိသားစုအလိုက် စားပွဲမှာ နေရာယူကြကွဲ့။

(သားသမီးနှင့် မြေးများထိုင်ခုံများတွင် အစဉ်လိုက်နေရာယူကြစေ။ ဒေါ်အေးမြတ်က ဦးလေးမြတ်ဘေးတွင် နေရာယူစေ။ ဦးစိုးလွင်က ဦးလေးမြတ်နှင့်ယှဉ်၍ ထိုင်လျက်ရှိပြီးသားဖြစ်သည်။)

ဦးလေးမြတ်။ မောင်စိုးလွင်ရေ ... မင်းအစ်မဒေါ်အေးမြတ်ဘေးကဟာ မောင်လေးမြတ်သူနဲ့ သူ့ဇနီး မခင်မျိုး၊ သူတို့သားလေး မျိုးသူရပေါ့။ အဲဒီဟိုဘက်ကတော့ မောင်အေးမြတ်သူနဲ့ သူ့ဇနီး မဝင်းချို သူတို့သားလေး ဝင်းသူရပေါ့။ အဲဒီဟိုဘက် မင်းနဲ့ကပ်လျက်ကတော့ သမီး ထွေးမြတ်ဖြူနဲ့ ပေါက်စနလေး ပုလဲဖြူပေါ့။ ထွေးမြတ်ဖြူက မင်းတို့ဇါနီးဇွန်မှာ မွေးခဲ့တဲ့ အညာသူပေါ့ကွာ၊ ဟား ... ဟား ... ။

ဦးစိုးလွင်။ (ထွေးမြတ်ဖြူကိုကြည့်ပြီး) ငယ်ငယ်လေးတုန်းက ကျွန်တော်တို့တောင် ချီခဲ့ ပိုးခဲ့ ထိန်းခဲ့ရသေးတာပေါ့နော် ... ။

ဦးလေးမြတ်။ ဟုတ်တာပေါ့ မောင်စိုးလွင်ရာ ... ။ ကဲ သားတို့သမီးတို့ကလည်း မောင်စိုးလွင်ကိုမှတ်ထားကြ။ ဖေဖေတို့က မောင်စိုးလွင်လို့ နှုတ်ကျိုးနေပေမယ့် တကယ်တော့ အရွယ်ကလည်း လူကြီး ရှယ်၊ ရာထူးကလည်း မြို့နယ်ရဲ့အကြီးအကဲမို့လို့ ဦးစိုးလွင်လို့ခေါ်ရမှာ။

ဦးစိုးလွင်။ ဟာ ... ဆရာရယ် ... မောင်စိုးလွင်လို့ပဲခေါ်ပါဆရာ။ ဦး တပ်ခေါ်ရင် တစိမ်းဆန်ပါတယ်။

ဦးလေးမြတ်။ သားတို့ ဇါနီးဇွန်မြို့လေးကို မှတ်မိတယ်မဟုတ်လား။

www.burmeseclassic.com



လေးမြတ်သူ။ မှတ်မိတာပေါ့ဖေဖေရာ။ သားက ၉ တန်းအထိ ငါန်းဋွန် အထကမှာ ကျောင်းတက်ခဲ့ရတာပဲ။ ဒီ ဦးကိုလည်း သားပြန် မှတ်မိလာပါပြီ။

အေးမြတ်သူ။ ငါန်းဋွန်မှာတုန်းက သားက ၆ တန်းပဲရှိသေးတာပေါ့နော်။

ဦးလေးမြတ်။ အေး အေး ... ငါန်းဋွန်မှာ ဖေဖေ ကောင်စီတာဝန်နဲ့ ၈ နှစ် လောက်နေခဲ့ရတာကွဲ့။ အဲဒီမှာ မောင်စိုးလွင်ဟာ ဖေဖေရဲ့ အားကိုးရဆုံး စာရေးဆိုပါတော့ကွယ်။ ရုံးကိစ္စသာမကဘူး။ မိသားစုချင်းလည်း ချစ်ခင်ကြတယ်ကွဲ့။ သမီးကတော့ ငါန်းဋွန်ကို မှတ်မိချင်မှ မှတ်မိမှာ။ ဒါပေမဲ့ ဟောဒီမောင်စိုးလွင် တို့မိသားစုက သမီးကိုထိန်းခဲ့တာနော် ... မမေ့နဲ့ ကြားလား။

ထွေးမြတ်ဖြူ။ သမီးရဲ့ ဇာတိချက်ကြွေကို ဘယ်မေ့ပါ့မလဲ ဖေဖေရာ ... ။

ဒေါ်အေးမြတ်။ ဟင်းရည်တွေ အေးကုန်တော့မယ် ... ။

ဦးလေးမြတ်။ ကိုင်း ... တို့တစ်တွေပြန်လည်တွေ့ဆုံတဲ့ ဝမ်းမြောက်စရာ ပွဲကလေးအဖြစ် ပျော်ပျော်ရွှင်ရွှင်နဲ့ မုန့်ဟင်းခါးသုံးဆောင်ကြစို့။

(အားလုံးပြုံးရွှင်နေကြစေ။ မခင်မျိုးနှင့် မဝင်းချိုတို့က မုန့်ပန်းကန်များတွင် မုန့်ဟင်းရည်များ လိုက်ထည့်ပေးစေ။ အလယ်တည်ပန်းကန်လုံးကြီးတွင်လည်း ဟင်းရည်များထည့်စေ)

ဒေါ်အေးမြတ်။ ကဲ ... မောင်စိုးလွင်ရေ ... မမကိုယ်တိုင်ချက်ထားတဲ့ဟင်း ... စားကြည့်ပါဦး။

(အားလုံး မုန့်ဟင်းခါးပန်းကန်ကိုယ်စီနှင့် ရွှင်လန်းချမ်းမြေ့သောမျက်နှာ များဖြင့် စားသုံးကြစေ)

ဦးစိုးလွင်။ ကောင်းတယ်မမရေ၊ ကောင်းတယ်။ မမတို့ချက်ပြုတ်တဲ့ မုန့်ဟင်းခါးဟင်းက ငါးနဲ့ချက်တာဆိုတော့ လေးလေးပင်ပင်နဲ့ စားကောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးမြတ်။ မင်းအစ်မက ကောင်းတယ်ပြောမှကွ မောင်စိုးလွင်ရ ... ။
ဒေါ်အေးမြတ်။ အောင်မယ် လူကိုများ အမြောက်ကြိုက်တဲ့သူမှတ်လို့လား ... ။

(အားလုံးရယ်မောကြစေ။ စားရင်းသောက်ရင်း စကားဆက်ပြောကြစေ။ ဒေါ်အေးမြတ်က မုန့်မစားသေးဘဲ ထွေးမြတ်ဖြူလက်ထဲမှ ကလေးကို ပွေ့ယူသွားပြီး ချော့မြူနေစေ။)

ဦးစိုးလွင်။ အင်း ... အရွယ်တွေရောက်လို့ သားတွေသမီးတွေနဲ့ ခုလို အိမ်ကြီးတစ်လုံးမှာ သူ့အခန်းနဲ့သူ သိုက်သိုက်ဝန်းဝန်းနဲ့နေရတာ ပျော်စရာကြီးပဲနော်။ အဲ ... တစ်ခုတော့မေးရဦးမယ် ဆရာ၊ မြေးအနှစ်ဆိုတဲ့စကား ရှိတယ်မဟုတ်လား ...။ ဒီတော့ ဆရာတို့ မြေးထိန်းတဲ့အခန်းရော မထားဘူးလား ... ။

(အားလုံးရယ်ကြစေ။)

ဦးလေးမြတ်။ မောင်စိုးလွင်ရေ ... မင်းပြောတဲ့ မြေးအနှစ်ဆိုတဲ့စကားဟာ သိပ်မှန်တာပေါ့ကွာ။ တကယ်တော့ ဆရာ အခုလို သားသမီးတွေကို သူတို့အိမ်ထောင်ကျတာတောင် တစုတစည်းတည်းနေဖို့ စီစဉ်တာကိုက၊ အင်း ... အမှန်ပြောရရင်တော့ မြေးတွေထိန်းချင်တဲ့စိတ်ပဲကွ။ (ဒေါ်အေးမြတ်ဘက်သို့လှည့်ပြီး) မဟုတ်ဘူးလား အဘွားကြီး ဟား .. ဟား .. ဟား ... ။
ဒေါ်အေးမြတ်။ အို ရှင့်ဘာသာရှင် မြေးထိန်းချင်တာ၊ ကျုပ်ကိုဆွဲမထည့်ပါနဲ့။
ဦးလေးမြတ်။ မင်းကပြင်းဦးမလို့လား။ လက်ထဲမှာ 'ပုလဲမ' နဲ့။ မုန့်တောင် မစားနိုင်သေးဘူး။

(အားလုံးရယ်မောကြစေ။)

ဦးလေးမြတ်။ (ဆက်ပြော) မောင်စိုးလွင်ရေ ... ဆိုင်ကော်လော်ဂျီနဲ့ပြောရရင် အသက်ကြီးလာလို့ မြေးတွေနဲ့နေချင်တာဟာ ဘိုးအေဘွားအေ

www.burmeseclassic.com

www.burmeseclassic.com



တိုင်းရဲ့သဘာဝဆန္ဒပဲကွ။ ဆရာ့ခြံဝင်းကြီးကို သစ်ပင်ပန်းမန်တွေနဲ့ စီမံထားတယ်လေ။ ဒါဟာ မြေးတွေထိန်းတဲ့ဥယျာဉ်ကြီးပေါ့။ ခြံထဲမှာ ဒန်းတို့ လျှောစီးတို့ လုပ်ထားတယ်။ အပန်းဖြေထိုင်စရာလေးတွေလည်း ရှိတယ်လေ။

ဦးစိုးလွင်။ ဟုတ်လား ... ကလေးတွေပျော်ကြမှာပဲနော်။

ဦးလေးမြတ်။ အင်း ... မြေးထိန်းတာကလည်း နေ့စဉ်လုပ်ငန်းတွေထဲက အစိတ်အပိုင်းတစ်ခုပဲ မောင်စိုးလွင်ရ။ ဆရာတို့ဇနီးမောင်နှံက မနက်စောစောထ၊ ဘုရားဝတ်ပြု၊ ပုတီးစိပ်၊ တရားထိုင်တယ်။ ကိုယ်လက်သန့်စင်ပြီးချိန်မှာ မြေးအကြီးနဲ့ မြေးအလတ်ကို ဆရာက နှိုးခေါ်သွားပြီး လမ်းလျှောက်ထွက်။ လမ်းလျှောက်ကပြန်ရောက်တော့၊ မိသားစုစုံစုံညီညီ ကော်ဖီနဲ့မုန့်စားသောက်ကြတယ်။ တစ်ခါတလေတော့လဲ မုန့်ဟင်းခါးဝယ်စားပေါ့လေ။ အဲ Breakfast ပြီးလို့ သားကြီးက ဆေးခန်းသွား၊ သားလတ်က လုပ်ငန်းခွင်သွား၊ သမီးက ဈေးဝယ်ထွက်သွားတဲ့အခါ မင်းမမက မြေးအငယ်ဆုံးလေးကိုထိန်း၊ ချွေးမတွေက ထမင်းချက်၊ ဆရာက မြေးကြီးနဲ့ မြေးလတ်ကိုခေါ်၊ ခြံထဲဆင်း။ သူတို့ဆော့နေချိန်မှာ ဆရာက စာဖတ်တယ်ပေါ့။ သမီးဈေးကပြန်လာတော့ ချွေးမနှစ်ယောက်က ဟင်းချက်၊ သမီးကတော့ ထမင်းချိုင့်ဆွဲပြီး ကျောင်းသွားတယ်။

ဒေါ်အေးမြတ်။ မိသားစုထမင်းဝိုင်းလည်း ထည့်ပြောဦးနော် ... ။

ဦးလေးမြတ်။ ပါမှာပေါ့ကွ။ အဲ ... မနက်စာထမင်းကိုတော့ မိသားစုအားလုံး အတူတူမစားနိုင်ပါဘူး။ ဒါပေမဲ့ ဆရာနဲ့မြေးနှစ်ယောက်ကတော့ အတူစားဖြစ်တာများတယ်။ ထမင်းစားပြီး ကလေးတွေအိပ်ကြ

www.burmeseclassic.com

www.burmeseclassic.com



တော့ ဆရာကခြံထဲဆင်း၊ ပက်လက်ကုလားထိုင်နဲ့ ခဏတဖြုတ် မှိန်း။ ပြီးရင် စာရေးတယ်ပေါ့။ ကျောင်းထားတဲ့ အရွယ်ရောက်ရင်တော့ တစ်မျိုးပေါ့ကွာ။ ဘိုးအောကြီးက ကျောင်းပို့ပေါ့ ... ဟား ဟား ... ။

ဒေါ်အေးမြတ်။ (ဦးစိုးလွင်ပန်းကန်ထဲတွင် မုန့်ကုန်သွားသည်ကိုမြင်၍) မောင်စိုးလွင် မုန့်ထပ်ထည့်ပါဦးကွာ။

ဦးစိုးလွင်။ တော်ပြီမမ ... တော်ပြီ၊ ဟင်းရည်ပဲသောက်တော့မယ်။ (အလယ်တည်ပန်းကန်လုံးထဲမှ ဟင်းရည်ခပ်ထည့်ပြီး သောက်နေစေ။)

(ထွေးမြတ်ဖြူ မီးဖိုဆောင်ထဲဝင်သွားပြီး ကော်ဖီမစ်နှင့် ရေနွေးကြမ်း ပန်းကန်များ လင်ပန်းဖြင့် ထည့်ယူလာပြီး ဦးလေးမြတ်နှင့် ဦးစိုးလွင်ရှေ့တွင်ချပေးစေ။)

ဦးလေးမြတ်။ (မုန့်ဟင်းခါးကို လက်စသတ်လိုက်ပြီး ကော်ဖီမစ်ပန်းကန်ကို ကိုင်လျက်) မောင်စိုးလွင် ကော်ဖီမစ်သောက်လိုက်ပါဦးကွာ။

ဦးစိုးလွင်။ ဟုတ်ကဲ့ပါဆရာ ... ။ ဆရာ့မိသားစုထမင်းဝိုင်းမရောက်သေးဘူးနော် ... ။

ဦးလေးမြတ်။ အေးကွ ... တစ်နေ့တာလုပ်ငန်းတွေပြီးအောင်တော့ ပြောရမယ်လေ။ ညနေစာထမင်းမစားခင်တော့ မြေးတွေနဲ့ ခြံထဲမှာ လှည့်ပတ်ပြီး ကိုယ်လက်လှုပ်ရှားကစားသေးတယ်။ ညနေစာထမင်းစားချိန်ကတော့ (၆) နာရီပေါ့ကွာ။ သားတွေကလည်း အဲဒီအချိန်ရောက်အောင် ပြန်လာကြတယ်။ ညနေစာထမင်းကိုတော့ မိသားစုအားလုံး မပျက်မကွက် စုံစုံညီညီစားကြတယ်ကွ။ စားပြီးရင်တော့ ဧည့်ခန်းကျယ်ကြီးထဲမှာ ခနားယူရင်း စကားစမြည်ပြောကြ၊ တီဗီကြည့်ကြ၊ သတင်းစာဖတ်ကြ၊

www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ် မဂ္ဂဇင်းဖတ်ကြ၊ ကလေးတွေနဲ့ ရယ်ရယ်မောမော ရွှင်ရွှင်ပျပျနဲ့ပေါ့ကွာ။ (ခဏနားလိုက်ပြီး) ည (၈) နာရီသတင်း လာရင်တော့ မြေးတွေအိပ်ရာဝင်ကြရော။ သတင်းပြီးသွားတော့မှ တို့မိဘနှစ်ပါးနဲ့အတူ သားကြီးတို့ဇနီးမောင်နှံ၊ သားလေး တို့ဇနီးမောင်နှံ သမီးပါအတူ ဘုရားဝတ်ပြုကြတယ်။ ပြီးရင် သားသမီးတွေက တို့မိဘနှစ်ပါးကိုရှိခိုးပြီး ကိုယ်စီကိုယ်စီ ကိုယ့်အခန်းကိုယ်ဝင် အိပ်ရာဝင်ကြပြီပေါ့။ တီဗွီဇာတ်လမ်းတွဲ ကြည့်ချင်တဲ့သူကတော့ ဆက်ကြည့်တာပေါ့လေ။ (ရေနွေးကြမ်း သောက်စေ။)

ဦးစိုးလွင်။ အင်း ... ဆရာတို့မိသားစုကတော့ သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင်နဲ့ တကယ့်ကို သီရိဂေဟာကြီးပါပဲ။ အားကျဖို့ ကောင်းလိုက်တာ ... ။

(ထိုစဉ် လေးမြတ်သူနှင့် မခင်မျိုးတို့ ထိုင်ရာမှထလိုက်ကြပြီး ...)

လေးမြတ်သူ။ ဖေဖေ ... သားဆေးခန်းသွားဖွင့်တော့မယ်နော်။ ဒီနေ့ ဆေးရုံ ဂျူတီအော့(ဖ်) ဖြစ်လို့ ခင်မျိုးနဲ့မျိုးသူရကို မြို့ထဲခေါ်သွားဦးမယ်။ (ဦးစိုးလွင်ဘက်သို့လှည့်ကာ) ဦး ... ခွင့်ပြုပါဦးနော် ...။

ဦးစိုးလွင်။ အေးပါကွာ ... သွားကြ၊ သွားကြ။

(လေးမြတ်သူတို့သားအမိ သားအဖသုံးယောက် ဇာတ်စင်၏ လက်ယာဘက်သို့ ဝင်သွားကြစေ။)

(ထို့နောက် အေးမြတ်သူနှင့် မဝင်းချိုတို့ ထိုင်ရာမှထကြပြီး ...)

အေးမြတ်သူ။ ဖေဖေ ... သား ဒီနေ့မြို့ပြင်စေတီတော်ကြီးနားက တာကြီးကို သွားစစ်ဆေးရမယ်။ ချိုချိုနဲ့ ဝင်းသူရကိုပါ ဘုရားဖူးရအောင် ခေါ်သွားမယ်နော်။ (ဦးစိုးလွင်ဘက်သို့လှည့်ကာ) ဦး ... သွားပါ ဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com



(ဦးစိုးလွင်က "အေး အေး" ဟု ခေါင်းညိတ်ပြစဉ်၊ အေးမြတ်သူတို့ သားအမိ သားအဖသုံးယောက် ဇာတ်စင်နောက်ဘက်ယာဘက်သို့ ဝင်သွားကြစေ။)

ဦးစိုးလွင်။ ဩော် ... ဆရာ့သားသမီးတွေက လိမ္မာလိုက်ကြတာနော်။ အိမ်ထောင်ကျ၊ ကလေးရတာတောင် ငယ်ငယ်တုန်းကအတိုင်း မိဘအပေါ် ရိုသေကိုင်းရှိုင်းကြတုန်းပဲ။

ဦးလေးမြတ်။ အဲဒါ ... ဆရာဖြစ်စေချင်တဲ့ပုံစံပဲ မောင်စိုးလွင်ရ။

ထွေးမြတ်ဖြူ။ (ထပြီး ... ပန်းကန်ခွက်ယောက်များကို လင်ပန်းဗြင့်ထည့်ယူရင်း) မေမေ ပန်းကန်တွေ သိမ်းဆေးလိုက်တော့မယ်နော်။ ပြီးမှ ပုလဲမကိုခေါ်မယ်။

ဒေါ်အေးမြတ်။ ပုလဲမကို မေမေပဲ ဒီအတိုင်းသိပ်ထားလိုက်ဦးမယ်လေ။

ထွေးမြတ်ဖြူ။ (ပန်းကန်များကို မီးဖိုဆောင်ထဲ/လက်ဝဲဘက်ထဲသို့သယ်ယူစဉ် အတွင်းသို့မဝင်မီပြော) ဦး ... ထမင်းစားပြီးမှပြန်ပါလား။ မေမေတို့နဲ့စကားတွေပြောကြဦးလေ။

ဦးစိုးလွင်။ ထမင်းမစားတော့ပါဘူးကွယ်။ ပြောင်းလာကာစဆိုတော့ အလုပ်က အထိုင်မကျသေးဘူး။ ရုံးမှာ ချိန်းထားတာ ရှိသေးတယ်။

(ထွေးမြတ်ဖြူ ပန်းကန်များသယ်ယူပြီး ဝင်သွားစေ။)

ဦးစိုးလွင်။ ကဲ ... ဆရာနဲ့မမတို့ ကျွန်တော်လည်းပြန်ဦးမယ်နော်။ နောက်မှ အေးအေးဆေးဆေးလာခဲ့ဦးမယ်။ အိမ်သိနေပြီပဲ။ ကျွန်တော့် အခန်းဖြစ်ဖြစ်၊ ရုံးဖြစ်ဖြစ် ဆရာအားတဲ့အခါ ဝင်ခဲ့ပါဦးနော်။

(ထိုင်ရာမှထစေ)

ဦးလေးမြတ်<br>ဒေါ်အေးမြတ် ‖ အေး အေး မောင်စိုးလွင်ရေ တို့အိမ်ကိုမကြာခဏလာလည်ကွာ။

www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးလွင်။ ဟုတ်ကဲ့ပါ ... ဆရာနဲ့မယ။

(ဦးလေးမြတ်က ဦးစိုးလွင်အား အိမ်ဝသို့လိုက်ပို့ရန်၊ ဇာတ်စင်၏ လက်ယာဘက်သို့ ဦးစိုးလွင်အားခေါ်ဆောင်ပြီး ဝင်သွားစေ။ ဒေါ်အေးမြတ်ကလည်း ကလေးကိုပွေ့လျက် ဇာတ်စင်၏ လက်ဝဲဘက်/ မီးဖိုဆောင်ဘက်သို့ ဝင်သွားစေ)

(ထမင်းစားခန်းကြီးထဲတွင် / မြင်ကွင်းတွင် မည်သူမျှမရှိဘဲ၊ အတန်ကြာမျှ တိတ်ဆိတ်ငြိမ်သက်နေစေရမည်။)

(ထို့နောက် ... အတွင်းဘက်မှ ဒေါ်အေးမြတ်၏ အော်ပြောသံ ရုတ်တရက် ထွက်ပေါ်လာစေ။)

ဒေါ်အေးမြတ်အသံ။ ဟို အဘိုးကြီး ... မုန့်စားလက်ဖက်ရည်သောက်ပြီးတာ ကြာလှပြီ။ ဘာထိုင်လုပ်နေတာတုန်း ... ။

(တိတ်ဆိတ်ငြိမ်သက်မြဲ ငြိမ်သက်နေစေ။)

(ဒေါ်အေးမြတ် ဇာတ်စင်၏ လက်ဝဲဘက်မှထွက်လာပြီး အခန်းထဲ ဟိုဟို သည်သည် လှည့်ပတ်ကြည့်ပြီး)

ဒေါ်အေးမြတ်။ ဟင် ... အဘိုးကြီး ဘယ်ရောက်သွားပါလိမ့်။ ခုန ... ဒီစားပွဲမှာ တစ်ယောက်တည်းထိုင်နေတာ ... ။ (အသံကိုမြှင့်ပြီး အော်ခေါ်စေ) အဘိုးကြီး ... အဘိုးကြီး ... ဦးလေးမြတ် ...

(ထိုအခါမှ ဇာတ်စင်၏လက်ယာဘက်မှ ဦးလေးမြတ် အံပြေးကလေး ထွက်လာစေ။ လက်ထဲတွင် စာရွက်များကိုင်လျက်ရှိစေ။)

ဦးလေးမြတ်။ ဟော့ ... ဟော့ ... ဇို့မြေးလေး ပုလဲမ နိုးတော့မှာပဲ။ ဘာဖြစ်လို့ အော်နေရတာလည်း အဘွားကြီးရဲ့။

ဒေါ်အေးမြတ်။ (ဦးလေးမြတ်အား နားမလည်နိုင်သည့်မျက်နှာဖြင့်ကြည့်ပြီး)

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီး ဘာတွေပြောနေတာလဲ။ ဘယ်မှာလဲ ပုလဲမ။

ဦးလေးမြတ်။ ဟင် ... ပုလဲမ အိပ်နေတာမဟုတ်ဘူးလား။ ငါ ခုနက မောင်စိုးလွင် ကို အိမ်ဝလိုက်ပို့တုန်းက ပုလဲမ မင်းလက်ထဲမှာ အိပ်နေတာ မဟုတ်ဘူးလားကွ။

ဒေါ်အေးမြတ်။ ဟာ ဒီအဘိုးကြီး ဘာတွေကယောင်ကတမ်း ပြောနေတာလဲ။ မောင်စိုးလွင်က လာမှမလာသေးဘဲ။ ထမင်းစားဖိတ်ထားတာ ဥစ္စာ၊ ထမင်းစားချိန်နီးမှ လာမှာပေါ့။

ဦးလေးမြတ်။ ဟင် ... ဟုတ်လား ... အင်း ... အဲ ... (ယောင်ချာချာဖြစ်နေစေ။)

ဒေါ်အေးမြတ်။ ကျုပ်က ရှင် မုန့်ဟင်းခါးစား လက်ဖက်ရည်သောက်ပြီးတာ ကြာလှပြီ၊ ထိုင်ရာကမထသေးလို့ လှမ်းခေါ်တာရှင့်။ မှန်း ... ရှင့်လက်ထဲက ဘာစာတွေလဲ။

(ဒေါ်အေးမြတ်က ဦးလေးမြတ်လက်ထဲမှစာရွက်များကို ဆွဲယူကြည့်စေ၊ သဘောပေါက်သွားသည့်ဟန်၊ မျက်နှာပြုံးစိစိနှင့်)

ဒေါ်အေးမြတ်။ ဩော် ... ဩော် သိပြီ။ ဒီနှစ်သင်္ကြန်မှာ မိဘတွေဆီလာကြဖို့၊ သားသမီးတွေကိုခေါ်ထားတာ၊ သူတို့က မလာနိုင်တဲ့အကြောင်း ပြန်ရိုက်လိုက်တဲ့ ကြေးနန်းတွေဖတ်ပြီး လွမ်းနေတာမဟုတ်လား၊ ပြောစမ်း ... ။

ဦးလေးမြတ်။ အင်း .. အင်း အဲဒီကြေးနန်းတွေပြန်ဖတ်ပြီး ဒီမှာထိုင်ရင်းနဲ့ အတွေး လွန်သွားတာကွ။ အတွေးထဲမှာ မောင်စိုးလွင် ဒီကို ရောက်လာ တုန်း တို့နှစ်ယောက်စိတ်ကူးခဲ့တဲ့ တိုက်အိမ်ကြီးမှာ သားတွေ သမီးတွေ မြေးတွေနဲ့ သိုက်သိုက်ဝန်းဝန်း ပျော်ပျော် ရွှင်ရွှင်နေတာ တွေကို အားရပါးရပြောပြနေမိတာပေါ့ ... ။ အဲဒီ နောက်တော့ ... မောင်စိုးလွင် ပြန်သွားတယ်အမှတ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် အိမ်ရှေ့ပြတင်း ပေါက်ကနေလှမ်းကြည့်နေတုန်း မင်းအော်ခေါ်သံကြားရတာပဲ။

ဒေါ်အေးမြတ်။ ဩော် ... ဒီလိုလား (ထိုင်ခုံတစ်ခုတွင်ဝင်ထိုင်စေ။)

ဦးလေးမြတ်။ (ယှဉ်လျက်ထိုင်ခုံတစ်ခုတွင်ဝင်ထိုင်၊ ဒေါ်အေးမြတ် လက်ထဲမှ ကြေးနန်းစာရွက်များကိုပြန်ယူပြီး၊ တစ်ရွက်ကိုဖြန့်ကြည့်ကာ မကျေမနပ်အသံဖြင့်) ဟင်း ... ဟောဒီမှာလေ မြန်အောင်က ဒေါက်တာလေးမြတ်သူဆီက ကြေးနန်း။ ဆေးရုံမှာ သကြင်္န်ရက် ဂျူတီဝင်ရမှာမို့လို့တဲ့။

(နောက်တစ်ရွက်ကိုဖြန့်ကြည့်ကာ) ဟောဒီ ... ညောင်တုန်းက အေအီး အေးမြတ်သူကတော့ အကြောင်းပြချက်ကောင်းဗျာ။ သူ့မိန်းမ ဇာတိမြို့ကိုသွားဖို့ စီစဉ်ပြီးသားဖြစ်နေလို့တဲ့။

(နောက်ထစ်ရွက်ကိုဖြန့်ကြည့်ကာ) ဟောဒီမှာလဲ တောင်ကြီးက အထက်တန်းပြဆရာမကြီး ထွေးမြတ်ဖြူရဲ့ အကြောင်းပြချက်။ သူ့ယောက်ျား တပ်ကခွင့်မရလို့တဲ့။

(ကြေးနန်းစာရွက်များကို လုံးချေပြီး မကျေမချမ်းနှင့်)

ဟင်း ... မိဘတွေကို အတော်ချစ်တဲ့ သားသမီးတွေ ...

ဒေါ်အေးမြတ်။ (စိတ်လျှော့ထားသည့်လေသံဖြင့်) ဩော် ... ဒါကတော့ အဘိုးကြီးရယ် ... ။

(နှစ်ယောက်သား ဆက်မပြောဘဲ အတန်ကြာ ငြိမ်သက်နေကြလေး တအောင့်ကြာမှ ...)

ဒေါ်အေးမြတ်။ ကဲ .. ကဲ ... မြို့နယ်အုပ်ချုပ်ရေးမှူးအဖြစ်နဲ့ ပြောင်းလာတဲ့ မောင်စိုးလွင်ကို ထမင်းကျွေးဖို့ ဖိတ်ထားတယ်လေ။ ကျုပ်တောင်

www.burmeseclassic.com

www.burmeseclassic.com



ဟင်းတွေကျက်ပြီ။ တော် ... ရေလေးဘာလေး ချိုးတော့လေ ... ။

ဦးလေးမြတ်။ (ထိုင်ရာမှ လေးတွဲ့စွာထ၊ ဒေါ်အေးမြတ်၏ ပုခုံးနှစ်ဘက်ကို အသာအယာကိုင်ပြီး ဒေါ်အေးမြတ်၏မျက်နှာကို စေ့စေ့ကြည့်ကာ) အင်း ... တို့နှစ်ယောက်စိတ်ကူးခဲ့တဲ့အိမ်ကြီးလည်း ဖြစ်မလာပါလားကွာ ... ။

ဒေါ်အေးမြတ်။ (ဦးလေးမြတ်၏လက်များကိုကိုင်ပြီး ထိုင်ရာမှထ၊ ဦးလေးမြတ်၏ မျက်နှာကို စေ့စေ့ပြန်ကြည့်ပြီး) နောက်ဆုံးမတော့ ... အဘိုးကြီးနဲ့ အဘွားကြီးနှစ်ယောက်တည်းပါပဲတော် ... ။

(ရှေ့ဖုံးကားပိတ်)

www.burmeseclassic.com

www.burmeseclassic.com

# ဘုရားခန်း

(တစ်ခန်းရပ်ပြဇာတ်)

## ပါဝင်သူများ

၁။ ဦးကြည် – အငြိမ်းစားအရာရှိ
၂။ ဒေါ်ဖြူ – ဦးကြည်၏ဇနီး

## အပြင်အဆင်

ပျဉ်ထောင်အိမ်တစ်လုံး၏ အတွင်းပိုင်း (အိပ်ခန်းတစ်ခန်း) ရေးချက် နောက်ခံကားရှိရမည်။

တစ်ယောက်အိပ်ခုတင်ငယ်တစ်ခု (ကုလားထိုင်များမတပ်ဆင်ရသေးဘဲ) မသပ်မရပ် ရွဲ့ရွဲ့စောင်းစောင်း ထားရှိရမည်။ ခြေရင်းတွင် မှန်တင်ခုံတစ်ခုလည်း ရွဲ့ရွဲ့စောင်းစောင်းရှိနေရမည်။ တစ်ခန်းလုံးမှာ ပိုးမျှင်များ၊ အမှိုက်များဖြင့် ရှုပ်ယှက်ခတ်နေရမည်။ ဖုန်များတက်နေဟန်လည်းရှိရမည်။

## (ရှေ့ဖုံးကားဖွင့်)

(ဦးကြည်နှင့် ဒေါ်ဖြူတို့ ဇာတ်စင်၏လက်ယာဘက်မှ ဝင်လာကြစေ။ ဦးကြည် ၏လက်ထဲတွင် စာတစ်စောင်ကိုကိုင်ထားစေ။ အခန်းပတ်လည်ကို တိုင်းသည် သည် လိုက်ကြည့်ကြစေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးကြည်။ သမီးအခန်းက ဖုန်တွေ ပိုးမှုင်တွေ အတော်တက်နေတာကိုး။

ဒေါ်ဖြူ။ အင်း ... ဟုတ်ပါရဲ့တော်။အတော်လေးရှင်းရမှာပဲ။ စာထဲမှာ သမီးက ဘယ်နေ့ရောက်မှာတဲ့လဲ။

ဦးကြည်။ (လက်ထဲမှစာကိုဖြန့်ကြည့်ပြီး) ဘယ်နေ့ရောက်မယ်လို့တော့ အတိအကျဘယ်ပါမလဲကွာ။ သူတို့ဖိုင်နယ်စာမေးပွဲတွေ စပြီ ဆိုတာရယ်၊ စာမေးပွဲပြီးပြီးချင်း ပြန်ခဲ့မယ်ဆိုတာရယ်၊ ဒါလောက်ပဲပါတာပေါ့။

ဒေါ်ဖြူ။ စာမေးပွဲတွေ စနေပြီဆိုတော့ ခုလောက်ဆိုပြီးများပြီးပြီလား မသိဘူး။

ဦးကြည်။ မပြီးလောက်သေးပါဘူးကွာ။ သူတို့ယဉ်ကျေးမှုတက္ကသိုလ်က ရေးဖြေအပြင် လက်တွေ့တွေလည်းပါသေးတယ်လေ။ သမီး လေးက ဂီတအထူးပြုဆိုတော့ သူ့အဓိကယူထားတဲ့ စန္ဒရားတီး အစစ်အဆေးခံရဦးမှာ။ အဲဒီလက်တွေ့တီးခတ်မှု စစ်ဆေးခံရ မယ့်ရက်က နီးမှသိရတာ။ ဒါကြောင့် စာမေးပွဲတွေ မပြီးနိုင်သေး ပါဘူးကွာ။

ဒေါ်ဖြူ။ သမီးလေး အခုနောက်ဆုံးနှစ်ဆိုတော့ ထူးထူးချွန်ချွန်နဲ့ အောင်ရင် ကောင်းမှာပဲနော် ... ။

ဦးကြည်။ အောင်စေချင်တာပေါ့ကွာ။ တို့မိသားစုမှာ အကြီးနှစ်ယောက်က ဘွဲ့မရတော့ ဒီသမီးလေးကိုပဲ အားကိုးရမှာမဟုတ်လား။ သမီးလေးက ဖအေ့ဂီတမျိုးစေ့ပါတော့ စန္ဒရားပညာမှာလည်း ထူးချွန်စေချင်တာပေါ့။

ဒေါ်ဖြူ။ သမီးလေးက ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲမှာတောင် စန္ဒရားဆုရပြီး သားဆိုတော့ စာမေးပွဲမှာလည်း အမှတ်ကောင်းကောင်းရမှာပါ။

ဦးကြည်။ အင်းပေါ့ ...။ ဒီသမီးလေးကို ဖအေက ငယ်ငယ်လေးကတည်းက

www.burmeseclassic.com



ပတ္တလားသင်ပေးခဲ့တော့ အခြေခံကရပြီးသားလေ။ သူတို့တက္ကသိုလ်ကျတော့ နိုင်ငံတကာအဆင့်မီ ဂီတပညာတွေ၊ ဂီတနဲ့ပတ်သက်တဲ့ ပညာရပ်တွေ သင်ရပြန်တော့ သူတတ်မြောက်တဲ့ပညာရပ်ဟာ တကယ့်ကိုအဖိုးတန်သွားပြီကွ။ စာမေးပွဲမှာ အမှတ်ကောင်းကောင်းရတာထက် အမှန်တကယ်တတ်မြောက်တယ်ဆိုတာက ပိုပြီးမွန်မြတ်တယ်။ ခုဆို သမီးလေးဟာ ဒိုရေမီဖာနုတ်အပြင် အင်တာနေရှင်နယ်နုတ်ကိုပါ တီးတတ်နေပြီလေ။ (လက်မထောင်လိုက်ပြီး) အဲဒါ အဖေ့သမီး ... (လက်ဝါးဖြင့် မိမိရင်ဘတ်ကိုပုတ်လိုက်ပြီး) ဟောဒီ ... ဦးကြည်ရဲ့သမီးလေး ... 'ကြည် ဖြူ' ကွ။

ဒေါ်ဖြူ။ (မျက်စောင်းထိုးပြီး) ဩ ... ဩော် ... ကျုပ်သမီးတော့မဟုတ်ဘူးလား။ ဟင်း ... 'ကြည်ဖြူ' ဆိုတာ (လက်ဝါးဖြင့် မိမိရင်ဘတ်ကို ပုတ်လိုက်ပြီး) ဟောဒီ ဒေါ်ဖြူရဲ့သမီးရှင့်။ ဒေါ်ဖြူ့သမီး ... ။

ဦးကြည်။ ဟား .. ဟား .. ဟား .. အကြီးနှစ်ယောက်ကမှ မင့်သားတွေကွ။ မင်းရဲ့သားတွေမို့လို့ သူတို့နှစ်ယောက်စလုံး ဂီတဘက်မှာ ဘာတတ်ခဲ့လို့လဲ။ ကဲ ပြော။ ဟင်း ... ယယ်ယယ်တုန်းက ဂီတာလေးတဒေါင်ဒေါင်နဲ့။ စောစောစီးစီး မိန်းမယူ ...

ဒေါ်ဖြူ။ ဩော် ... သားတွေယယ်ယယ်တုန်းကရော ရှင်ကဘာသင်ပေးလို့လဲ။ ရှင်ကသင်မပေးတော့ ဂီတာတဒေါင်ဒေါင် လုပ်ကြတော့တာပေါ့။

ဦးကြည်။ အဲဒီတုန်းကတော့ ကျုပ်ကအားတဲ့အချိန်မရှိဘူးလေ။

ဒေါ်ဖြူ။ ရှင်ဘာမှအကြောင်းမပြနဲ့။ ရှင့်သမီးလေးကျတော့ အလုပ်မအားတဲ့ကြားက ပတ္တလားသင်ပေးခဲ့တာမဟုတ်ဘူးလား။ စည်းနဲ့ဝါး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ အဆိုပါသင်ပေးခဲ့တာမဟုတ်ဘူးလားလို့။ ကဲ ... ဘာပြောမလဲ။

ဦးကြည်။ အဲ ... အဲဒါကတော့ကွာ ... သမီးလေးကိုးကွ ဟင်း ဟင်း ...။ ကဲပါကွာ မင်းလည်းသမီးလေးဆို သဲသဲမလှုပ်ဘူးလား။ သမီးဆိက အခုစာရောက်တယ်ဆို ချက်ချင်းပဲ သမီးအခန်းရှင်းမယ်၊ ကျုပ်သမီးအခန်းရှင်းမယ်ဆိုပြီး မင်း ဗိုက်ခေါ်လာတာမဟုတ်လားလို့ ... ။

ဒေါ်ဖြူ။ ဒါကတော့ သမီးလေးကိုးရှင့် ဟင်း ဟင်း ... ။

(နှစ်ယောက်သား ကြည်ရွှင်စွာရယ်မောနေကြစေ။)

ဦးကြည်။ ကဲ ... ကဲ ... ရေမချိုးခင် သမီးအခန်းပြီးအောင်ရှင်းကြစို့။

(ဦးကြည်က ရှပ်အင်္ကျီကို ဟန်ပါပါချွတ်၊ ချိတ်မှာချိတ်၊ ပုဆိုးကို တိုတိုပြင်ဝတ်လိုက်ပြီးနောက် – )

ဦးကြည်။ (ဆိုင်းဆင့်လေသံမျိုးဖြင့်) တက္ကသိုလ်မှာ ပညာစုံလို့ ရွှေဘုံကိုမြန်မကြာ၊ ပြန်လာမယ့်သမီးအတွက်၊ ဖြီးဖြန်းမနေကြစို့နဲ့ ... (ကိုင်း အဘွားကြီးရေ) နည်းလမ်းရှာပြီး၊ သမီးအခန်းကို ရှင်းကြစို့ ...

ဒေါ်ဖြူ။ (ပြုံးပြုံးကြီးပြော) ဒီအဘိုးကြီးကတော့လေ၊ သမီးအတွက်ဆို ဘာလုပ်ရလုပ်ရ ပျော်နေတာပဲ။

ဦးကြည်။ ကဲ ... ခုတင်ရွှေ့မယ်။ မင်းကခြေရင်းဘက်ကကိုင်၊ ငါက ခေါင်းရင်း ကကိုင်မယ် ...

(ခုတင်ကို လက်ယာဘက်ထောင့်သို့ နံရံ/နောက်ခံကားနှင့် ကပ်အောင်ရွှေ့ကြစေ။ ထို့နောက် မှန်တင်ခုံကို ခုတင်၏ခြေရင်းတွင် နေရာတကျဖြစ်အောင် ရွှေ့ကြစေ။ မနိုင်မနင်းနှင့် တဖြည်းဖြည်းတွန်း၍ ဆွဲ၍ရွှေ့နေကြရာသဖြင့် မောနေကြစေ။)

www.burmeseclassic.com

www.burmeseclassic.com



ဦးကြည်။ အဘွားကြီး ... မောနေပြီမဟုတ်လား ... ။

ဒေါ်မြ။ ရှင်ကရော မမောလို့လား ... ။

(နှစ်ယောက်သား ရယ်လိုက်ကြစေ။)

ဦးကြည်။ (ချွေးသုတ်ရင်း) တက္ကသိုလ်မှာ ဒီနှစ်နောက်ဆုံးနှစ်၊ သမီးက ကွန်ပျူတာသင်တန်းပါတက်မယ်ဆိုပြီး နှစ်လုံးပေါက်ပြန်မလာခဲ့တော့ တို့အဘိုးကြီးအဘွားကြီး အရမ်းကိုလွမ်းနေကြတာ မဟုတ်လားကွ။

ဒေါ်မြ။ (ချွေးသုတ်ရင်း) ဟုတ်တာပေါ့တော့။

ဦးကြည်။ သမီးလေးက အဝေးမှာကြာကြာခွဲထားရတော့ တို့တစ်တွေ နေမထိထိုင်မသာ ဖြစ်နေကြတာမဟုတ်လားကွ။

ဒေါ်မြ။ ဟုတ်တာပေါ့တော် ...

ဦးကြည်။ နောက်ပြီးတော့ ... သမီးလေးအခန်းက လပ်နေတော့ သမီးလေးအခန်းကိုဖွင့်ဖွင့်ကြည့်ပြီး မင်းရော ငါရော ခဏခဏ လွမ်းနေကြတာမဟုတ်လားကွ။

ဒေါ်မြ။ ဟုတ်ပ့ါ ... ဟုတ်ပ့ါ။

ဦးကြည်။ သမီးလေးတက္ကသိုလ်အိပ်ဆောင်ကတစ်ခန်းကို သုံးယောက်မျှနေကြရတော့ သမီးလေး ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ စိတ်ညစ်ခဲ့ရတဲ့ ၄ နှစ်တာကို အိမ်ရောက်ရင် သူ့အခန်းထဲမှာအတိုးချပြီး ကျယ်ကျယ်ဝန်းဝန်း သန့်သန့်ရှင်းရှင်း နေစေချင်တယ် မဟုတ်လား ... ။

ဒေါ်မြ။ သြော် ... စကားခေါ်မနေပါနဲ့ အဘိုးကြီးရာ။ ကျုပ်မမောတော့ပါဘူး။ ကဲ ဘာဆက်လုပ်မလဲ ပြော ... ။

ဦးကြည်။ ရပါပြီကွာ၊ သိပ်မပင်ပန်းတော့ပါဘူး။ မင်းက ပိုးမျှင်တွေရှင်း။ ပြီးရင် တံမြက်စည်းလှည်းပေါ့။ ငါက ခုတင်တိုင်တွေဆင်မယ်။ ကြိုးတန်းတွေတန်းမယ်။ ပြီးရင် ပန်းချီကားလေးတွေနဲ့ သမီးဓာတ်ပုံလေးတွေချိတ်မယ်။ အခန်းလေးကို အလှဆင်ပေးမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြူ။ ဒါဆို ... ကျုပ် အုန်းတံမြက်စည်းအရှည်နဲ့ မြက်တံမြက်စည်း သွားယူဦးမယ်။

ဦးကြည်။ အေး ... ဖိလဲ တူနဲ့သံ သွားယူလိုက်ဦးမယ်။

(နှစ်ယောက်သား တစ်ယောက်က လက်ယာဘက်အတွင်းသို့ တစ်ယောက်က လက်ဝဲဘက်အတွင်းသို့ ဝင်သွားကြစေ။ ဦးကြည်က သူချွတ်ထားသည့်အကျီကို တစ်ပါတည်းယူ သွားစေ)

(ခဏအတွင်းမှာပင် နှစ်ယောက်သား တံမြက်စည်းများ၊ တူနှင့်သံများကိုယ်စီ ကိုင်လျက် ပြန်ထွက်လာကြစေ။ ဒေါ်မြူက ခေါင်းကို တဘက်ပတ်လာသလို ဦးကြည်ကလည်း ဦးထုပ် အဟောင်းတစ်လုံး ဆောင်းလာစေ။ တစ်ယောက်ကို တစ်ယောက်ကြည့်၍ သဘောကျနေကြစေ။)

နှစ်ယောက်ပြိုင်တူ။ ကဲ ... အလုပ်စမယ် ... ။

(ဦးကြည်ကိုကျောပေးလျက် ဒေါ်မြူက အုန်းတံမြက်စည်း အရှည်ဖြင့် မျက်နှာကြက်နှင့်နံရံကို ပိုးမျှင်များရှင်းနေစေ။ ဦးကြည်က ခုတင်အောက်မှ ခုတင်တိုင်များကို တစ်ခုချင်းယူပြီး ခုတင်တွင် လိုက်တပ်နေစေ။ ပြီးနောက် တိုင်များ၏ထိပ် သစ်သားတန်းများကို သံပေါက်များတွင်စွပ်၍တပ်နေစေ။ လိုအပ်သည့်အခါတိုင်း တူနှင့်ထုစေ။)

(တစ်ကြိမ်တွင် ခုတင်ခေါင်းရင်းဘက် သစ်သားတန်းတစ်ခုကို သံပေါက်တွင်စွပ်ရာ၊ ခုတင်တိုင်က ဟိုယိမ်းသည်ယိမ်းဖြစ် နေစေ။ ဦးကြည်သည် ခုတင်ခေါင်းရင်း ပန်းပြားပေါ်သို့ တက်ပြီး တန်းကို သံပေါက်နှင့်တည့်အောင်စွပ်ရာ အားလွန် ပြီး ခုတင်ကြမ်းခင်းပေါ်သို့ ခြေချော်ကျသွားစေ။)

("ဝုန်း" ဟူသောအသံနှင့်အတူ ခုတင်ကြမ်းတစ်ချောင်းအစ ထောင်ပြီး ဦးကြည်ခြေတစ်ချောင်းကျုံကျသွားစေ။)

www.burmeseclassic.com

www.burmeseclassic.com



(အော်ဖြူသည် "အမယ်လေး" ဟုအော်ပြီး တံမြက်စည်းကို လွှတ်ချကာ ဦးကြည်ထံ အပြေးကလေးရောက်သွားစေ။ ဦးကြည်က စုတ်သပ်၍ အော်ဖြူကို အားပြုကာ ပြန်ထစေ။)

အော်ဖြူ။ ဘာဖြစ်သွားလဲဟင် ... (စိတ်ပူဟန်နှင့် ခြေထောက်ကိုကြည့်စေ။)

ဦးကြည်။ ကျွတ် ... ကျွတ် ... (မိမိခြေထောက်ကိုကိုင်ကြည့်ပြီး) အင်း ... ပွန်းပဲ့ရုံလေးပါကွာ ... ။

အော်ဖြူ။ (စိတ်သက်သာသွားဟန်နှင့်) တော်သေးတာပေါ့တော်။

(အော်ဖြူက ဦးကြည်ကိုတွဲ၍ ခုတင်ရှေ့နားသို့ခေါ်လာပြီးနောက် ခုတင်ပေါ်တွင် ယှဉ်၍ထိုင်ကြစေ။)

အော်ဖြူ။ ခဏနေဦး။ အရက်ပြန်နဲ့ ပလတ်စတာသွားယူလိုက်ဦးမယ် ...။

(အော်ဖြူ လက်ယာဘက်သို့ ခပ်သုတ်သုတ်ဝင်သွား၊ ဆေးပစ္စည်းများယူ၍ အမြန်ပြန်ထွက်လာ၊ ဦးကြည်က ခုတင်ပေါ် ခြေထောက်တင်ကာ ဒူးထောင်ပေး၊ အော်ဖြူက ပွန်းရာများကို အရက်ပြန်သုတ်၊ ဆေးလိမ်းပေးစေ။)

ဦးကြည်။ (စပ်၍အော်) အား ... ကျွတ် .. ကျွတ် .. ကျွတ် ... ။ အင်း ... တော်သေးတာပေါ့ကွာ၊ တူကိုမထားမိပေလို့၊ လက်ထဲမှာ တူရှိနေရင် ထိခိုက်မိဦးမှာ ... ။

အော်ဖြူ။ ရှင်ကိုယ်တိုင်ကလည်း သမီးအတွက်ဆို လောကြီးနေတာကိုး။

ဦးကြည်။ အင်းပါကွာ ... ထားပါတော့။ (အော်ဖြူက ဆေးထည့်ပြီး ပလတ်စတာများကပ်ပေးနေသည်ကိုကြည့်ရင်း) အဘွားကြီး ...

အော်ဖြူ။ ဘာတုန်းတော့ ... အဘိုးကြီး ...

ဦးကြည်။ တစ်ချိန်ကျရင် သမီးလေးကအိမ်ထောင်ကျပြီး သူ့ယောက်ျားတာဝန်ကျတဲ့ တခြားဒေသရောက်သွားပြီဆိုပါတော့ကွာ ...

အော်ဖြူ။ (ဦးကြည်၏မျက်နှာကိုငဲ့စောင်းကြည့်ပြီး) တော်ကလည်း သမီးကို လင်ပေးစားချင်လို့လား။

www.burmeseclassic.com

www.burmeseclassic.com



ဦးကြည်။ မဟုတ်ပါဘူးကွာ။ အဖြစ်ကိုပြောမလို့ပါ။ အဲ ... သမီးက တခြားမှာ ဆိုပါတော့။ တို့ အဘိုးကြီး အဘွားကြီးနှစ်ယောက်က ဒီမှာကျန်။ တစ်ခါတလေ သမီးလေးကိုလွမ်းလို့၊ ဒီမှမဟုတ် မြေးလေးတွေ တွေ့ချင်လို့ သမီးတို့ဆီကို တစ်လကိုးသီတင်း တို့သွားလည်မယ် ဆိုပါတော့ ...

ဒေါ်ဖြူ။ အဲဒါ ဘာဖြစ်လဲ ...

ဦးကြည်။ အဲဒီအခါမှာ အဖေတို့ အမေတို့လာရင် စိတ်အေးချမ်းသာ အိပ်ရအောင်၊ အနားယူရအောင်ဆိုပြီး အခု တို့နှစ်ယောက်လုပ်သလို သမီးက သူတို့အိမ်မှာ အခန်းတစ်ခန်းပြင်ဆင်ပေးမှာပေါ့နော်။

ဒေါ်ဖြူ။ (မတ်တတ်ရပ်လိုက်ပြီး ဦးကြည်ကိုစိုက်ကြည့်ကာ) အခန်းတစ်ခန်း ... အဖေတို့အမေတို့အိပ်ဖို့ အခန်းတစ်ခန်း။ ဟုတ်လား ...

ဦးကြည်။ အင်းလေ သီးသန့်တစ်ခန်းပေါ့ကွာ။

ဒေါ်ဖြူ။ (မဲ့ပြုံးပြုံးလျက်) သီးသန့်အခန်းရှိတယ်လေ။ အဲဒီ အဲဒီ ... "ဘုရားခန်း" ပေါ့ ... (ပြောပြောဆိုဆို ဆေးပစ္စည်းများ ကိုင်လျက် အတွင်းသို့ ဝင်မည်ပြုစဉ်။)

ဦးကြည်။ (ထိုင်ရာမှထရင်း မချိပြုံးပြုံးလျက်) အင်း ... ဘုရားခန်းဆိုတော့ လည်း တရားထိုင်ရတာ အဆင်ပြေတာပေါ့ အဘွားကြီးရာ ... ။

(ရှေ့ဖုံးကားပိတ်)

www.burmeseclassic.com

www.burmeseclassic.com

# ဆရာဝန် အင်ဂျင်နီယာ

(တစ်ခန်းရပ်ပြဇာတ်)

## ပါဝင်သူများ

၁။ ဦးသာ — အငြိမ်းစားဦးစီးအရာရှိ
၂။ ဒေါ်သစ် — ဦးသာ၏ဇနီး
၃။ ကျန်းခံ့သာ — ဦးသာ၊ ဒေါ်သစ်တို့၏သားကြီး
၄။ စွမ်းရည်သာ — ဦးသာ၊ ဒေါ်သစ်တို့၏သားငယ်
၅။ ခင်ခင်ရွှေ — ကျန်းခံ့သာ၏ဇနီး
၆။ ခင်ခင်ငွေ — စွမ်းရည်သာ၏ဇနီး
၇။ ရွှေစင် — ကျန်းခံ့သာ၊ ခင်ခင်ရွှေတို့၏သားငယ်
၈။ ငွေစင် — စွမ်းရည်သာ၊ ခင်ခင်ငွေတို့၏သားငယ်
၉။ ဦးပဥ္စင်းတစ်ပါး

## အပြင်အဆင်

ပျဉ်ထောင်အိမ်တစ်လုံး၏ဧည့်ခန်း ရေးချက်နောက်ခံကားရှိရမည်။ ဆက်တီတစ်စုံရှိရမည်။ နံရံတွင် ဦးသာနှင့် ဒေါ်သစ်တို့စုံတွဲရိုက်ထားသည့် ဓာတ်ပုံကြီး ထင်ထင်ရှားရှားရှိရမည်။ ၎င်းဓာတ်ပုံကြီးအောက်နားတွင် ၎င်းတို့၏ သားကြီး ကျန်းခံ့သာနှင့် သူ့ဇနီး ခင်ခင်ရွှေတို့၏ စုံတွဲဓာတ်ပုံနှင့် ၎င်းတို့၏ သားငယ်



www.burmeseclassic.com

www.burmeseclassic.com



စွမ်းရည်သာနှင့် သူဇနီး ခင်ခင်ငွေတို့၏ ဓာတ်ပုံများကို ချိတ်ထားရမည်။ ပြက္ခဒိန်တစ်ခုလည်း နံရံတွင်ရှိရမည်။

အခန်းထောင့်တွင် စားပွဲတစ်လုံးနှင့် ၄င်းအပေါ်တွင် စာအုပ်အချို့ တင်ထားရမည်။

## (ရှေ့ဖုံးကားဖွင့်)

(အငြိမ်းစားဦးစီးအရာရှိ ဦးသာသည် ဆက်တီတွင်ထိုင်လျက် သတင်းစာဖတ်နေစေ။ ဇနီးဖြစ်သူ ဒေါ်သစ်က ပြက္ခဒိန်ရှေ့တွင်ရပ်လျက် လက်နှင့်ထောက်ကာ နေ့ရက်များကို ရှာနေစေ။)

ဒေါ်သစ်။ အဘိုးကြီး ပြေလဆန်းပြီနော်။ ဒီနေ့ဘယ်နှရက်ရှိပြီလဲ ... ။

ဦးသာ။ (သတင်းစာကိုအောက်ချလိုက်ပြီး) ဒီနေ့ ပြေ (၇) ရက်လေ။ နေပါဦး ဘာလုပ်မလို့လဲ။

ဒေါ်သစ်။ ရှင်ကတော့လေ ကိုယ့်သားသမီးတွေကို တစ်စက်မှဂရုမစိုက်ဘူး။ အညာက သားတွေမြေးတွေ ဒီမှာသင်္ကြန်လာကျမှာ ရှင်မေ့နေပြီလား။ (ပြောရင်း မျက်နှာချင်းဆိုင်ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်စေ။)

ဦးသာ။ သြော် .. သြော် မင်းကမျှော်နေပြီပေါ့။ ဒါကြောင့် ပြက္ခဒိန် တကြည့်ကြည့်ဖြစ်နေတာကိုး။

ဒေါ်သစ်။ မျှော်ရတာပေါ့တော့။ သူတို့စာထဲမှာ သင်္ကြန်မတိုင်ခင်လာခဲ့မယ်လို့ ရေးထားတာပဲ။ ကျုပ်မြေးအညာသားလေးတွေ တွေ့ချင်လှပြီရှင့်။ ကျုပ်တို့အညာကနေပြောင်းလာတော့ ရွှေစင်က အခါလည်သား၊ ငွေစင်က ၆ လသား။ အခုဆိုရင် ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



ဒီပြောင်းလာတာ ၂ နှစ်ကျော်ပြီဆိုတော့ ... အင်း ... စကားတွေ ပြောတတ်နေကြပြီပေါ့။ ရွှေစင်က ကျုပ်သားကြီး ကျန်းခံ့သာနဲ့ တူရင်တော့ ခပ်တည်တည်နဲ့ စကားနည်းမှာ။ ငွေစင်ကတော့ သားလေးစွမ်းရည်သာလို စကားတွေတတ်မယ်ထင်တယ်နော် အဘိုးကြီး ...

ဦးသာ။ အိုကွာ ... မြေးတွေလာတော့ သိရမှာပေါ့။ အဘွားကြီးကလေ သားတွေငယ်ငယ်တုန်းကလည်း သူ့ပဲ သဲသဲကိုလှုပ်ခဲ့တာ။ အခု မြေးတွေကျတော့လည်း တွေ့ မတွေ့ရသေးဘူး သဲနေပြီ။

ဒေါ်သစ်။ ကျုပ်ကတော့ စိတ်ထဲမှာရှိတဲ့အတိုင်းပဲတော်ရေ့ ... ။ ရှင်သာ သားတွေတုန်းက ကြိတ်ကြိတ်ပြီးချစ်။ ရိုက်တော့လည်း အလွန် ... ။

ဦးသာ။ ဟော ... ချစ်တာကချစ်တာ၊ စည်းကမ်းကစည်းကမ်းပဲကွ။ ရောလို့မရဘူး။ ကျုပ် စည်းကမ်းကိုင်ခဲ့လို့လည်း စည်းစနစ်ရှိတဲ့ သားတွေဖြစ်လာတာမဟုတ်လား။ ဒါပေမဲ့ အဘွားကြီးရေ ... (ခေတ္တမျှစကားရပ်ထားပြီးမှ စိတ်မကောင်းဟန်နှင့် ဆက်ပြော) သူတို့တွေ ၁၀ တန်းလေးတောင် မအောင်ကြတာကိုတော့ ကျုပ် ယူကျုံးမရဖြစ်နေတုန်းပဲ ... ။

ဒေါ်သစ်။ အို ... ဒါကတော့ သူတို့ကံပဲလေ။ သားကြီး ကျန်းခံ့သာတုန်းက လည်း ကျောင်းစထားကတည်းက ပထမ၊ ဒုတိယ၊ တတိယ ကမဆင်းဘူး။ ၉ တန်းမှာ ဘိုင်အိုအမှတ်အများဆုံးရတော့ သားကြီးက ဆရာဝန်ဖြစ်မှာ 'ကျန်းခံ့သာ' လို့နာမည်ပေးခဲ့တာ မှန်သွားပြီဆိုပြီး ကျုပ်တို့ အားရခဲ့ကြတာမဟုတ်လား ... ။

www.burmeseclassic.com

www.burmeseclassic.com



ဦးသာ။ အင်းလေ ... ၁၀ တန်းရောက်တော့ သိပ္ပံကို အင်္ဂလိပ်လိုသင်တဲ့ စနစ်အပြောင်း၊ တို့ကလဲရာထူးတက်ပြီး ဒေသပြောင်းရွှေ့ ထမ်းဆောင်ရတဲ့နှစ်။ သားကြီးက ကျောင်းပြောင်းရတော့ အဲဒီမှာတင် သူ့ပညာရေး ကယောက်ကယက်ဖြစ်သွားရ တာလေ။

ဒေါ်သစ်။ သားလေး စွမ်းရည်သာကျတော့ ရှင့်ပယောဂပါတယ်နော် ...။

ဦးသာ။ ဘာ ... ဘာ ... မင်းက ငါ့ကိုတရားခံရှာတာလားကွ။

ဒေါ်သစ်။ ဟုတ်တယ်လေ။ ညအိပ်မီးသီးဟောင်းလေးကိုဖျက်မိတာနဲ့ ရှင် ဒေါသထွက်ပြီး မတရားရိုက်လို့ သားလေးထွက်ပြေးတာလေ။ နောက် ပြန်တွေ့တော့လည်း မိဘအပေါ် အထင်မှား။ နောက်တော့ မလေးရှားသွားအလုပ်လုပ်ခွင့်ပြုလိုက်ရပြီး၊ ပညာရေးက ၉ တန်းနဲ့ ရပ်သွားတာလေ။ (ပြန်တွေးပြီး စိတ်မကောင်းဟန်နှင့်) အင်း ... တကယ်တော့ သားလေးက ငယ်ငယ်လေးကတည်းက စက်မှု လက်မှုကို ဝါသနာပါတာနော်။ ဒါကြောင့်လည်း သားလေး ကြီးလာရင် အင်ဂျင်နီယာကြီး ဖြစ်မယ်လို့ စိတ်ကူးယဉ်ပြီး 'စွမ်းရည်သာ' လို့ နာမည်ပေးခဲ့ ကြတာမဟုတ်လား။ ဟို မီးသီးလေးကိုလည်း သူကဖျက်ချင်လို့ မဟုတ်ရှာပါဘူး။ အထဲက ကွိုင်ထုပ်ကလေးကိုထုတ်ကြည့်တာပါ တော် ... ။

ဦးသာ။ အေးပေါ့ကွာ ... ဒါတွေက အတိတ်ကံအကြောင်းတရားတွေပါ။ လောကအနေနဲ့သာ ကိုယ့်သားတွေ ၁၀ တန်းမအောင်တာကို မကျေမချမ်းဖြစ်မိတာကိုး။

ဒေါ်သစ်။ ကျုပ်သားတွေက ၁၀ တန်းမအောင်၊ စားစာအိမ်ထောင်ကျ

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ... ခု ... သူ့အလုပ်နဲ့သူ ချမ်းသာနေကြပါတယ်နော်။ ချမ်းသာကြလို့လည်းမိဘကို သူတို့နဲ့အတူ အညာမှာပဲနေပါလို့ တောင်းပန်ကြရှာတာကို (မကျေမနပ်သည့် အမူအရာဖြင့်) ပင်စင်စားအဘိုးကြီးက မနေနိုင်ဘူး။ ကိုယ့်ဇာတိကိုပဲပြန်လာတယ်။

ဦးသာ။ (ပြုံးလျက်) ဩော် ... မင်းက မင်းသားတွေနဲ့ပဲ နေချင်တာလား။ ရပါတယ်ကွာ၊ ရပါတယ် ... သားတွေလာရင် လိုက်သွားပေါ့ ဟုတ်လား။

ဒေါ်သစ်။ ကျုပ်က တကယ်လိုက်သွားမှာနော် ... ။

ဦးသာ။ လိုက်သွားပါဗျာ ... လိုက်သွားပါ။ ကျုပ်ကတော့ မလိုက်ရေးချ မလိုက်။ သူတို့ကအတင်းခေါ်ရင်တောင် သူတို့နှစ်ယောက်အတွက် ကဗျာ ၂ ပုဒ်ရေးထားတယ်။ အဲဒါဖတ်ပြလိုက်ရုံပဲ။

ဒေါ်သစ်။ (ဦးသာအနီးရှိ ထိုင်ခုံသို့လာထိုင်ပြီး ဦးသာ၏လက်ကိုကိုင်ကာ) ဘယ်မှာလဲကဗျာတွေ၊ ကျုပ်ကိုပြဦး ... ။

ဦးသာ။ (ဒေါ်သစ်၏လက်ကိုအသာဖယ်ကာ) သူတို့လာမှပြမှာလေ။

ဒေါ်သစ်။ အဘိုးကြီးနော် ... တော်က ဝါစာရေးဆရာပဲဆိုပြီး ဘာတွေရေးထားတာလဲ။ ကျုပ်သားတွေကို မဟုတ်မဟပ်တာတွေ မရေးနဲ့နော်။

(ထိုစဉ် ... ကားတစ်စီး ဝေးရာမှနီးရာသို့ မောင်းလာသည့် ကားစက်သံ၊ စက်ရပ်သွားသည့်အသံ၊ ကားဟွန်းသံများ ဆက်တိုက်ထွက်ပေါ်လာစေ။ ကားတံခါးများ ဖွင့်ပိတ်သံများ ကြားရပြီးနောက်၊ ဇာတ်စင်၏လက်ဝဲဘက်မှ ကျန်းခံ့သာက ရှေ့ဆောင်ပြီး၊ ဦးပဉ္စင်းတစ်ပါး၊ ထို့နောက်မှ စွမ်းရည်သာ ဝင်ရောက်လာစေ။ ခင်ခင်ရွှေက သားငယ် ရွှေစင်ကိုလက်ဆွဲလျက်၊ ခင်ခင်ငွေက သားငယ်ငွေစင်ကို လက်ဆွဲလျက် ဆက်တိုက် ဝင်လာကြစေ။)

www.burmeseclassic.com

www.burmeseclassic.com



(ဒေါ်သစ် ဝမ်းသာအားရနှင့် ကမန်းကတန်းထပြီး ဝင်လာသူများထံ အပြေးကလေးသွားရောက်စေ။ ဦးသာထပြီး ဦးပဥ္စင်းအား လက်အုပ်ချီ၍ ဆီးကြိုနေစေ။)

ဒေါ်သစ်။ (ရွှေစင်နှင့် ငွေစင်ကိုလက်ဆွဲကာ) ဟာ ... ဝို့မြေးတွေ ... ဝို့မြေးတွေ ... လာကြ လာကြ ... ခုပဲ မင်းတို့အကြောင်းပြောနေတာ။

ဦးသာ။ (ဦးပဥ္စင်းသို့ လက်အုပ်ချီလျက်) ကြွပါဘုရား ... ကြွပါ ... (ဆက်တီထိုင်ခုံအကြီးကို ခေါင်းရင်းဘက်သို့ သီးခြားဆွဲထုတ်ကာ ဦးပဥ္စင်းအား နေရာပေးစေ။)

(ကျန်းခုံ့သာ၊ စွမ်းရည်သာ၊ ခင်ခင်ရွှေ ခင်ခင်ငွေတို့က လက်ဆွဲအိတ်များ၊ လက်ဆွဲခြင်းများကို အခန်းထောင့်နားတွင်ထားကြပြီး၊ ဦးပဥ္စင်းရှေ့တွင် ဦးချရှိခိုး ပြီးထိုင်ကြစေ။)

(ဒေါ်သစ်က မြေးနှစ်ယောက်ကို တစ်ဘက်တစ်ချက်ထားပြီး ဦးပဥ္စင်းအား ရှိခိုးစေ။ မြေးများအားလည်း "ဝို့မြေးတွေ ဘုန်းကြီးကိုရှိခိုးကြ ... ရှိခိုးကြ" ပြောရင်း မြေးများကို မျက်ခြည်မပြတ် ဝမ်းသာပီတိအပြည့်နှင့် ကြည့်နေစေ။)

(ဦးသာက မိမိမသိကျွမ်းသော ဦးပဥ္စင်းကိုကြည့်လိုက်၊ သားများကို ကြည့်လိုက်နှင့် နားမလည်သည့်ဟန်ဖြစ်နေစေ)

ကျန်းခုံ့သာ။ ဖေဖေ ... ဦးဇင်းက သားတို့နဲ့လမ်းမှာသိကျွမ်းပြီး သားတို့ကို ဦးဇင်းက ကားနဲ့တင်ခေါ်လာတာလေ။

ဦးသာ။ ဩော် ... ဩော် ...

ဦးပဥ္စင်း။ ဒီလိုဒကာကြီးရဲ့၊ ဦးဇင်းက ဟောဒီမြို့ရဲ့ တောင်ဘက်နားမှာ ကုန်တန်းရွာဇာတိလေ။ မန္တလေး ခင်မကန်တိုက်ထဲမှာ စာချနေတာ။ အခု သင်္ကြန်မှာ ရွာက ဦးဇင်းမယ်တော်ကြီးက အလှူလုပ်မယ်ဆိုပြီး ဦးဇင်းကိုပင့်လို့ ဦးဇင်းရဲ့အဘက သူ့ကားနဲ့

www.burmeseclassic.com



တိုက်ရိုက်မောင်းပြီး လိုက်ပို့တာလေ။ တောင်ငူနားကျတော့ ကားစက်ချွတ်ယွင်းပြီး ဒရိုင်ဘာက စက်ပြင်လို့မရဘဲဖြစ်နေတုန်း ဟော ဒီဒကာကြီးတို့ စီးလာတဲ့ ဟွန်ဒိုင်းကားကြီးကလည်း အဲဒီနားက စားသောက်ဆိုင်မှာခဏရပ်ပြီး စားသောက်ကြတာကိုး။ ဒီတင် (စွမ်းရည်သာအား လက်ညှိုးထိုးလိုက်ပြီး) ဒီ ဒကာလေးက သူ့မှာပါလာတဲ့ ဂွထုပ်ယူလာပြီး ကားစက်ကို ပြင်ပေးလို့ ကောင်းသွားတယ်လေ။ ဒီဒကာတွေနဲ့ ပြောရင်းဆိုရင်း သူတို့ကလည်း ဒီမြို့ကိုလာလည်တာဆိုတာသိရတော့ ဦးဇင်းကပဲ သူတို့ကို ကျုပ်ကားနဲ့အတင်းပြောင်းပြီးခေါ်ခဲ့တာလေ။ လမ်းမှာ ကျုပ်တောင်သွေးတက်ပြီး ခေါင်းမူးလာလို့ (ကျန်းခံ့သာသို့ လက်ညှိုးထိုးပြကာ) ဟောဒီ ဒကာလေးက ဆေးတွေလျှုသေးတယ် ဒကာကြီးရဲ့။ (ခဏနားလိုက်ပြီး) အင်း ... ဒီ ဒကာလေး တွေရဲ့ကျေးဇူးကြောင့် ဦးဇင်းဒီကို ချောချောမောမော ရောက်လာတာ ဒကာကြီးရဲ့။ သူတို့က ဒကာကြီးရဲ့သားတွေပေါ့နော် ...။

ဦးသာ။ မှန်ပါ့ဘုရား။ (ကျန်းခံ့သာသို့ ညွှန်ပြပြီး) ဒါက သားအကြီး 'ကျန်းခံ့သာ' ပါဘုရား။ (စွမ်းရည်သာသို့ ညွှန်ပြပြီး) ဒါက သားအငယ် 'စွမ်းရည်သာ' ပါဘုရား။

ဦးပဉ္ဇင်း။ အင်း ... နာမည်လေးတွေက ခပ်ဆန်းဆန်းပဲနော် ... ။

ဦးသာ။ တင်ပါ့ဘုရား။ သားကြီးမွေးတုန်းက ကြီးလာရင် ဆရာဝန်ကြီးဖြစ်ရမယ်ဆိုပြီး ဖအေ့နာမည်လည်းပါအောင် 'ကျန်းခံ့သာ' လို့ မှည့်ခဲ့တာပါဘုရား။ တပည့်တော်နာမည်က ဦးသာပါဘုရား။ နောက် သားအငယ်မွေးပြန်တော့ အင်ဂျင်နီယာကြီးဖြစ်ရမယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး 'စွမ်းရည်သာ' လို့ မှည့်ခဲ့တာပါဘုရား။ တပည့်တော်က မြို့နယ်ဦးစီးမှူးဘဝနဲ့ အညာမှာတာဝန်ကျတုန်းက သူတို့နှစ်ယောက်စလုံး အဲဒီမှာအိမ်ထောင်ကျ ကျန်ရစ်ခဲ့ကြတာပါဘုရား။

ဦးပဥ္စင်း။ အင်း ... အင်း ... သူတို့တွေ အညာမှာ အိမ်ထောင်ကျနေခဲ့ကြတာကို လမ်းမှာကတည်းက ဦးဇင်းကိုပြောပြကြပါတယ်။ ဒကာကြီးတို့ မိဘများကိုတောင် အညာမှာ သူတို့နဲ့အတူတူနေဖို့ခေါ်တာ ဒကာကြီးတို့က မနေဘဲ၊ ဒီမြို့မှာ နှစ်ယောက်တည်းနေကြတာဆို။ အသက်ကြီးတော့ ဒကာကြီးတို့ကို သူတို့က စိတ်မချ ဖြစ်နေကြတာဗျ။ အဲကြောင့်လဲ ဒီနှစ်တော့ မဖြစ်ဖြစ်အောင် မိဘထံ လာကြတာတဲ့။

ဒေါ်သစ်။ ဓာပည့်တော်က သားတွေနဲ့အတူနေဖို့ပြောပါတယ်ဘုရား။ ဒကာကြီးက ခေါင်းမာနေလို့ အခုလို သားတွေနဲ့ တကွဲတပြားနေရတာပါဘုရား။

ဦးသာ။ (ခပ်ပြုံးပြုံးနှင့်) အင်း ... ဒေါ်သစ်ကတော့လုပ်ပြီ ...
(အားလုံးရယ်မောကြစေ။)
(ခင်ခင်ရွှေနှင့် ခင်ခင်ငွေတို့က မိမိတို့လက်ဆွဲခြင်းများထဲမှ အချိုရည်ဘူးများကို ဇန်ခွက်ထဲထည့်ယူလာပြီး ဦးပဥ္စင်းအား ကပ်ကြစေ)

ဦးပဥ္စင်း။ သာဓု ... သာဓု ... သာဓု ... (အချိုရည်ကိုဘုန်းပေးစေ။ ဘုန်းပေးပြီးနောက်) အင်း ... ဒကာကြီးတို့မိသားစုတစ်တွေ အချင်းချင်း ချစ်ချစ်ခင်ခင်နဲ့ရှိကြတာ၊ မိဘအပေါ်ရိုသေကြတာကို ဦးဇင်း သတိထားမိပါတယ်။

ကျန်းခံ့သာ။ ဟုတ်ပါတယ်ဘုရား။ တပည့်တော်တို့ ညီအစ်ကိုမိသားစုနှစ်စုလုံးက ဖေဖေနဲ့မေမေတို့ကို အိမ်ဦးခန်းမှာထားပြီး ပြုစုချင်တာ

www.burmeseclassic.com

www.burmeseclassic.com



အမှန်ပါဘုရား။

ခွန်းရည်သာ။ တပည့်တော်တို့သားနှစ်ယောက်စလုံး စီးပွားရေးလည်းကောင်းကြလို့ ဖေဖေနဲ့မေမေတို့ကို ကောင်းကောင်းကျွေးမွေးနိုင်တဲ့ အခြေအနေရှိပါတယ်ဘုရား။

ဦးပဥ္ဇင်း။ (ရယ်ရယ်မောမောနှင့်) အင်း ... ဒီလိုဆိုတော့လဲ မိဘများက သားတွေနဲ့လိုက်နေဖို့ကိစ္စ စဉ်းစားဖို့သင့်ပြီဗျ။ မဟုတ်ဘူးလား ဒကာကြီးဦးသာ ... ။

ဦးသာ။ ဟုတ်တော့ဟုတ်ပါတယ်ဘုရား။ ဒါ ... ဒါပေမဲ့ တပည့်တော် သားတွေအတွက် ကဗျာလေး ၂ ပုဒ်ရေးထားတာရှိတယ်ဘုရား ... ။

ဦးပဥ္ဇင်း။ ဘယ်လို ... ဘယ်လို ... ကဗျာ ၂ ပုဒ် ... ဟုတ်လား ... ။

ဦးသာ။ (စားပွဲပေါ်မှ စာအုပ်များအနက် တစ်အုပ်ကိုထယူပြီး ... စာအုပ်ထဲမှ စာရွက် ၂ ရွက်ကိုထုတ်ယူလိုက်ကာ သား ၂ ယောက်အား တစ်ရွက်စီပေးလျက်) ကဲ ... ရော့ ... ငါ့သားတွေအတွက် ကဗျာတစ်ယောက်တစ်ပုဒ် ... အားလုံးကြားအောင်ဖတ်ပြကြ ... ။

(အခန်းထဲရှိသူ အားလုံး နားမလည်သည့်မျက်နှာများဖြင့် စာရွက်များကို ကြည့်ကြစေ။ ဦးသာ ခပ်ပြုံးပြုံးရှိနေစေ။)

ကျွန်းခံ့သာ။ (စာရွက်ကိုဖြန့်၍ ခပ်ကျယ်ကျယ်ဖတ်စေ။)

ချမ်းတော့ ချမ်းသာပါရဲ့
ဒါပေမဲ့ သားကြီးရာ၊ ဆရာဝန်မှမဖြစ်ဘဲ။
ဖြစ်စေချင်တာ ဖြစ်မလာ
ဘယ်မှာအတူနေချင်ပါ့မလဲ။

ခွန်းရည်သာ။ (စာရွက်ကိုဖြန့်၍ ခပ်ကျယ်ကျယ်ဖတ်စေ။)

www.burmeseclassic.com

www.burmeseclassic.com



ချမ်းတော့ ချမ်းသာပါရဲ့
ဒါပေမဲ့ သားလေးရာ၊ အင်ဂျင်နီယာမှမဖြစ်ဘဲ။
ဖြစ်စေချင်တာ ဖြစ်မလာ
ဘယ်မှာ အတူနေချင်ပါ့မလဲ။
(အားလုံး ပြုံးစိပြုံးစိ ဖြစ်နေကြစေ။ ဦးပဥ္စင်းနားမလည်သေး သည့်ဟန် ဖြစ်နေစေ)

ဦးပဥ္စင်း။ အဓိပ္ပာယ်ရှင်းပြပါဦး ဒကာကြီးရဲ့။

ဦးသာ။ သြော် ... ဒီလိုပါဘုရား။ တပည့်တော်တို့မိဘများက သားတွေ ငယ်ငယ်တုန်းက အကြီးကောင်ကို ဆရာဝန်ကြီးဖြစ်မယ်၊ အငယ်ကောင်ကို အင်ဂျင်နီယာကြီးဖြစ်ရမယ်လို့ မျှော်မှန်းခဲ့တာ ကိုးဘုရား။ ဒါပေမဲ့ ၁၀ တန်းတောင်မအောင်ကြတော့ ...

ဦးပဥ္စင်း။ သြော် သြော် ... ကျုပ်သဘောပေါက်သွားပြီ ဟား ဟား ... (ရယ်မောနေရာမှ တစ်စုံတစ်ရာကိုတွေးမိဟန်နှင့်) နေဦး နေဦး ဒကာကြီးရဲ့ ဦးဇင်းတစ်ခုစဉ်းစားမိတယ်ဗျ။

ဦးသာ။ ဘာစဉ်းစားမိတာလဲဘုရား။

ဦးပဥ္စင်း။ ဒီလိုလေ ... ။ ဒကာလေးစွမ်းရည်သာဟာ ဦးဇင်းရဲ့ကားကို ပြင်လိုက်တာ ခဏလေးပဲ။ ကျွမ်းကျင်လိုက်တာဗျာ။ အဲဒါ အင်ဂျင်နီယာပဲမဟုတ်ဘူးလား ...

စွမ်းရည်သာ။ (ဝမ်းသာအားရ) ဟာ ဟုတ်တယ်။ သားက အင်ဂျင်နီယာပေါ့။ မလေးရှားမှာတုန်းက အင်ဂျင်စက်ရုံမှာ ပင်ပင်ပန်းပန်းလုပ်ခဲ့တဲ့ အကျိုးလေ။ ခု သားရဲ့ဝပ်ရှော့မှာဆို ကားတွေ၊ အင်ဂျင်စက်တွေ ပြင်ဖို့ဆင်ဖို့ တပ်ဆင်ဖို့ ပြည့်ကြပ်နေတာ ... ဖေဖေ လိုက်ကြည့် ... ။ ဘီအီးဘွဲ့ရတဲ့လူတွေတောင် သားဝပ်ရှော့မှာ လာလာပြီး လေ့လာကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးပဥ္စင်း။ မှန်တာပေါ့။ ဒကာလေး စွမ်းရည်သာဟာ အင်ဂျင်နီယာပေါ့။ အဲ ... ဒကာလေး ကျန်းခံ့သာကလဲ လမ်းလျှောက်ဆရာဝန်လို့ ပြောနိုင်တယ်ဗျ။ သူ့မှာ သောက်ဆေး၊ လိမ်းဆေး၊ ရှူဆေးတွေ ပါလာတာစုံလို့။ လမ်းမှာ ဦးဇင်းမူးရိပ်မူးရိပ်ဖြစ်လာတော့၊ သူက သူ့မှာပါလာတဲ့ သွေးပေါင်ချိန်ကိရိယာနဲ့ ချိန်ကြည့်။ သွေးပေါင်တက်နေတာသိရတော့ ပါလာတဲ့ဆေးတွေတိုက်တယ်။ ဟော ခု ခေါင်းမမူးတော့ဘူး။ ကောင်းသွားပြီ။

ကျန်းခံ့သာ။ တပည့်တော်က ဆေးဆိုင်ဖွင့်ထားတာဘုရား။ အနောက်တိုင်းဆေး၊ တိုင်းရင်းဆေးအစုံရောင်းတယ်။ အနောက်တိုင်းဆေးဝါးသင်တန်းတစ်ခုကိုလည်း တက်ထားပြီးပြီ။ တိုင်းရင်းဆေး ဘယ ဆေးတွေကိုလည်း တပည့်တော်စိတ်ဝင်စားတယ်။ ဖတ်တယ်၊ လေ့လာတယ်ဘုရား။ ဆေးဝါးတွေကိုမလေ့လာလို့လည်း မဖြစ်ဘူး။ ဆိုင်မှာ ဆေးလာဝယ်တဲ့လူတွေကို ခေါင်းကိုက် ဗိုက်နာစတဲ့ တော်ရုံတန်ရုံရောဂါလောက်တော့ ဘယ်ဆေး သင့်တယ်ဆိုတာ ပြောပြရတယ်မဟုတ်လားဘုရား။

ဦးပဥ္စင်း။ ဟုတ်တာပေါ့။ ဒါကြောင့် ဒကာလေးဟာ ဆေးဝါးနဲ့လူလောကကို အကျိုးပြုနေတာအမှန်ပဲ။ ဒါလဲ ဆရာဝန်တစ်မျိုးလို့ဆိုရင် ဘယ်မှားပါ့မလဲနော် ဒကာကြီးဦးသာ ...

ဦးသာ။ အင်း ... တရုတ်ပြည်မှာ Barefoot doctors လို့ အမည်ပေးခဲ့သလိုမျိုး ပြည်သူကြားမှာ ဆေးဝါးနဲ့အကျိုးပြုသူလို့တော့ ဆိုနိုင်ပါလိမ့်မယ်ဘုရား။

ဒေါ်သစ်။ ကဲ ... အဘိုးကြီး၊ သားကြီးရော သားလေးရော မိဘဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့ ဆရာဝန်၊ အင်ဂျင်နီယာဖြစ်နေပြီလေ။ အဲဒီတော့ ဘာမှပြော မနေနဲ့။ ရှင်ရေးထားတဲ့ကဗျာတွေကို ပြန်ရုပ်သိမ်းလိုက်ပေတော့ စာရေးဆရာကြီးရေ ...

(အားလုံးရွှင်ပြစွာရယ်မောကြစေ။)

ဦးပဉ္စင်း။ ကဲ ... ဒကာကြီးတို့မိသားစုအားလုံး ချမ်းမြေ့ပျော်ရွှင်စွာ အတူနေနိုင်ကြပါစေလို့ ဦးဇင်းဆုတောင်းခဲ့ပါတယ်။ ဦးဇင်းလည်း မယ်တော်ကြီးဆီကို ခရီးဆက်ဦးမယ်နော် ... ။ (ထိုင်ရာမှထစေ။)

(အားလုံး ဦးပဉ္စင်းအား ရှိခိုးကြစဉ်။)

(ရှေ့ဖုံးကားပိတ်)

www.burmeseclassic.com

www.burmeseclassic.com

# သမီးလေးရေးတဲ့စာတမ်း

(တစ်ခန်းရုပ်ပြဇာတ်)

ပါဝင်သူများ

၁။ ဦးဆုမွန် – အစိုးရရုံးတစ်ရုံးမှ စတင်နိုင်တစာရေးကြီး ပတ္တလား၊ စန္ဒရားတီးကျွမ်းကျင်သူ

၂။ ဒေါ်သီသီ – ဦးဆုမွန်၏ဇနီး

၃။ စမ်းသီတာမွန် – ဦးဆုမွန်၊ ဒေါ်သီသီတို့၏ သမီး

၄။ ဦးဘုန်းတင့် – ဦးဆုမွန်၏မိတ်ဆွေ၊ အထက်တန်းပြဆရာ၊ မယ်ဒလင်တီးကျွမ်းကျင်သူ

၅။ ထွန်းမြင့်နိုင် – ဦးဆုမွန်၏ဂီတမိတ်ဆွေ၊ ကဗျာဆရာ၊ တယောထိုးကျွမ်းကျင်သူ

၆။ အိမ့်ကြာပိုင် – အဆိုဝါသနာရှင်မိန်းကလေး

၇။ ခင်နီလာဝင်း – အဆိုဝါသနာရှင်မိန်းကလေး

အပြင်အဆင်

ပျဉ်ထောင်အိမ်တစ်လုံး၏အတွင်းပိုင်း ရေးချက်နောက်ခံကားဖြင့် ရမည်။

လက်ယာဘက်ခြမ်းတွင် စားပွဲတစ်လုံးနှင့် ကုလားထိုင်တစ်လုံး၊ ၎င်းစားပွဲပေါ်မှာ အိုလံပီယာလက်နှိပ်စက်အကြီးစားတစ်လုံးနှင့်



www.burmeseclassic.com

www.burmeseclassic.com



စာရွက်ထုပ်၊ ကာဗွန် စာရွက်များ၊ ပေတံ ခဲတံ ပင်ကာလစ်ထုပ်များ စသည်တို့ရှိရမည်။
လက်ဝဲဘက်ခြမ်းတွင် ဝါးပတ္တလားတစ်လက်၊ အော်ဂန်ကီးဘုတ်တစ်လုံးရှိရမည်။

(ရှေ့ဖုံးကားဖွင့်)

(ဦးဆုမွန်သည် ပရိသတ်ကို ဘေးတိုက်အနေအထားထိုင်လျက် လက်နှိပ်စက် ရိုက်နေစေ။ လက်နှိပ်စက်ကို အင်တိုက်အားတိုက်ရိုက်နေခြင်းဖြစ်၍ လက်နှိပ်စက် ရိုက်သံများ အဆက်မပြတ်ပေါ်ထွက်နေစေရမည်။ အတန်ကြာလျှင် ဇာတ်စင် ၏ လက်ဝဲဘက်အိမ်အတွင်းပိုင်းမှ ဒေါ်သီသီထွက်လာပြီး ... )

ဒေါ်သီသီ။ ကဲ ... ကိုမွန် ... ရှင် မိုးလင်းကတည်းက လက်နှိပ်စက်ရိုက်နေတာ လက်ဖက်ရည်တောင်ရိုက်ရင်းသောက်တယ်။ အခုလဲ ထမင်းစားချိန်ရောက်ပြီတော့။ မနားသေးဘူးလား။

ဦးဆုမွန်။ (စက်ရိုက်မပျက်) ရပ်လို့မဖြစ်ဘူးကွ။ သမီးလေးပြန်လာတဲ့အချိန်မှာ ဒီဟာပြီးမှဖြစ်မယ်ဆိုတာ မင်းလဲအသိသားနဲ့။ မင်းဆာရင်စားနှင့် ... စားနှင့် ... ။

ဒေါ်သီသီ။ ကျွန်မက သိပ်ဆာလွန်းလို့မဟုတ်ဘူးရှင့်။ ၁၂ နာရီထိုးတော့မယ်။ ဒီနေ့ စနေနေ့။ တော်ကြာ ရှင့်တီးဝိုင်းအဖွဲ့တွေက ရောက်လာတော့မှာ။

ဦးဆုမွန်။ (စက်ရိုက်မပျက်) ဒီလိုဆို မင်းလဲကိုယ့်ဘာသာစား။ ကိုယ့်အတွက်တော့ ထမင်းနဲ့ဟင်း နယ်ပေး။ အရိုးမပါစေနဲ့။ ပြီးရင် ဇွန်းတပ်ပြီး ဒီနားမှာချပေးနော် ... ။

ဒေါ်သီသီ။ (မျက်နှာမဲ့ပြီးပြော) ဟင်း ... သူ့သမီးအတွက်ဆို ...
(ပြောရင်း အထဲဝင်သွားစေ။)

www.burmeseclassic.com

www.burmeseclassic.com



(ဦးဆုမွန် လက်နှိပ်စက် ဆက်ရိုက်နေစေ။)

(တအောင့်အကြာ၊ ဒေါ်သီသီ ထမင်းပန်းကန်ကို ဇွန်းတပ်လျက် လက်တစ်ဘက်ကကိုင်၊ ရေနွေးကြမ်းမတ်ခွက်ကို လက်တစ် ဘက်ကကိုင်ပြီး၊ အတွင်းမှပြန်ထွက်လာစေ။ ပန်းကန်နှင့် မတ်ခွက်ကို ဦးဆုမွန်ရှေ့ စားပွဲပေါ်ချပေးစေ။)

(ဦးဆုမွန် စက်ရိုက်ခဏရပ်ပြီး၊ ထမင်းတစ်ဇွန်းခပ်စားစေ။ စက်ကိုဆက်ရိုက်နေစေ။)

ဒေါ်သီသီ။ ကဲ ... ကျွန်မလဲ ထမင်းသွားစားလိုက်ဦးမယ်။ ထမင်းတွေလဲ ကုန်အောင်စားလိုက်ဦးနော်။ ထပ်လိုချင်ရင်လဲ လှမ်းပြော။ (ပြောရင်းဆိုရင်းပင် အတွင်းသို့ဝင်သွားစေ။)

(ဦးဆုမွန် ထမင်းကိုဇွန်းနှင့်ကော်စားရင်း လက်နှိပ်စက်ကို အဆက်မပြတ် ရိုက်နေစေ။)

(လက်နှိပ်စက်ရိုက်သံများချည်းကြားနေရစေ။ အတန်ကြာလျှင် အိမ်အပြင် ဘက်မှ လှမ်းပြောရင်း အိမ်ထဲသို့ဝင်လာသည့်ဟန်နှင့် စကားပြောသံများ ထွက်ပေါ် လာစေ။)

အပြင်ဘက်မှ။ ဆရာမွန်ရေ ... ဆရာမွန်။ စန္ဒရားဆရာအိမ်က လက်နှိပ်စက် အသံ သံတွေထွက်နေပါကလား ... ဘယ်လိုဖြစ်တာလဲ ... ။

(ပြောရင်းဆိုရင်း တယောတစ်လက်ကိုင်လျက် ထွန်းမြင့်နိုင် ဇာတ်စင်၏လက်ယာဘက်မှထွက်လာစေ။ ၎င်းနောက်မှ အဆို ဝါသနာရှင်ကလေးများဖြစ်သော အိမ့်ကြာပိုင်နှင့် ခင်နီလာ တို့ ပါလာစေ။ အားလုံး ဦးဆုမွန်အနီး ရောက်လာ စေ။)

အိမ့်ကြာပိုင်။ ဟာ ... ဆရာက ထမင်းတောင် လက်နှိပ်စက်ရိုက်ရင်း စားနေ တာကိုး ... ။

www.burmeseclassic.com



ဦးဆုမွန်။ (လက်နှိပ်စက်ရိုက်မပျက်ပြော) ဟား ... အဖွဲ့တော်သားတွေ ရောက်လာကြပြီလား။ ထိုင်ကြဗျာ ထိုင်ကြ။ အိမ့်ကြာနဲ့ ခိုလာရေ အိမ်ထဲမှာ ဖျာသွားယူကြကွယ်။ ဆရာကတော့ လက်နှိပ်စက် ကိုရပ်လို့မရဘူး ... ။

ထွန်းမြင့်နိုင်။ ရုံးအလုပ်တွေ တော်တော်အရေးကြီးနေလို့ထင်တယ်။ အိမ်မှာ တောင်ယူရိုက်နေရတယ် ... ဟုတ်လား ဆရာမွန်။ (အိမ့်ကြာပိုင် နှင့် ခင်နီလာဝင်း လက်ဝဲဘက်အတွင်းသို့ဝင်သွားပြီး ဖျာလိပ် များယူ၊ ပြန်ထွက်လာကာ ပတ္တလားအနီးတွင် ခင်းကြစေ။)

အိမ့်ကြာပိုင်။ (ဖျာခင်းအပြီး ဦးဆုမွန်သို့လှမ်းပြော) ဆရာကလည်း ကိုယ်က ရုံးမှာ စတင်နိုစာရေးကြီးပဲ။ ကိုယ့်အောက်မှာ လက်နှိပ်စက် စာရေးတွေရှိရဲ့သားနဲ့ ကိုယ်ကိုယ်တိုင် အိမ်မှာယူပြီး လက်နှိပ် စက်ရိုက်ရတယ်လို့ ... ။

ဦးဆုမွန်။ (စက်ရိုက်မပျက်) ရုံးအလုပ်မဟုတ်ဘူးဗျို့ သမီးအလုပ် ... သမီး အလုပ် ... ။

ထွန်းမြင့်နိုင်။
အိမ့်ကြာပိုင်။ (အံ့ဩသံနှင့်) ဟင် ... သမီးက ယဉ်ကျေးမှုတက္ကသိုလ်မှာ
ခင်နီလာဝင်း။ မဟုတ်ဘူးလား ... ။

ဦးဆုမွန်။ (စက်ရိုက်ရင်းဆက်ပြော) ဟုတ်တယ်လေ ... ။ သူတို့ယဉ်ကျေးမှု တက္ကသိုလ်က အခုနောက်ဆုံးနှစ်မှာ ဘွဲ့ယူစာတမ်းတင်ရမယ် တဲ့ဗျာ။ လွန်ခဲ့တဲ့ Mid-term ပိတ်ရက်တွေမှာ သမီးစာတမ်း အတွက် စာအုပ်တွေပိုင်းရှာပေးခဲ့ရသေးတယ်။ အခု ခုတော့ သမီးရေးပြီးသွားတဲ့ ဘွဲ့ယူစာတမ်းကြီးကို ဖအေကြီးက လက်နှိပ်စက်ရိုက်နေရတာပဗျာ။

www.burmeseclassic.com

www.burmeseclassic.com



(ပြောရင်း၊ စက်ရိုက်ရင်းပင် စာတစ်မျက်နှာရိုက်ပြီးသွားသဖြင့် ဦးဆုပ္ပန်သည် ရိုက်ပြီးသည့်စာရွက်များကို လက်နှိပ်စက်မှ ဖြုတ်ယူလိုက်ပြီး စာရွက်များနှင့် ကာဗွန်စာရွက်များကို ခွဲခြားခြင်းများပြုနေစေ။ ထိုသို့ပြုရင်းပင် စကားပြောစေ)

ဦးဆုပ္ပန်။ ထိုင်ကြဦးနော် ... ။ ကိုထွန်းမြင့်နိုင်က တယောကြိုးညှိထားဗျာ။ (အတွင်းဘက်သို့) ဟော့ ... မိန်းမရေ ... ဖိုးကိုတာရောင်းရင်းတွေကို လက်ဖက်ရည်ကြမ်းနဲ့ အမြည်းလေးဘာလေး ဒါနပြုပါဦးကွာ။

ဒေါ်သီသီ။ (လက်ဝဲဘက်မှ လက်ဖက်ရည်အကြမ်း ဗန်းကိုင်လျက် ထွက်လာရင်း) ယူလာပါပြီရှင် ... ဟောဒီမှာ လက်ဖက်သုပ်လဲပါပါတယ်။

(ခင်နိုလာဝင်း လက်ဖက်ရည်ပွဲကို ဒေါ်သီသီထံမှ တရိုတသေယူပြီး ဖျာပေါ်မှာ ချထားစေ။)

ဦးဆုပ္ပန်။ စားကြဦးနော် ... (လက်နှိပ်စက်တွင် စာရွက်အသစ်နှင့် ကာဗွန်တစ်စုံကို ထပ်မံတင်ရင်း) ဒီစာတမ်းကို ဒီကနေ့အပြီး ရိုက်ပေးရမှာဗျ။ သမီးက ဒီကနေ့ ကျောင်းကပြန်လာတော့မှာ။ ဖအေ လက်နှိပ်စက်ရိုက်ထားတဲ့စာမူချောကိုယူပြီး နက်ဖြန် တနင်္ဂနွေနေ့ ကျောင်းကိုပြန်မှာလေ။ ဟိုကျမှ ကတ်ထူဖုံးနဲ့ စာအုပ်ချုပ်ပြီး ပါမောက္ခဆီတင်ရမှာတဲ့။ ဒါကြောင့် ဒီနေ့အပြီး သပ်အောင်လို့၊ ဖအေကြီးမှာ ယားလို့တောင်မကုတ်နိုင်ဘူး ပေါ့ဗျာ ဟား ဟား ... (ပြောရင်းဆိုရင်းပင် လက်နှိပ်စက်ကို စာမျက်နှာအသစ် ဆက်ရိုက်နေစေ။) ဒီဟာ နောက်ဆုံး စာမျက်နှာပဲဗျ။ ပြီးတော့မှာပါ။ ရေနွေးသောက်ရင်း တီးနှင့်ကြိုင် ကြဗျာ။

ထွန်းမြင့်နိုင်။ ဟာ ... ဆရာဦးဘုန်းတင့်မှ မလာသေးဘဲ။ သူလာမှပဲတီးတော့ မယ်။ သူ့မယ်ဒလင်နဲ့မှ ဖြစ်မှာလေ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီသီ။ (ဖျာပေါ်တွင်ဝင်ထိုင်ရင်း) ကဲ ဒါဆို လက်ဖက်စားကြဦး။ ထမင်းရောစားပြီးခဲ့ကြရဲ့လား။

ထွန်းမြင့်နိုင်။
အိမ့်ကြာပိုင်။
ခင်နီလာဝင်း။ စားပြီးခဲ့ပါပြီ။

အိမ့်ကြာပိုင်။ ဆရာက စမ်းသီတာမွန်ကို တော်တော်ချစ်တာပဲနော် အန်တီ သီသီ။

ဒေါ်သီသီ။ ဟုတ်တယ် ... ချစ်တာတော့မပြောနဲ့။ အိမ်ထောင်ကျသွားတဲ့ဟို အကြီးနှစ်ယောက်ထက်ပိုတယ်။

ဦးဆုမွန်။ (စက်ရိုက်ရင်းလှမ်းပြော) အံမာ ... သူကတော့ မချစ်တဲ့အတိုင်းပဲ။

(အားလုံးရယ်ကြ၏။)

ဒေါ်သီသီ။ အင်း ... သမီးလေးတစ်ယောက်တည်းဆိုတော့ ပိုင်းချစ်နေကြရတာပေါ့လေ ... ။ မိသားစုထဲမှာလည်း ဘွဲ့ရတဲ့အထိ ပညာပေါက်ရောက်တာ သူတစ်ယောက်ပဲ။ နောက်ပြီး ဖအေ့ဂီတအမွေကို ဆက်ခံနိုင်တာလည်း သူတစ်ယောက်ပဲ။ ငယ်ငယ်လေးကတည်းက သီချင်းကြီးဆိုတတ်တယ်။ နောက်ပတ္တလားသင်ပေးတော့လည်း တတ်တာပဲ။ ၁၀ တန်းအောင်တော့ ယဉ်ကျေးမှုတက္ကသိုလ်ကိုပို့။ အခုတော့ ဂီတပညာနဲ့ဘွဲ့ရတော့မယ်။ စန္ဒရားပါတီးတတ်လာတာဆိုတော့ ...

အားလုံး။ ချစ်လို့ကို မဝနိုင်တော့ဘူးပေါ့နော် ... ။

(ရယ်ကြ၏။)

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီသီ။ သမီး ငယ်ငယ်တုန်းက သူ့အဖေဘယ်လောက်သဲတယ် ထင်လဲ...။ တစ်ညမှာ သန်းခေါင်သန်းလွဲကြီး သမီးလေး အိပ်နေတာကိုဖက်ပြီးငိုနေတယ်လေ။ ကျွန်မလည်း နိုးလာတာနဲ့ ဘာဖြစ်ပါလိမ့်လို့ စိတ်ပူသွားတာပေါ့။ ဒါနဲ့ မေးကြည့်တော့မှ သူ့အိပ်မက်ထဲမှာတဲ့ ... သမီးလေးနဲ့ သူနဲ့ ရေအိုင်ကလေးတစ်ခုမှာ ခြေဆေးနေတုန်း သမီးက ရေအိုင်ထဲလျှောကျသွားပြီး မြုပ်သွားတာ၊ ရေထဲလိုက်စမ်းတာမတွေ့လို့ အိပ်မက်ထဲမှာငိုရင်း နိုးလာတာတဲ့ ... ။ အဲဒါ အိပ်နေတဲ့သမီးလေးကိုဖက်ပြီး ဆက်ငိုနေတာကိုး ... ။

(အားလုံး ဦးဆုမွန်ကိုလှမ်းကြည့်ပြီး ရယ်မောမဆုံးရှိနေကြစေ)

ဦးဆုမွန်။ (စက်ရိုက်ရင်း၊ ပြုံးစိစိမျက်နှာဖြင့်) ဟေ့ ... မင်းအကြောင်းရော ဖော်လိုက်ရမလား ... ။

ဒေါ်သီသီ။ ဖော်ပါရှင် ဖော်ပါ။ ဒါပေမဲ့ ရှင့်လောက်တော့ မသဲပါဘူးနော်။ ရှင်ကတော့ လွန်ကိုလွန်တယ်။ သဲကိုသဲတယ်။ အခုအထိ သူ့သမီးကို တစ်ခါမှ မရိုက်ဖူးဘူး။ အလိုလိုက်တာကလည်း မပြောနဲ့။ အလိုလိုက်လွန်းတော့ အခုဘာဖြစ်နေတယ် မှတ်လဲ ...

ဦးဆုမွန်။ (စက်ရိုက်နေရင်းလှမ်းပြော) ဟော ... ဟော ... ဒီအမေကြီး ကတော့ ဖော်ကောင်လုပ်နေပြန်ပြီ။

ဒေါ်သီသီ။ ဟုတ်တယ်လေ ... အခု ဒီဂီတဝိုင်းမှာ ရှင်ပြောရင် ဘယ်သူက မနာခံတာရှိလို့လဲ။ အဲ ... သူ့သမီးကျတော့ စန္ဒရားတီးခိုင်းရင် မတီးဘူး။ အိ ... အ ... ဂို ... ဂု ... နဲ့။ ဖအေက သီချင်းအသစ် တက်ပေးမယ်ဆိုလည်း ဘယ်တော့မှ ရှောရှောရှုရှုမသင်

www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး။ သူတို့သားအဖ စန္ဒရားသင်ပြီဆိုရင် ကျွန်မမှာကြား ထဲက နလုံးရောဂါဖြစ်ရတယ်။

အိမ့်ကြာပိုင်။ ညီမလေးက နွဲ့ဆိုးဆိုးတာပါအန်တီရာ။ မနှစ်က ဆိုကရေးတီး ပြိုင်ပွဲတုန်းက ဗဟိုမှာ သမီးကလည်း ဓမ္မတေးအဆိုပြိုင်ပွဲဝင်ဖို့ ပါသွားတော့၊ ညီမလေးကလည်း အဆင့်မြင့်ပညာအဆင့်ကနေ စန္ဒရားပြိုင်ပွဲဝင်ဖို့ ဆရာက လေ့ကျင့်ပေးနေတာ သမီးနဲ့ ဆုံရ တယ်လေ။ အဲဒီမှာ ညီမလေးက ဆရာ့ကိုနွဲ့ဆိုးဆိုးတာ ခဏခဏတွေ့ရတယ်။

ထွန်းမြင့်နိုင်။ အင်း ... ငယ်သေးတော့ ဒီလိုပေါ့လေ။ ဘွဲ့ရပြီး အလုပ်တစ်ခုခု ဝင်ရတဲ့အချိန်ကျရင်တော့ တည်ငြိမ်သွားမှာပါ။

ဦးဆုမွန်။ ကျွန်တော်လည်း အဲဒီလိုပဲ မျှော်လင့်ထားပါတယ်။

ဒေါ်သီသီ။ အင်း ... မိဘတွေကတော့ မျှော်လင့်ချက်တွေနဲ့ တက္ကသိုလ် ထားရတာ။ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ် ... အခု လေးနှစ်ပြည့်ပြီ။ တစ်နှစ်တစ်နှစ် ကုန်လိုက်ရတာလည်း မနည်းဘူး။ မိဘမှာ ဖတ်ဖတ်ကိုမောနေတာပဲ။ ကိုယ်ပေါ်မှာလဲ (နား ၂ ဘက်ကို ကိုင်ပြပြီး) ဟောဒီနှစ်ခုပဲကျန်တော့တယ် ... ။

(အားလုံးရယ်ကြစေ။)

ထွန်းမြင့်နိုင်။ ဒီလောက်တောင်ပဲလား ... ။ စတင်နိုစာရေးကြီးတစ်ယောက်ပဲ၊ အတွင်းပစ္စည်းတွေရှိဦးမှာပေါ့။

ဦးဆုမွန်။ (စက်ရိုက်ရင်းလှမ်းပြော) အတွင်းပစ္စည်းတွေရှိတယ်လေ ဒီမှာ ဆရာရဲ့။ ခင်ဗျားတို့ရှေ့က ကီးဘုတ်နဲ့ပတ္တလား၊ ပြည်းနဲ့ပါး ဟား ဟား ဟား ...

(အားလုံးရယ်မောကြစေ။)

www.burmeseclassic.com

www.burmeseclassic.com



ဦးဆွမ္ဗန်။ (နောက်ဆုံးစာမျက်နှာကိုရိုက်ပြီးသွားသဖြင့်၊ ရိုက်ပြီးသား စာရွက်များကို လက်နှိပ်စက်မှထုတ်ယူပြီး) ကိုင်း ... သမီးရဲ့ ဘွဲ့ယူစာတမ်းကြီးပြီးသွားပြီဗျား ... ။ (ရိုက်ပြီးစာရွက်များကို ကာဗွန်စာရွက်များနှင့် ခွဲခြားရင်းဆက်ပြော) ကိုထွန်းမြင့်နိုင်ရေ ဟောဒီ သမီးရဲ့ဘွဲ့ယူစာတမ်းတောင် ကျွန်တော်ကိုယ်တိုင် လက်နှိပ်စက်ရိုက်တတ်ပေလို့။ အဖိုးစာရွက်အချောတစ်ထုပ် ကို ထောင့်ရှစ်ရာနဲ့ဝယ်၊ ရုံးဆင်းချိန်တွေမှာ ကိုယ်တိုင်ရိုက်၊ ကာဗွန်က လေးဝါးရာဖိုး၊ ကိုယ်တိုင်အပင်ပန်းခံလိုက်တော့ နှစ်ထောင်ကျော်လောက်ရှုံပြီးသွားတာ။ ရန်ကုန်မှာ ကွန်ပျူတာ စီမယ်ဆိုရင် နှစ်သောင်းလောက်ကုန်မှာဗျ။

(ထိုစဉ်မှာပင် ကျောင်းဆရာ ဦးဘုန်းတင့် မယ်ဒလင်ကိုင်လျက် လက်ယာဘက်မှ ဝင်လာစေ။)

ဦးဘုန်းတင့်။ ကျွန်တော် နောက်ကျသွားတယ်ဗျို့။ ကိုထွန်းမြင့်နိုင်တို့ ရောက် နေတာကြာပြီလား။

ထွန်းမြင့်နိုင်။ အင်း ... ဆရာမွန်က သမီးလေး စမ်းသီတာမွန် ဘွဲ့ယူစာတမ်း ကို လက်နှိပ်စက်ဒီနေ့အပြီး ရိုက်နေတာနဲ့အတော်ပါပဲ။ ကျွန်တော်တို့တစ်တွေက လက်ဖက်စားရင်း လေပန်းရင်း စောင့်နေကြတာလေ။

ဦးဆွမ္ဗန်။ ဟုတ်တယ် ဆရာဘုန်းရေ ... သမီးရဲ့ဘွဲ့ယူစာတမ်းက ဒီနေ့ အပြီးရိုက်ရမယ်လေ။ သမီးက ဒီနေ့ကားနဲ့အိမ်ပြန်လာ၊ စက်ရိုက်ထားတဲ့စာမူတွေယူပြီး နက်ဖြန်ကျောင်းကိုပြန်၊ အုပ် ချုပ်ပြီး ရှေ့အပတ်ထဲမှာ ပါမောက္ခဆီတင်ရမှာတဲ့ဗျား။

ဦးဘုန်းတင့်။ သူတို့ ယဉ်ကျေးမှုတက္ကသိုလ်က တော်တော်အဆင့်မြင့်တယ် နော်။ ဘွဲ့ယူစာတမ်းပါတင်ရတာကိုး ...။

www.burmeseclassic.com

www.burmeseclassic.com



ဦးဆုမွန်။ (စက်ရိုက်ပြီးသောစာမူများကို စာမျက်နှာအလိုက်စဉ်ထပ်ကာ ဖိုင်တွဲပုံးများတွင်ညှပ်ထည့်ရင်း) ဟုတ်တယ်ဗျ ... ဘွဲ့ယူစာတမ်းကို သမီးအတော်လေးကြိုးစားပမ်းစားရေးထားတာတွေ့ရတယ် ဆရာဘုန်းရဲ့။ ရော့ ... ခင်ဗျားတူမလက်ရာကို နည်းနည်းမြည်းကြည့်ပါဦး။ စာတမ်းမျက်နှာဖုံးကတော့ မြို့ထဲက ကျွန်တော့်မိတ်ဆွေ ကိုရိုဝင်းရဲ့ ပန်းချီလက်ရာလေ။ ခင်ဗျားက အထက်တန်းပြဆရာဆိုတော့ ဝေဖန်ပါဦး။

(ဦးဆုမွန် စားပွဲမှထပြီး စာတမ်းဖိုင်တွဲတစ်ခုကို ဦးဘုန်းတင့်သို့ လှမ်းပေးစေ)

ဦးဘုန်းတင့်။ ပေး ... ကျွန်တော် အကြမ်းဖျင်းဖတ်ကြည့်မယ်။

ဦးဆုမွန်။ သမီးစာတမ်းရိုက်ပြီးသွားလို့ ကျွန်တော်တော့ ပေါ့သွားတာပဲဗျာ။ ကဲ လန်းသွားအောင် ရေချိုးလိုက်ဦးမယ်။ ကိုထွန်းမြင့်နိုင်တို့ ကြိုးညှိကြလေဗျာ။ (ပြောရင်း လက်ဝဲဘက်အတွင်းသို့ ဝင်သွားစေ။ ဒေါ်သီသီလည်း ထလိုက်သွားစေ။)

(ဦးဘုန်းတင့် ဖျာပေါ်ထိုင်လိုက်ပြီး စာတမ်းဖိုင်တွဲကို လှန်လှောဖတ်ရှုစေ။ အိမ့်ကြာပိုင်နှင့် ခင်နီလာဝင်းတို့ ဝိုင်း၍ကြည့်နေကြစေ။ ထွန်းမြင့်နိုင်က ပတ္တလား အသံနှင့် တယောကြိုးများ ညှိနေစေ။)

(ခဏကြာ ဦးဆုမွန် ရေမိုးချိုးပြီးဟန်နှင့် ရှပ်အင်္ကျီအသစ်ကို ဝတ်ကာ ကြယ်သီးများတပ်ရင်း လက်ဝဲဘက်မှပြန်ထွက်လာစေ)

ဦးဆုမွန်။ ဘယ့်နှယ့်လဲ ဆရာဘုန်း ... သမီး စာတမ်းကောင်းရဲ့လား။

ဦးဘုန်းတင့်။ ဘွဲ့ယူစာတမ်းအမည်က "မြန်မာ့တူရိယာပိုင်းများဖွဲ့စည်းမှု" ဆိုတော့ အတော်ရှားတဲ့ခေါင်းစဉ်ပဲဆရာမွန်ရဲ့။ ဒီလိုအုပ်မျိုး လည်း မတွေ့ဖူးသေးဘူး။ ကောင်းတယ်ဗျ။ ဆက်ပြီး သုတေသန လုပ်၊ အသေးစိတ်ချဲ့ရေးရင် စာတစ်စောင်ပေတစ်ဖွဲ့ဖြစ်မှာ။

www.burmeseclassic.com

www.burmeseclassic.com



ဦးဆုပွန်။ ကျွန်တော်လည်း လက်နှိပ်စက်ရိုက်ပေးရင်း အဲဒီလိုပဲ တွေးမိတယ် ဆရာဘုန်းရဲ့။

ဦးဘုန်းတင့်။ (စာတမ်းဖိုင်တွဲကိုထောက်ပြလျက်) သူ့စာတမ်းထဲမှာ ပါသင့်ပါထိုက်တဲ့ကဏ္ဍတွေ အတော်စုံတာပဲ ဆရာမွန်ရဲ့။ မြန်မာ့အနုသုခုမပညာကောက်ကြောင်းလည်းပါတယ်။ မြန်မာ့တူရိယာအမျိုးအစားများအကြောင်းကိုလည်း တစ်မျိုးစီ တစ်မျိုးစီ ပြုစုထားပြီး အဲဒီတူရိယာပစ္စည်းတွေနဲ့ ဖွဲ့စည်းတီးမှုတ်မှုသမိုင်းပုံရိပ်ကို ခေတ်အလိုက်သုတေသနပြုထားတယ်။ အဲဒီ ပြီးတော့ ယနေ့တည်ရှိနေတဲ့ မြန်မာ့တူရိယာတီးဝိုင်းများအကြောင်း ... အင်း ... တော်တော်လေးပြည့်စုံပါတယ်ဗျာ။ ကျွန်တော်တို့ခေတ်က ရေဒီယိုတီးဝိုင်းတွေကို ဒီထက်စုံအောင်ရှာဖွေထည့်နိုင်ရင်ကောင်းမယ်။

ဦးဆုပွန်။ ဟုတ်တယ် ... ဟုတ်တယ် ... ဆရာဘုန်းက ခဏလေးနဲ့ စာတစ်အုပ်ကို သုံးသပ်နိုင်တယ်။ စာပေသမားပီသပါပေတယ်ဗျာ။

ဦးဘုန်းတင့်။ အကြမ်းဖျင်းပေါ့ ဆရာမွန်ရာ ... ။

(ဦးဆုပွန် စာတမ်းဖိုင်တွဲကို ဦးဘုန်းတင့်ထံမှပြန်ယူပြီး စားပွဲပေါ်တွင် ကော်ပီ ၃ စောင်ကို သပ်သပ်ရပ်ရပ်ထပ်၍တင်လိုက်စဉ်ပြီးနောက် ဝါးပတ္တလားတွင် ဝင်ထိုင်ကာ ...)

ဦးဆုပွန်။ ကဲ ... မဟာဂီတတစ်ပုဒ်နဲ့ စ ကြတာပေါ့ဗျာ။ ဆရာဘုန်း မယ်ဒလင်အသံ မညှိရသေးဘူးမဟုတ်လား။ (အသံပြ ပေးစေ)
(ဦးဘုန်းတင့် မိမိမယ်ဒလင်ကို ပတ္တလားသံနှင့်ညှိစေး ထွန်းမြင့်နိုင်လည်း တယောလက်သံစမ်းနေသည်။)

www.burmeseclassic.com



(ထိုစဉ်မှာပင် အပြင်ဘက်မှ စမ်းသီတာမွန်၏အသံ "ဖေဖေရေ မေမေရေ..." ခေါ်သံများထွက်ပေါ်လာပြီး ဇာတ်စင်၏လက်ယာဘက်မှ စမ်းသီတာမွန် လက်ဆွဲအိတ်ငယ်ဆွဲလျက် အပြေးကလေးဝင်လာစေ။)

(ဒေါ်သီသီ ဇာတ်စင်၏ လက်ဝဲဘက်မှထွက်လာပြီး "သမီးလေး ရောက်လာပြီပေါ့" ဟု အပြေးကလေးဆီးကြိုစေ။)

ဒေါ်သီသီ။ သမီးလေး ... ကားဆောင့်တာနဲ့ ထမင်းဆာလာရောပေါ့ ... လာ ... လာ ... (လက်ဝဲဘက်အတွင်းသို့ခေါ်သွားမည်ပြုစေ။)

ဦးဆုမွန်။ (ပတ္တလားထိုင်ခုံမှထလိုက်ပြီး) ခဏနေပါဦးကွ အမေကြီးရ။ သမီးလေးဝမ်းသာသွားရအောင် ဘွဲ့ယူစာတမ်းအချောရိုက်ထားတာကိုပြပါရစေဦးကွ။ (လက်နှိပ်စက်စားပွဲရှိရာသို့သွားပြီးနောက်) သမီးလေး ... ဒီကိုလာ။ ဟောဒီမှာ သမီးရဲ့ဘွဲ့ယူစာတမ်း "မြန်မာ့တူရိယာပိုင်းများဖွဲ့စည်းမှု" ။ ဖေဖေ ဦးဆုမွန်ကိုယ်တိုင် အပင်ပန်းခံရိုက်ထားတဲ့ စာမူချောပါဗျား ... ။

(ဦးဆုမွန်က စားပွဲပေါ်မှ စာတမ်းဖိုင်တွဲကိုယူကာ စမ်းသီတာမွန်သို့ အားပါးတရ ပေးအပ်ပြီးနောက်၊ သမီးဖြစ်သူ၏ ပျော်ရွှင်ကြည်နူးသွားမည့် မျက်နှာကိုမြင်ရတော့မည်ဟူသော မျှော်လင့်ချက်နှင့် စမ်းသီတာမွန်ကို ပြုံးပြုံးကြီး ကြည့်နေစေ။)

(စမ်းသီတာမွန် စာတမ်းဖိုင်တွဲကို လှန်ကြည့်ပြီးနောက် မျက်နှာညိုသွားပြီး ...)

စမ်းသီတာမွန်။ ဟင် ... ဖေ့ဖေ့စာတမ်းအဖုံးကလဲ အပိုင်းပေါက်တွေနဲ့ရေးထားတာကြီး။ လှလဲမလှဘူး။ (အတွင်းစာသားများဆက်ဖွင့်ကြည့်ပြီး ဖေဖေ့လက်နှိပ်စက်စာလုံးတွေကလဲ မလှဘူး။ ဒီစာလုံးပုံစံတွေက ခေတ်အောက်နေပြီဖေဖေရဲ့။ ကျောင်းက သူငယ်ချင်း

www.burmeseclassic.com



တွေအားလုံး ကွန်ပျူတာစာစီတွေနဲ့ချည်းပဲ ... ။ (စာတမ်းဖိုင်တွဲကို ပြန်ပိတ်လိုက်ပြီး) သမီးတစ်ယောက်တည်း လက်နှိပ်စက်နဲ့ ရိုက်ထားတာကြီးဆိုတော့ ... (စာတမ်းဖိုင်တွဲကို စားပွဲပေါ်သို့ ဆောင့်ဆောင့်အောင့်အောင့် ပြန်ချထားလိုက်က၊ မျက်နှာ မသာမယာနှင့် လက်ဝဲဘက်အတွင်းသို့ဝင်သွားစေ။ ဒေါ်သီသီ နောက်မှလိုက်သွားစေ။)

(ဦးဆုမွန် ဘာလုပ်ရမှန်းမသိဖြစ်နေပြီးမှ၊ အတွင်းဘက်သို့ လှမ်းအော်ပြောလိုက်စေ။)

ဦးဆုမွန်။ ကဲ ... အမေကြီးရေ ... အဖေကြီးလက်နှစ်ဘက်ကစီးဆင်းခဲ့တဲ့ စာလုံးကလေးတွေ၊ နှစ်ထောင်တန်တဲ့ စာရွက်ချောလေးတွေ တော့ အနိစ္စသဘောနဲ့ ကိစ္စချောပြီး၊ စာချောဘဝကနေ လျှော့ကျ စာကြမ်းဘဝ ရောက်သွားပြီဟေ့။ နှစ်သောင်းတန် ကွန်ပျူတာစာစီဖို့ မင်းနားနှစ်ဘက်က နားကပ်တွေသာ ချွတ်လိုက်ပေတော့များ ... ။

(ထို့နောက် ဂီတအဖွဲ့သားများသို့ လှမ်းပြောစေ။)

ကဲ ... ဂီတရောင်းရင်းတို့ကလည်း အနိစ္စမမြဲခြင်းသဘောတရားကို တေးဘုမ္မာ တေးသွားနဲ့သာ သရုပ်ဖော်လိုက်ကြပါတော့များ ... ။

(ရှေ့ဖုံးကားပိတ်)

www.burmeseclassic.com

www.burmeseclassic.com

# အဖေ့ အစုတ်ပလုတ်တွေ

(တစ်ခန်းရပ်ပြဇာတ်)

## ပါဝင်သူများ

| | |
|---|---|
| ၁။ ဦးစံလှိုင် | - ကြီးကြပ်ရေးမှူးအဆင့် ဝန်ထမ်း |
| ၂။ ဒေါ်အေးကြိုင် | - ဦးစံလှိုင်၏ဇနီး |
| ၃။ သင်းပျံ့လှိုင် | - ဦးစံလှိုင်၊ ဒေါ်အေးကြိုင်တို့၏ သမီး |
| ၄။ အောင်မင်းလွင် | - သင်းပျံ့လှိုင်၏သူငယ်ချင်းဇနီးမောင်နှံ |
| ၅။ ဝတ်မှုံစိ | (အသစ်စက်စက်ဇနီးမောင်နှံ) |
| ၆။ သရဖီ | - သင်းပျံ့လှိုင်၏သူငယ်ချင်း |
| ၇။ စကားဝါ | - သင်းပျံ့လှိုင်၏သူငယ်ချင်း |
| ၈။ စပယ်ဖြူ | - သင်းပျံ့လှိုင်၏သူငယ်ချင်း |

## အပြင်အဆင်

ပျဉ်ထောင်အိမ်တစ်လုံး၏အတွင်းပိုင်း ရေးချက်နောက်ခံကားရှိရမည်။ နောက်ခံကားကို ရေးဆွဲရမည့်ပုံစံမှာ ခေါင်းရင်းဘက် (ဇာတ်စင်၏လက်ယာဘက်) သည် အိပ်ခန်းကို နောက်ကြောပြုသော ဧည့်ခန်းဖြစ်ပြီး ခြေရင်းဘက် (ဇာတ်စင်၏ လက်ဝဲဘက်) သည် မီးဖိုဆောင်ကို နောက်ကြောပြုသော ထမင်းစားခန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ထမင်းစားခန်းသည် ဧည့်ခန်းထက် နောက်ရောက်လေဟန် ပန်းချီပညာဖြင့် နောက်ခံကားကို ရေးဆွဲရမည်ဖြစ်ပြီး အလယ်လောက်တွင် ထမင်းစားခန်းမှ အတွင်းဘက် (မီးဖိုဆောင်) သို့ အမှန်တကယ်ဝင်ထွက်နိုင်သည့် ခြေကျော်ပေါက်ကြီးတစ်ခုဖောက်ထားရမည်။ ၎င်းခြေကျော်ပေါက်တွင် ခန်းဆီးပေါင်းတစ်ခုတပ်ထားရမည်။

ဧည့်ခန်းဘက်တွင် Show case တစ်ခုနှင့် စာအုပ်စင်တစ်ခုရှိရမည်။ ဓါးပတ္တလားတစ်လက်ကိုလည်း နံရံတွင်ကပ်၍ ခုံငယ်ပေါ်တင်ထားရမည်။ ဆက်တီတစ်စုံခင်းကျင်းထားရမည်။ ဆက်တီကုလားထိုင်များတွင် ခပ်နွမ်းနွမ်းအစွပ်များစွပ်ထားရမည်။

ထမင်းစားခန်းဘက်တွင် မတ်တတ်စားပွဲဝိုင်းတစ်ခုကို ဝိုင်းပတ်လျက် ထိုင်ခုံများချထားရမည်။

Show case နှင့် စာအုပ်စင်အကြားတွင် ထင်းရှူးသေတ္တာ (အဖုံးမပါ။ ပက်လက်) တစ်လုံးနှင့် ၎င်းအထဲတွင် မုန့်ပုံးဟောင်း ၃ လုံးထောင်လျက်သား ရှိရမည်။

(ရှေ့ဖုံးကားဖွင့်)

(ထမင်းစားခန်းရှိ မတ်တတ်စားပွဲဝိုင်းတွင် သင်းပျုံ့လှိုင်သည် သစ်လွင်သော စားပွဲခင်းတစ်ခုကိုခင်းနေစေ။ ထိုစဉ်တွင် မီးဖိုဆောင်အတွင်းမှ ဒေါ်အေးကြိုင်၏ အသံ ထွက်ပေါ်လာစေ။)

ဒေါ်အေးကြိုင်။ (အတွင်းမှအသံ) သမီး ... သင်းပျုံ့လှိုင်ရေ ... စားပွဲခင်းပြီးရင် ဒီမှာ ပန်းကန်တွေလာသယ်တော့။

သင်းပျုံ့လှိုင်။ (စားပွဲခင်းကို စန့်စန့်ရန့်ရန့်ဖြစ်အောင် ပြုပြီးနောက်) လာပြီ မေမေ ... ။

www.burmeseclassic.com

www.burmeseclassic.com



(သင်းပျံ့လှိုင် ခြေကျော့ပေါက်မှနေ၍ အတွင်းဘက်သို့ဝင်သွားပြီး ဟင်းထည့် ပန်းကန်များနှင့် ဇွန်းများကို လင်ပန်းဖြင့် သယ်ထုတ်လာစေ။ ၎င်းနောက်မှ ဒေါ်အေးကြိုင် ထမင်းထည့် ပန်းကန်ပြားများကို အထပ်လိုက်ကိုင်လျက် ထွက်လာစေ)

(ပန်းကန်များ၊ ဇွန်းများကို စားပွဲပေါ်တင်ပြီးနောက်၊ သားအမိ နှစ်ယောက် ထိုင်ခုံများ၌ထိုင်လျက် ပန်းကန်များကို အဝတ်နှင့် သုတ်ရင်း စကားပြောကြစေ)

ဒေါ်အေးကြိုင်။ ထမင်းတွေ ဟင်းတွေတော့ အားလုံးချက်ပြီးသွားပြီ။ သမီး သူငယ်ချင်းတွေက ဘယ်အချိန်လာမှာလဲ သမီးရဲ့။

သင်းပျံ့လှိုင်။ သူတို့ ၉ နာရီလောက် ရောက်လာကြလိမ့်မယ် မေမေ။

ဒေါ်အေးကြိုင်။ အားလုံး ၅ ယောက်၊ ဟုတ်လား။

သင်းပျံ့လှိုင်။ ဟုတ်တယ်မေမေ။ သူငယ်ချင်းဇနီးမောင်နှံအသစ်စက်စက်နဲ့ သူငယ်ချင်းစာရေးမ ၃ ယောက်လေ။ ၁၀ တန်းအထိတွဲလာ ကြတဲ့သူတွေပေါ့။

ဒေါ်အေးကြိုင်။ ဟို ... စုံတွဲဆိုတာက ...

သင်းပျံ့လှိုင်။ သမီးနဲ့အတူ ယဉ်ကျေးမှုတက္ကသိုလ်တက်တဲ့ ဝတ်မှုံစီကို မေမေ မှတ်မိမလား။ တက္ကသိုလ်မှာတုန်းက သမီးတို့အိမ်ကို သူပါလာ ဘူးတယ်လေ။

ဒေါ်အေးကြိုင်။ ဩော် ... ဝတ်မှုံစီလား။ မှတ်မိတာပေါ့သမီးရဲ့၊ သူက အိမ်ထောင် ကျပြီကိုး။

သင်းပျံ့လှိုင်။ သူ့အမျိုးသားက ပဲခူးကလေ။ ကိုအောင်မင်းလွင်တဲ့။ ယဉ်ကျေးမှု တက္ကသိုလ်မှာ သူက သမီးတို့ထက် နှစ်နှစ်စောတယ်။ သမီးတို့ ပထမနှစ်မှာပဲ ဝတ်မှုံစီနဲ့ ကိုအောင်မင်းလွင်တို့ ချစ်ရည်းစား ဖြစ်သွားကြတာ။ ကိုအောင်မင်းလွင်ကဘွဲ့ရတော့ ယဉ်ကျေးမှု

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်မှာပဲ ကျူတာဝင်လုပ်တယ်လေ။ ဝတ်မှုံစိုက အခု ကျောင်းပြီးတော့ သူတို့လက်ထပ်လိုက်ကြတာလေ ... မေမေရဲ့

ဒေါ်အေးကြိုင်။ ဩော် ... ဟုတ်လား ... ဝတ်မှုံစိုကရော အလုပ်မလုပ်ဘူးလား။

သင်းပျံ့လှိုင်။ သူ့ယောက်ျားနဲ့အတူ ရန်ကုန်လိုက်နေမှာလေ။ အလုပ်တော့ မလျှောက်သေးဘူး။ အခု သူ့ယောက်ျားက ရန်ကုန်မှာ အိမ်ခန်း ရလို့ ဝတ်မှုံစိုကို လာခေါ်တာ။ အဲဒါ ... သမီးက ကြုံလို့ သူတို့ လင်မယားအသစ်စက်စက်ကိုပါ ထမင်းစားဖိတ်လိုက်တာ။

ဒေါ်အေးကြိုင်။ သမီးရဲ့ ပထမဆုံးရတဲ့လစာလဲ ကုန်ရောဆိုပါတော့ ...။

သင်းပျံ့လှိုင်။ အို ... မေမေကလဲ သမီးအလုပ်မလုပ်လည်း ဖေဖေ့ ကြီးကြပ် ရေးမှူးလစာနဲ့ စားနိုင်တာပဲဥစ္စာ။ အခု ... ကိုယ့် ပုသိမ်မြို့မှာကိုယ် ပညာရေးကောလိပ်မှာ ဂီတနည်းပြရလို့ သမီးဝင်လုပ်တာပဲဟာ။ ပထမဆုံးရတဲ့လစာမို့ လို့ ဖေဖေနဲ့ မေမေတို့ကိုလည်း ဦးချမ်း ပုဆိုးနဲ့ ပါတိတ်ထဘီ သမီး ကန်တော့ပြီးပြီလေ။

ဒေါ်အေးကြိုင်။ ဟုတ်ပါသတဲ့ရှင်။ မေမေတို့ကလည်း ဒီသမီးလေးတစ်ယောက် ထဲရှိတာ။ အလုပ်မလုပ်လည်းရပါတယ်။ ဒါပေမဲ့ သမီး ရ ထား တဲ့ဘွဲ့ပညာကို အသုံးချစေချင်လို့သာ ဂီတနည်းပြအလုပ်ကို သဘောတူလိုက်တာလေ။ ဟို ... စာရေးမတွေဆိုတာက ဘယ်သူတွေလဲ သမီးရဲ့။

သင်းပျံ့လှိုင်။ တစ်ယောက်က 'သရဖီ' တဲ့။ သူက အီကိုနဲ့ဘွဲ့ရပြီး ဘဏ်မှာ အလုပ်ရတယ်။ တစ်ယောက်က 'စကားဝါ' တဲ့။ ဥပဒေရုံးမှာ စာရေး။ တစ်ယောက်ကတော့ 'စပယ်ဖြူ' တဲ့။ မြို့နယ်/ဆေး ရုံးမှာ စာရေး။ စကားဝါနဲ့ စပယ်ဖြူက အဝေးသင်နဲ့ ဘွဲ့ရ ထားကြတာ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးကြိုင်။ ဪ ... ဪ ... ။ ကဲ ... သမီး ၊ ထမင်းပွဲအုပ်ဆောင်းနဲ့ ပန်းကန်တွေ အုပ်ထားလိုက်တော့။ (ဟိုဟိုသည်သည်ကြည့်ပြီး) ဟင် ဟိုမှာ ချိတ်ထားတဲ့ ပလတ်စတစ်အုပ်ဆောင်း ဘယ်ရောက် သွားလဲ။

သင်းပျုံ့လှိုင်။ သမီး ဆပ်ပြာနဲ့တိုက်ဆေးပြီးလှမ်းထားတယ်မေမေ။ ခုလောက် ဆိုရင် ရေခြောက်လောက်ပါပြီ။ သမီးသွားယူလိုက်ဦးမယ်။ (ခြေကျော်ပေါက်မှအတွင်းသို့ဝင်သွားပြီးနောက်၊ ပလတ်စတစ် အုပ်ဆောင်းကို ပြန်ယူထွက်လာစေ။)

သင်းပျုံ့လှိုင်။ (ထမင်းဟင်းပန်းကန်များကို အုပ်ဆောင်းနှင့် အုပ်ရင်း) မေမေရေ သူငယ်ချင်းတွေလာရင် အိမ်ကို သန့်သန့်ရှင်းရှင်း သစ်သစ် လွင်လွင်မြင်စေချင်တယ်။ ဒါကြောင့် တံခါးပေါက် ခန်းဆီးတွေရော၊ ဆက်တီကုလားထိုင် အစွပ်တွေရော အသစ်လဲချင်တယ်။

ဒေါ်အေးကြိုင်။ လဲလေ သမီး၊ လဲပါ။ ရှူးကေ့စ်အောက်ထပ်မှာ ကုလားထိုင် အစွပ်တွေရော၊ ခန်းဆီးတွေရော မီးပူတိုက်ထားတာတွေ ရှိတယ်။ သွားယူလိုက်။

(သင်းပျုံ့လှိုင် ညည့်ခန်းဘက်သို့သွားပြီး ရှူးကေ့စ်ထဲမှ မီးပူတိုက် ထားသော ပိတ်စများ အခေါက်လိုက်ထုတ်ယူစေ။ ထုတ်ယူရင်း ရှူးကေ့စ်နှင့် စာအုပ်စင်အကြားရှိ ထင်းရှူးသေတ္တာနှင့် မှန့်ပုံး ပေါင်းများကို လှမ်းကြည့်မိစေ။)

သင်းပျုံ့လှိုင်။ (ရှူးကေ့စ် မှန်တံခါးကိုပြန်ပိတ်ရင်း ဒေါ်အေးကြိုင်သို့လှမ်းပြော) မေမေရေ ... ဒီထင်းရှူးသေတ္တာထဲက မုန့်ပုံးပေါင်းတွေနဲ့ ဖေဖေ ဘာတွေထည့်ထားမှန်းလဲမသိဘူး။ မုန့်ပုံးပေါင်းတွေထဲ

www.burmeseclassic.com



ထပ်မံငုံ့ကြည့်ပြီး) ဟင်း … သံတိုသံစတွေ၊ သံချေးတွေနဲ့၊ ဟိုပုံးထဲမှာလဲ ပိုင်ယာကြိုးအပြတ်တွေ၊ မီးပလပ်ခေါင်းအပျက်တွေ၊ အို … စုံနေတာပဲ၊ အစုတ်ပလုတ်တွေ။ (မုန့်ပုံးဟောင်းများကို မ ကြည့်လိုက်ပြီး) ထင်းရှူးသေတ္တာအောက်ထဲမှာလဲ စက္ကူစုတ်တွေ ဗိုင်ပုံးအပျက်တွေပါလား … ။ အို ဒီမှာလဲ ဖိတ်စာအဟောင်းတွေ … ။ ဖေဖေကလဲ ဒီအစုတ်ပလုတ်တွေ ဘာဖြစ်လို့ သိမ်းထားရတာလဲမသိဘူး။ လွှင့်ပစ်လိုက်ပြီးရော။

ဒေါ်အေးကြိုင်။ (ညှော်ခန်းဘက်သို့ရောက်လာပြီး) ဟဲ့ … သမီး၊ မလုပ်နဲ့၊ အဲဒါ ညည်းအဖေစုထားတဲ့ တိုလီမိုလီတွေ …။

သင်းပျံ့လှိုင်။ ဟာ … အဖေ့အစုတ်ပလုတ်တွေက အိမ်ရဲ့အလှအပကို ဖျက်တယ် မေမေရဲ့။ ကြည့်မကောင်းပါဘူး။ သမီးသူငယ်ချင်းတွေက ကဲ့ရဲ့ ကြတော့မှာပဲ။ သမီးအိမ်နောက်ဘက် သွားလွှင့်ပစ်လိုက်ရမလား … ။

ဒေါ်အေးကြိုင်။ ကဲကဲ … ညှော်သည်တွေမမြင်တဲ့နေရာမှာ မေမေသွားထားလိုက်ပါ့မယ်ကွယ်။ သမီးသာ ကုလားထိုင်စွပ်တွေ၊ ခန်းဆီးတွေ လဲထားလိုက်နော်။

(ဒေါ်အေးကြိုင် ပြောပြောဆိုဆို ထင်းရှူးသေတ္တာနှင့် မုန့်ပုံးဟောင်းများကိုသယ်ပြီး နောက်ဘက်ခန်းသို့ ဝင်သွားစေ။ သင်းပျံ့လှိုင်လည်း ခြေကျော်ပေါက်တွင် တပ်ထားသော ခန်းဆီးအဟောင်းကိုဖြုတ်ပြီး အသစ်တပ်စေ။ ထို့နောက် ဆက်တီသို့ ပြန်လာပြီး ထိုင်ခုံအစွပ်ဟောင်းများကိုဖယ်ပြီး အသစ်များစွပ်နေစေ)

(ဒေါ်အေးကြိုင် ခြေကျော်ပေါက်မှပြန်ထွက်လာပြီး ဆက်တီတွင်ထိုင်ကာ စားပွဲခင်းကိုအသစ်လဲရင်း …)

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးကြိုင်။ ကိုစံ တစ်ယောက်လည်း ဒီနေ့ရုံးပိတ်ရက်ဆိုပြီး လက်ဖက်ရည်ဆိုင်မှာအဖွဲ့တွေနဲ့ လေကျနေပြီထင်တယ်။ ခုထိ ပြန်မလာသေးဘူး။ သမီးသူငယ်ချင်းတွေလာမှာ သမီးအဖေကို ပြောထားရဲ့လား ... ။

သင်းပျံ့လှိုင်။ ပြောထားပါတယ်မေမေရဲ့။ သူငယ်ချင်းတွေလာရင် ပတ္တလားနဲ့ တီးကြဆိုကြဖို့တောင် ဖေဖေကပြောသေးတယ်။ အဲဒီ သမီးက ကိုအောင်မင်းလွင်ကို ပတ္တလားတီးခိုင်းပြီး ဝတ်မှုံစိကို ဆိုခိုင်းမယ်လို့ စဉ်းစားထားတယ်လေ။

(ထိုစဉ် ... ဇာတ်စင်၏လက်ဝဲဘက်မှ ဦးစံလှိုင်၏အသံထွက်ပေါ်လာပြီး ပြောပြောဆိုဆို လူပါထွက်လာစေ။)

ဦးစံလှိုင်။ သူများတွေကိုချည်းဆိုမခိုင်းနဲ့လေ။ သမီးကလည်း ဆိုဦးတီးဦးမှပေါ့။ (ဆက်တီတွင်ဝင်ထိုင်ပြီး) သမီးက အခု ... ဂီတနည်းပြဖြစ်နေပြီလေ။ ဂီတပညာကို ပိုပြီးလေ့ကျင့်ပေးရမယ် ဆရာမကြီးရဲ့ ... ။

သင်းပျံ့လှိုင်။ သမီးလည်း ဆိုမှာပေါ့ဖေဖေရဲ့။

ဒေါ်အေးကြိုင်။ အဖေကြီးကလည်း လက်ဖက်ရည်ဆိုင်သွားတာကြာလိုက်တာ။ သမီးသူငယ်ချင်းတွေက တော်ကြာရောက်လာကြတော့မှာရှင့်။

ဦးစံလှိုင်။ အို ... မင်းတို့သားအမိချက်ပြုတ်ပြီးရင် ပြီးတာပဲလေ။ အခု အားလုံးချက်ပြီးပြီမဟုတ်လား ဒေါ်အေးကြိုင်ရဲ့။

(ထိုစဉ် ... အိမ်အပြင်ဘက်ဆီမှ စက်ဘီးဘဲလ်သံ ထွက်ပေါ်လာစေ။)

သင်းပျံ့လှိုင်။ ဟော ... လာကြပြီထင်တယ်။ (ထပြီး ဇာတ်စင်၏လက်ဝဲဘက်သို့ သွားကြည့်စေ။) ဟယ် ... ဝတ်မှုံစိတို့က အလျင်ရောက်လာပါလား... ။ လာကြ ... လာကြ။

(အောင်မင်းလွင်နှင့် ဝတ်မှုံစိဝင်လာပြီး ဆက်တီတွင်ထိုင်ကြစေ)

www.burmeseclassic.com

www.burmeseclassic.com



သင်းပျံ့လှိုင်။ (ဦးစံလှိုင်နှင့် ဒေါ်အေးကြိုင်သို့) ဖေနဲ့မေ ... ဒါ ... ကိုအောင်မင်းလွင်နဲ့ ဝတ်မှုံစီလေ။ ကိုအောင်မင်းလွင်က ပဲခူးသား။ ဝတ်မှုံစီက သမီးနဲ့ ယဉ်ကျေးမှုတက္ကသိုလ်မှာ အတူတူပဲလေ။

ဝတ်မှုံစီ။ သမီး ... ဒီကို သင်းပျံ့လှိုင်နဲ့အတူ ရောက်ဖူးပါတယ်။

သင်းပျံ့လှိုင်။ ကိုအောင်မင်းလွင်က ကျောင်းမှာ ကျူတာဝင်လုပ်နေတာလေ။ အခု ... သူတို့လက်ထပ်ပြီးလို့ ဝတ်မှုံက ရန်ကုန်ကို လိုက်နေမှာ ဖေဖေရဲ့။

ဦးစံလှိုင်။ ကောင်းပါတယ်ကွာ။ လင်နဲ့မယားဆိုတာ ခွဲမနေရဘူး။ တဲကလေးမှာပဲနေရနေရ မိသားစု တစုတစည်းတည်းနေရ တယ်ကွဲ့။

အောင်မင်းလွင်။ ဟုတ်ပါတယ်ဦး။ ဒါကြောင့်လည်း တက္ကသိုလ်ဝင်းထဲမှာ နေစရာ ရရချင်း ဝတ်မှုံကို လာခေါ်တာပါပဲ။ နက်ဖြန် ရန်ကုန်ကိုပြန်မှာပါ။

ဝတ်မှုံစီ။ ဒါကြောင့်မို့လို့ အခု သင်းပျံ့လှိုင်ကျွေးတဲ့ထမင်းစားပြီးရင် ကိုလွင်ရောက်ဖူးအောင်လို့ လေးကျွန်းမာန်အောင်ဘုရားကို သွားဖူးကြမလို့။ သင်းပျံ့လှိုင်တို့ စကားဝါတို့ စပယ်ဖြူတို့ သရဗီ တို့လည်း လိုက်ကြမယ်လေ။

ဒေါ်အေးကြိုင်။ ဟဲ့ ... သမီး။ ဟို ကလေးမသုံးယောက်လည်း မလာသေး ပါလား။

သင်းပျံ့လှိုင်။ ဟုတ်ပါရဲ့ ... ဒီဟာမတွေ ဘယ်ဝင်နေကြလည်းမသိဘူး။

ဦးစံလှိုင်။ ကဲ ... သူတို့မရောက်သေးခင်၊ သမီးတို့ ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းဆင်းတွေက ပတ္တလားလေးဘာလေး တီးကြဆိုကြ မှပေါ့။ မဟုတ်ဘူးလား။

သင်းပျံ့လှိုင်။ ဟုတ်တယ် ... ဟုတ်တယ် ... ကိုအောင်မင်းလွင်က ပတ္တလားတီး ဝတ်မှုံစီက ဆို ... (ထိုင်ခုံငယ်တစ်ခုယူပြီး ဝါးပတ္တလားရှေ့တွင် ချပေးစေ။ ပတ္တလားအိမ်ထဲမှ စည်းနှင့်ဝါးကိုယူပြီး ဝတ်မှုံစီသို့ ပေးစေ။)

www.burmeseclassic.com

www.burmeseclassic.com



(အောင်မင်းလွင် ပြုံးပြုံးရွှင်ရွှင်နှင့်ပင် ထပြီး၊ ဝါးပတ္တလားတွင် နေရာယူစေ။ ပတ္တလားအိမ်ထဲသို့လက်နှိုက်ပြီး လက်ခတ်များကိုထုတ်ယူစေ။ ထို့နောက် ပတ္တလားရွက်ကို အောက်နှင့်မထိမခိုက်၊ အလောတော်ရှိအောင် ပန်းပြားများတွင် ကြိုးကိုအတင်အချပြုကြည့်ရင်း တစ်စုံတစ်ရာကို သတိပြုမိပြီး အံ့ဩဟန်ဖြစ် သွားစေ။)

အောင်မင်းလွင်။ ဟာ ... ပတ္တလားအရွက်သိကြိုးမှာ အတိုးအလျှော့လုပ်ဖို့အတွက် ဦးတီထွင်ထားတာ တယ်ဟုတ်ပါလား ... ။

ဦးစံလှိုင်။ ဩော် ... ဝါးရှာလေး သုံးလေးခုကို သိကြိုးရဲ့တစ်ဘက်အစမှာစီပြီး ချည်ထားတာလား။ အင်း ... ဟိုတစ်ဘက်အစမှာရော သံကောက် ကလေးချည်ထားတာတွေ့ရဲ့လားကွဲ့ ... ။

အောင်မင်းလွင်။ တွေ့တယ်ဦး ... တွေ့တယ်။ အင်း ... ပတ္တလားရွက်ကို အောက်နှိမ့်ချင်ရင် သံကောက်ကလေးကို ဟောဒီဝါးရှာကွင်းလေးမှာချိတ်။ အပေါ်မြှင့်ချင်ရင် သံကောက်သလေးကို ဟောဒီဝါးရှာကွင်းမှာ ပြောင်းချိတ်၊ (လက်တွေ့လုပ်ကြည့်ရင်း) ဒီလိုမဟုတ်လားဦး ...။

ဦးစံလှိုင်။ (အောင်မင်းလွင် လုပ်ကြည့်နေသည်ကို လှမ်းကြည့်ရင်း) ဟုတ်တယ် ... ဟုတ်တယ် ... မောင်အောင်မင်းလွင်။

အောင်မင်းလွင်။ (ပတ္တလားအရွက်ကို လက်ခတ်များဖြင့်စမ်း၍ တို့ထိရင်းပြော) ကျွန်တော်တို့ ဆို၊ က၊ ရေး၊ တီး ပတ္တလားတီးပြိုင်ပွဲတွေမှာ အချိန်ပုပ်တဲ့ကိစ္စတစ်ခုရှိတယ်ဦးရဲ့။ ဘာလဲဆိုတော့ ပြိုင်ပွဲစင်မြင့်မှာ ပတ္တလားအသင့်စီစဉ်ထားပေးမယ်လို့ ပြိုင်ပွဲဝင်တွေအနေနဲ့ ကိုယ့်အရွက်နဲ့ကိုယ်တီးကြတာမို့ ပတ္တလားအရွက်ပြောင်းချိတ်တဲ့အခါ လက်ဖျားဘက်က ပန်းပြားမှာ သိကြိုးကိုအသေချိတ်ပြီး၊ ဒုံးဘက်က ပန်းပြားမှာကျတော့ သိကြိုးငှနှစ်ခုကို ဟိုဘက်

www.burmeseclassic.com



ပွတ်လုံးမှာ တစ်စချည်၊ ဒီဘက်ပွတ်လုံးမှာ တစ်စချည်တယ်လေ။ အဲဒါ ပတ္တလားအရှက်ကို အောက်ကအိမ်နဲ့ မထိမခိုက် အလေးတော်ဖြစ်ရလေအောင်၊ ကြိုးစတွေကိုချည်ကြည့်လိုက်၊ ပြန်ဖြည်လိုက်နဲ့ အချိန်တွေအရမ်းပုပ်တာပဲ။ နိုင်ငံခြားသားတွေ မြင်ရင်လည်း မင်းတို့တူရိယာပစ္စည်းက စနစ်တကျမရှိပါလားလို့ တောင် ဝေဖန်နိုင်တယ်။

အဲ ... အခု ဦးတီထွင်ထားသလို လုပ်လိုက်ရင် အချိန်လုံးဝ မပုပ်တော့ဘူး။ ကြိုးစတစ်ဘက်မှာရှိတဲ့ ဝါရှာကွင်းကလေးမှာ အခြားကြိုးစတစ်ဘက်မှာရှိတဲ့ သံကောက်ကလေးနဲ့ တိုးချိတ်ကြည့်၊ လျှော့ချိတ်ကြည့်။ ခဏလေးနဲ့ ကိုယ်လိုချင်တဲ့အနေအထား ရောက်သွားမယ်။ သိပ်ကောင်းတဲ့စနစ်ကလေးတစ်ခုပဲ။ ကျွန်တော်တို့ကျောင်းမှာ ဒီစနစ်ကို ကျွန်တော်ဖြန့်ဖြူးရမယ် ဦးရေ။

ဦးစံလှိုင်။ ဦးက ပတ္တလားဝါသနာပါတော့ အမျိုးမျိုးစဉ်းစားရင်းနဲ့ ဦးရဲ့ တိုလီမိုလီပုံးထဲက ဝါရှာကွင်းကလေးတွေ တွေ့မိရာက ဒီလို လုပ်ဖို့အတွေးပေါ်သွားတာကွဲ့။ ကဲ ... ကဲ ... မောင်အောင်မင်းလွင် တို့စုံတွဲ၊ ခပ်တိုတို ယိုးဒယားလေးတစ်ပုဒ်လောက် အစပျိုး ကြကွာ။

သင်းပျံ့လှိုင်။ ဝတ်မှုံစီက 'တောဟောဝန်လယ်' အဆိုကောင်းတယ်။ အဲဒီ သီချင်း မကောင်းဘူးလား။

(ဝတ်မှုံစီ ပတ္တလားအနီးသို့ သွားရောက်စေ။)

(အောင်မင်းလွင်က 'တောဟောဝန်လယ်' ယိုးဒယားသီချင်းကို စတင် တီးခတ်စေ။ ဝတ်မှုံစီက စည်းဝါးတီးပြီး သီဆိုစေ။ ကြည်နူးဖွယ်ရာ တေးသံသာ ထွက်ပေါ်လာစေ။)

www.burmeseclassic.com

www.burmeseclassic.com


(သီချင်းပြီးခါနီးတွင် အိမ်အပြင်ဘက်မှ "သင်းပျံ့ရေ ... သင်းပျံ့ရေ ..." ဟု အလောတကြီးခေါ်သံများကြားရသဖြင့် သီချင်းတီး/ဆိုနေခြင်းကို ရပ်လိုက်ကြစေ။ သင်းပျံ့လှိုင်နှင့် ဒေါ်အေးကြိုင် ဇာတ်စင်၏လက်ဝဲဘက်သို့ အပြေးသွားပြီး လှမ်းမျှော်ကြည့်ကြစေ။)

သင်းပျံ့လှိုင်။ ဟယ် ... သရဖီ ... ဘာဖြစ်လို့လဲ ... ။

(သရဖီကို စကားဝါနှင့် စပယ်ဖြူတို့က တွဲပြီးဝင်လာသဖြင့် သင်းပျံ့လှိုင်လည်း ဝင်တွဲ၍ ဆက်တီသို့ ခေါ်လာစေ။ သရဖီက မျက်စိကို လက်ကိုင်ပဝါနှင့်အုပ်လျက် လိုက်ပါလာစေ။)

ဦးစံလှိုင်
အောင်မင်းလွင်
ဝတ်မှုံစီ
‖ ဘာဖြစ်တာလဲ ဟင် ... ။
(ဆက်တီတွင်ထိုင်သူထိုင်၊ ရပ်သူရပ်နှင့် စိုးရိမ်ပူပန်နေကြစေ)

စပယ်ဖြူ။ သရဖီ့မျက်စိထဲ အမှိုက်တွေ၊ အမှုန်တွေဝင်သွားလို့ ... ။

ဦးစံလှိုင်။ အဲဆို ... သမီး ရေခွက်ကြီးနဲ့ ရေမြန်မြန်ခပ်ခဲ့။

(သင်းပျံ့လှိုင် နောက်ဘက်ခန်းသို့ အမြန်ဝင်သွားပြီး ရေဖလားကြီးဖြင့် ရေများယူထွက်လာစေ။)

အောင်မင်းလွင်။ ပေးပေး ... ကိုယ်လုပ်ပေးမယ်။ (ရေခွက်ကိုယူကာ သရဖီ၏ မျက်နှာတွင်အပ်ပေးပြီး) ရေထဲမှာ မျက်စိကို ဖွင့်ချည်ပိတ်ချည် များများလုပ်ပေးနော် ... ။

(သရဖီက မျက်စိကို ရေထဲမှာ ဖွင့်ချည်ပိတ်ချည်လုပ်စေ။ အတော်လေး ကြာကြာလုပ်ပြီးနောက်၊ မျက်နှာမော့နိုင်လာပြီး မျက်စိလည်း ဖွင့်နိုင်လာစေ။ သင်းပျံ့လှိုင် မျက်နှာသုတ် တဘက်ကြီးတစ်ထည် သွားယူလာပြီး၊ သရဖီ့မျက်နှာကို ရေများသုတ်ပေးစေ။)

www.burmeseclassic.com

www.burmeseclassic.com



ဦးစံလှိုင်။ ဘယ့်နှယ်နေလဲကွဲ့။

ကျန်လူများ။ ဘယ့်နှယ့်နေလဲ သရဖီ။

သရဖီ။ (မျက်စိ ပုတ်ခတ်ပုတ်ခတ်လုပ်ကြည့်ပြီး) အင်း ကောင်းသွားပါပြီ။ (ပုတ်ခတ်ပုတ်ခတ် ထပ်မံလုပ်ကြည့်ပြီး) ဒါပေမဲ့ ညာဘက်မျက်စိထဲမှာ ခုလုခုလုဖြစ်နေသေးတယ်။

ဦးစံလှိုင်။ ဘယ်လိုဖြစ်ခဲ့ကြတာလဲကွဲ့။

စကားဝါ။ သရဖီက သမီးကို နောက်မှာတင်ပြီး စက်ဘီးနင်းလာတာ။ စပယ်ဖြူက စက်ဘီးတစ်စီးနဲ့။ အဲဒါ ... ဟောဒီလမ်းထဲချိုးအဝင်မှာ သမီးတို့ရှေ့ကနေဝင်သွားတဲ့ ကားပက်လက်ကြီးထဲကနေ အမှုန်အမှိုက်တွေလျှောကျလာပြီး သရဖီ့မျက်စိထဲဝင်ကုန်တာ။ သရဖီလည်း ရုတ်တရက် စက်ဘီးလက်ကိုင်ကိုမထိန်းနိုင်ဘဲ စပယ်ဖြူ့စက်ဘီးနဲ့ချိတ်မိပြီး နှစ်စီးစလုံးလဲတော့တာပေါ့။

စပယ်ဖြူ။ သမီးစက်ဘီးရှေ့ခြင်းလည်း ပြုတ်ထွက်သွားတယ်။ သရဖီက မျက်စိဖွင့်မရတော့၊ သူ့ကို စကားဝါကတွဲခေါ်ပြီး သမီးက စက်ဘီးနှစ်စင်းကို ဖြည်းဖြည်းချင်းတွန်းလာရတာလေ။ တော်သေးတာပေါ့ အိမ်နီးပေလို့။

ဦးစံလှိုင်။ အဲဒီကားပက်လက်ထဲမှာ ဘာတွေလှမ်းတွေ့ရသလဲ။ အမှိုက်ကားလား။

စကားဝါ။ အမှိုက်ကားတော့မဟုတ်ဘူး။ ပိုက်လုံးတွေနဲ့ အင်ဂျင်စက်ဟောင်းတွေလည်း တွေ့ရတယ် ဦး။

ဦးစံလှိုင်။ (တစ်စုံတစ်ခုကိုစဉ်းစားမိပြီး စာအုပ်စင်နှင့် ရှူးကော့စ်အကြားသို့ လှမ်းကြည့်ကာ) ဟော့ ... ဒီနားက တိုလီမိုလီပုံးတွေ ဘယ်ရောက်သွားသလဲ ... ။

ဒေါ်အေးကြိုင်။ ကျွန်မသိမ်းထားပါတယ်။ ယူမလို့လား ... ကိုစံ ... ။

www.burmeseclassic.com

www.burmeseclassic.com


ဦးစံလှိုင်။ သွားယူ ... သွားယူ ... ။
(ဒေါ်အေးကြိုင် နောက်ဘက်ခန်းသို့ဝင်သွားပြီး ချက်ချင်းပင် ထင်းရှူးသေတ္တာနှင့် မုန့်ပုံးဟောင်းများကို မ ယူလာစေ)
(ဦးစံလှိုင် ထပြီး မုန့်ပုံးဟောင်းတစ်ခုထဲတွင် တစ်စုံတစ်ခုကို ရှာဖွေနေစေ။ ခဏအကြာ သံတုံးတစ်ခုကိုရှာတွေ့ပြီး ယူလာကာ အဝတ်စဖြင့် သန့်ရှင်းအောင် သုတ်စေ။ ပြီးနောက် ... )
ဦးစံလှိုင်။ (သရဖီရှေ့နားသို့သွားကာ) ကဲ ... သမီး မော့လိုက်စမ်း။
(သရဖီ မော့လိုက်စေ။)
(ဦးစံလှိုင်က သရဖီ၏ ညာဘက်မျက်စိကို အသာဖြဲလိုက်ပြီး၊ မိမိလက်ထဲမှ သံတုံးဖြင့် ကပ်လိုက်စေ။ အတန်ကြာလျှင် သံတုံးကိုပြန်ယူပြီး အလင်းရောင်တွင် ကြည့်စေ။ မိမိမှန်းဆသည့်အတိုင်း တွေ့ရသဖြင့် မျက်နှာတွင် ပြုံးရိပ်သန်းလျက်...)
ဦးစံလှိုင်။ ကဲ ... သမီး ညာဘက်မျက်စိထဲမှာ ခုလုခုလုဖြစ်သေးလား။
သရဖီ။ (မျက်စိများကို ပုတ်ခတ်ပုတ်ခတ်လုပ်ကြည့်ပြီး) မဖြစ်တော့ဘူး ဦး။ ရှင်းသွားပြီ။
ဦးစံလှိုင်။ (မိမိလက်ထဲမှသံတုံးကို လက်ဝါးပေါ်တင်ပြပြီး) ဒီမှာလေ ... ခုနက မျက်စိထဲမှာခုနေတဲ့ သံစလေး ... ။
(အားလုံးဝိုင်းကြည့်ကြစေ။)
သင်းပျို့လှိုင်။ ဖေဖေ ... အဲဒီသံတုံးက သံလိုက်လား။
ဦးစံလှိုင်။ ဟုတ်တယ်လေ။ သမီး ထယ်ထယ်တုန်းကပျက်သွားတဲ့ ကက်ဆက်သေးသေးလေး မှတ်မိလား။
သင်းပျို့လှိုင်။ မှတ်မိတယ် ဖေဖေ။
ဦးစံလှိုင်။ အဲဒီကက်ဆက်ကလေးရဲ့ ဆောင်းဘောက်ထဲက သံလိုက်တုံးလေးကို ဖေဖေသိမ်းထားခဲ့တာလေ။ ဘာပဲညည်းဖြစ်ဖြစ် သိမ်းထားရင် တစ်ချိန်ချိန်မှာ အသုံးကျတယ်သမီးရဲ့။

www.burmeseclassic.com

www.burmeseclassic.com



သရဖီ။ ကျေးဇူးတင်လိုက်တာဦးရယ်။ နို့ဖြင့် ဒီသံစလေးက မျက်စိကို ဒုက္ခပေးဦးမှာ။

သင်းပျံ့လှိုင်။ ကဲ ... ဒေါ်သရဖီရေ၊ မျက်နှာသစ်ပြီး မိတ်ကပ်လေးဘာလေး ပြန်လိမ်းရအောင် လာပါရှင်။ ထမင်းစားချိန်ရောက်နေပြီ။

(သရဖီ ပြုံးပြုံးရွှင်ရွှင်နှင့် သင်းပျံ့လှိုင်ခေါ်ဆောင်ရာ နောက်ဘက် ခန်းထဲသို့ ဝင်လိုက်သွားစေ။ ဒေါ်အေးကြိုင်လည်း လိုက်ပါသွားစေ။)

(ကျန်လူများ ခုမှ ဟင်းချနိုင်သည့်ဟန်နှင့် ရယ်ရယ်မောမော ဖြစ်လာကြစေ။ ထိုစဉ်ပင် ...)

စပယ်ဖြူ။ (ခုမှ သတိရဟန်နှင့်) အဲ ... သမီး စက်ဘီးရှေ့ခြင်းပြုတ်ထွက်သွား တာ ဘယ်လိုလုပ်ရမလဲမသိဘူး။ ဘုရားသွားဖို့ခက်ပြီ။

ဦးစံလှိုင်။ ကဲ ... စက်ဘီးဘာဖြစ်သွားတာလဲသိရအောင် အောက်ဆင်း ကြည့်ကြစို့။

(စပယ်ဖြူနှင့် စကားဝါကိုခေါ်ပြီး၊ ဦးစံလှိုင် ဇာတ်စင်၏လက်ဝဲ ဘက်သို့ ဝင်သွားစေ)

(ခဏအကြာ ဦးစံလှိုင်တို့ ဧည့်ခန်းထဲသို့ ပြန်ဝင်လာကြစေ။)

ဦးစံလှိုင်။ ကဲ ... သမီးတို့ အေးအေးဆေးဆေးနေကြတော့၊ စက်ဘီးက ဘာမှမဖြစ်ဘူး။ ရှေ့ခြင်းရဲ့ထောက်က မူလီခေါင်းပြုတ်ထွက် သွားရုံပဲ။ (တိုလီမိုလီပုံးတစ်ခုထဲမှ ပလတ်စတစ်ဘူးကလေးကို ထုတ်ယူလိုက်ပြီး) ဟောဒီထဲမှာ မူလီခေါင်းတွေစုထားတာရှိ တယ်။ တော်တဲ့ဟာရှာပြီး မူလီစုတ်လိုက်ရုံပဲ။

(ဦးစံလှိုင် ငှင်းပလပ်စတစ်ဘူးကိုယူပြီး လက်ဝဲဘက်သို့ဝင်သွား စေ။ စကားဝါနှင့် စပယ်ဖြူတို့လည်း ရွှင်ရွှင်လန်းလန်းနှင့် ဆက်တီခုံများတွင် ထိုင်ကြစေ။)

www.burmeseclassic.com

www.burmeseclassic.com



စကားဝါ / စပယ်ဖြူ ‖ တော်ပါသေးရဲ့။ သင်းပျံ့ဖေဖေရှိပေလို့ပဲ။

အောင်မင်းလွင်။ သင်းပျံ့ဖေဖေက စနစ်လည်းရှိတယ်။ သိပ်လည်းစေ့စပ်တယ်။

(ထိုစဉ်၊ အတွင်းခန်းထဲမှ သင်းပျံ့လှိုင်နှင့် သရဖီတို့ ပြန်ထွက်လာကြစေ။ သရဖီမှာ ရွှင်ရွှင်ပြုံးပြုံးရှိနေစေ။)

သင်းပျံ့လှိုင်။ ကဲ ... အေးအေးဆေးဆေး ထိုင်ကြတော့။

ဝတ်မှုံစီ။ သင်းပျံ့ သိပ်ကံကောင်းတာပဲ။

သင်းပျံ့လှိုင်။ ဟယ် ... ဘလာချည်ကြီးပါလား။ အခုပဲ နင်တို့ကို ထမင်းကျွေးမှာပါဟဲ့။ မြှောက်မနေပါနဲ့တော့။

ဝတ်မှုံစီ။ မြှောက်တာမဟုတ်ပါဘူးဟယ်။ နင့်မှာ စနစ်ကျ၊ စေ့စပ်သေချာပြီး သဘောကောင်းတဲ့အဖေရှိတာ နင်ကံကောင်းတာပေါ့ဟ။

(ထိုစဉ်၊ ဦးစံလှိုင် အခန်းထဲပြန်ဝင်လာစေ။)

ဦးစံလှိုင်။ စက်ဘီးမှုလီခေါင်းတပ်ပြီးသွားပြီ။ သမီးတို့ထမင်းစားပြီးရင် ဘုရားသွားဖို့ အခက်အခဲမရှိတော့ဘူးပေါ့။

စပယ်ဖြူ။ ကျေးဇူးတင်ပါတယ်ဦးရယ်။

အောင်မင်းလွင်။ ကျွန်တော်တို့တစ်တွေ ဦးရဲ့ စနစ်ကျနစေ့စပ်သေချာတာတွေကို အတုယူပါတယ်ဦးရာ။ ဦးဆီမှာ တိုလီမိုလီတွေ အခုလိုစုထားတာ ဘယ်လောက်အကျိုးရှိလဲ။ ကျွန်တော်အခု ဦးဆီက အဲဒီစနစ်ကောင်း ရသွားပြီလေ။

ဦးစံလှိုင်။ အေး ... အေး ... ဒီလိုပေါ့ကွာ။ ယူတတ်ရင် ရတာပေါ့။ မောင်အောင်မင်းလွင်က အိမ်ထောင်ဦးစီးတစ်ယောက်ဖြစ်ပြီဆိုတော့ အဲဒါလေးတွေ အရေးကြီးတယ်ကွဲ့။ အိမ်တစ်အိမ်မှာ တူတစ်လက်၊ ပလာယာတစ်ခု၊ ငွေတစ်ချောင်း၊ ဝက်အူလှည့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလောက်ဟာ ရှိကိုရှိရမှာဖြစ်သလို၊ ခုနပြောတဲ့ တိုလီမိုလီ ပစ္စည်းလေးတွေဟာလည်း တုရာတူရာပေါင်းပြီး စုဆောင်းထားမယ်ဆိုရင် ထွေကုန်သက်သာတဲ့အပြင် အခုလိုမျိုး လိုအပ်တဲ့အချိန်မှာ ချက်ချင်းရတာပေါ့။ ဦးတို့အိမ်မှာဆိုရင် အခုလို ဝက်အူ၊ မူလီ၊ မူလီခေါင်း၊ ဝါရှာစတဲ့ သံထည်ပစ္စည်းလေးတွေက မုန့်ပုံးနဲ့တစ်ပုံး၊ ဝါယာကြိုးအပြတ်တွေ၊ ပလပ်ပေါင်း၊ မီးခေါင်းစတဲ့ လျှပ်စစ်ပစ္စည်းအတိုအစတွေက မုန့်ပုံးနဲ့တစ်ပုံး။ ကုန်ကုန်ပြောမယ်ကွာ၊ သွားတိုက်ဆေးဘူးအဖုံးလေးတွေကအစ လွှင့်မပစ်ဘူး။ ဘယ်မှာသုံးလို့ရတယ်ထင်လဲ၊ ဒယ်အိုးဖုံး၊ ဒန်အိုးဖုံးတွေမှာ လက်ကိုင်ဘုလုံးအဖြစ် သုံးလို့ရတယ်ကွဲ့။

သရဖီ။ ဟာ ... အတော်ပဲ ... သမီးတို့အိမ်မှာ ဒယ်အိုးဖုံးလက်ကိုင်ပြုတ်သွားလို့ ဘာလုပ်ရမှန်းမသိဖြစ်နေတာ၊ ဦးဆီက နည်းရပြီ။

ဦးစံလှိုင်။ ကြယ်သီးတွေဆိုလည်း တွေ့ရင်ဘူးလေးထဲကောက်ထည့်ထားလိုက်။ အင်္ကျီကြယ်သီးပြုတ်သွားရင်၊ တူတဲ့ကြယ်သီးရွေးပြီး ချက်ချင်းတပ်နိုင်တယ်ကွဲ့။ ဆိုင်မှာဆို တူတဲ့ကြယ်သီးရဖို့ လိုက်ရှာနေရအုံးမယ်။

ဝတ်မှုံစီ။ ဟာ ... ဟုတ်တာပေါ့နော်။

ဦးစံလှိုင်။ ဗိုင်တွဲအဖုံးပျက်တွေ၊ စီးကရက်ကာတွန်းဘူးခွံတွေ၊ ပြက္ခဒိန်မျက်နှာဖုံးတွေကိုစုထားတော့ ... ဟိုမှာ ... စာအုပ်စင်ကိုကြည့်လိုက်။ (စာအုပ်စင်ကိုလက်ညှိုးထိုး၍) အဲဒါတွေနဲ့ စာအုပ်တွေဖုံးထားတာလေ။

အင်း ... အသေးစိတ်ပြောမယ်ဆိုရင် အများကြီးပေါ့ကွယ်။ အဓိကပြောချင်တာကတော့ ကိုယ့်အိမ်မှာရှိတဲ့ပစ္စည်းပစ္စယ

www.burmeseclassic.com



တွေကို သူနေရာနဲ့သူထား။ တိုလီမိုလီပစ္စည်းလေးတွေကိုလည်း အပေါင်းအမြင်းတွေဆိုပြီး လွှင့်မပစ်နဲ့။ သူ့ဟာနဲ့သူ တူရာတူရာစုထား။ တစ်ချိန်ချိန်မှာ အသုံးတည့်လိမ့်မယ်။ အဲ ... ဒါပေမဲ့ ဟိုတစ်ခု ဒီတစ်ခုတော့ စည်းကမ်းမဲ့မထားနဲ့ပေါ့။

အောင်မင်းလွင်။ ဒီကနေ့ ဦးနဲ့တွေ့ရတာ ကျွန်တော့်အဖို့တော့ အရမ်းကိုအကျိုးရှိတာပဲ။ ဝတ်မှုံရေ ကိုလွင်တို့အိမ်သစ်ကလေးကိုလည်း အဲဒီလိုမျိုး စနစ်တကျနဲ့ စည်းကမ်းရှိရှိ ဖန်တီးကြမယ်နော်။

ဝတ်မှုံစီ။ ဟုတ်တာပေါ့ ကိုလွင်။

(သင်းပျံ့လှိုင် အသံခပ်ကျယ်ကျယ်ဖြင့် ဝင်ပြောစေ။)

သင်းပျံ့လှိုင်။ ဟော့ ... ဝတ်မှုံ ... အဲဒီလိုစည်းကမ်းစနစ်မျိုးရှိတာဟာ သင်းပျံ့လှိုင် ရဲ့ အဖေ ဦးစံလှိုင်ဆိုတာ မမေ့နဲ့နော်။

ဦးစံလှိုင်။ အင်း ... သမီးက ကိုယ့်အဖေကိုယ် ပြန်မြှောက်နေပြန်ပြီ။

အားလုံး။ တကယ်လဲ အမှန်ပါ ဦးရဲ့။

(အတွင်းခန်းထဲမှ ဒေါ်အေးကြိုင် လက်သုတ်ပဝါတစ်ခုဖြင့် လက်ကိုသုတ်ရင်း ထွက်လာစေ။)

ဒေါ်အေးကြိုင်။ (သင်းပျံ့လှိုင်အား ပြုံးပြုံးကြီးကြည့်ကာ) သမီးလေး ... သမီး အဖေ့အစုတ်ပလုတ်တွေ လွှင့်မပစ်တော့ဘူးလား သမီးရဲ့။

သင်းပျံ့လှိုင်။ (မျက်နှာအထားရခက်နေဟန်နှင့်) အို မေမေကလည်း ... ။ သမီးသဘောပေါက်သွားပါပြီမေမေရဲ့ ... ။

(ဦးစံလှိုင်ရော အခြားသူများပါ နားမလည်သည့်ဟန်နှင့် သင်းပျံ့လှိုင်ကို ကြည့်နေကြစေ။)

ဒေါ်အေးကြိုင်။ ဒီလို ဒီလို ... ။ သင်းပျံ့လှိုင်က သူ့အဖေစုထားတဲ့ တိုလီမိုလီတွေကို သူငယ်ချင်းတွေမြင်ရင် ကဲ့ရဲ့မှာစိုးလို့တဲ့။ လွှင့်ပစ်မလို့

www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့တာလေ။ ဒီအမေက ဇွက်ပြီးသိမ်းထားရတာ။

အားလုံး။ ဩော် ... ဟုတ်လား ... ။

သရဖီ။ ဒါဆို ... သင်းပျံ့လှိုင်ကို တုတ်နဲ့ နာနာရိုက်ပါ ဦး။

သင်းပျံ့လှိုင်။ (ပြုံးလျက်) တိုလီမိုလီကို ငါ့သဘောပေါက်သွားလို့ ငါ့အဖေက ငါ့ကိုဆုတောင်းချဦးမှာ။ (ဦးစံလှိုင်သို့) ဟုတ်တယ်မဟုတ်လား ဖေဖေ ... ။

ဦးစံလှိုင်။ ဟုတ်ပ့ါ ... ဟုတ်ပ့ါ ... ။

(အားလုံး ရယ်မောကြစေ။)

ဒေါ်အေးကြိုင်။ ကဲ ... ကဲ ... ထမင်းဆာကြရောပေ့ါ။ သမီးတို့ကြိုက်မယ့် ရှောက်သီးသုပ် မေမေသုပ်ပြီးသွားပြီ။

သင်းပျံ့လှိုင်နှင့် သူငယ်ချင်းများ။ ဟာ ... ဒါဆို သမီးတို့က ထမင်းပွဲပြင်မယ်။

(အားလုံးပျော်ရွှင်ကြည်နူးစွာ ထလိုက်ကြစဉ်။)

(ရှေ့ဖုံးကားပိတ်)

www.burmeseclassic.com

www.burmeseclassic.com

# ဘကြီးဆိုးမစကား

(တစ်ခန်းရပ်ပြဇာတ်)

## ပါဝင်သူများ

၁။ ဦးစိုးမြင့် – ကျေးရွာကြီးတစ်ခုမှ အ.ထ.က ကျောင်းအုပ်၊ ဦးတိုးမြင့်၏ အစ်ကို
၂။ ဦးတိုးမြင့် – မြို့ပေါ်မှ အရာရှိကလေး၊ ဦးစိုးမြင့်၏ ညီ
၃။ ဒေါ်သီတာ – ဦးတိုးမြင့်၏ ဇနီး
၄။ ဝင်းသီယာတိုး – ဦးတိုးမြင့်၊ ဒေါ်သီတာတို့၏ သမီး
၅။ ဒေါ်အေးကြည် – မြို့ပေါ်မှ အ.ထ.က ကျောင်းအုပ်
၆။ – ဆရာ၊ ဆရာမများ
၇။ – ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ
၈။ – ဝင်းသီယာတိုး၏ ကျောင်းနေဖက်သူငယ်ချင်းများ (မိန်းကလေး/ယောကျ်ားလေး)
၉။ – တီးဝိုင်းဖွယ်ရာချပေးသူများ

## အပြင်အဆင်

ခမ်းနားသောတိုက်တစ်လုံး၏ ရှေ့မျဉ်းရေးဆွဲထားသော နောက်ခံကား ရှိရမည်။ ရေးဆွဲထားရမည့်ပုံမှာလက်ယာဘက်တစ်ဝက်ခန့်သည် မှန်ကတ်



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက် တစ်ပေါက်ပါရှိသော တိုက်ခန်းနံရံဖြစ်ရမည်။ ခြေရင်းဘက် (လက်ဝဲဘက်) တစ်ဝက်ခန့်သည် တိုက်၏ဝင်ပေါက်၊ ဘာဂျာတံခါးဖွင့်ထားသည့်ပုံ ဖြစ်ရမည်။ ၄င်းတစ်ခန်းစာကို အမှန်တကယ်လည်း ဖွင့်ထားရမည်။ (ဖောက်ကား)။ ၄င်း ဖောက်ကားကိုဖြတ်၍ အတွင်းနှင့်အပြင် ဝင်နိုင်ထွက်နိုင်ရမည်။

ဖောက်ကားမှဖြတ်၍ အတွင်းဘက်ကိုမြင်နိုင်ရမည်။ အတွင်းဘက်တွင် စားပွဲရှည်ကြီးတစ်လုံးပေါ်၌ ခမ်းနားလှပသော အခင်းအကျင်းဖြင့် 'မွေးနေ့ကိတ်မုန့်' ကြီးတစ်ခုကို ဖယောင်းတိုင်ထွန်းထားရမည်။

တိုက်ဖောက်ကား၏ရှေ့ဘက်တွင် စားသောက်ရန် စားပွဲ ၂ လုံးကို ကုလားထိုင်များနှင့်အတူ လက်ယာဘက်ခေါင်းရင်းပိုင်းတွင်တစ်စုံ၊ လက်ဝဲဘက်ခြေရင်းပိုင်းတွင်တစ်စုံ ခင်းကျင်းထားရမည်။ နောက်ထပ် စားပွဲရှည်တစ်လုံးနှင့် ကုလားထိုင်များကိုမူ စားပွဲ ၂ စုံ၏အလယ် (ပရိသတ်ကပို၍ မြင်နိုင်ကြားနိုင်ရန်) ရှေ့ပိုင်းသို့ထုတ်၍ ခင်းကျင်းထားရမည်။

ညနေခင်းအလင်းရောင်ရှိရမည်။

တိုက်ဖောက်ကား၏ရှေ့ပိုင်းကို ရောင်စုံမီးလုံးများ၊ ပြာလဲ့လဲ့မီးချောင်းများဖြင့် အလှဆင်ထားပြီး၊ တိုက်အတွင်းပိုင်းမွေးနေ့ကိတ်မုန့်ရှိရာ တစ်ခန်းလုံးတွင် ဖယောင်းတိုင်အလင်းရောင်မှအပ အခြားအလင်းရောင်မရှိစေရ။

ဇာတ်စင်၏ လက်ယာဘက်ထောင့်တွင် အသံချဲ့စက် Sound Box တစ်ခု ထားရှိရမည်။

လက်ဆောင်များတင်ရန် စားပွဲငယ်တစ်လုံးလည်း လက်ဝဲဘက်ခြေရင်းပိုင်းတွင် ထားရှိရမည်။

(ရှေ့ဖုံးကားဖွင့်)

www.burmeseclassic.com

www.burmeseclassic.com



(Sound Box မှ စတီရီယိုတေးသံများ ထွက်ပေါ်နေစေ။)

(မွေးနေ့ကိတ်မုန့်ကြီးရှိရာ တိုက်အတွင်းပိုင်းတွင် စင်သီယာတိုးနှင့် သူ့ သူငယ်ချင်းများ ပျော်ရွှင်ကြည်နူးစွာ နောက်ပြောင်ပြောဆိုနေကြစေ။ တစ်ခါတစ်ရံ ဟားတိုက်ရယ်မောသံများသည် စတီရီယိုတေးသံများကိုပင် လွှမ်းမိုးသွားစေ။)

(မွေးနေ့ပွဲလာ မိတ်သင်္ဂဟများသည် ပြောင်လက်လှပစွာ ထုတ်ပိုးထားသော လက်ဆောင်ထုပ်များကိုပိုက်လျက် ဇာတ်စင်၏လက်ဝဲဘက်မှ တဖွဲဖွဲဝင်လာကြစေ။ ဦးတိုးမြင့်နှင့် ဒေါ်သီတာတို့သည် ဝင်လာသူများကို ပြုံးရွှင်စွာ ကြိုဆိုနေရာချပေးနေကြစေ။ ပေးလာသော လက်ဆောင်ထုပ်များကို စားပွဲငယ်ပေါ်တွင် ထင်ထားစေ။)

(ရောက်လာသမျှ ဧည့်သည်များအား ကြက်သားပလာတာချပေးသူကချ၊ မုန့်ပွဲများ၊ အအေးဘူးများချပေးသူကချနှင့် မွေးနေ့ပွဲအခမ်းအနားမှာ ဆူညံစည်ကားလျက်ရှိစေ။)

ခပ်ဝဝဧည့်သည် (လက်ဆောင်ထုပ်ကြီးကို ကိုင်မြှောက်လျက်) မီးငယ်ရေ ...

တစ်ဦး။ မီးငယ်ရေ ... စင်သီယာရေ ... ဘုတ်ဘုတ်ကလေးရေ ... ။

ဒေါ်သီတာ။ (အတွင်းဘက်သို့လှမ်း၍) စင်သီယာရေ ... ဟောဒီမှာ သမီးရဲ့ ဘုတ်ဘုတ်ကြီးလာတယ်ဟေ့။

စင်သီယာတိုး။ (အိမ်ထဲမှပြေးထွက်လာပြီး) ဘုတ်ဘုတ်ကြီး ... သမီးအတွက် ဘာပါလဲ။

ဘုတ်ဘုတ်ကြီး။ ပါတယ် ... ပါတယ် ... ဟောဒီမှာ သမီးဘုတ်ဘုတ်ကလေးအတွက် (လက်ထဲမှ လက်ဆောင်ထုပ်ကြီးကို လှမ်းပေးစေ)

စင်သီယာတိုး။ (လက်ဆောင်ထုပ်ကိုယူလိုက်ပြီး ဆကြည့်ကာ) ဟင် ... ပေါ့ပေါ့လေး၊ (မျက်နှာစူလိုက်ပြီး) အထဲက ဘာမှပါမှာ မဟုတ်ဘူး ...။

(အားလုံးဝိုင်းရယ်ကြစေ။)

www.burmeseclassic.com

www.burmeseclassic.com



ဘုတ်ဘုတ်ကြီး။ အောင်မယ် ဘယ့်လောက်အဖိုးတန်တဲ့ပစ္စည်းဆိုတာ ဖွင့်ကြည့်တော့ သိလိမ့်မယ်။

(ထိုစဉ် ... အ.ထ.က ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးကြည်နှင့် ဆရာမနှစ်ဦး ဝင်ရောက်လာကြစေ။)

စင်သီယာတိုး။ (လက်ဆောင်ထုပ်ကိုချထားခဲ့ပြီး ပြေးသွားကြိုဆိုစေ။) ဟော ဆရာမကြီးနဲ့ ဆရာမ ... လာပါဆရာမကြီး၊ လာပါဆရာမ ...။

ဒေါ်အေးကြည်။ အေးကွယ် ... အေး ... ဆရာမတို့လည်း ကျောင်းမှာ အလုပ်ကလေးတွေရှိလို့။

ဆရာမများ။ ခု ... ကျောင်းကနေပဲ တိုက်ရိုက်လာကြတာကွဲ့။

ဒေါ်အေးကြည်။ (လက်ကိုင်အိတ်ထဲမှ စာအုပ်တစ်အုပ်ကို ထုတ်ယူပြီး၊ ဘုတ်ဘုတ်ကြီးဆိုသူ့ညွှသည်ကိုလည်း လှမ်းကြည့်ကာ) ရော့ ရော့ သမီးရေ ... ဆရာမကြီးက ဘုတ်ဘုတ်ကြီးတို့လို ကျားပိုက် လုပ်ငန်းရှင်ကြီးမဟုတ်တော့ ဒီစာအုပ်ပဲ လက်ဆောင်ပေးနိုင် တယ်နော် ... ။ (စင်သီယာတိုးက စာအုပ်ကိုလှမ်းယူစေ။)

ဘုတ်ဘုတ်ကြီး။ (ဒေါ်အေးကြည်အားကြည့်ပြီး ရယ်ကျဲကျဲလေသံဖြင့်) လက်ဆောင် ကြီးကြီးပေးချင်ရင် ဇီတို့လို လုပ်ငန်းရှင်ကြီးကြီးကို ယူရတယ် အပျိုကြီးရဲ့ ... ။

ဒေါ်အေးကြည်။ နင်ဟာလေ ငယ်ငယ်တုန်းက ဗရွတ်ရွတ်တ အကျင့်တွေ မပျောက်သေးပဲကိုး ... ။

(အားလုံးရယ်မောကြစေ။)

ဦးတိုးမြင့်။ ဆရာမကြီးတို့သူငယ်ချင်းတွေက ငယ်ငယ်တုန်းကလိုပဲ ပြောမနာ ဆိုမနာ ခင်ကြတယ်နော် ... ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးကြည်။ ဟုတ်တယ် ကိုတိုးမြင့်ရဲ့။ ဟော် ဒါနဲ့ ကိုတိုးမြင့်အစ်ကို တောက ကျောင်းအုပ်ကြီး ဦးစိုးမြင့် ကို မဖိတ်ဘူးလား ... ။

ဦးတိုးမြင့်။ ဖိတ်ထားပါတယ် ဆရာမကြီးရဲ့။ ဆရာမကြီးသူငယ်ချင်းက 'ကိုတိကျ' ဆိုတော့ ကျောင်းဆင်းမှ ကြုံရာကားနဲ့လိုက်လာမှာ လေ။ ဓိတော့ မိပါတယ်လေ။ လာ ဆရာမကြီး ... (ဆရာမကြီး နှင့် ဆရာမများအား ရှေ့ဆုံးစားပွဲရှည်သို့ ခေါ်ဆောင်လာစေ၊ စင်သီယာတိုးလည်း နောက်နားကပါလာစေ။)

စင်သီယာတိုး။ (ဆရာမများ နေရာယူပြီးနောက်) ဆရာမကြီး ... သမီး ညှော်သည်တွေ ညှော်ခံလိုက်ဦးမယ်နော် ... ။

ဒေါ်အေးကြည်။ အေး ... အေး ... သမီး ... ။

(ညှော်သည်များ ဝင်လာမစဲရှိနေစေ။ ဦးတိုးမြင့်နှင့် ဒေါ်သီတာ တို့လည်း ပြုံးရွှင်စွာ ညှော်ခံလျက်ရှိကြစေ။ စင်သီယာတိုးကမူ အိမ်အတွင်းပိုင်းရှိ သူငယ်ချင်းများထံမှာသာ အများအားဖြင့် ရှိနေစေ။)

(ညှော်သည်များလည်း အချင်းချင်းပြောကြဆိုကြ ရယ်မောကြနှင့် ရှိနေကြစေ။ Sound Box မှလည်း စတီရီယိုတေးများ ဆူညံစွာ ထွက်ပေါ်လျက်သားရှိနေစေ)

(ခဏအကြာတွင်၊ ဦးစိုးမြင့်သည် စာအုပ်သုံးလေးအုပ်ကို ပိုက်လျက် ဝင်ရောက်လာစေ)

ဦးတိုးမြင့် / ဒေါ်သီတာ။ ဟော အစ်ကို ရောက်လာပြီ ... ။

ဦးတိုးမြင့်။ လာ ... အစ်ကို၊ ဆရာ ဆရာမတွေစားပွဲမှာထိုင်ပေါ့။ (ဦးစိုးမြင့် အား ရှေ့စားပွဲရှည်ဆီသို့ ခေါ်ဆောင်လာစေ။)

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးကြည်။ (ရယ်ရွှန်းရွှန်းလေသံဖြင့်) ဟော် ... တောကျောင်းအုပ်ဆရာကြီး ရောက်လာပြီကိုး။ ကြွပါရှင် ... ကြွပါ ... ။

ဦးစိုးမြင့်။ (ရယ်ရွှန်းရွှန်းလေသံဖြင့်ပင်) အင်း ... မြို့ကျောင်းအုပ်ဆရာမကြီး လည်း ရောက်နေပြီကိုးဗျ။ (ပိုက်လာသောစာအုပ်များကို စားပွဲပေါ် တင်လိုက်ကာ၊ စားပွဲထိပ် ထိုင်ခုံလွတ်တွင်ဝင်ထိုင်စေ)

ဦးစိုးမြင့်။ အင်း ... ကားက လမ်းမှာစက်ရပ်သွားလို့ နည်းနည်းနောက်ကျ သွားတယ် ... ။

ဦးတိုးမြင့်။ အစ်ကိုတို့ ... စကားပြောကြ၊ စားကြပါဦး ... ။

(ပြောပြီး ပြန်ထွက်သွားစေ။)

(ညှိခံသူများက စားသောက်ဖွယ်ရာများ လာရောက် ချပေးစေ။ စားသောက်ရင်း စကားပြောကြစေ။)

ဒေါ်အေးကြည်။ ဖိုးစိုး ... တောမှာကုပ်ပြီး စာတွေဖိရေးနေတယ်ထင်ပါရဲ့ မတွေ့ တာတောင်ကြာသွားပြီနော် ... ။

ဦးစိုးမြင့်။ အေးဟာ ငါလည်း အကြောင်းမရှိတော့ မြို့မလာဖြစ်ဘူး အေးကြည်မရဲ့။ တောမှာလဲ ကိုယ့်ကျောင်းနဲ့ကိုယ့်ရွာ အားရ တယ်မရှိပါဘူးဟာ။ အင်း ... ဆောင်းပါးလေးတွေတော့ ရေးဖြစ်တယ်။

ဒေါ်အေးကြည်။ နင့်ကလောင်က အောင်မြင်ပါတယ်ဟာ။ စာပေဆုတွေလည်း နှစ်တိုင်းလိုလိုရတယ်မဟုတ်လား။ ငါတို့သူငယ်ချင်းတွေထဲမှာ နင့်လို စာရေးဆရာတစ်ယောက်ဖြစ်ထွန်းတာ ငါတို့ ဂုဏ်ယူ ပါတယ်ဟာ။

ဦးစိုးမြင့်။ နင်က ငါ့ကို မြှောက်ပြောနေတာမဟုတ်လား။

ဒေါ်အေးကြည်။ တကယ်ပြောတာပါဟ။ နင်ယူလာတာ ဘာစာအုပ်တွေလဲ။

www.burmeseclassic.com

www.burmeseclassic.com



(စားပွဲပေါ်တွင် ဦးစိုးမြင့်တင်ထားသော စာအုပ်များကို လှမ်းယူကာ စာအုပ်အမည်များ ဖတ်ကြည့်စေ။) လောကနီတိ ... ဥဂ ဖြာမဂ်လာ ... ဗုဒ္ဓဘာသာလက်စွဲ။ (စာအုပ်များကိုပြန်ထားရင်း) ဒီစာအုပ်တွေ ဘာလုပ်ဖို့ယူလာတာလဲ ဖိုးစိုး ... ။ နင့်တူမ ပေးဖို့လား။

ဦးစိုးမြင့်။ (မှန့်စားရင်း) အင်း ... ဟုတ်တယ်ဟ၊ သီတာတို့အတွက်လေ။

ဆရာမတစ်ဦး။ စင်သီယာတို့မဟုတ်ဘူးလားဆရာ ... ။

ဦးစိုးမြင့်။ ဟင့်အင်း ... အဲဒီအင်္ဂလိပ်ဆန်တဲ့ နာမည်ကြီးကိုမကြိုက်လို့ ငယ်ငယ်ကတည်းက သီတာတို့ပဲခေါ်တယ်။ ဒီစာအုပ်တွေကို သူ့မွေးနေ့ပွဲမှာပေးဖို့ ယူလာတာပဲ အေးကြည်မရဲ့။ ဒါလည်း ငါ့မှာ ရည်ရွယ်ချက်ရှိတယ်လေ ... ။

ဒေါ်အေးကြည်။ ဘာရည်ရွယ်ချက်လဲဟ။

ဦးစိုးမြင့်။ (ပလာတာမုန့်ပွဲကို လက်စသတ်၊ လက်သုတ်လိုက်ပြီး) ဒီလို အေးကြည်မရဲ့ ငါ့ညီတော်မောင်က သမီး (၁၀) တန်းကို ဂုဏ်ထူးနဲ့အောင်လို့ မွေးနေ့ပွဲနဲ့ပေါင်းပြီး ကျွေးမွေးမယ်လာခဲ့ပါ ဆိုတော့ အေး ငါလည်း ဒီပွဲလေးမှာ တူမကို ဆုံးမစကား ပြောချင်တယ်လို့ ပြောလိုက်တယ်။ ညီတော်မောင်ကလည်း ကောင်းတာပေါ့ဆိုလို့ ဒီစာအုပ်တွေထဲက အချက်တွေကို ငါပြောမယ်၊ ပြီးရင် ဒီစာအုပ်တွေကို ငါကိုယ်တိုင် တူမလက်ထဲကို ထည့်မယ်ဆိုပြီး စာအုပ်တွေပါယူလာတာလေ။

ဒေါ်အေးကြည်။ သိပ်ကောင်းတာပေါ့ဟာ။ ဒီလိုဆို ငါ့ကို ဆုံးမစကားပြောပြီးရင် ခပ်တိုတိုပဲပြောမယ်သိလား။ နင်က စာရေးဆရာဆိုတော့ သိုင်းသိုင်းဝိုင်းဝိုင်းနဲ့ ကျယ်ကျယ်ပြန့်ပြန့် ပြောနိုင်မှာ၊ နင် ရှည်ရှည်ပြော။

www.burmeseclassic.com



ဦးစိုးမြင့်။ (အားတက်သရော) အေး ... ရှည်ရှည်ပြောမှဖြစ်မှာပဲ။ ဘာကြောင့်လည်းဆိုတော့ ငါ့တူမက ဉာဏ်ကောင်းတယ်၊ ထက်မြက်တယ် ဆိုပေမယ့် သူ့ကို ချမ်းသာမှုဆိုတဲ့ ဝတ်ရုံကြီးက လွှမ်းခြုံနေတယ်ပဲ။

ဒေါ်အေးကြည်။ ဘယ်လို ... ဘယ်လို ... ။

ဦးစိုးမြင့်။ ဒီလိုလေ ... ။ မိဘကချမ်းသာတော့ ရုပ်ပစ္စည်းလိုတာအကုန်ရ။ စည်းစိမ်အပြည့်ခံစားစံစားရတော့၊ မြေကြီးနဲ့ကင်းကွာသွားတယ်ဆိုရမလား။ လူမှုပတ်ဝန်းကျင်မှာ မပြောတတ်မဆိုတတ်နဲ့ ရိုင်းသလိုဖြစ်လာတယ်။ ဘကြီးဆွေမျိုးသားချင်းတွေလို့ စပြီးနှုတ်ဆက်ရကောင်းမှန်းမသိဘူး။ လူကြီးက စနှုတ်ဆက်တာတောင် "အင်း ... ဟင့်အင်း" ဒါပဲ။ "ဟုတ်ကဲ့ ... ရှင်" ယဉ်ကျေးတဲ့ပိယဝါစာ လုံးဝမရှိ။ ရဟန်းသံဃာကိုလည်း 'ဟုတ်ကဲ့' သုံးလိုသုံး၊ 'ကျွန်မ' သုံးလိုသုံး။ မျက်နှာကလဲ ချိုချိုသာသာမရှိဘူး။

ဆရာမတစ်ဦး။ တစ်ခါတလေတော့ ပြုံးပြုံးရယ်ရယ်ရှိသားပဲ။ 'ဟုတ်ကဲ့' ဘာညာလည်း ပြောသားပဲ။

ဦးစိုးမြင့်။ အဲဒါ ကျောင်းမှာမို့လို့လေ။ သူငယ်ချင်းတွေနဲ့တွေ့ရင်တော့ ရယ်ရယ်မောမောရှိတာပေါ့။ ဆရာ၊ ဆရာမနဲ့တွေ့ရင်လည်း ယဉ်ကျေးမှာပေါ့။ ကြောက်တာကိုး။ မိဘ၊ ဆွေမျိုးသားချင်း၊ လူကြီးသူမ၊ လူမှုပတ်ဝန်းကျင်မှာကျတော့ ဒီလိုမဟုတ်ဘူး။ လူမှုဝတ္တရားတွေ နားမလည်ဘူး။ ဘာသာရေးကိုင်းရှိုင်းမှုနည်း။ သူ့အဖေအမေက ဒါကိုသတိမထားမိဘူး။ ဒါကြောင့် ဘကြီးလုပ်တဲ့လူက သွန်သင်ရမယ့်တာဝန်ရှိတယ်လေ။ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



သီးသန့်ပြောဖို့ ဆုံးမဖို့ဆိုတာ တစ်ခါမှမကြုံဖူး။ ဒါကြောင့် အခု အခွင့်အခါကြုံကြိုက်တုန်း အားလုံးကိုခြုံပြီးပြောမှာ ... ။

ဒေါ်အေးကြည်။ အေး ... ကောင်းတယ်၊ ပြောသင့်တယ်တာ။

ဦးစိုးမြင့်။ ဒါကြောင့်မို့လို့ ငါ့မှာ မနေ့ညက ပေါ့ဒီစာအုပ်တွေထဲက အချက်အလက်တွေရှာရတာ၊ သန်းခေါင်ကိုကျော်သွားတာပဲ။ နောက်ပြီး သူတို့လူငယ်တွေနားထဲဝင်နိုင်မယ့် အသုံးအနှုန်းကို လည်း ရွေးချယ်ရသေးတယ်လေ။

ဒေါ်အေးကြည်။ ဟုတ်တာပေါ့ပဲ။

ဦးစိုးမြင့်။ အဓိကကတော့ ... လူမှုဆက်ဆံရေးကို အလေးပေးပြီး ပြောမှာပါ။ လူမှုပတ်ဝန်းကျင်မှာ နှုတ်ထွက်စကားနဲ့ ကိုယ်အမူအရာ အရေးကြီးပုံပေါ့။ ရှင်မဟာရဋ္ဌသာရရဲ့ "တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ ဆိုလေ၊ များသကာသို့ ချိုလှစေ" ဆိုတဲ့ ဆုံးမစာအတိုင်း လိုက်နာလာအောင် ရှင်းပြမယ်။ ကိုယ်အမူအရာဆိုတာလည်း ဘယ်လောက်အရေးကြီးသလဲ၊ "Being cultured or not can be known by behaviour" အဲဒါကို ဥပမာ လေးပြပြီး ပြောပြမယ်။ လူကြီးမိဘကို ဦးထိပ်ထား၊ ဂါရဝ တရားရှိတဲ့ မြန်မာ၊ အဲဒီမြန်မာလူမျိုးရဲ့ ယဉ်ကျေးမှုဓလေ့စရိုက် တွေကို သိအောင်ပြောပြရမယ်။ မိဘရဲ့ ကျေးဇူးနဲ့ မိဘအပေါ် ဆက်ဆံမှု၊ ဆွေမျိုးသားချင်းများအပေါ် ဆက်ဆံမှုတွေကို ဘာသာတရားနဲ့နွယ်ပြီး ဆွဲခေါ်မယ်။

နှုတ်ထွက်စကားနဲ့ ကိုယ်အမူအရာ ရိုင်းစိုင်းကြမ်းကြုတ်ရင် တခြားအလှတရားတွေဟာ ပျောက်ကွယ်သွားလိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နှုတ်နှလုံးသုံးပါးလုံးပြည့်စုံဖို့ နိဂုံးချုပ်ရင်းနဲ့ ကျောင်းစာမှာ ထူးချွန်ထက်မြက်သူလေးဖြစ်သလို လူမှုပတ်ဝန်းကျင်မှာလည်း လိမ္မာယဉ်ကျေးတဲ့ တူမလေးဖြစ်ဖို့ ဆုံးမစကားပြောမှာပေါ့ သူငယ်ချင်းရာ။ (အားရပါးရပြောလိုက်၍ မောသွားဟန်နှင့် အအေးဘူး၊ အချိုရည်များကို ဖန်ခွက်ထဲငှဲ့၍သောက်စေ။)

ဒေါ်အေးကြည်။ ကောင်းတယ်ဟာ ... ငါ့သူငယ်ချင်းက ဒီလိုလေး ကျယ်ကျယ် ပြန့်ပြန့် ရှင်းပြမှဖြစ်မှာ။ အင်း ... သိပ်ရှည်လွန်းနေလို့လဲ နားမဝင် ဘဲ ဖြစ်နေဦးမယ်နော်။

ဦးစိုးမြင့်။ အေးပါဟာ ... နားဝင်အောင်ပြောမှာပါ။

(ထိုအချိန်တွင်၊ စားပွဲခုံအသီးသီးတွင် ဧည့်သည်များပြည့်ပြီဖြစ်၍ ဦးတိုးမြင့်သည် စကားပြောမိုက်တစ်လုံးကိုကိုင်လျက် စားပွဲ ၂ လုံးအလယ်၊ နောက်ခံတိုက် အဝင်အဝနားလောက်တွင် မတ်တတ်ရပ်လျက် နေရာယူစေ။ ဒေါ်သီတာက အနားရှိ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်စေ။ စင်သီယာတိုးက သူ့သူငယ်ချင်းများနှင့်အတူ တိုက်အတွင်း၊ မွေးနေ့ကိတ်မုန့်ကြီး အနီးမှာပင် ရှိနေစေ။)

(သီချင်းသံများ ရပ်သွားစေ။)

ဦးတိုးမြင့်။ (မိုက်ဖြင့်ပြော) ဆရာ၊ ဆရာများနဲ့ ဆွေမျိုးမိတ်ဆွေများ ခင်ဗျား။ ကျွန်တော်ဦးတိုးမြင့်နဲ့ ဒေါ်သီတာတို့ရဲ့ ချစ်သမီးလေး စင်သီယာတိုး၊ တက္ကသိုလ်ဝင်တန်းကို နှစ်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်တာကြောင့် သူ့ရဲ့မွေးနေ့ပွဲကို ဒီကနေ့ ကျင်းပပေး ပြီး၊ စားသောက်ဖွယ်ရာများနဲ့ ကျွေးမွေးဧည့်ခံခြင်းဖြစ်ပါတယ် ခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com



သမီးလေးရဲ့ မွေးနေ့ပွဲမှာ အစီအစဉ် (၁) အနေနဲ့ သမီး ပညာသင်ယူခဲ့တဲ့ အ.ထ.က ကျောင်းတော်ကြီးရဲ့ စာကြည့်တိုက် တည်ဆောက်ရေးအတွက် အလှူငွေထည့်ဝင်ခြင်းဖြစ်ပါတယ်။ အစီအစဉ် (၂) ကတော့ သမီးလေး စင်သီယာတို့က ဆရာ၊ ဆရာမများအား ကန်တော့ခြင်း၊ အစီအစဉ် (၃) အနေနဲ့ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားနဲ့ ဆုံးမစကား ပြောကြားခြင်း၊ အစီအစဉ် (၄) မှာတော့ သမီး စင်သီယာတို့ရဲ့ ဘကြီးဖြစ်သူ အုန်းညီနောင်ကျေးရွာ အ.ထ.က ကျောင်းအုပ် ဆရာကြီး ဦးစိုးမြင့်က ဆုံးမစကားပြောကြားခြင်းဖြစ်ပါတယ်။ အဲဒီနောက် မွေးနေ့ကိတ်မုန့်ကြီးကို ဖယောင်းတိုင်မီးငြိမ်း၍ ပျော်ရွှင်စွာစားသုံးခြင်းအစီအစဉ်ဖြစ်ပါတယ် ခင်ဗျား ... ။

(အားလုံး လက်ခုပ်တီးကြစေ။ အိမ်အတွင်းပိုင်း လူငယ်ဝိုင်းမှ "ဘတ်သ်ဒေးကိတ် အစီအစဉ်အကောင်းဆုံး ... " ဟု အော်သံများ ထွက်ပေါ်လာစေ။)

ဦးတိုးမြင့်။ ယခု ပထမဆုံး အစီအစဉ်အရ၊ အထက စာကြည့်တိုက် တည်ဆောက်ရေးမှာ ကျွန်တော်တို့မိသားစုမှ အလှူငွေ ငါးသောင်းထည့်ဝင်မှာဖြစ်တဲ့အတွက် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးကြည်က လက်ခံယူပေးပါရန် ပန်ကြားပါတယ် ခင်ဗျား ... ။

(ဒေါ်သီတာက ငွေငါးသောင်းထုပ်ကို ဒေါ်အေးကြည်ရှိရာ စားပွဲရှည်သို့ သွားရောက်ပေးအပ်ရာ ဒေါ်အေးကြည်က မတ်တတ်ရပ်၍ လက်ခံယူစေ။ အားလုံး လက်ခုပ်တီးစေ။)

ဦးတိုးမြင့်။ ဒုတိယအစီအစဉ်အရ သမီးလေး စင်သီယာတို့က သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများအား ကန်တော့မှာ ဖြစ်ပါတယ်။

(စင်သီယာတိုးက လှပစွာထုပ်ပိုးထားသော ကန်တော့ လက်ဆောင်ပစ္စည်းများကို ရှေ့စားပွဲရှည်သို့ယူသွားပြီး၊ ဆရာမကြီးနှင့်တကွ ဆရာ၊ ဆရာမများအား တစ်ထုပ်စီ ပေးအပ်စေ။ ထို့နောက် ပရိသတ်မြင်သာသည့်နေရာမှထိုင်၍ ဆရာ၊ ဆရာမများအား ဝတ်ကျေတန်းကျေဟန်မျိုး တစ်ကြိမ် ဦးချကန်တော့စေ။)

ဦးတိုးမြင့်။ တတိယအစီအစဉ်အရ ဆရာမကြီးက ကျေးဇူးတင်စကားနှင့် ဆုံးမစကားပြောကြားပေးပါရန် ပန်ကြားပါတယ်ခင်ဗျား ... ။

(ဒေါ်အေးကြည်က စားပွဲရှည်မှထပြီး ဦးတိုးမြင့်ရှိရာသို့ သွားရောက်စေ။ စင်သီယာတိုးက ဒေါ်အေးကြည်၏နောက်နား မှ လိုက်ပါသွားစေ။ ဒေါ်အေးကြည်က ဦးတိုးမြင့်ထံမှ မိုက်ကို လွှဲပြောင်းကိုင်နေစဉ် စင်သီယာတိုးသည် ဒေါ်အေးကြည်နှင့် မနီးမဝေး၊ တိုက်ဝင်ပေါက်တွင်သွား၍ မတ်တတ်ရပ်နေစေ။)

ဒေါ်အေးကြည်။ ကြွရောက်လာကြတဲ့ ဆရာ၊ ဆရာမများနဲ့ ညီ့ပရိသတ်များရှင် ကျွန်မတို့ အထက မှာ စာကြည့်တိုက်အဆောက်အဦကို ကျောင်းသားမိဘများနဲ့ စေတနာရှင်များရဲ့ အလှူဒါနနဲ့ ဆောက်လုပ်နေပါတယ်ရှင်။ စာကြည့်တိုက်ဆိုတာ ပညာရေး ကို ဘယ်လောက်အထောက်အကူဖြစ်တယ်ဆိုတာ လူကြီးမင်း များအသိဆုံးပါ။ ဒီ စာကြည့်တိုက်ကြီး အကောင်အထည် ပေါ်လာဖို့အတွက် အလှူငွေများ လိုအပ်နေချိန်မှာ အခုရှင် ဦးတိုးမြင့်၊ ဒေါ်သီတာ၊ သမီးလေး စင်သီယာတိုးတို့မိသားစုက အလှူငွေ ငါးသောင်းထည့်ဝင်လှူဒါန်းတဲ့အတွက် ကျေးဇူးအထူး တင်ရှိ ပါကြောင်း ဝမ်းသာအားရပြောကြားလိုပါတယ်ရှင်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအချက်အနေနဲ့ကတော့ သမီးလေး စင်သီယာတိုး အတွက် ဆုံးမစကားပြောကြားပေးဖို့ပါ။ ဒါကလည်း အထူးပင် ပြောကြားဖို့လိုမယ်မထင်ပါဘူးရှင်။ မိကောင်းဖခင်သမီးလေး ဖြစ်ပြီး၊ သူ့ရဲ့ကြိုးစားအားထုတ်မှု ဘယ်လောက်ရှိတယ်ဆိုတာ ဟာ သချာနဲ့ ဓာတု ဂုဏ်ထူးနှစ်ဘာသာ ဆွတ်ခူးရရှိခြင်းက သက်သေပြပြီးဖြစ်ပါတယ်။ ကျွန်မအနေနဲ့ သမီးလေး စင်သီယာတိုးရဲ့ ရှေ့ခရီးမှာ ထူးချွန်တဲ့ တက္ကသိုလ်ကျောင်းသူကြီး ဖြစ်စေဖို့အတွက် ကြိုးစားအားထုတ်မှုကို မလျှော့ဘဲ ဆထက် ထမ်းပိုးတိုး၍ ပြုလုပ်ပါလို့ … သမီးလေးစင်သီယာတိုးကို ဆုံးမ စကား ပြောကြားလိုက်ပါတယ် … ။

(ပရိသတ်က လက်ခုပ်တီးကြစေ။ ဆရာမကြီး ဒေါ်အေးကြည်က မိုက်ကို ဦးတိုးမြင့်လက်သို့ ပြန်၍ကမ်းပေးစေ။ ထိုအချိန်တွင် စင်သီယာတိုးသည် တိုက်အတွင်းပိုင်း၊ မွေးနေ့ကိတ်မုန့်ကြီး ရှိရာသို့ ရုတ်ခနဲဝင်သွားစေ။)

ဦးတိုးမြင့်။ ယခု စတုတ္ထအစီအစဉ်အရ သမီးလေး စင်သီယာတိုးရဲ့ …

(ဦးတိုးမြင့်၏ စကားပင်မဆုံးသေး၊ တိုက်အတွင်းပိုင်းမှ မွေးနေ့ ကိတ်မုန့်ကြီးပေါ်ရှိ ဖယောင်းတိုင်မီးကို မှုတ်လိုက်ကြပြီး …

"ဝေး … ဟေး … ဟေး …"

ဟူသော စင်သီယာတိုးတို့သူငယ်ချင်းတစ်သိုက်၏ အော်ဟစ် သံကြီး ထွက်ပေါ်လာစေ။ ဦးတိုးမြင့်သည် စကားတိုးလို့ တန်းလန်းဖြစ်နေပြီး … )

ဦးတိုးမြင့်။ (တိုက်အတွင်းပိုင်းသို့လှမ်း၍) ဟဲ့ … ဟဲ့ … သမီး စင်သီယာ … စင်သီယာ … နေဦးလေ … နေဦး … မီးမမှုတ်နဲ့ဦး၊ သမီး ဘကြီး ဆုံးမစကားပြောလိမ့်ဦးမယ်။ ဒီကိုလာဦးသမီး … လာဦး … ။

www.burmeseclassic.com

www.burmeseclassic.com



(စင်သီယာတိုးထွက်လာပြီး ချက်နာရှုံ့ရှုံ့မဲ့မဲ့နှင့် ...)

စင်သီယာတိုး။ အို ... ဒယ်ဒီကလည်း။ ခုန ဆရာမကြီးက ဆုံးမစကားပြောပြီး ပြီပဲ။ ဒီမှာ ဘတ်သ်ဒေးကိတ်မီးငြိမ်းပြီးသွားပြီ ဒယ်ဒီရဲ့ ... ။

(စင်သီယာတိုး ပြောပြောဆိုဆို အတွင်းသို့ ပြန်ဝင်ပြေးသွားစေ။ အတွင်းပိုင်းမှ စင်သီယာတိုး၏ သူငယ်ချင်းများထံမှလည်း ... "ဟုတ်တယ် ကိတ်မုန့်စားမယ် ... ဘတ်သ်ဒေးကိတ်စားမယ် ... " ဟူသော အော်သံများ ထွက်ပေါ်လာစေ။ ဦးတိုးမြင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေစေ။)

(ဧည့်ပရိသတ်များလည်း တစ်ဦးကိုတစ်ဦးကြည့်၍ ဘာပြော ရမှန်းမသိ၊ ပြုံးစိစိဖြစ်နေကြစေ။)

ဦးစိုးမြင့်။ (ငုင်းထိုင်နေရာမှထ၍ ခပ်ကျယ်ကျယ်လှမ်းပြောစေ။) ကဲ ... ကဲ ... ဝို့ဆုံးမစကားထက် ဖယောင်းတိုင်မီးမှုတ်တာက အရေးကြီးပါတယ်ကွာ။ ဒါကြောင့် ... ဘကြီးရဲ့ စကားဘေးချိတ်၊ ဘတ်သ်ဒေးကိတ်သာ ကြိတ်လိုက်ကြပါတော့ဗျား ... ။

(ရယ်မောသံများ အတောမသတ် ထွက်ပေါ်လာစေ။)

(ရှေ့ဖုံးကားပိတ်)

www.burmeseclassic.com

www.burmeseclassic.com

# ထန်းမွေ

(တစ်ခန်းရုပ်ပြဇာတ်)

## ပါဝင်သူများ

၁။ သာရင် - ဦးဘိုးထင်၊ ဒေါ်မယ်လှတို့၏သား၊ အသက် ၃၅ နှစ်ခန့်

၂။ ရီရီခင် - သာရင်၏ဇနီး၊ အသက် ၃၀ ခန့်

၃။ မသန်းရှင် - ဦးဘိုးထင်၊ ဒေါ်မယ်လှတို့၏သမီး၊ အသက် ၄၀ ခန့်

၄။ ကိုကြီးအောင် - မသန်းရှင်၏ခင်ပွန်း၊ အသက် ၄၀ ခန့်

၅။ တက်စိန် - သာရင်၏သူငယ်ချင်း

၆။ ဦးဘဟိန် - ကျေးရွာဥက္ကဌ

၇။ ဦးဆင် - မသန်းရှင်နှင့် မောင်သာရင်တို့၏ ဘထွေး

၈။ ဆရာတော်ဦးသီလ - ရွာဦးကျောင်းဆရာတော်

၉။ မန်းစော - ထန်းသမား

## အပြင်အဆင်

အညာကျေးလက်ဒေသယာခင်းများ ရေးချက်နောက်ခံကားရှိရမည်။ ၎င်းကားတွင် ယာခင်းနှစ်ခင်းကို အနီးကပ်ရေးချယ်ထားပြီး ၎င်းယာခင်း နှစ်ခင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခွဲခြားထားသည့် ကန်သင်းတစ်လျှောက် ထန်းပင်တန်းတစ်ခု၊ အနီးကပ် ရေးဆွဲပါရှိရမည်။ ၎င်းကား၏ အဝေးမြင်ကွင်းတွင်လည်း ယာခင်းများကို တန့်ထားသည့် ထန်းပင်တန်းများ သင့်သလို (အဝေးမြင်) ပါရှိရမည်။ အထက် အညာဒေသတွင်ပေါက်ရောက်လေ့ရှိသည့် ထနောင်းပင်၊ ရှားပင် စသည်တို့လည်း သင့်သလို ရေးဆွဲပါရှိရမည်။

(ရှေ့ပိုးကားဖွင့်)

(မြို့သားတန်နှင့် သာရင်သည် ဇနီးဖြစ်သူ ရီရီခင်နှင့်အတူ ဇာတ်စင်၏ လက်ယာဘက်မှ ထွက်လာစေ။ ယပ်သူယပ်ချင်း တက်စိန်က သာရင်နှင့် စကား တပြောပြောနှင့် ပါလာစေ။ သာရင်တို့ဇနီးမောင်နှံက ယာခင်းများနှင့် ထန်းပင်များ ဆီသို့ လှမ်းမျှော်ကြည့်ရင်း ယာခင်းအလယ်သို့ ရောက်လာကြစေ။)

တက်စိန်။ ဟော့ ... သာရင် ... ဒီယာခင်းတွေပဲကွ၊ မင်းတို့ယာတွေလေ ... ။

သာရင်။ (လမ်းလျှောက်ရာမှ ရပ်လိုက်ပြီး) ဩော် ... ဒီယာခင်းတွေကိုး။ ငါဖြင့် မှတ်တောင်မမှတ်မိတော့ဘူး။ ထန်းပင်တွေက အများကြီးပဲ။ မျက်စိတောင်လည်တယ်ဟေ့။

ရီရီခင်။ ဟုတ်တယ်နော် အစ်ကို၊ ကန်သင်းတွေမှာ ထန်းပင်တွေ တန်း နေတာပဲ။

တက်စိန်။ သာရင်ရယ် ... မင်း မျက်စိ လည်မယ့်သာလည်တာပါ။ ဟောဒီ လှည်းလမ်းကြောင်း၊ ဟောဒီထနောင်းပင်ကြီးဟာ မင်းနဲ့ငါ ချိုးလာလာပစ်တဲ့ နေရာတွေလေ ... ။ အင်းလေ မင်းက မြို့ကြီး မှာ ကျောင်းသွားနေ၊ ဆယ်တန်းအောင်တော့ စာရေးလုပ်။ နောက်တော့ မြို့မှာပဲအိမ်ထောင်ကျ။ ကိုယ့်ရွာကိုတောင် ပြန်မလာတာကြာတော့ မေ့ကုန်ပြီပေါ့ကွာ ... ။

www.burmeseclassic.com

www.burmeseclassic.com



သာရင်။ ဒီ ... တစ်ခါတလေ ရှာပြန်ရောက်တော့လည်း ကြာကြာမနေနိုင်တော့၊ ရှာပြင်က ယာခင်းတွေဘက်မရောက်ခဲ့ဘူးကွ။ အဖေဆုံးတဲ့နှစ်တုန်းကတော့ တို့ယာခင်းတွေဘက်ကို အမေနဲ့အတူလာသေးတယ်။ ဒါပေမဲ့ အဲဒီတုန်းက ဒီထန်းပင်တန်းတွေ မရှိသလိုပဲကွ၊ ရှင်းနေတာ။ အခုမှ ထန်းပင်တန်းကြီးတွေ မြေကြီးထဲက ဘွားကနဲထွက်လာသလိုပဲကွနော်။

တက်စိန်။ ခြော် ... ဒါကတော့ မင်းအဖေဆုံးတာဘယ်လောက်ရှိပြီလဲ ...။

သာရင်။ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကပေါ့။

တက်စိန်။ အဲဒီတုန်းက ဒီထန်းပင်တွေ 'ဆင်ခြေ' တောင်ဘယ်ထွက်ဦးမလဲကွ။ ဒီတော့ မင်းမျက်စိထဲမှာ ထန်းပင်တွေ ဘယ်မြင်ဦးမလဲ။

ရီရီခင်။ ကိုတက်စိန် ... ဆင်ခြေဆိုတာ ဆင်ခြေထောက်လားဟင် ...

တက်စိန်။ ခြော် ... ဆင်ခြေဆိုတာ ဆင်ခြေထောက်နဲ့တူတဲ့ ထန်းပင်ရဲ့ ပင်စည်ကလေး စထွက်တာကိုပြောတာပါ။ အဲ အခုတော့ ထန်းပင်တွေက 'အုပ်လုံးသိမ်း' ပြီးလို့ 'တက်ထန်း' တောင်ဖြစ်တော့မယ်လေ။

ရီရီခင်။ ဟင် ... အုပ်လုံးသိမ်းတယ်ဆိုတာ၊ မိန်းကလေးမှ အုပ်လုံးသိမ်းတာမဟုတ်ဘူးလားလို့။

တက်စိန်။ အင်း ... ဟုတ်တာပေါ့၊ မရီတို့က မြို့သူဆိုတော့ ထန်းတောထဲ ကစကား ဘယ်သိပါ့မလဲနော် ...။ အုပ်လုံးသိမ်းတယ်ဆိုတာ ထန်းပင်တွေ နှစ် ၂၀ လောက်အရမှာ အရွယ်ရောက်တယ်လို့ ဆိုမလား။ ပင်စည်မှာရှိတဲ့ ထန်းဖတ်တွေရှင်းသွားပြီး ထန်းရွက် ထန်းလက်တွေ တဝေဝေဖြစ်တဲ့အရွယ်ကို အုပ်လုံးသိမ်းချိန်လို့ တင်စားကြတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ရီရီခင်။ ပြော် ... ပြော် ...

သာရင်။ အရီလည်း ထန်းပင်နဲ့ပတ်သက်တဲ့ ဗဟုသုတတွေ အတော်ရသွားပြီပေါ့။ ဟား ဟား ...

ရီရီခင်။ ဟုတ်တယ်နော် ... ။ ထန်းပင်တွေတွေ့တော့ အရီ တစ်ခုသွားသတိရတယ်အစ်ကို။ အရီတို့သစ်ဆိုင်ကို သစ်လာဝယ်တဲ့လူတွေ ထန်းသားကိုမေးတတ်ကြလို့ အဖေက ထန်းသားခွဲပြီးဆိုင်တင်ရောင်းရင်ကောင်းမှာပဲတဲ့။ အဲဒါ သွားသတိရတယ်။

သာရင်။ ဟုတ်လား ...

တက်စိန်။ ကဲ ... မင်းတို့လင်မယား ဒီမှာခဏနေခဲ့ကြဦး။ ငါ ရွာဦးကျောင်းဆရာတော်ကို သွားလျှောက်ရဦးမယ်ကွ။ မင်းတို့မောင်နှမတွေယာခင်းကို အမွေခွဲကြတဲ့အခါ ဆရာတော်က မင်းတို့နဲ့ဆုံပြီးပြောစရာတစ်ခုရှိတယ်တဲ့။

သာရင်။ ဟုတ်လား ... ။ ကျေးရွာဥက္ကဋ္ဌကြီးရော အဲဒီအစီအစဉ်သိလား။

တက်စိန်။ သိတယ်ကွ။ ဥက္ကဋ္ဌ ဦးဘဟိန်က မင်းအစ်မတို့နဲ့အတူတူလာလိမ့်မယ်။ မင်းနဲ့ငါက တို့ငယ်ငယ်ကဆော့ခဲ့တဲ့နေရာတွေသွားရအောင်ဆိုပြီး ရွာပြင်ကို စောစောထွက်လာကြတာမဟုတ်လား။

သာရင်။ အေးလေကွာ။ ရွာထွက်လမ်းတော့ နှံ့ခဲ့ပြီလေ။ ဟို တောစပ်ကိုတော့ ဒီကကိစ္စတွေပြီးမှ သွားကြရအောင်နော်။

တက်စိန်။ အေး အေး ... ကဲပါ ရွာဦးကျောင်းကိုသွားတော့မယ်ကွာ။ မင်းတို့ ဒီထနောင်းပင်ကြီးအောက်ကပဲစောင့်နေ ဟုတ်လား။

သာရင်။ အေးပါကွာ ... ။

(တက်စိန် ဇာတ်စင်၏လက်ဝဲဘက်သို့ ဝင်သွားသည်။)

www.burmeseclassic.com

www.burmeseclassic.com



ရီရီခင်။ အစ်ကိုရေ ... အစ်ကိုတို့အမေဆုံးလို့ အရီတို့ အခုရွာကိုလာကြတာ၊ အမွေကိစ္စမပြောချင်ပေမယ့် ပြောစရာရှိတာတော့ ပြောနော် ... ။

သာရင်။ အမေ့ကိစ္စက ရက်လည်ပြီးခါစပဲရှိသေးတော့ အမွေကိစ္စ သိပ်မပြောချင်ပါဘူးကွာ။ အခုယာခင်းကိစ္စခွဲဝေဖို့တောင် အစ်မနဲ့ လူကြီးတွေက တိုက်တွန်းကြလို့။

ရီရီခင်။ ဟုတ်ပါတယ် ... အရီတို့ကလည်း မြို့မှာ သစ်ဆိုင်လုပ်ငန်းက ရှိသေးတယ်။ အစ်ကိုကလည်း ရုံးကခွင့်စေ့တော့မှာမဟုတ်လား။ နောက်ပိုင်းလည်း အမေမရှိတော့ ရွာကိုလာဖြစ်ချင်မှ လာဖြစ်မှာလေ ... ။

သာရင်။ အဲဒါကြောင့်လည်း ယာခင်းခွဲဝေဖို့ကိစ္စကို တစ်ခါထဲပြီးပြတ်အောင် လူကြီးတွေက စီမံကြတာ။ အင်း ... အစ်ကိုတို့မှာလည်း အစ်မ မသန်းရှင်နဲ့ အစ်ကိုပဲ မွေးချင်းရှိတာဆိုတော့ ခွဲဝေရတာ မခက်ပါဘူး။ အစ်မကလည်း အစ်မကြီး အမိအရာပဲလေ ... ။ အကောင်းဆုံးဖြစ်အောင် သူမျှမျှတတ လုပ်မှာပါကွာ။

ရီရီခင်။ အင်း ... မျှမျှတတလုပ်မယ်လို့ထင်ရပေမယ့် သူတို့လင်မယားက တစ်လျှောက်လုံး မိဘနဲ့နေလာတာဆိုတော့၊ အစ်ကို့ကို မပြောဘဲချန်ထားတာတွေ ဘာတွေရှိချင်ရှိမှာအစ်ကိုရဲ့။

သာရင်။ ဟာကွာ ... ဘာတွေများ ချန်စရာရှိမှာမို့လို့လဲ၊ အစ်မက ဒီလို စိတ်မျိုးမရှိပါဘူးကွာ။

ရီရီခင်။ ဩော် ... အစ်ကိုကလည်း အခုပဲကြည့်လေ ...

သာရင်။ (နားမလည်ဟန်နှင့်) ဘာလဲ ... အရီရဲ့ ...

ရီရီခင်။ ပေဘာဒိထန်းပင်တွေကိစ္စလေ။ အိမ်မှာ ပြောကြဆိုကြတဲ့အထဲ

www.burmeseclassic.com

www.burmeseclassic.com



ထန်းပင်တွေကိုစွ တစ်ခါမှထည့်ပြောတာမတွေ့ရဘူး။ အဲဒီ ချိန်ထားတာမဟုတ်ဘူးလားလို့ ...

သာရင်။ (ခေတ္တမျှတွေနေပြီး) အင်း ... ဟုတ်သားပဲနော်။ အစ်ကိုတောင် ထန်းပင်တွေရှိတာ သတိမရဘူး။ ဟုတ်တယ် ... အစ်ကိုတို့ ကလေးဘဝတုန်းက အဖေနဲ့အတူတူ ဒီယာကန်သင်းတွေမှာ ထန်းစေ့တွေလိုက်မြှုပ်ခဲ့ဘူးတယ်။ ဒါတွေ အစ်ကိုတို့စိုက်ခဲ့တဲ့ ထန်းပင်တွေဖြစ်မှာပေါ့။

ခိုင်ခိုင်။ အဲဒါတောင် အစ်မသန်းရှင်က ထန်းပင်တွေခွဲဝေဖို့ကို ထည့်မပြောတာ သိပ်မရိုးဘူးလို့ အခိုင်တော့ထင်နေတယ်အစ်ကို။

သာရင်။ အင်း ... အဲ ... ဘယ်လိုသဘောလည်းတော့ မသိဘူးကွာ။

ခိုင်ခိုင်။ ဒါကြောင့် ပြောစရာရှိတာတော့ ပြတ်ပြတ်သားသားပြောနော် အစ်ကို ... ။ နောက်ပြီး ထန်းပင်ဆိုတာက ချက်ချင်းငွေပေါ် တာမဟုတ်ဘူး။ ထန်းရည်ကမှတစ်ဆင့် ထန်းလျက်ချက်ရတာ မဟုတ်လား။ ဒီထန်းပင်တွေကိုခွဲဝေပြီး အခိုတို့ရရင်တောင်မှ အဲဒီရတဲ့ထန်းပင်တွေကို ဘယ်လိုလုပ်ထိန်းမလဲ။ ကိုယ့်မျက်စိ အောက်မှာမဟုတ်တော့ အကျိုးရှိမှာမဟုတ်ဘူး။ ဒီတော့ အခို ကတော့ ရတဲ့ထန်းပင်တွေကိုခွဲစိပ်ပြီး အခိုတို့သစ်ဆိုင်မှာ တင်ရောင်းချင်တယ်အစ်ကို ... ။

သာရင်။ အင်း ... ပြောကြည့်တာပေါ့ကွာ ... ။ ဟော ဟိုမှာ အစ်မတို့ လာကြပြီ။

ခိုင်ခိုင်။ (သာရင့်လက်ကိုကိုင်ပြီး လေသံမာမာဖြင့် ခပ်တိုးတိုးပြော) အစ်ကို ... ထန်းပင်တွေကိုစွ ပြတ်ပြတ်ပြောနော်။

(ကျေးရွာဥက္ကဋ္ဌ ဦးဘတိန်၊ ဘထွေး ဦးဆင်နှင့် မသန်းရှင်၊

www.burmeseclassic.com



ငှင်းဖါခင်ပွန်း ကိုကြီးအောင်တို့ ဇာတ်စင်ဖါလက်ယာဘက်မှ ထွက်လာစေ။ ကိုကြီးအောင်က ခေါက်ကုလားထိုင်တစ်လုံး သယ်ယူလာစေ။)

ဦးဘဟိန်။ မောင်သာရင်တို့လင်မယားရောက်နေကြပြီလားဟေ့။ မင်း သူငယ်ချင်းတက်စိန်ရော မင်းတို့နဲ့အတူ လာတာမဟုတ်လား။ သူဘယ်သွားလဲကွ။

သာရင်။ တက်စိန် ဆရာတော်ကိုသွားလျှောက်တယ်အဘဟိန်။

ဦးဘဟိန်။ ဩော် ဩော် ... ကောင်းတယ်၊ ကောင်းတယ်။ ဆရာတော် လည်း ဒီကိုကြွလာဦးမှာကွ။ မင်းတို့အဖေမသေခင်က တည်းက ဆရာတော်ကိုလျှောက်ထားတဲ့ကိစ္စတစ်ခုရှိတယ်တဲ့။ မောင်ကြီးအောင်ရေ အဲဒီကုလားထိုင် ဆရာတော်ကြွလာရင် သီတင်းသုံးဖို့ အဆင့်သင့်ချထားကွာ။

ကိုကြီးအောင်။ ဟုတ်ကဲ့ အဘဟိန် ... ။ (ကုလားထိုင်ကို မြေကြီးပေါ်တွင် နေရာတကျချထားစေ။)

မသန်းရှင်။ ဒါဆို ဆရာတော်ကြွလာမှ ယာခင်းကိစ္စပြောရမှာပေါ့နော် အဘဟိန်။

ဦးဘဟိန်။ မဟုတ်ပါဘူးကွယ်။ မင်းတို့မောင်နှမ ယာခင်းကိုခွဲဝေယူကြဖို့ ကိစ္စက ဒါနဲ့ ပေါ့ဒီ မင်းတို့ဘဒွေးဆင်ရှေ့မှာ ပြောဆိုညှိနှိုင်း ကြဖို့ပါ။

ဦးဆင်။ ဆရာတော်ကြွမလာခင် မင်းတို့ရဲ့ မိဘလက်ထက်ယာခင်းတွေကို ခွဲဝေကြတာပေါ့ကွာ။ ဒါကလည်း သိပ်ပြီးပြဿနာမရှိလောက် ပါဘူး။ မြောက်ဘက်က ပေါဟိုထန်းပင်တန်းနဲ့ တောင်ဘက် ပေါဟိုက ထန်းပင်တန်းအကြားဟာ မင်းတို့မိဘပိုင်တဲ့ ယာခင်းတွေပဲကွဲ့။ ၂ ဧကကျော်ကျော်ရှိမယ်ထင်ရဲ့ ဟုတ်လား မောင်ကြီးအောင် မသန်းရှင် ...

www.burmeseclassic.com



ကိုကြီးအောင်။ ဟုတ်ပါတယ်ခင်ဗျာ။

ဦးဘဟိန်။ မောင်ကြီးအောင်က မသန်းရှင်နဲ့ရကတည်းက ကိုဖိုးထင်တို့နဲ့ လက်ရေတစ်ပြင်တည်း လုပ်ကိုင်စားသောက်ခဲ့တာဆိုတော့ ယာခင်းတွေရဲ့ အနေအထားကို ကောင်းကောင်းသိမှာပေါ့ကွာ။

ကိုကြီးအောင်။ ဟုတ်ကဲ့ သိပါတယ်အဘဟိန် ... ။ ဒီယာတွေက ရှေးတုန်းကတော့ ပြောင်းနဲ့ ပဲကြီးလောက်ပဲစိုက်ခဲ့ပေမယ့် ... အခုတော့ မြေပဲ ချလို့ရပြီလေ။ ပြောင်းကို မြေပဲထဲမှာ နည်းနည်းပဲ ညှပ်တော့တယ်။

ဦးဘဟိန်။ မြေကောင်းတွေပေါ့ကွာ။ ဒါကြောင့်လဲ စီမံကိန်းထဲမှာ မြေပဲ စိုက်ဖို့ပဲ တာဝန်ပေးထားတာပေါ့။

ဦးသင်။ မြေက ၂ ဧကကျော်ကျော်ဆိုတော့ မသန်းရှင်နဲ့ မောင်သာရင် တို့မောင်နှမ၊ တစ်ဦးကို တစ်ဧကလောက် ခွဲဝေလုပ်ကိုင်ကြရင် ပြီးတာပေါ့။ ယာခင်းကို ဘယ်လိုနယ်သတ်ပြီး ပိုင်းခြားမယ် ဆိုတာသာညှိကြပါ။

ဦးဘဟိန်။ ကဲ မောင်ကြီးအောင်တို့လင်မယားကပဲ မင်းတို့ယာကွက်တွေကို လုပ်ကိုင်ခဲ့တဲ့အတွေ့အကြုံအရ ဘယ်လို ထက်ဝက်ပိုင်းရင် မျှမလဲ၊ အကြံပေးပါဦး။

ကိုကြီးအောင်။ အဖေမသေခင်က နောက်ဆုံးစိုက်ခဲ့တဲ့ ထန်းပင်တန်းဟာ (လက်ညှိုးထိုးပြပြီး) တောဒီအလယ်ခေါင်ကအတန်းပဲ။ အဲဒီ တုန်းက ကျွန်တော်နဲ့မသန်းရှင် ရခါစ။ ညီလေးကတော့ မြို့မှာ ကျောင်းတက်နေတုန်း။ အဲဒီထန်းပင်တွေကို ကျင်းသင်းမှာ အစေ့တွေလိုက်ချတုန်းက ကျွန်တော့်စိတ်ထဲမှာ အဖေတာ

www.burmeseclassic.com

www.burmeseclassic.com



သူပိုင်တဲ့ယာခင်းတွေကို ထက်ဝက်ပိုင်းပြနေသလားလို့တောင် ထင်ခဲ့မိတယ်ခင်ဗျ။ ဒါကြောင့်မို့လို့ အဲဒီထန်းပင်တန်းကိုမှတည်ပြီး ခွဲလိုက်ရင် ထက်ဝက်ပဲလို့ ဆိုနိုင်ပါတယ် အဘဟိန်။

ဦးဘဟိန်။ မင်းတို့အဖေ ကိုဘိုးထင်ဟာ အလွန်စေ့စပ်သေချာတဲ့လူကွဲ့။ အခု မောင်ကြီးအောင်ပြောတာဟာ သဘာဝကျပါတယ်။ ဒါကြောင့် (အနီးကပ်ရေးဆွဲထားသည့် ထန်းပင်တန်းကို လက်ညှိုးထိုးလျက်) ဟောဒီထန်းပင်တန်းရဲ့ တောင်ဘက်ခြမ်းနဲ့ မြောက်ဘက်ခြမ်းကို မင်းတို့မောင်နှမကြိုက်သလိုယူပြီး လုပ်ကိုင်ကြပေါ့ကွာ။ ကဲ မောင်နှမနှစ်ယောက် ညှိကြတော့။

မသန်းရှင်။ မောင်လေးကြိုက်တဲ့ဘက်ခြမ်းယူ ... ။

သာရင်။ အစ်မက အရင်ရွေးပါ။

ဦးဆင်။ ကဲ ... တစ်ဦးနဲ့တစ်ဦးညှာနေရင် ပြီးမှာမဟုတ်ဘူး။ အဲဒီတော့ ကြီးစဉ်ငယ်လိုက် မသန်းရှင်က မြောက်ဘက်ခြမ်းယူ၊ မောင်သာရင်က တောင်ဘက်ခြမ်းယူ။

အားလုံး။ ကောင်းပါတယ်၊ ကောင်းပါတယ် ...

ဦးဆင်။ ဒို့တူလေး မောင်သာရင်အနေနဲ့ကတော့ ကိုယ်ရတဲ့ယာခင်းကို လက်တွေ့လာပြီး လုပ်ကိုင်နိုင်မှာမဟုတ်တော့၊ ဒီအစ်မ လင်မယားကပဲ လုပ်ကိုင်ပေးပြီး ရတဲ့အကျိုးအမြတ်ကိုယူဖို့ပဲ မဟုတ်လား မောင်သာရင် ... ။

မသန်းရှင်။ အဲဒါကတော့ မောင်လေးကြိုက်သလိုလုပ်ပါ။ အစ်မတို့က လုပ်ပေးပါဆိုလဲ ရသ၍ မောင်လေးဆီကိုပို့ပေးမှာပေါ့။

သာရင်။ (တစ်စုံတစ်ရာကို မကျေနပ်သည့်မျက်နှာထားဖြင့်) ယာခင်းကိုခွဲထားပါတော့လေ။ ဒီ ထန်းပင်တွေကိုကြော့ရော ဘယ်လိုလဲ။

www.burmeseclassic.com

www.burmeseclassic.com



မသန်းရှင်။ မောင်လေးဘာကိုပြောချင်တာလဲဟင် ...

သာရင်။ အဖေတို့အမေတို့ရဲ့ လက်ငုတ်တွေကို ခွဲဝေပေးဖို့ဟာ ဒီထန်းပင်တွေကိစ္စ အစ်မတစ်ခါမှ မပြောဖူးဘူးလေ ... ။

ကိုကြီးအောင်။ ဩော် ... ဒီလိုပါဝဲ့ညီရာ ... ။ ဒီထန်းပင်တွေက တက်လို့မရသေးဘူး။ ဟောဒီအလယ်တန်းဆိုရင် အုပ်လုံးသိမ်းခါစပဲ ရှိသေးတယ်။ ဟိုတက်ကန်သင်းက ထန်းပင်တန်းတွေကတော့ နောက် ၂ နှစ်လောက်ဆို တက်လို့ရမယ်ထင်တယ်။

မသန်းရှင်။ ယာခင်းကိစ္စညှိပြီးရင် အဲဒီထန်းပင်တွေကိစ္စလည်း ဘဒွေးဆင်က ဆက်ပြောမှာပါမောင်လေးရဲ့။

ဦးဆင်။ ထန်းပင်တွေတက်လို့ရတဲ့အရွယ်ရောက်ရင် ဘယ်လိုသီးစားချမယ်ဆိုတာ အခုကတည်းက မင်းတို့မောင်နှမညှိနှိုင်းထားဖို့ကို ယာခင်းကိစ္စပြီးရင် ပြောမယ်လို့ ဘဒွေးစဉ်းစားပြီးသားပါကွာ။

သာရင်။ ထန်းပင်တွေကိစ္စကတော့ အခုတက်လို့မရသေးရင် အပင်အရေအတွက်နဲ့ ခွဲယူပြီး ကိုယ်ကြိုက်သလိုလုပ် ... ၊ အဲဒါပဲ ရှင်းပါတယ် ဘဒွေးဆင်ရာ။ နောက်နောင်ဆိုတာ သေချာတာ မဟုတ်ဘူး ... ။

ရီရီခင်။ ကျွန်မတို့ရတဲ့ ထန်းပင်တွေကိုလည်း ကျွန်မတို့က လှဲယူသွားပြီး အဖေ့လွှစင်မှာ ခွဲစိပ်၊ ကျွန်မတို့သစ်ဆိုင်မှာ တင်ရောင်းဖို့ စဉ်းစားပြီးပါပြီ။

ကျွန်လူများ။ ဟာ ... ဒီလိုမလုပ်နဲ့လေ။

သာရင်။ ဘာလည်း ကိုကြီးအောင်တို့က ကျွန်တော်မရှိရင် ဒီထန်းပင်တွေ အားလုံးအပိုင်စီးမလို့ မဟုတ်လား။

မသန်းရှင်။ ဟင် ... မောင်လေး ... မင်းဘယ်လိုပြောလိုက်တာလဲကွဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘဟိန်။ မောင်သာရင် ... ဒီလိုမပြောနဲ့လေ။

ဦးဆင်။ မောင်သာရင် ... မင်းအထင်မှားနေပြီကွဲ့။

သာရင်။ ကျွန်တော်ထင်တာ မမှားပါဘူး ဘဒွေးဆင်ရာ။ ကျွန်တော်က ထန်းအကြောင်းနားမလည်တော့ ကိုကြီးအောင်က သူ့လက်သူ့ခြေလုပ်တော့မှာဗျ။

ကိုကြီးအောင်။ ဟာ ... ဖို့ညီမှားနေပြီကွာ။ အင်း ... ငါဘယ်လိုရှင်းပြရမလဲ။

(ဖြေရှင်းရခက်နေဟန်နှင့် ဟိုသည် လမ်းလျှောက်နေစေ။)

ထိုစဉ်၊ ရွာဦးကျောင်းဆရာတော်ဦးသီလနှင့် တက်စိန်တို့ ဇာတ်စင်လက်ဝဲဘက်မှ ထွက်လာကြစေ။ ၎င်းတို့နှင့်အတူ ထန်းသမား ကိုမန်းစော ပါလာစေ။)

ဆရာတော်။ (ကုလားထိုင်တွင် ဝင်ထိုင်ရင်း) ဘာတွေဖြစ်နေကြတာလဲကွဲ့။ တစ်ယောက်ကလည်း မှားတယ်၊ တစ်ယောက်ကလည်း မမှားပါဘူးနဲ့ ...

(အားလုံး ဆရာတော်ရှေ့တွင် ရိုသေစွာထိုင်ပြီး ကန်တော့ကြစေ။)

ဦးဘဟိန်။ ဒီလိုပါဘုရား ...။ ထန်းပင်တွေကို တစ်ဝက်ခွဲပြီး၊ မောင်သာရင်က မြို့ကို လှဲယူသွားမယ်ဆိုလို့ ပြောနေကြတာပါဘုရား။

ဆရာတော်။ ဟယ် ... မောင်သာရင်က ဒီလိုလုပ်မလို့လား။ အဲဒီလိုမလုပ်ရဘူးလေ။ ယာတစ်ကွက်နဲ့တစ်ကွက်အကြားမှာ ခုလိုထန်းပင်တန်းတွေဖြစ်လာတာ မင်းတို့ အဖေရဲ့ ဝါယမစိုက်ထုတ်မှုတွေကွဲ့။ တော်ရုံတန်ရုံ ဝီရိယ၊ လုံ့လနဲ့ဆိုအခုလိုထန်းပင်ကြီးတွေ ဘဝ ဘယ်ရောက်လာပါ့မလဲ။ ဟုတ်ဘူးလား ဒကာဆင် ...။

ဦးဆင်။ ဟုတ်ပါတယ်ဘုရား။ အစ်ကိုကြီး ကိုတိုးထင်ဟာ ယာခင်းထဲက ကို ထွက်တယ်မရှိဘူး။ ယာလုပ်ငန်းနှင့်မှည်းအားတာနဲ့၊

www.burmeseclassic.com



ကန်သင်းတွေမှာ ထန်းစေ့ချ။ ပြီးတော့ ပေါက်လာတဲ့ ထန်းပင် လေးတွေကို မပျက်စီးအောင် ဂရုစိုက်ရတာနဲ့ နားရတယ်လို့ မရှိခဲ့ပါဘူး ...

မသန်းရှင်။ (မျက်ရည်စမ်းစမ်းပြုလျှက်) အဲဒါကြောင့်လည်း အဖေ စောစော သေတာပေါ့ဘုရား။

ဆရာတော်။ ကဲ ... မောင်သာရင်၊ မင်းအဖေအဲဒီလို ထန်းပင်တွေစိုက်ခဲ့တာဟာ သူ့အတွက်လားကွဲ့။

သာရင်။ မ ... မဟုတ်ပါဘူးဘုရား။

ဆရာတော်။ အေး ... သူ့အတွက်လုံးဝမပါဘူး။ ထန်းပင်ဆိုတာ နောင်လာ နောက်သား မင်းတို့သားသမီးတွေပဲ အကျိုးခံစားရတာမျိုးကွဲ့။ အခု ဆရာတော်ဒီကိုလာတာဟာလဲ၊ မောင်သာရင်တို့ မသန်းရှင် တို့ရဲ့ဘိုးအေ၊ ဦးဘိုးထင်ရဲ့အဖေဖြစ်တဲ့ ဦးယောစိုက်ခဲ့တဲ့ ထန်းပင်တွေဟာ ဘယ်လိုအကျိုးပြုခဲ့တယ်ဆိုတာ မင်းတို့သိရ အောင် လာပြောတာ။ တစ်နည်းပြောရရင် မင်းတို့ကို ပြန်အပ် မလို့လာတာကွဲ့။

(အားလုံး၊ ဆရာတော်ကို အံ့ဩစွာ မော့ကြည့်ကြစေ။)

ဆရာတော်။ ကဲ အဲဒါ အသာထားဦး။ ထန်းပင်တစ်ပင်ဖြစ်ဖို့ဆိုတာ ဘယ် လောက်အချိန်ယူရသလဲ၊ ဘယ်လောက်ဝါယမစိုက်ထုတ်ရသလဲ ဆိုတာ ကျုပ်အခုခေါ်လာတဲ့ ဒကာကြီး ကိုမန်းစောက ထန်းပင် တွေကို ခုတ်လှဲယူချင်နေတဲ့ ဒကာလေး မောင်သာရင်ကို ပြောပြ လိုက်ပါဦး။ ကိုမန်းစောဆိုတာက ထန်းတောထဲက်ကို မထွက်တဲ့ ထန်းသမားစစ်စစ်ကွဲ့ မောင်သာရင်ရဲ့။

မန်းစော။ ထန်းပင်ဆိုတာ ခုစိုက်ခုစားရတာမျိုးမဟုတ်ပါဘူး။ အပင်

www.burmeseclassic.com

www.burmeseclassic.com



ကလေးစပေါက်တော့ အရွက်ကလေးနှစ်ရွက်ကယ်။ (၇) နှစ်ကြာမှ "ဆင်ခြေ" လို့ခေါ်တဲ့ ပင်စည်ကလေးဖြစ်။ တစ်နှစ်ကို တစ်ပေလောက်ပဲတက်ပြီး (၁၉) နှစ်၊ အနှစ် (၂၀) ကြာမှ အုပ်လုံးသိမ်းချိန်ရောက်တယ်။ ထန်းပင်အရွယ်ရောက်တယ်ပေ့။ အရွယ်ရောက်ပြီး (၈) နှစ်၊ (၉) နှစ်လောက်ကြာမှ ထန်းတက်လို့ရတာကလား။ ဒီအချိန်မှာလည်း ထန်းဖိုနဲ့ ထန်းမ ကွဲသေးတယ်၊ ထန်းသမားကျွမ်းကျင်မှုပေါ်မူတည်ပြီး ထန်းရည်ရတယ်။ ထန်းရည်ကို ထန်းလျက်ချက်တယ်။ ထန်းတက်တော့လည်း ထန်းဖို ထန်းမ၊ သူ့ရာသီနဲ့သူ။ ပြောရရင်တော့ အရှည်ကြီးပါပဲ။ ထန်းပင်တစ်ပင်ဖြစ်ဖို့ နှစ်တွေအကြာကြီး စောင့်ရသလို၊ ထန်းလျက်တစ်ခဲဖြစ်ဖို့လည်း မလွယ်ပါဘူးဘုရား။

ဆရာတော်။ ကဲ … ဒီလောက်မလွယ်တဲ့ ထန်းပင်ကို ဦးဘိုးထင်က သူ့အကျိုးမပါ၊ သားသမီး မြေးမြစ်တွေအတွက် အရှည်မျှော်ပြီးစိုက်ခဲ့တယ်။ အခု သားသမီးတွေ လက်ထက်ကျတော့ ခုတ်လှဲပြီးသုံးမယ် ဆိုရင်၊ ကဲ သင့် မသင့် ဒကာလေးမောင်သာရင်ပဲ ဆုံးဖြတ်ပေတော့။

သာရင်။ တပည့်တော်မှားသွားပါတယ်ဘုရား။

မန်းစော။ ထန်းဆိုတာလည်း အမွေခွဲလေ့မရှိဘူး မောင်သာရင်ရဲ့။ မွေးချင်းတွေစုပေါင်းပိုင်ဆိုင်ပြီး၊ တစ်ဦးတစ်နှစ်အလှည့်ကျခံစားလေ့ရှိကြတာ။ ဒါမှလည်း အကျိုးရှိတာလေ။

ကိုကြီးအောင်။ ဒါကြောင့်လည်း နောက် (၂) နှစ်လောက်ကျရင် တက်လို့ရမယ့် ထန်းပင်တွေကို ဘယ်လိုသီးစားချမယ်၊ နောက်ပိုင်းဆက်တိုက် ဆက်တိုက်တက်လို့ရလာမယ့် ထန်းပင်တွေကိုလည်း ဘယ်လို သီးစားချမယ်ဆိုတာတွေကို ကိုကြီးတို့က တိုက်ညှိနှိုင်းကြမှာပါ ညီလေးရယ် … ။

www.burmeseclassic.com

www.burmeseclassic.com



သာရင်။ ကျွန်တော်အထင်လွဲပြီး ရိုင်းရိုင်းပျပျပြောခဲ့တာတွေကို ခွင့်လွှတ်ပါ အစ်ကိုတို့ အစ်မတို့ရာ ... ။

မသန်းရှင်။ မောင်လေးတစ်ယောက်ပဲရှိတာကွယ်။ မောင်လေးကမသိလို့ပြောမိတာ၊ အစ်မတို့က ခွင့်လွှတ်ပြီးသားပါ။

ဆရာတော်။ ကဲ ကဲ ... အခု ဆရာတော် ဒီကိုလာရတဲ့အကြောင်းကိုပြောမယ်နော်။

အားလုံး။ မှန်ပါ့ဘုရား ... ။

ဆရာတော်။ ဟိုး ... မြောက်ဘက်အစွန်ဆုံး ထန်းပင်တန်းကိုတွေ့ကြလား။ (ခပ်ဝေးဝေးသို့ လက်ညှိုးထိုးပြစေ။) ဆရာတော့်ကျောင်းဝင်းနားက ယာခရိုးမှာ စိုက်ထားတဲ့ထန်းပင်တန်းလေ ... ။

အားလုံး။ (ဇာတ်စင်၏လက်ဝဲဘက်၊ ဆရာတော်ညွှန်ပြရာဆီသို့ လှမ်းမျှော်ကြည့်ကြပြီး) တင်ပါ့၊ မြင်ပါတယ်ဘုရား ... ။

ဆရာတော်။ အေး ... အဲဒါ ဒကာကြီး ဦးဘိုးထင်ရဲ့ဖခင် ဦးယော စိုက်သွားတာတဲ့။ အဲဒီနားက ဝတ္တကံမြေတွေဟာလည်း ရှေးတုန်းကတော့ ဦးယောတို့ ဘိုးဘေးတွေရဲ့ ယာမြေတွေ ဖြစ်ဟန်တူပါရဲ့။ ဦးယောဟာ အဲဒီထန်းပင်တွေစိုက်ခဲ့ပြီး၊ ဦးဘိုးလက်ထက်ကျတော့ ထန်းပင်တွေဟာ တက်လို့လည်းရရော၊ ဦးဘိုးထင်က ဒီထန်းပင်တွေကရတဲ့အကျိုးအမြတ်နဲ့ ဘုန်းကြီးကျောင်းဝိုင်းထဲမှာ အုတ်လမ်းတွေလုပ်ပေးပါဘုရားဆိုပြီး ဘုန်းကြီးကိုအပ်တယ်။ ဘယ်သူ့မှ သိဟန်မတူဘူး။ ထန်းသီးစားလုပ်ကိုင်ပေးဖို့လည်း ဟောဒီ ထန်းသမား၊ ဒကာကြီးကိုမန်းစောနဲ့ တစ်ခါတည်းစီစဉ်ခဲ့တယ်ကွဲ့။ အများကတော့ ဒီထန်းပင်တွေဟာ ဝတ္တကံမြေထဲကပဲဆိုပြီး ဘုန်းကြီးကျောင်းပိုင်လို့ ထင်ကြတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဦးဆင်။ တပည့်တော်တောင်မသိဘူးဘုရား ... ။

ဆရာတော်။ အေး ... အခုတော့ ကျောင်းထဲက အုတ်လမ်းတွေလည်း ထန်းသီးစားရငွေတွေနဲ့ ဆရာတော်တရွေ့ရွေ့လုပ်လာလိုက်တာ အခုဆို လမ်းတွေပြည့်စုံသလောက်ရှိသွားပါပြီ။ ဒါကြောင့်မို့ အဲဒီ ထန်းပင်တွေရဲ့ပိုင်ရှင်ဟာ ဦးဘိုးထင်ရဲ့ သားသမီးများဖြစ်ကြတဲ့ မသန်းရှင်နဲ့ မောင်သာရင်ပဲဖြစ်မှာပေါ့။ ဒီတော့ ဘုန်းကြီးက အဲဒီထန်းပင်တွေကို ပြန်အပ်ဖို့လာတာပဲကွဲ့။

(အားလုံး အံ့သြနေကြစေ။ အတန်ကြာမှ ...)

သာရင်။ တပည့်တော်ကတော့ ပြန်မယူလိုပါဘူးဘုရား ...

မသန်းရှင်။ တပည့်တော်မလည်း မယူဘူးဘုရား။ ဒီလိုလုပ်ရင်မကောင်းဘူးလား၊ ကျောင်းဝိုင်းထဲက အုတ်လမ်းတွေမှာ နတ်လမ်း အမိုးတွေ ဆက်လုပ်နိုင်ဖို့၊ အဲဒီထန်းပင်တွေကို အပြီးဆက်ကပ် လှူဒါန်း ချင်ပါတယ်ဘုရား ... ။ မောင်လေးဘယ်လို သဘောရသလဲ။

သာရင်။ ကောင်းတယ်အစ်မ၊ ကောင်းတယ်။ နောက်ပြီး ဟောဒီထန်းတွေ ကိစ္စလဲ ထန်းပင်တွေတက်လို့ရတဲ့အချိန်ကျမှ အစ်မတို့ ကောင်းသလိုစီစဉ်ပါ။ တစ်ခုတော့မှာခဲ့ချင်ပါတယ်အစ်မ ...

မသန်းရှင်။ ဘာလဲ မောင်လေး ...

သာရင်။ ဒီထန်းတွေကနေ ပထမဆုံးရတဲ့ အကျိုးအမြတ်အားလုံးကို အဖေတို့ အမေတို့အတွက် အလှူဒါနလုပ်ရအောင်နော် ... ။

မသန်းရှင်။ စိတ်ချ မောင်လေး၊ ကျောင်းကန်ဘုရားမှာ အဖေတို့ အမေတို့ နာမည်နဲ့ လှူကြမယ်လေ။

အားလုံး။ သာဓု ... သာဓု ... သာဓု ...

www.burmeseclassic.com

www.burmeseclassic.com



ဦးသာဟိန်။ ကောင်းလိုက်တာကွယ်။ မင်းတို့ရဲ့ ကွယ်လွန်သူ မိဘဘိုးဘွား တွေအတွက်လည်း အကျိုးများတာပေါ့ကွာ။

ဆရာတော်။ ကဲ ... ဒါဆိုရင် အခုပဲ ဘုန်းကြီးနဲ့အတူ ကျောင်းကိုလိုက်ခဲ့ကြ ပေတော့။ တစ်ခါတည်းပဲ ရေစက်ချကြရအောင် ... ။

အားလုံး။ တင်ပါ့ဘုရား ...

(ဆရာတော် ဦးသီလက ရှေ့ဆောင်ပြီး၊ အားလုံးရွှင်လန်း ဝမ်းမြောက်စွာ ဇာတ်စင်၏လက်ဝဲဘက်သို့ ဝင်သွားကြစဉ်)

(ရှေ့ဖုံးကားပိတ်)

www.burmeseclassic.com

www.burmeseclassic.com

# ကဲ ခင်ဗျားကိစ္စပြော

(တစ်ခန်းရပ်ပြဇာတ်)

## ပါဝင်သူများ

| | | |
|---|---|---|
| ၁။ | ဦးသိန်းထူး | - မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး/ မြို့နယ်အတွင်းရေးမှူး |
| ၂။ | ဦးမောင်ခင် | - ဦးသိန်းထူး၏ဖခင် |
| ၃။ | မောင်တိုး | - ရုံးလုလင် |
| ၄။ | ဦးရှုဝံ | - ရှုဝံစားသောက်ဆိုင်ပိုင်ရှင် |
| ၅။ | ဦးကျောက် | - အင်းသူကြီး |
| ၆။ | ဒေါ်ချက် | - ကျေးရွာဥက္ကဋ္ဌကတော် |
| ၇။ | မောင်မောင်တောက် | - သတင်းထောက် |
| ၈။ | ရွှေကိုယ်နန်း | - နတ်ကတော် |
| ၉။ | | - စာရေးတစ်ဦး |

## အပြင်အဆင်

ရုံးခန်းတစ်ခန်း၏ အုတ်နံရံရေးချက် နောက်ခံကားရှိရမည်။ နံရံပေါ်တွင် နိုင်ငံတော်နှင့်ပတ်သက်သော ဆောင်ပုဒ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပတ်သက်သောဆောင်ပုဒ်များ၊ လမ်းညွှန်စာများ၊ စီမံခန့်ခွဲမှုပိုင်ရာဇယားများ၊



www.burmeseclassic.com

www.burmeseclassic.com



ပြက္ခဒိန်များ စသည်တို့ကို ချိတ်ဆွဲထားရမည်။ မြို့နယ်မြေပုံတစ်ခုလည်းဆွဲထား ရမည်။

နောက်ခံကား၏ရှေ့တွင် အရာရှိစားပွဲကြီးတစ်လုံး၊ အရာရှိထိုင်ရန် ကုလားထိုင်တစ်လုံးနှင့် ဧည့်သည်များထိုင်ရန် ကုလားထိုင်များ၊ အရေအတွက်သင့်သလို ထားရှိရမည်။

စားပွဲပေါ်တွင် စာအုပ်များ၊ စာတွဲများ၊ စာခြင်းများ စသည်တို့လည်း တင်ထားရှိရမည်။

၎င်းစားပွဲ ကုလားထိုင်များကို ဇာတ်စင်၏လက်ဝဲဘက်သုံးချိုးနှစ်ချိုးခန့် နေရာတွင် ခင်းကျင်းထားရမည်ဖြစ်ပြီး၊ အရာရှိလုပ်သူက လက်ယာဘက်သို့ မျက်နှာမူ၍ ထိုင်သည့်ပုံစံ (ပရိသတ်က ဘေးတိုက်မြင်ပုံစံ) ဖြစ်အောင် ခင်းကျင်းထားရမည်။

၎င်း စားပွဲကုလားထိုင်များ၏ရှေ့ပိုင်း၌ ဇာတ်စင်၏လက်ယာဘက် သုံးချိုးတစ်ချိုးခန့်ကို သစ်သားခန်းဆီးရေးချက်ကား (ဇာတ်စင်၏ သုံးချိုးတစ်ချိုးခန့် အလျားရှိသောပိတ်ကား) ထားရှိရမည်။ (အရာရှိ ရှိနေသောရုံးခန်း၏အတွင်းပိုင်း သုံးချိုးနှစ်ချိုးနှင့် အပြင်ပိုင်း သုံးချိုးတစ်ချိုးကို မြင်ကွင်းပေါ်နေစေရန်ဖြစ်သည်။

၎င်းခန်းဆီးအထက်နားတွင် "ဦးသိန်းထူး (ဒု-ဦးစီးမှူး) အတွင်းရေးမှူး" ဟူသော ဆိုင်းဘုတ်ငယ်ချိတ်ဆွဲထားပြီး၊ ၎င်းအောက်တွင် ရုံးလုလင်ထိုင်ရန် ကုလားထိုင်တစ်လုံးရှိရမည်။ ၎င်းနှင့် မနီးမဝေးတွင် ဧည့်သည်များထိုင်ရန် တန်းလျားခုံရှည်တစ်ခု ချထားရမည်။

(ရှေ့ဖုံးကားဖွင့်)

www.burmeseclassic.com

www.burmeseclassic.com



(ရုံးလုလင်မောင်တိုးသည် အရာရှိစားပွဲ၊ ကုလားထိုင်များကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ရှင်းလင်းပြီး ဖုန်ခါလျှက်ရှိစေ။ ဧည့်သည်ကုလားထိုင်များကိုလည်း စနစ်တကျနေရာချထား ပြီးနောက်၊ ရှေ့နားသို့ထွက်လာပြီး တစ်ဦးတည်း ညည်းညူ ပြောဆိုနေစေ။)

မောင်တိုး။ ဒီအတွင်းရေးမှူးပြောင်းလာမှ ငါလဲ အိပ်မှာနေချိန်ကိုမရှိဘူး။ မနက် ၈ နာရီဆို ရုံးအရောက်လာရတယ်။ ညနေကျတော့ လည်း မိုးချုပ်မှအိပ်ပြန်ရ။ အင်း ... မချောင်ဘူး။ အပြင်မှာ စီးပွားရေးလေးဘာလေးတောင် လုပ်ချိန်မရတော့ဘူး ... ။ (မိမိကုလားထိုင်တွင်သွားထိုင်ပြီးဆက်ပြော) အင်း ... သူကတော့ မိန်းမမရှိ ဘာမရှိနဲ့၊ တစ်ယောက်တည်းသမားဆိုတော့ သူ့တိုက်ခန်းမှာ သူမနေလေ၊ ငါ့မှာခံရလေပဲ။ လူတွေကလည်း မ-ဝ-တ အတွင်းရေးမှူးအသစ်က ရုံးအစောကြီးလာတယ် ဆိုတာသိလာတော့ သူ့တို့ကိစ္စတွေကို အစောကြီးရုံးလာတွေ့ ကြ၊ ပြောကြ ဆိုကြနဲ့။ ရှုပ်လိုက်တဲ့အလုပ် ... ။ (ခေါင်းကုပ်ပြီး စိတ်ရှုပ်ဟန်ပြနေစေ) ဟာ ... ပြက္ခဒိန်မှာ ရက်မရွှေ့ရသေး ဘူး၊ သွားရွှေ့လိုက်ဦးမှ။

(ပြောပြောဆိုဆို ထသွားပြီး၊ အရာရှိစားပွဲဘေးရှိ ပြက္ခဒိန်တွင် နေ့ရက်ပြ အနီအမှတ်အသားကို နေရာရွှေ့စေ။)

(ထိုအချိန်မှာပင်၊ ဇာတ်စင်လက်ယာဘက်အတွင်းဘက်မှ "မောင်တိုးရေ ... မောင်တိုး ..." ဟု ခေါ်သံထွက်ပေါ်ပြီး ဦးရှုစံ ထွက်လာစေ။ လက်ထဲတွင် ထမင်းချိုင့်တစ်ချိုင့်ပါလာစေ။)

မောင်တိုး။ (ခေါင်းကုပ်ပြီး) ဟော ... ဧည့်သည်တစ်ယောက်လာပြီ။

www.burmeseclassic.com

www.burmeseclassic.com



(အခန်းအပြင်ဘက်၊ မိမိနေရာသို့ထွက်လာစေ။ ဦးရွှဝံကို တွေ့စေ)

မောင်တိုး။ ဪ ... ဦးလေးရွှဝံ ... ထမင်းချိုင့် လာပို့တာလား။ ကျွန်တော် လာယူနေကျပဲဟာ။ အချိန်ကျရင် လာယူမှာပေါ့။

ဦးရွှဝံ။ (ထမင်းချိုင့်ကို မောင်တိုးအား လှမ်းပေးရင်း) ကြုံလို့ယူလာတာ ပါကွာ။ ငါ ... ကိုသိန်းထူးကို ကိစ္စတစ်ခုပြောစရာရှိလို့ကွ မောင်တိုးရ။

မောင်တိုး။ ဟုတ်လား ... အတွင်းရေးမှူးမရောက်သေးဘူး ဦးလေးရွှဝံ။ ခဏစောင့်ဦးပေါ့။ ထိုင် ဦးလေး။

ဦးရွှဝံ။ အေးကွာ၊ စောင့်တာပေါ့။ (တန်းလျားခုံရှည်တွင်ထိုင်စေ။) ကိုသိန်းထူး ထမင်းစားရတာ အဆင်ပြေသတဲ့လား၊ ဘာပြော သေးလဲ မောင်တိုး။

မောင်တိုး။ ဦးလေးတို့ ရွှဝံစားသောက်ဆိုင်က နာမည်ရပြီးသားပဲ ဦးလေးရာ ...၊ အတွင်းရေးမှူးက စားကောင်းတယ်လို့ပြောပါ တယ်။

ဦးရွှဝံ။ ဝမ်းသာပါတယ်ကွာ။ ငါက ထမင်းချိုင့်ဆွဲနှုန်းကို ပုံမှန်မပေးပါနဲ့။ သတိရမှပေးပါဆိုတာ၊ သူက လကုန်တယ်ဆို ချက်ချင်းပေး တာပဲကွ။

မောင်တိုး။ သူ ဒီမြို့ကိုရောက်တာ သုံးလေးလပဲရှိသေးတယ်၊ ရုံးကလူတွေ က သူ့ကို ဘွဲ့ပေးထားပြီလေ ... ဦးလေးရဲ့ ... ။

ဦးရွှဝံ။ ဘာဘွဲ့ပါလိမ့် ...

မောင်တိုး။ ကိုတိကျ ... တဲ့။

ဦးရွှဝံ။ ဟား ဟား ဟား ... ဟုတ်မယ်ကွ၊ မောင်တိုးရ၊ သူက တိတိ ကျကျပဲကွ။ အခုတောင် ငါ အခုတင်ပြမယ့်ကိစ္စကို ဆိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| | သူနဲ့ တစ်နေ့ကတွေ့တုန်းက ငါပြောတော့ အဲဒီ ရုံးမှာလာပြောပါတဲ့ကွ။ |
| မောင်တိုး။ | ဟုတ်တယ် ဦးလေးရေ၊ သူက ရုံးကိစ္စကို ရုံးမှာပဲပြောတယ်။ သူ့ကိုတွေ့ချင်ရင်လည်း ကျွန်တော်က ကြိုတင်သတင်းပို့ပြီးမှ အစဉ်အတိုင်းတွေ့ခွင့်ပေးတယ်။ ကြားဖောက်တွေ့လို့မရဘူး။ ပြောရမှာလည်း ခပ်ပြတ်ပြတ်ပဲ ... ။ |
| | (ထိုစဉ် ... ဦးကျောက် လက်ယာဘက်မှ ထွက်လာစေ။) |
| ဦးကျောက်။ | အတွင်းရေးမှူးရောက်ပြီလားဟေ့။ |
| မောင်တိုး။ | မရောက်သေးဘူး ဦးလေး။ အတွင်းရေးမှူးနဲ့ တွေ့မလို့လား။ ဦးလေးက ဘယ်ကလဲ၊ ဘာကိစ္စလဲ ခင်ဗျာ။ |
| ဦးကျောက်။ | ဇလုပ်အင်းသူကြီး ဦးကျောက်ဆိုတာငါပဲကွ။ ငါ့အင်းထဲကို စပါးတွေ ဝင်စိုက်တဲ့ကိစ္စ ငါလာတင်ပြတာ။ |
| မောင်တိုး။ | ဦးလေးကျောက် ခဏထိုင်စောင့်ပါနော်။ အတွင်းရေးမှူး မကြာခင်လာပါလိမ့်မယ်။ |
| | (ဦးကျောက် တန်းလျားခုံတွင် ဝင်ထိုင်စေ။) |
| | (အမျိုးသမီးကြီးတစ်ဦး ဇာတ်စင်၏ လက်ယာဘက်မှ ထွက်လာစေ) |
| မောင်တိုး။ | ဘာကိစ္စပါလိမ့်၊ အဒေါ်။ |
| အမျိုးသမီး။ | ငါက ကျီးသာရွာက ဥက္ကဋ္ဌကတော် ဒေါ်ချက်။ ဒီရုံးက ဦးသိန်းထူးရုံးလားကွဲ့။ |
| မောင်တိုး။ | ဟုတ်ပါတယ်၊ အတွင်းရေးမှူး ဦးသိန်းထူးရုံးခန်းပါ။ |
| ဒေါ်ချက်။ | သူ ငါတို့ ရွာ လာတုန်းက အခက်အခဲရှိရင် သူ့ဆီလာခဲ့ပါဆိုလို့ အခု ငါလာခဲ့တာ။ သူဘယ်မှာလဲ။ ငါဝင်တွေ့ချင်တယ်။ |
| မောင်တိုး။ | နေဦးအဒေါ် ဒီမှာ ခဏထိုင်စောင့်နော်။ ဦးသိန်းထူး ခဏနေရင် ရောက်ပါလိမ့်မယ်။ ကျွန်တော် သူလာရင် တင်ပြပေးပါ့မယ်။ |

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ချက်။ (ဟိုကြည့် သည်ကြည့်နှင့် တန်းလျားပေါ်ဝင်ထိုင်ရင်း) အကြာကြီးစောင့်ရမှာလားကွယ်။ ငါက အိမ်ကလူသိမှာစိုးလို့ ပါစင်ကျာစက်လေ့နဲ့မလိုက်ဘဲ ကိုယ်တိုင်လျှောက်ပြီး လာရတာ။ ငါ ဒီလာတာ အိမ်ကလူမသိအောင် မြန်မြန်ပြန်ချင်တာကွဲ့။

(ထိုစဉ်ပင်၊ ဇာတ်စင်လက်ဝဲဘက်မှ တိုက်ပုံနှင့် ဦးသိန်းထူး ထွက်လာစေ။ ဘယ်ကိုမှမကြည့်ဘဲ စားပွဲတွင်ဝင်ထိုင်စေ။ တင်ထားသော ဝင်စာများကိုဖတ်စေ။)

ဒေါ်ချက်။ (ဦးသိန်းထူးကို လှမ်းမြင်သည်နှင့် ထိုင်ရာမှ ထပြီး) ဟော ဦးသိန်းထူးလာပြီ။ ငါသွားတွေ့လိုက်မယ်နော် ...။

မောင်တိုး။ (ပျာပျာသလဲလက်ကာပြီး) ဟာ ... ဟာ ... အဒေါ် နေဦး။ ကျွန်တော်ခေါ်မှ ဝင်တွေ့ရမှာဗျ။ ထိုင်နေဦး ထိုင်နေဦး ...။

(ဒေါ်ချက် မတ်တတ်မတ်တတ်နှင့် ခြေလှမ်းပြင်နေစေ။)

မောင်တိုး။ အဒေါ်ကလည်း ထိုင်နေပါဦး။ အဒေါ့်ရှေ့မှာ ၂ ယောက် ရှိသေးတယ်ဗျ။

(ဒေါ်ချက် ပြန်ထိုင်စေ။)

(မောင်တိုး အတွင်းရေးမှူးစားပွဲသို့ဝင်သွားပြီး သတင်းပို့စေ။)

မောင်တိုး။ တွေ့ဖို့စောင့်နေတာ (၃) ယောက်ရှိတယ်ဆရာ။

ဦးသိန်းထူး။ (မော့ကြည့်ပြီး) အေး ... အစဉ်လိုက်လွှတ်လိုက်ကွာ။ (စာများဆက်ဖတ်နေစေ။)

(မောင်တိုး ပြန်ထွက်လာပြီး ဦးမှုံကို လက်ပြကာ ဝင်ခိုင်းစေ။ ဦးမှုံ အတွင်းရေးမှူးထံဝင်သွားပြီး ရှေ့ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်စေ။)

ဦးသိန်းထူး။ (စာဖတ်ဆဲ၊ မော့မကြည့်သေးဘဲ) ကဲ ... ခင်ဗျားကိစ္စပြော။

www.burmeseclassic.com



ဦးရှုဝံ။ ကိုသိန်းထူးကို တစ်နေ့က ဆိုင်မှာ ပြောပြတဲ့ကိစ္စလေ ...။

ဦးသိန်းထူး။ (စာဖတ်ရပ်ပြီး မော့ကြည့်ကာ) ဩော် ... ဦးလေး ရှုဝံပါလား။ ဘုရားပွဲကိစ္စဟုတ်လား။ ဦးလေးက ဘာတင်ပြချင်တာလဲ။

ဦးရှုဝံ။ ရွှေမြင်သာဘုရားပွဲက ရွှေလမှာကျင်းပတော့မှာလေ။ ဇဇက်ဝင်ဘုရားပွဲကြီးပေါ့။ မနှစ်က၊ ပွဲဈေးတန်းနေရာသတ်မှတ်ပေးတာ ဟိုအရင်ကနဲ့မတူဘဲ စားသောက်ဆိုင်တန်းကို တစ်မျိုးစီစဉ်လိုက်တော့ အဆင်မပြေဖြစ်သွားတယ်။ အဲဒီ ဒီနှစ်ဈေးတန်းတွေ သတ်မှတ်တဲ့အခါ ဂေါပကအဖွဲ့ကို ညှိနှိုင်းပေးစေချင်ပါတယ်။

ဦးသိန်းထူး။ စားသောက်ဆိုင်တန်းဆိုတာကတော့ ဇာတ်ရုံနဲ့ အနီးဆုံးထားလေ့ရှိတာပဲ။ ကျွန်တော်ကလည်း ရောက်ခါစဆိုတော့ အနေအထားမသိသေးဘူး။ ကဲ ... ဦးလေးတင်ပြတာကို ကျွန်တော် မှတ်ထားမယ်နော်။ ဘုရားပွဲတော် အစည်းအဝေးကျရင် ကျွန်တော်သေသေချာချာ လေ့လာပြီး ဖြတ်သင့်တာဆွေးနွေးညှိနှိုင်းပေးပါ့မယ်။ ကဲ ... ဦးလေးပြန်နိုင်ပါပြီ။ (မှတ်စုစာအုပ်တွင် ရေးမှတ်နေစေ။)

(ဦးရှုဝံ ပြန်ထွက်လာစေ။)

ဦးရှုဝံ။ မောင်တိုးရေ ... ဦးလေးပြန်မယ်ဟေ့။

(ဇာတ်စင်၏ လက်ယာဘက်သို့ ဝင်စေ။)

မောင်တိုး။ (ဦးကျောက်သို့) ဦးလေး ... ဝင်နိုင်ပါပြီ။

(အင်သူကြီး ဦးကျောက် အတွင်းရေးမှူး အခန်းထဲဝင်သွားပြီး ရှေ့ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်စေ။)

ဦးသိန်းထူး။ (မှတ်စုစာအုပ်တွင် ရေးမှတ်နေရင်းကပင် မော့မကြည့်သေးဘဲ ကဲ ... ခင်ဗျားကိစ္စပြော။)

www.burmeseclassic.com

www.burmeseclassic.com



ဦးကျောက်။ ကျွန်တော်က ဇလုပ်ကျေးရွာအုပ်စုက အင်းသူကြီး ဦးကျောက် ပါ။

ဦးသိန်းထူး။ (မော့ကြည့်ပြီး) ဘာတင်ပြချင်တာလဲ။

ဦးကျောက်။ ကျွန်တော့်အင်းထဲမှာ စပါးတွေဝင်စိုက်နေကြလို့ပါ။

ဦးသိန်းထူး။ ဩော် ... မုရင်းစပါးစိုက် တဲ့ပြဿနာနဲ့တူတယ်။ ခင်ဗျားအင်းထဲ မှာဆိုတာ သေချာရဲ့လား။ လယ်သမားဘယ်နှစ်ဦးလဲ။ အရင်က ရောစိုက်လေ့ရှိတာလား။

ဦးကျောက်။ အရင်နှစ်တွေက အင်းစောင်းမှာ စိုက်တာတွေကိုတော့ ကျွန်တော် မပြောခဲ့ပါဘူး။ အင်းနယ်ထဲကို သိပ်မကျူးဘူး။ ဒီနှစ်တော့ သူတို့က အင်းထဲက ငါးတွေရမှန်းသိတော့ မုရင်းနယ်ကို ချဲ့ချဲ့လာကြလို့ ကျွန်တော်အခုလို မ.ဝ.တ ကို လာတင်ပြ ရတာပါ။

ဦးသိန်းထူး။ အင်းနယ်နိမိတ်မြေပုံတွေ ငါးလုပ်ငန်းဦးစီးဌာနမှာရှိပြီးသား ပဲဗျာ။ စစ်ကြည့်လိုက်ရင်ပေါ်မှာပေါ့။ ဒီတော့ အဲဒီဖြစ်စဉ်ကို စာနဲ့ရေးပြီးတင်ခဲ့ဗျာ။ မ.ဝ.တ အစည်းအဝေးမှာ တင်ပေးမယ် ဟုတ်လား။

ဦးကျောက်။ ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကျွန်တော်လျှောက်လွှာ သွားရေးပြီး ရုံးမှာတင်ခဲ့မယ်နော်။

ဦးသိန်းထူး။ အေပေါ့ ... အေပေါ့ ... (စားပွဲပေါ်မှာ ဝင်စာများကို ဆက်ဖတ်စေ) (ဦးကျောက် ဇာတ်စင်၏ လက်ယာဘက်သို့ဝင်သွားစေ။)

မောင်တိုး။ (အော်ချက်သို့) ကဲ ... အအော်ဝင်တွေလို့ရပြီ။

(အော်ချက်အခန်းထဲဝင်သွားပြီး အတွင်းရေးမှူး စားပွဲရှေ့တွင် မတ်တတ် ရပ်စေ။)

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းထူး။ (စာဖတ်ဆဲ မော့မကြည့်သေးဘဲ) ကဲ ... ခင်ဗျားကိစ္စပြော။

ဒေါ်ချက်။ ထိုင်ပြောလို့ရမလား။

ဦးသိန်းထူး။ (မော့ကြည့်ပြီး) ထိုင်ပြောပါ။ အဒေါ်ကဘယ်ကလဲ။ ဘာကိစ္စလဲ။

ဒေါ်ချက်။ (ထိုင်ချလိုက်ပြီး) ဩော် ...ကျုပ်အိမ်မှာ ထမင်းစားသွားတာတောင် ကျုပ်ကိုမမှတ်မိတော့ဘူးလား။ ကျီးသာရွာကလေ။ ကျုပ်ယောကျ်ားက ဥက္ကဋ္ဌဦးချို။ ကျုပ်က ဒေါ်ချက်။

ဦးသိန်းထူး။ ဩော် ... ဩော် ... ဆောရီးအဒေါ်ရေ။ လူတွေအများကြီးဆက်ဆံရတော့ ရုတ်တရက်မမှတ်မိဘူး။ ကျီးသာရွာကိုလည်း တစ်ခေါက်ပဲ ရောက်ဖူးတာဆိုတော့ အဟဲဟဲ။ ဥက္ကဋ္ဌကြီးရော မပါဘူးလား။

ဒေါ်ချက်။ သူ ဟိုဘက်ရွာသွားနေတုန်း ထွက်လာတာ။ ဦးသိန်းထူးရွာကိုလာတုန်းက ကျုပ်ကိုပြောထားတာရှိတယ်လေ။ အခက်အခဲရှိရင်လာပါဆိုလို့။

ဦးသိန်းထူး။ ဟုတ်ပါတယ် ... ဟုတ်ပါတယ်၊ အဒေါ်တို့ ဘာအခက်အခဲရှိနေလို့လဲ။ ဥက္ကဋ္ဌကြီးကိုမှာလိုက်လည်းရပါတယ်အဒေါ်ရဲ့။ လကုန်ရက်ကျရင် ကျေးရွာဥက္ကဋ္ဌတွေအားလုံး မြို့ပေါ်ကိုအစည်းအဝေးလာကြရတယ်လေ။

ဒေါ်ချက်။ အခုဟာက သူမသိမှဖြစ်မှာ။

ဦးသိန်းထူး။ (အံ့သြသွားပြီး) ဟင် ... ဘာဖြစ်လို့လဲ။

ဒေါ်ချက်။ သူ့ကို ဥက္ကဋ္ဌအလုပ်က ထုတ်ချင်လို့။

ဦးသိန်းထူး။ (မိမိနဖူးကို လက်ဖြင့်ထုပြီး) ဟာ ... ဘယ်လိုဖြစ်တာလဲ အဒေါ်ရယ်။

ဒေါ်ချက်။ အို ... ဘယ်လိုဖြစ်ရမှာလဲကွယ်။ ဟိုသွားရ ဒီသွားရ အိမ်မှာကို

www.burmeseclassic.com

www.burmeseclassic.com



မနေရဘူး။ ဖိနပ်ဆိုလည်း ပျောက်ပေါင်းများပြီ။ ကျုပ် မလည်း လုပ်အား ပေးရက်တိုင်း ကောက်ညှင်းပေါင်းရတာ၊ ဦးရှုပ်ကြီး တစ်ပိုချန်ထားတဲ့ ကောက်ညှင်းလေးတောင် ချမ်းသာမပေးဘူး။ အဆိုးဆုံးကတော့ အချိန်မရှိ အခါမရှိထမင်းချက်ရတဲ့ ဒုက္ခပဲ။ ဥက္ကဌဖြစ်ကတည်းက ငြိမ့်သည်ကိုမဖြုတ်ဘူး။ ကျုပ်ကလည်း ဒီကိစ္စ သူ့ကိုပြောတော့ ကျုပ်နာမည် ဒေါ်ချက်မို့လို့ ပညတ်သွားရာ ဓာတ်သတ်ပါတာတဲ့။ နာမည်ပြောင်းလိုက်တဲ့။

ဦးသိန်းထူး။ (ရယ်လျက်) ဥက္ကဌကြီးပြောတာလည်း မှန်သားပဲအဒေါ်ရဲ့။

ဒေါ်ချက်။ ကျုပ်နာမည် အဖေအမေကပေးခဲ့တာ။ မပြောင်းနိုင်ပေါင်တော်။ အဲဒါ သူ့ကိုသာ ဥက္ကဌအလုပ်က ဖြုတ်ပေးပါ ဦးသိန်းထူးရယ်။

ဦးသိန်းထူး။ (ခေတ္တမျှပြုံးတုံးတုံးဖြစ်နေပြီးမှ) အင်း ... အဒေါ်တို့ရွာကလည်း 'ကျီးသာရွာ' ဆိုတော့ ရွှေကျီးသာလို့ ငြိမ့်သည်လာတာနေမှာပေါ့၊ ဟား ဟား ... ။ ကဲကဲ ရွာတွေကို မြို့ကအဖွဲ့အစည်းတွေသွားတဲ့အခါ ဝန်ထုပ်ဝန်ပိုးမဖြစ်ဖို့ ကျွန်တော်ညှိနှိုင်းစီစဉ်ပေးပါ့မယ်နော်။ နောက်ဆို အဒေါ် ထမင်းမချက်ရတော့ပါဘူး။ ဥက္ကဌကြီးကိုဖြုတ်ဖို့ကတော့ ကျွန်တော်တို့ အေးအေးဆေးဆေး စဉ်းစားပါရစေဦးနော်။

ဒေါ်ချက်။ အင်း အင်း ... ဖြုတ်ဖြစ်အောင်တော့ ဖြုတ်ပေးပါနော်။ ကဲ ကျုပ်ပြန်မယ်။ ဒီမှာ ကြာကြာနေလို့မဖြစ်ဘူး။ သူ အိမ်ပြန်မရောက်ခင် ကျုပ်ပြန်ရောက်မှဖြစ်မှာ။ (ခပ်သွက်သွက်ထ၍ အခန်းအပြင်ဘက်ထွက်၊ ဇာတ်စင်လက်ယာဘက်သို့ ခပ်မြန်မြန်သုတ်ဝင်သွားစေ။)

(ထိုစဉ်၊ ဇာတ်စင်၏လက်ဝဲဘက်မှ စာရေးတစ်ဦးထွက်လာပြီး ဦးသိန်းထူးထံ ဝင်ပြောစေ။)

www.burmeseclassic.com

www.burmeseclassic.com



စာရေး။ အတွင်းရေးမှူး ... ဥက္ကဋ္ဌက လပ်းဖွင့်ပွဲကိစ္စညှိနှိုင်းချင်လို့ ခဏ လာခဲ့ပါဦးတဲ့။

(ဦးသိန်းထူး ချက်ချင်းထကာ၊ မှတ်စုစာအုပ်ကိုင်ပြီး စာရေးနှင့်အတူ ဇာတ်စင်၏ လက်ဝဲဘက်သို့ ဝင်သွားစေ။)

မောင်တိုး။ အင်း ... အတွင်းရေးမှူး မရှိတုန်း ကျောဆန့်ဦးမှ။ (ပြောပြောဆိုဆို၊ တန်းလျားခုံရှည်တွင် လှဲမည်ပြုစေ။)

(ထိုအချိန်မှာပင် သတင်းထောက် မောင်မောင်တောက် လွယ်အိတ်လွယ်လျက် ရောက်လာစေ။)

မောင်မောင်တောက်။ (အခန်းထဲသို့ လှမ်းကြည့်ပြီး) ဟော့ ... မောင်တိုး မင်းတို့ အတွင်းရေးမှူးလေး မရှိဘူးလားကွ။

မောင်တိုး။ ရှိတယ်အစ်ကို၊ ဥက္ကဋ္ဌ အခန်းထဲ သွားတယ်။

မောင်မောင်တောက်။ (ခပ်ကြွားကြွားဟန်နှင့်) အေးကွာ အတွင်းရေးမှူးနဲ့ဗျ ဆွေးနွေးစရာရှိလို့ သူ့စားပွဲကပဲ ဗျဝင်စောင့်နေမယ်တော့။

(ပြောပြောဆိုဆိုပင်၊ အတွင်းရေးမှူးစားပွဲဆီသို့ဝင်သွား၊ ကုလားထိုင်တစ်လုံးတွင်ဝင်ထိုင် လွယ်အိတ်ထဲမှ စာစောင်တစ်ခုကို ဟန်ပါပါဆွဲထုတ်ပြီး ဖတ်နေစေ။)

(မောင်မောင်တောက် ဝင်သွားသည်ကို မောင်တိုးပါးစပ် အဟောင်းသားနှင့် ကြည့်နေစဉ်၊ နတ်ကတော် မိန်းမရှာ ... ရွှေကိုယ်နန်း လက်ကိုင်အိတ်ကလေးကို ဟန်ပါပါကိုင်လျက် ဇာတ်စင်လက်ယာဘက်မှ ထွက်လာစေ။)

ရွှေကိုယ်နန်း။ (ခပ်ညုညုအသံဖြင့်) ဟော ... ဒီကမောင်လေးက ဘာလုပ်နေတာလဲလို့ ...,။

မောင်တိုး။ (မိန်းမရှာကိုမြင်လိုက်၍ နောက်တွန့်သွားပြီး) ဘာကိစ္စလဲ ဘာကိစ္စလဲ ... ။

www.burmeseclassic.com

www.burmeseclassic.com



ရွှေကိုယ်နန်း။ နန်းအပ်ဖို့ကိစ္စလေကွယ်။ သူကလည်း မြို့သားမဟုတ်သလိုပဲ၊ ဘုရားပွဲမတိုင်ခင်မှာ မြို့ကို ကိုယ်တော်ကြီးတို့ စောင့်ရှောက်ပေးဖို့ကို သမျှားတို့က နန်းအပ်ပေးရတယ်လေ။ သူမေ့နေပြီလားလို့။

မောင်တိုး။ အဲဒါဘာဖြစ်လဲ။

ရွှေကိုယ်နန်း။ ပွဲမိန့်ခံရမယ်လေမောင်လေးရဲ့။ နန်းကြီးမိန့်ကွဲ့၊ နန်းကြီးမိန့်၊ တကထဲမှပဲ၊ သူ့ပြောရတာ လက်ဝင်လိုက်တာ၊ ဟင်း ... (မူယာမာယာလုပ်နေစေ။)

မောင်တိုး။ ကဲဗျာ ... နန်းကြီးမိန့်ဖြစ်ဖြစ်၊ နန်းသေးမိန့်ဖြစ်ဖြစ်၊ မုန့်ဟင်းခါးမိန့်ဖြစ်ဖြစ်၊ သွား ... သွား ဟောဟိုရုံးခန်းထဲက စာရေးကြီးဆီသွား။ အဲဒီမှာ ပွဲမိန့်လျှောက်လွှာတင် ... ။

ရွှေကိုယ်နန်း။ ပွဲမိန့်လျှောက်လွှာရုံးမှာတင်ရမှာ သမျှားလည်း သိသားပဲလို့၊ အတွင်းရေးမှူး အသစ်ကလေးကို နန်းအပ်ပွဲဖိတ်ချင်လို့ကွဲ့၊ (ထိုစဉ်၊ ဦးသိန်းထူး ဇာတ်စင်လက်ဝဲဘက်မှ ပြန်ထွက်လာပြီး ဧည့်စားပွဲသို့ သွားစေ။)

ရွှေကိုယ်နန်း။ ဟော...ဟော ဟိုမှာ၊ အတွင်းရေးမှူးလေးမှတ်လား။ မယသွားတွေ့လိုက်မယ်နော် ... ။ (ပြောပြောဆိုဆိုပင်၊ လက်ကိုင်အိတ်ကလေးကို ဝှေ့ပြီး လှုပ်ကာယမ်းကာဝင်သွားစေ)
(မောင်တိုးက "ဟိုး ဟိုး နေဦး နေဦး" အော်ပြောပြီး နောက်ကလိုက်သွားစဉ် ရွှေကိုယ်နန်းသည် အတွင်းရေးမှူး စားပွဲသို့ရောက်သွားစေ။)

ရွှေကိုယ်နန်း။ (သတင်းထောက် မောင်မောင်တောက်သို့ မူပါပါကြည့်ပြီး) အို ... ကိုကိုတောက်လည်း ရောက်နေတာကိုး၊ အတော်ပဲ သမျှားတို့ နန်းအပ်ပွဲကျရင် သတင်းစာထဲမှာတ်ပုံပါအောင်

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| | ထည့်ပေးရမယ်နော် ... သများတို့ အလှဆုံးပြင်ထားမယ် သိလား ... ။ |
| မောင်တိုး။ | (ရွှေကိုယ်နန်းအနားရောက်လာပြီး) ကဲ ဒေါ်နှမ်းနှမ်း အခန်း အပြင်ဘက်ခဏပြန်ထွက်ပေးဦး။ ဒီမှာ သတင်းထောက်က အရင်ရောက်နေတာဗျ။ |
| ရွှေကိုယ်နန်း။ | (မောင်တိုးကို မျက်စောင်းထိုးကြည့်ပြီး) သများကို ဒေါ်နှမ်းနှမ်း တဲ့။ နှမ်းနှမ်းမဟုတ်ဘူးရှင့် ရွှေကိုယ်နန်း ... ရွှေကိုယ်နန်း ...။ |
| ဦးသိန်းထူး။ | ကဲ ကဲ ဒေါ်ရွှေကိုယ်နန်း ... ခင်ဗျားကိစ္စမြန်မြန်ပြော။ ပြီးရင် မြန်မြန်ပြန်။ |
| | (မောင်တိုး အပြင်ဘက်သို့ ပြန်ထွက်လာစေ) |
| ရွှေကိုယ်နန်း။ | (ကုလားထိုင်တွင်ဝင်ထိုင်ပြီး) အို အတွင်းရေးမှူးကလဲ။ သများကို ဒေါ်တပ်မခေါ်ပါနဲ့။ သများက ခုမှ နှစ်ဆယ်ပဲ ရှိသေးတာ အဟင့် ... ။ |
| ဦးသိန်းထူး။ | (စိတ်တိုလာဟန်နှင့်) တိုတိုနှင့် လိုရင်းပြောဗျာ။ အလုပ်တွေ ရှိသေးတယ်။ |
| ရွှေကိုယ်နန်း။ | ဩော် .. ဩော် ဒီလိုပါ တွင်းရေးမှူးလေးရယ် ... တွင်းရေးမှူး လေးက ပြောင်းလာတာမကြာသေးတော့ ဒီမြို့က နန်းအပ်ပွဲကို မတွေ့ဖူးသေးဘူး မဟုတ်လားလို့။ ဘုရားပွဲတော်မတိုင်မီ ကိုယ်တော်ကြီးတို့ကို နန်းအပ်ရတယ်လေ။ သများတို့က အကြီးအကျယ်လုပ်ရတာ တွင်းရေးမှူးလေးရဲ့။ |
| ဦးသိန်းထူး။ | အဲဒီ ကျုပ်က ဘာလုပ်ပေးရမလဲပြော။ |
| ရွှေကိုယ်နန်း။ | အဲဒီနန်းအပ်ပွဲကို တွင်းရေးမှူးလေးကိုယ်တိုင်လာပြီး ချီးမြှင့်ပါ လို့ သများက လာဖိတ်တာလေ ... ။ |

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းထူး။ ဩော် ဒါလား ... ။ အင်း အင်း ကျုပ်အားရင် လာခဲ့မယ်။ ဒါပဲမဟုတ်လား။ ကဲ ပြန်ကြွတော့ မယ်မင်းကြီးထီးရေ...။ (ရှေ့ကိုယ်နန်း မကျေမနပ်၊ နှုတ်ခမ်းစူလျက် ကုလားထိုင်မှ ထ၍ ထွက်သွားစေ။ကိုယ်ကိုလှုပ်ခါ၍ အခန်းဝတွင်ရပ်နေသော မောင်တိုးကို တမင်ဝင်တိုက်ပြီး ဇာတ်စင်၏လက်ယာဘက်သို့ ဝင်သွားစေ။)

မောင်မောင်တောက်။ (စာစောင်ကိုအသာချလိုက်ပြီး) အင်း အတွင်းရေးမှူး ပြောလိုက်တဲ့ 'မယ်မင်းကြီးထီး' ဆိုတဲ့ ဝေါဟာရတော့ ကြိုက် သဗျာ။

ဦးသိန်းထူး။ ကြိုက်တာ မကြိုက်တာနောက်ထား။ ကဲ ခင်ဗျားကိစ္စပြော။

မောင်မောင်တောက်။ ကျွန်တော်က မောင်မောင်တောက်ပါ။ ဒီမြို့မှာ သတင်းထောက် မောင်မောင်တောက်ဆိုရင် မသိတဲ့သူမရှိပါဘူး။ ဦးသိန်းထူးက ဒီမြို့ကို ရောက်တာမကြာသေးတော့ ကျွန်တော့်ကို မြင်ဖူးမှာမဟုတ်လို့ လာပြီးမိတ်ဆက်ရင်းနဲ့ ဟောဒီ 'သတင်းစုံဂျာနယ်' ကို လက်ဆောင်လာပေးတာပါ။ အဲဒီထဲမှာ ကျွန်တော်ရေးတဲ့ အမှုပွဲစားဆိုတဲ့ဆောင်းပါး ပါပါတယ်။ (စာစောင်ကို ဦးသိန်းထူးသို့လှမ်း၍ပေးစေ)

ဦးသိန်းထူး။ ဩော် ဒါလား ဟုတ်ကဲ့ ဖတ်ကြည့်ပါ့မယ်။ အခုလာတာ ဒီကိစ္စပဲမဟုတ်လား။

မောင်မောင်တောက်။ တချို့က ကျွန်တော့်ကို မှုခင်းတွေပဲ လိုက်အနံ့ခံပြီး ရေးနေတာပါလို့ဝေဖန်တယ်။ ကျွန်တော်က အဲဒီလိုရေးရုံတင်မကဘူး။ မမှန်မကန်တွေ လုပ်တာတွေ့ရင်လည်း ကျွန်တော့် အိတ်ထဲက ပိုက်ဆံအကုန်ခံပြီး ဖက် (စ်) ရိုက်ပြီး တိုင်ပေးတယ်။

www.burmeseclassic.com



ဦးသိန်းထူး။ ဪ အဲဒါလဲ သတင်းကြားထားပါတယ်။ ဒါပဲမဟုတ်လား။

မောင်မောင်တောက်။ စာပေလောက အတွင်းရေးတွေလည်း ကျွန်တော်က ဖော်တော့ တစ်ချို့စာရေးဆရာတွေက ကျွန်တော့်ကို မကျေနပ်ကြဘူး။ မလွယ်ပါဘူးဗျာ၊ တစ်လောကလုံး ဘယ်သူမှ မကောင်းဘူး။ အဲ ကျွန်တော်ကလွဲရင်ပေါ့ဗျာ။

ဦးသိန်းထူး။ ဪ ဟုတ်လား ... ။ (အခန်းအပြင်ဘက်သို့လှမ်း၍) ဟေ့ မောင်တိုးရေ ဒီတစ်ယောက်ပြီးရင် ထမင်းစားမယ်ဟေ့ ပြင်ထား။ ထမင်းစားပြီးရင် စိမ်ကိန်းအစည်းအဝေးတက်ရ ဦးမယ်။

မောင်တိုး။ ဟုတ်ကဲ့ ဆရာ ... ။

(သတင်းထောက် မောင်မောင်တောက် ဆက်ပြောရန် ဟန်ပြင်စေ။ ထိုစဉ် ဇာတ်စင်လက်ယာဘက်မှ အသက် ၅၀ ခန့် ညှို့သည် လူကြီးတစ်ဦးဝင်လာပြီး)

ညှို့သည်လူကြီး။ ဟေ့ ဒီ မောင်သိန်းထူးရုံးခန်းလားကွဲ့။ (ဝင်မည်ပြုစေ)

မောင်တိုး။ ဟုတ်တယ် နေဦး ခဏနေဦး ... ။ ညှို့သည်တစ်ယောက်နဲ့ စကားပြောနေတယ်။ ဒါပြီးရင် ထမင်းစားလိမ့်မယ်။ ထမင်း စားပြီးရင် အစည်းအဝေးတက်လိမ့်မယ်။ ဒီနေ့တော့ တွေ့လို့ မရတော့ဘူးဗျ။ နောက်နေ့မှလာ ... ။

ညှို့သည်လူကြီး။ ဟာ သူ့ကို ခုမတွေ့လို့မဖြစ်ဘူး။ ရုံးရှေ့မှာ ဆိုက္ကားတန်းလန်း နဲ့။ သွား မင်းအတွင်းရေးမှူးကိုပြောလိုက်၊ အဖေမောင်ခင် လာတယ်လို့။

မောင်တိုး။ ဖေမောင်ခင် ဟုတ်လား။ ကဲကဲ ဦးလေးစောင့်နေပ်အောင် သွား ပြောပေးမယ်။ (ဦးသိန်းထူးထံဝင်သွားစေ)

www.burmeseclassic.com

www.burmeseclassic.com



မောင်တိုး။ အပြင်မှာ ဦးဖေမောင်ခင် ဆိုတဲ့လူကြီးတစ်ယောက်ရောက်နေပါတယ်။ အခုမတွေ့လို့ မဖြစ်ဘူးတဲ့။

ဦးသိန်းထူး။ ဟော့ ဖေမောင်ခင်ဖြစ်ဖြစ်၊ ဖေမောင်တင်ဖြစ်ဖြစ် ... ဒီနေ့တွေ့လို့ မရတော့ဘူးလို့ပြောလိုက်ကွာ။ တောက် လူတွေက အလိုက်ကန်းဆိုးကို မသိဘူး။

(ထိုစဉ် ညွှသည်လူကြီးသည် မောင်တိုးနောက်မှဝင်လိုက်လာပြီး ဦးသိန်းထူးနှင့် တည့်တည့်မဟုတ်သည့် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်စေ။ မကျေနပ်သော မျက်နှာအမူအရာဖြစ်နေစေ။ ဦးသိန်းထူးမှာ မောင်မောင်တောက်ဘက်သို့ မျက်နှာမူလျက် ရှိသည်)

မောင်တိုး။ ဆရာ ညွှသည် ဒီမှာဝင်ထိုင်နေတယ်။

ဦးသိန်းထူး။ (ညွှသည်ကိုလှည့်မကြည့်ဘဲ မောင်မောင်တောက်ကိုသာကြည့်ပြီး) အေးအေး နေပလေ့စေတော့။ ကဲ သတင်းထောက်ကိုမောင်မောင်တောက် ... ခင်ဗျားပြောသွားတာတွေလဲ စုံနေပြီ။ ကျွန်တော့်အကြောင်းကိုရော ရေးချင်သေးလို့လား။

မောင်မောင်တောက်။ အို အို ကျွန်တော်က ဒီလိုသဘောနဲ့ပြောနေတာမဟုတ်ပါဘူး။ အပြုသဘောတွေပါ။

ဦးသိန်းထူး။ ဒါဆိုလည်း ပြန်နိုင်ပါပြီ။

မောင်မောင်တောက်။ ဟုတ်ကဲ့ ဟုတ်ကဲ့ ကျွန်တော်ပြန်ဦးမယ်နော်။ အကူအညီလိုရင်လဲပြောနော် အတွင်းရေးမှူး။

ဦးသိန်းထူး။ ကောင်းပါပြီဗျာ။

(မောင်မောင်တောက် အခန်းထဲမှ ပြန်ထွက်လာစေ)

ဦးသိန်းထူး။ (ထလိုက်ပြီး နောက်ကျောဘက်လှည့်ကာ လိုက်ပုံအကျီကို

www.burmeseclassic.com

www.burmeseclassic.com



ချွတ်ရင်း) ကဲ ဦးဖေမောင်ခင် ခင်ဗျားကိစ္စက ဘယ်လောက်များအရေးကြီးနေလို့လဲဗျ။

(ထို့နောက် ဦးသိန်းထူးသည် စားပွဲတက်သို့ မျက်နှာပြန်လှည့် ချွတ်ထားသော တိုက်ပုံအင်္ကျီကို ကုလားထိုင်နောက်မှီတွင် စွပ်၊ ကုလားထိုင်တွင် ပြန်ထိုင်၊ ညွှန့်သည်လူကြီးအား တစ်ချက်ကြည့်လိုက်ပြီး ...)

ဦးသိန်းထူး။ ကဲ ခင်ဗျားကိစ္စပြော။ တိုတိုနဲ့ လို လို လိုရင်း ...

(ဦးသိန်းထူး စကားကိုပြီးအောင်မပြောနိုင်ဘဲ ညွှန့်သည်လူကြီးအား ကြည့်နေရင်း မျက်လုံးအပြူးသားဖြစ်သွားပြီး ...)

ဦးသိန်းထူး။ ဟာ အဖေ .. အဖေ ...

ညွှန့်သည်လူကြီး။ အေး တိုတိုနဲ့လိုရင်းပဲပြောမယ်။ ငါ မင်းအဖေ မောင်ခင်လေကွာ။ ရုံးရှေ့မှာ မင်းအဖေ ဆိုက္ကားပေါ်ကစောင့်နေတာကြာပြီ။

(ဦးသိန်းထူး ကုလားထိုင်မှ ကရောသောပါးထလာပြီး ...)

ဦးသိန်းထူး။ အဖေ အဖေတို့ ကျွန်တော့်ဆီလိုက်လာကြတာ ဟုတ်လား ... အောင်မယ်လေး ဝမ်းသာလိုက်တာဗျ။ ဟော့ ဟော့ မောင်တိုး မောင်တိုး လာစမ်း လာစမ်း မြန်မြန်လာခဲ့ မြန်မြန်လာခဲ့ ... ဟာ မဟုတ်ဘူး၊ ရုံးရှေ့ကို မြန်မြန်သွား ... မြန်မြန်သွား ... ။

(မောင်တိုး ဟိုပြေးရမလို၊ သည်ပြေးရမလို ဖြစ်နေစဉ် ...)

(ရှေ့ဖုံးကားပိတ်)

www.burmeseclassic.com

www.burmeseclassic.com

# အဲဒီ နိုင်ငံခြားကျေးဇူး

(တစ်ခန်းရပ်ပြဇာတ်)

ပါဝင်သူများ

၁။ ဒေါ်နုနုစံ - အသက် ၅၂ နှစ်ခန့်၊ မုဆိုးမ

၂။ သိင်္ဂီမြင့် - ဒေါ်နုနုစံ၏သမီး၊ နိုင်ငံခြားတွင်အလုပ်သွားလုပ်နေသူ ယုမောင်မောင်၏ဇနီး၊ အသက် ၂၇ နှစ်ခန့်

၃။ သိင်္ဂီယုမောင် - ယုမောင်မောင်နှင့် သိင်္ဂီမြင့်တို့၏ ၁၀ နှစ်ရွယ် သမီးငယ်

၄။ မိုးချစ်သူ - နိုင်ငံခြားအလုပ်အကိုင်ဆက်သွယ်ပေးသူ

၅။ ခင်မျိုးဟာန် - ဒေါ်နုနုစံ၏မိတ်ဆွေ

၆။ မေသင်းပန် - ကျောက်ပွဲစား

၇။ စိုးစိုး - အိမ်ဖော်

အပြင်အဆင်

ရန်ကုန်မြို့ လုံးချင်းတိုက်သစ်တစ်လုံး၏ အတွင်းပိုင်း၊ လှပသစ်လွင်သော နံရံရေးချက်နောက်ခံကားရှိရမည်။ ၎င်းနောက်ခံကား ရေးချက်တွင် လက်ဝဲဘက်ခြေရင်းအစွန်ဆုံး၌ တိုက်၏နောက်ဘက်ခန်းထဲသို့ဝင်ထွက်နိုင်သည့် ဝင်ပေါက်တစ်ခု သေသပ်စွာပါရှိရမည်။



www.burmeseclassic.com

www.burmeseclassic.com



လယ်ယာဘက်ခေါင်းရင်းပိုင်းတွင် မီရိ ဘုရားစင်တစ်ခုလှပခံ့ညားစွာ ရှိရမည်။

လက်ဝဲဘက်ပိုင်းတွင် နောက်ဆုံးပေါ်ဆိုဖာဆက်တီတစ်စုံကို လှပစွာ ခင်းကျင်းထားရမည်။ စားပွဲပေါ်တွင် အရွက်များနှင့်ပန်းများ ထည့်ထားသော ငွေဖလားတစ်လုံးရှိရမည်။

နံရံနှင့်ကပ်လျက်နေရာတွင် တီဗွီ၊ ဗွီစီဒီစသည့်နောက်ဆုံးပေါ်အိမ်သုံးပစ္စည်း များရှိရမည်။ ရှိုးကေ့(စ်) တစ်ခုလည်းရှိရမည်။

ဆိုဖာဆက်တီနှင့် လက်တစ်ကမ်းနေရာတွင် တယ်လီဖုန်း၊ လက်ကိုင်ဖုန်းတို့ ကို လှပသော ခုံတစ်ခုပေါ်၌ထားရှိရမည်။

နံရံတွင် ဂျပန်ရှုခင်းများ၊ ဂျပန်အလှမယ်များ၏ ဓာတ်ပုံကြီးများနှင့် ဂျပန် ပြက္ခဒိန်များကို လှပစွာ ချိတ်ဆွဲထားရှိရမည်။

(ရှေ့ပိုးကားဖွင့်)

(မီရိ ဘုရားစင်ရှေ့တွင် ဒေါ်နုနုစံနှင့်သိင်္ဂီမြင့်တို့ရှိနေစေ။ ဒေါ်နုနုစံက ဘုရား စင်ပေါ်မှ ဘုရားပန်းအိုးကို ယူလိုက်ပြီး သိင်္ဂီမြင့်သို့ကမ်းပေးရင်းပြော)

ဒေါ်နုနုစံ။ သမီးရေ ဒီအထဲက ပန်းတွေစွန့်ပြီး ယုမောင်မောင်အတွက် ရွက်လှပန်းတစ်မျိုးထဲ ဘုရားတင်ရမယ်နော်။ သမီးကိုယ်တိုင် လုပ်နော်၊ ဘယ်သူ့မှ မခိုင်းနဲ့။

သိင်္ဂီမြင့်။ ဟုတ်ကဲ့ မာမီ၊ သမီးသိပါတယ်။ ခါတိုင်းလည်း ကိုကိုယုမွေးနေ့ တိုင်း ဗုဒ္ဓဟူးနံပန်းကို သမီးကိုယ်တိုင်ဘုရားမှာ ကပ်တာပါပဲ။

ဒေါ်နုနုစံ။ ဒီနေ့ကတော့ ယုမောင်မောင်ရဲ့ (၃၂) နှစ်ပြည့်တဲ့ မွေးရက်၊ သူ့မွေးနေ့ ဗုဒ္ဓဟူးနေ့လည်းကိုက်လို့ နိုင်ငံခြားမှာ သူ့အလုပ်မြဲ ဖို့အတွက် အထူးလုပ်ပေးရမှာမို့လို့လေ။ မနက်အရုဏ်ဆွမ်း အနေနဲ့လည်း ကြာကြာစံတင်းချိုချက်ပြီး ဘုန်းကြီးကျောင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



သွားလျှို့ခဲ့ပြီးပြီမဟုတ်လား။

သိင်္ဂီမြင့်။ ကြာဆံဟင်းခါးပါ မာမီရဲ့။

ဒေါ်နုနုစံ။ ကြာကြာစံရအောင်နဲ့ ခါးတယ်ဆိုတဲ့အဓိပ္ပာယ်မဖြစ်ရလေအောင် ကြာကြာစံဟင်းချိုလို့ ပြောရတယ်သမီးရဲ့။ မာမီ့နာမည်တောင် နုနုစန်းကနေ နုနုစံလို့ပြောင်းထားတာ အဲဒါကြောင့်ပေါ့။

သိင်္ဂီမြင့်။ (သဘောပေါက်သွားဟန်နှင့်) ဪ အဟင်း ဟင်း ·

ဒေါ်နုနုစံ။ ကဲ ရွက်လှပန်းတွေနဲ့ သွားလဲခဲ့တော့။ ပြီးရင် ယကြာတွေအတွက် ပြင်ရဆင်ရဦးမယ်လေ။

သိင်္ဂီမြင့်။ ဟုတ်ကဲ့ မာမီ (ကြွေပန်းအိုးကို ယူပြီးလက်ဝဲဘက်ရှိတံခါး ပေါက်ကြီးမှ အထဲသို့ဝင်သွားစေ)

(ဒေါ်နုနုစံဘုရားစင်ဗီရိုပေါ်ကို အဝတ်တစ်ခုဖြင့်သန့်ရှင်းရေး လုပ်နေစေ။ အတွင်းရှိ ဘုရားကျောင်းဆောင်ကိုလည်း ပွတ် တိုက်နေစေ။ ပွတ်တိုက်သန့်ရှင်းနေရင်းပင် တတွတ်တွတ် ပြောနေစေ)

ဒေါ်နုနုစံ။ အင်း ယုမောင်မောင် ဂျပန်မှာသွားအလုပ်လုပ်နေတာ (၅) နှစ် တောင်ရှိသွားပြီပဲ။ ဪ ယုမောင်မောင် ဂျပန်မှာအလုပ်သွား လုပ်လို့ ဒီလိုချမ်းချမ်းသာသာနေနိုင်တာ။ နို့မို့ဖြင့် သူ့ဂီတအိုင် လက်မှတ်ကလေးနဲ့ ဒီမှာဘယ်လိုအလုပ်ဖြစ်ပါ့မလဲ။ စားရဖို့ ရှိမှာ။ အင်း အခုလိုချမ်းသာတဲ့စည်စိမ်တွေကို သမီးလေးရဲ့ ဒက်ဒီကိုလည်းခံစားစေချင်လိုက်တာ။ ဪ ကိုတင်မောင် ကိုတင်မောင်။

(သိင်္ဂီမြင့် ရွက်လှပန်းများထိုးထားသော ကြွေပန်းအိုးကို ကိုင်လျက် အိမ်ထဲမှ ပြန်ထွက်လာစေ)

www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂီမြင့်။ မာမီ ဘာတွေ တတွတ်တွတ်ပြောနေတာလဲဟင်။

ဒေါ်နုနုစံ။ (သိင်္ဂီမြင့်ထံမှ ကြွေပန်းအိုးကို လှမ်းယူပြီး ဘုရားစင်ပေါ်တင်ရင်း) ဪ သမီးဒက်ဒီကို သတိရလို့ပါအေ။ သူ့ခမျာခုလို ချမ်းချမ်း သာသာနေမသွားရရှာဘူးလေ။

သိင်္ဂီမြင့်။ ဟုတ်တာပေါ့နော်။ ကိုကိုယု နိုင်ငံခြားကို ဒက်ဒီဆုံးပြီးမှ သွား ရတာ။

ဒေါ်နုနုစံ။ အင်းလေ နိုင်ငံခြားကျေးဇူးကို သူမခံစားလိုက်ရဘူးပေါ့။ ကဲ ယုမောင်မောင်အတွက် ယတြာပစ္စည်းတွေစီစဉ် ရအောင်လား။ (ဆက်တီသို့ထိုင်ကြစေ။ ဒေါ်နုနုစံက ဆက်တီစားပွဲပေါ်တွင် ရှိနေသော ငွေဖလားကို ဆွဲယူလိုက်ပြီး)

ဒေါ်နုနုစံ။ ယုမောင်မောင်က အခု (၃၂) နှစ်ထဲမှာ မဟုတ်လား။ (၃၃) နှစ် ဆိုရင်သူက အညံ့ထဲရောက်တယ်၊ အလုပ်တွေဘာတွေ ပြုတ် နိုင်တယ်လို့ ဗေဒင်ဟောထားတာရှိတယ်မဟုတ်လား သမီးရဲ့။ သူ နိုင်ငံခြားက အလုပ်ပြုတ်ပြီးပြန်လာရမှာ မာမီစိုးရိမ်တယ်။ ဒါကြောင့် ဒီနေ့ သူ့မွေးရက်၊ မွေးနေ့မှာ ယတြာချေရမယ် ဆိုလို့ ဒီအထဲမှာ ဝါးရွက်တွေနဲ့ ယင်းမာ ပန်းလေးတွေရှိတယ်။ အဲဒီ ဝါးရွက်က (၃၂) ရွက်၊ ယင်းမာ ပန်းက (၃၂) ပွင့် ရေပြီးထည့်။ ရော့ ဖလား (ငွေဖလားကို သိင်္ဂီမြင့်သို့ပေးစေ)

(သိင်္ဂီမြင့်က ဖလားထဲမှဝါးရွက်များနှင့် ယင်းမာပန်းများကို ပြန်ထုတ်ပြီး ရေတွက်ကာ ငွေဖလားထဲသို့ ရှိရှိသမျှသော ပြန်ထည့်နေစဉ် ဒေါ်နုနုစံက စကားဆက်ပြောနေစေ)

ဒေါ်နုနုစံ။ သမီးရေ ဗေဒင်ဆရာပေးထားတဲ့ ယတြာအရင်း တိတိကျကျ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမယ်နော်။ အင်း သားယုမောင်မောင် နိုင်ငံခြားသွား အလုပ်လုပ်လို့ တစ်လသုံးလေးသိန်းပို့နိုင်တာ။ ဒါကြောင့်လဲ အခုလို တိုက်နဲ့၊ ကားနဲ့၊ တီဗီ၊ ဗွီစီဒီနဲ့၊ ရေခဲသေတ္တာနဲ့၊ အဝတ်လျော်စက်နဲ့နေနိုင်တာပေါ့။ ဘာမှ လိုလေသေးမရှိဘူးလေ။ အဲဒီ နိုင်ငံခြားကျေးဇူးပဲ သမီးရဲ့။ ဩော် သမီး ဝါးရှက်နဲ့ ယင်းမာပန်းတွေ ရေပြီးပြီလား။

သိင်္ဂီမြင့်။ ပြီးပြီမာမီ။ ဒီငွေဖလားနဲ့ပဲယူသွားရမှာမဟုတ်လား။

ဒေါ်နုနုစံ။ ဟုတ်တယ်ကွဲ့။ အဲဒီနှစ်မျိုးကို သမီးဒီကယူသွား။ လမ်းမှာ 'လမုန့်' (၃၂) ခုဝင်ဝယ်။ ဗိုလ်တထောင်ဘုရားမှလှူရမှာ။ ရေသက်စေ့လဲလှူ။ ရေသက်စေ့က တစ်ခွက်ဆောင်းပြီး (၃၃) ခွက်လှူရမှာနော်။ ဖယောင်းတိုင်မီးကသက်စေ့ (၃၂) တိုင်ပူဇော်ခဲ့။ ဗုဒ္ဓဟူးဂြိုဟ်တိုင်ကနေ လှူရမှာနော်။ လှူရင်းနဲ့ 'ဂြိုဟ်မင်းကြီး ကိုယုမောင်မောင် ဂျပန်က မပြန်ရပါစေနဲ့' လို့ (၉) ကြိမ်ပြောရမယ်။ လှူပြီးလို့ပြန်လာရင် ရွှေထီး (၉) လက်ဝယ်ခဲ့။ အဲဒီ ရွှေထီး (၉) လက်တော့ နိုင်ငံခြားမှာ အလုပ်မြဲအောင် အိမ် ဘုရားမှာ ကပ်လှူထားရမယ်တဲ့။ မှတ်မိလားသမီး။

သိင်္ဂီမြင့်။ မှတ်မိပါတယ်မာမီ။ ဒါပေမယ့် ဂျပန်က မပြန်ရပါစေနဲ့လို့ (၉) ခါ ကြီးများတောင်ပြောရမှာလား မာမီရယ်။ တော်ကြာ (၉) နှစ် (၁၀) နှစ်လောက်ကြာနေရင် ဘယ့်နှယ်လုပ်မလဲ။

ဒေါ်နုနုစံ။ ဩော် ဖုံ့သမီးနယ် (၉) နှစ်၊ (၁၀) နှစ်ကြာတော့လည်း ကောင်းတာပေါ့။ ကြာလေကောင်းလေပဲသမီးရဲ့။ သမီးက ခုထိနိုင်ငံခြား အကျိုးကျေးဇူးကို သဘောမပေါက်သေးဘဲကိုး။

သိင်္ဂီမြင့်။ ပေါက်ပါတယ် မာမီရယ်၊ ဒါပေမဲ့ ....

ဒေါ်နုနုစံ။ ဒါပေမဲ့ မနေနဲ့။ ကဲ သမီး ဗိုလ်တထောင်ဘုရားကို မြန်မြန်သွားတော့။ ယတြာတွေမြန်မြန်ချေခဲ့။ ပြောစရာရှိတာလဲ

www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာပြောပြီး ဆုတောင်းခဲ့။ ဪ ဘုရားကအပြန်မှာ မြေးလေး သိင်္ဂီယမောင်ကို ကျူရှင်က ဝင်ခေါ်ခဲ့ပါလား သမီးရဲ့။ အပြင်မှာ ကားအဆင်သင့် ရှိရဲ့လား။

သိင်္ဂီမြင့်။ ရှိပါတယ်မာမီ။ စောင့်ခိုင်းထားပါတယ်။

ဒေါ်နုနုစံ။ အေး အေး ဒါဖြင့်သွားတော့။

(သိင်္ဂီမြင့် ငွေပလားပိုက်ပြီး လက်ကိုင်ပုံးကိုယူကာ ဇာတ်စင်၏ လက်ဝဲဘက်သို့ ဝင်သွားစေ။ မကြာမီ ကားစက်နှိုးသံ၊ ကားထွက်သံများကြားရစေ)

(ထိုစဉ် တယ်လီဖုန်းခေါ်သံထွက်ပေါ်လာ၍ ဒေါ်နုနုစံ ဖုန်းခွက်ကိုင်စေ)

ဒေါ်နုနုစံ။ ဟဲလို ကျွန်မ နုနုစံပါ။

တစ်ဘက်မှ။ × × × ×

ဒေါ်နုနုစံ။ ဪ မမမူလား။ အတော်ပဲ နုတောင် မမမူဆီဖုန်းဆက်တော့မလို့။ ဒီနေ့လေ၊ နိုင်ငံခြားက သားတော်မောင်ရဲ့မွေးနေ့မွေးရက်ထပ်လို့ အဲဒီ သူ့အတွက် ကုသိုလ်ကောင်းမှုတွေလုပ်နေရတယ်။ ဒီနေ့ မမဆီကို မလာတော့ဘူးလို့တောင် စဉ်းစားထားတာ။ မမတို့ပဲ ကစားကြတော့နော်။

တစ်ဘက်မှ။ × × × ×

ဒေါ်နုနုစံ။ ဪ အိမ်မပြည့်ဘူးလား။ နန်းကြီးသုပ်လဲလုပ်ထားပြီးပြီ ဟုတ်လား။ ဒါဆိုရင်လဲ အိမ်ပြည့်အောင်လာရတော့မှာပေါ့။ အဟင်း ... ဟင်း ဟင်း ...

တစ်ဘက်မှ။ × × × ×

(ဖုန်းပြောနေစဉ် ဇာတ်စင်၏လက်ဝဲဘက်မှ ခင်မျိုးဝါနှင့် မေသင်းပန်တို့ ဝင်လာသဖြင့် ဒေါ်နုနုစံက စကားပြောခွက်ကို လက်ဖြင့်အုပ်ကာ "ထိုင်ကြနော် ..." ဟုပြောပြီး ဖုန်းဆက်ပြောစေ)

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နုနုစံ။ လာမှာပါမမမူရဲ့ စိတ်ချပါ။ သမီးသိဂီမြင့်က ရိုးရိုးအအ၊ မလုပ်တတ်မကိုင်တတ်နဲ့လေ။ ဒါကြောင့်လဲ တစ်အိမ်လုံးကို နုပဲဦးဆောင်နေရတာ မမမူအသိသားနဲ့။ ဒါပေမယ့် သမက်အတွက်လုပ်ရမယ့်ကိစ္စလေးတွေလုပ်ပြီးရင် ချက်ချင်းထွက်လာခဲ့မှာပါ။ စိတ်ချနော်။ (ဖုန်းချလိုက်စေ)

ဒေါ်နုနုစံ။ (ဆက်တီတွင်ပြန်ထိုင်ပြီး) တူမကြီးခင်မျိုးဟန် ဘယ်ကမျက်စိလည်လာသလဲကွဲ့။

ခင်မျိုးဟန်။ မျက်စိလည်လာတာမဟုတ်ပါဘူးအန်တီနုရဲ့ ဒီကိုတမင်လာတာပါ။ အန်တီနုက ပစ္စည်းကောင်းလေးတွေကြိုက်တတ်လို့ ဟောဒီက မေသင်းပန်ကိုခေါ်လာတာလေ။ (မေသင်းပန်ဘက်သို့လှည့်ပြီး) ပန်ပန်ရေ ... ဟောဒီအန်တီနုက နိုင်ငံခြားက သမက်ကလေးပို့ပေးတဲ့ငွေတွေ သုံးမကုန်လို့ စိတ်ညစ်နေတာဟ။

ဒေါ်နုနုစံ။ ဒီလောက်လဲမဟုတ်သေးပါဘူးခင်မျိုးရယ်။ ဒါပေမဲ့ နိုင်ငံခြားကျေးဇူးကြောင့်လဲ ဒီလို မကြောင့်မကြ၊ မတောင့်မတနဲ့ ပေါပေါများများ သုံးနိုင်တာကတော့ အမှန်ပေါ့။

မေသင်းပန်။ အဲဒါကြောင့်ထင်တယ်၊ အန်တီနုက နုပျိုနေတာပဲ။ မိမျိုးက အန်တီနုခေါ်လို့သာ လိုက်ခေါ်ရတာ။ တကယ်တော့ မမနုလို့ တောင်ခေါ်ဖို့ကောင်းတာ ... တကယ်ပါ။

ဒေါ်နုနုစံ။ ဟယ် ခင်မျိုးနဲ့ ပန်ပန်တို့ကတော့ အန်တီ့ကို အမျိုးမျိုးဝိုင်းမြှောက်နေကြပြီ။ ကဲပါ ကော်ဖီနဲ့မုန့်ကျွေးပါ့မယ်နော်။ (အတွင်းဘက်သို့) ဟေ့ စိုးစိုးရေ ... ကော်ဖီမစ်နဲ့မုန့်တွေယူခဲ့ပါဟေ့။

အတွင်းဘက်မှ စိုးစိုးအသံ။ ဟုတ်ကဲ့ပါ မေမေနု။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နုနုစံ။ ကဲ ဘာပစ္စည်းကောင်းတွေရှိလို့လဲကွဲ့။

ခင်မျိုးဟန်။ ပန်ပန်က အနီလိုင်းအန်တီနုရဲ့ ပတ္တမြားကျွမ်းကျင်လွန်းလို့ သူ့ကို ပတ္တမြားပန် လို့တောင် နာမည်ပေးထားကြတယ်လေ။ (မေသင်းပန် လက်ကိုင်အိတ်ထဲမှ သေတ္တာငယ်ကလေး ထုတ်ယူပြီး ဖွင့်လိုက်စေ) (အိမ်ဖော် စိုးစိုး ကော်ဖီမစ်နှင့် မုန့်ပန်းကန်များယူလာပြီး ချပေးခဲ့စေ)

ဒေါ်နုနုစံ။ ကဲ ကော်ဖီမစ်သောက်ကြဦး။

ခင်မျိုးဟန်။ ကျွန်မကတော့ ထိုင်သမား၊ အရင်သောက်မယ်။ (ကော်ဖီမစ် ပန်ကန်ကိုယူ၍သောက်စေ)

ဒေါ်နုနုစံ။ မုန့်တွေလဲစား ခင်မျိုးရေ ... ။

မေသင်းပန်။ ပတ္တမြားကျောက်က အသွေးအရည် အနုအရင့်ပေါ်မူတည်တယ် အန်တီနုရဲ့၊ အများသုံးပတ္တမြားကို အရည်မှန်လို့ခေါ်တယ်လေ။ ပန်ပန်တို့က အရည်မှန်ထက် မြင့်တာပဲကိုင်တာ။ (သေတ္တာကလေးထဲမှ ကျောက်တစ်လုံးကို ဂွမ်းစပေါ်တင်၍ပြစေ) ဟောဒါ ဘုံဘိုင်ညွှန့်လို့ခေါ်တယ်။ အန်တီနု ဒီမှာကြည့်။ (လက်ပွေ့အိတ်ထဲမှ လက်နှိပ်ဓာတ်မီးကလေးထုတ်ပြီးထိုးပြရာ ဂွမ်းစတွင် အနီရောင်ဖြာလျက်ရှိစေ)

ဒေါ်နုနုစံ။ ဟယ် လှလိုက်တာ ရဲနေတာပဲ။ (လက်ပေါ်တင်ကြည့်စေ)

မေသင်းပန်။ (နောက်ထပ် ကျောက်တစ်လုံးကို ဂွမ်းစပေါ်တင်ပြပြီး) ဒါကိုလဲ ကြည့်ပါဦးအန်တီနု။ (ယခင်နည်းတူပြစေ)

ဒေါ်နုနုစံ။ ဟာ ဒါကပိုပြီး အရည်ကောင်းတယ်နော်။ (လက်ပေါ်တင် ကြည့်စေ)

မေသင်းပန်။ အဲဒါက အရည်ရှင်ကျောက်လို့ခေါ်တယ်လေ။ ကောက်သီးရေလို့ ခေါ်တဲ့ အကောင်းဆုံးပတ္တမြားပြီးရင် ဟောဒီအရည်ရှင်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်က ဒုတိယအကောင်းဆုံးပေါ့။ ဒါပေမဲ့ ဒါကို အန်တီနုတို့ ပြရုံသာပြရတာ။ သူ့ကို ဈေးမဖြတ်ရသေးဘူး။ ဒီတော့ အန်တီနု လိုချင်ရင် ပထမပြတဲ့ ဘုံဘိုင်ညွန့်ကိုသာယူလိုက်။

ဒေါ်နုနုစံ။ (ခဏအမျှစဉ်းစားနေပြီး) အို ယူမယ့်ယူ ကောင်းတာပဲယူမယ်၊ ဒါပဲပေးကွယ်။ ဟုတ်ဘူးလား ခင်မျိုး ... ။

ခင်မျိုးဟာန်။ ဟုတ်သားပဲ ပန်ပန်ရယ်။ အန်တီနုက ကောင်းတာပဲသုံးတာပါ။ ဒါပဲ ပေးလိုက်ပါဟယ်။

မေသင်းပန်။ ဈေးမဖြတ်ရသေးတော့ခက်တယ်။ ဟို ဘုံဘိုင်ညွန့်တွေထဲက ထပ်ရွေးချင်လဲ ရွေးပါဦးလား။ နော် အန်တီနုရယ်။

ဒေါ်နုနုစံ။ မရွေးတော့ဘူး၊ မရွေးတော့ဘူး။ ဒီ အရည်ရွှင်ပဲယူမယ်။ ဈေးကို ထည့်မပြောနဲ့။ ပန်ပန်တို့ဈေးဖြတ်ပြီးတဲ့အခါ ငွေလာယူ။ ဒါမှ မဟုတ် စရံသဘောပေးလိုက်ရမလား။

မေသင်းပန်။ အင်း ... အန်တီနု ဒီလောက်ကြိုက်နေရင်လည်း ယူလိုက်ပါတော့။ ငွေလဲ ၂ ပုံးလောက်ပဲ ကြိုပေးလိုက်ပါ။ နက်ဖြန်မှ ပန်ပန်ပြန်လာခဲ့မယ်လေ။

(ပတ္တမြားကျောက်ကို အသင့်ပါလာသော ဘူးငယ်ကလေးဖြင့် သေသပ်စွာထည့်ပြီး ဒေါ်နုနုစံသို့ပေးစေ)

ဒေါ်နုနုစံ။ နိုင်ငံခြားကသား ယုမောင်မောင်အတွက် ပတ္တမြားလိုချင်နေတာ ကြာပြီလေ။ သမက်ဆိုပေမယ့် သားပါပဲ။ သူ့ကို ပတ္တမြားဆင်ပေး ရမယ်လို့ ဗေဒင်ကဟောထားလို့။ သူပြန်လာမှ လက်စွပ်ကွင်းပေး ရမှာဆိုပေမယ့် အခုလိုကြိုက်တာတွေ့တုန်း ယူထားမှ ယူထားမှ။

ခင်မျိုးဟာန်။ ယူနိုင်တဲ့အင်အားကလဲ ရှိနေတာမဟုတ်လားအန်တီရဲ့။

ဒေါ်နုနုစံ။ ဟုတ်တယ်လေ ... ။ ဒါလဲ နိုင်ငံခြားကျေးဇူးပေါ့ကွယ်။ ခင်မျိုးရဲ့

www.burmeseclassic.com



ဟင်း ဟင်း ဟင်း ...။ ကဲ ပန်ပန်လည်း ကျောက်တွေပြရတာ မောသွားပြီ။ ကော်ဖီသောက်လိုက်ပါဦး။ ခဏနေဦးနော် အန်တီငွေသွားယူလိုက်ဦးမယ်။

(ဒေါ်နုနုစံ အိမ်အတွင်းဘက်သို့ဝင်သွားစေ)

(မေသင်းပန် ကော်ဖီခွက်ကို ယူသောက်စေ)

ခင်မျိုးဟန်။ (ခပ်တိုးတိုးလေသံဖြင့်) မိပန်တို့ကတော့ ကျွမ်းကျင်ပုံ။ နှစ်ဆလောက်မြတ်အောင်ကို လုပ်ထည့်လိုက်တာ မဟုတ်လား။

မေသင်းပန်။ (မျက်ရိပ်မျက်ခြည်နှင့်) ရှူးတိုးတိုး နင့်အတွက်လဲ မြက်မြက်ကလေးရတာပေါ့ဟ။ (ကော်ဖီဆက်သောက်နေစေ)

ထိုစဉ် ဂါဝန်လေးနှင့် သမီးငယ် သီကီယုမောင်ကို လက်ဆွဲလျက် လက်ထဲတွင် ရွှေထီးငယ် (၉) လက်ကိုင်ကာ သီကီမြင့်ဇာတ်စင် လက်ဝဲဘက်မှ ထွက်လာစေ)

သီကီမြင့်။ ဪ ခင်မျိုးတို့ရောက်နေတာကိုး။ ဘာလဲ မာမီ့ကိုရတနာတွေ လာပေးတာနဲ့တူတယ်။ (ရွှေထီးများကို ဘုရားစင်အစွန်နား တွင် သွားတင်ပြီးနောက် ဆိုဖာဆက်တီတွင် ဝင်ထိုင်စေ)

ခင်မျိုးဟန်။ သီကီ ဗိုက်ထဲမှာ ပုဏ္ဏားလေးရှိတယ်နဲ့တူတယ်။ ဟောဒီက ပန်ပန်က ပတ္တမြားပွဲစားလေ။ အခု ပန်ပန်ယူလာတဲ့ပတ္တမြား က အန်တီနုလိုချင်တာနဲ့ အံကိုက်ဖြစ်သွားတယ်လေ။ သီကီရဲ့ မောင်တော်အတွက်တဲ့။ ယူထားလိုက်ပြီးပြီ။

သီကီမြင့်။ ဟုတ်လား ကိုကိုယုအတွက်။ ဝမ်းသာလိုက်တာ။

(ဒေါ်နုနုစံ ငွေစက္ကူထုပ်ယူလျက် ပြန်ထွက်လာစေ)

ဒေါ်နုနုစံ။ ဟုတ်တယ်သမီးရေ သမီးကိုကို ယုမောင်မောင်အတွက် ပတ္တမြားရပြီလေ။ ဟောဒီမှာ (လက်ထဲမှာ ကိုင်ထားသော

www.burmeseclassic.com

www.burmeseclassic.com



ဘူးငယ်ကို သိင်္ဂီမြင့်သို့လှမ်းပေးစေ။ တစ်ဆက်တည်းပင်) ပန်ပန် ရေ ဟောဒီမှာ (၂) သိန်းနော်။ (မေသင်းပန်သို့ ငွေထုပ်လှမ်း ပေးစေ)

မေသင်းပန်။ (ငွေများယူပြီး လက်ကိုင်အိတ်တွင်ထည့်ရင်း) ကျေးဇူးတင်ပါတယ် အန်တီနု။

သိင်္ဂီမြင့်။ (ဘူးငယ်ကိုဖွင့်ကြည့်ပြီး) ဟယ်လှလိုက်တာ။ ရဲနေတာပဲ။

သိင်္ဂီယုမောင်။ ဒါ ပါပါးအတွက် ဟုတ်လား။

ဒေါ်နုနုစံ။ ဟုတ်တယ်မြေးလေးရဲ့။ မြေးလေးပါပါးကို လက်စွပ်လုပ်ပေးမလို့ကွဲ့။

သိင်္ဂီယုမောင်။ ပါပါးပြန်လာရင် အရမ်းပျော်သွားမှာပေါ့နော်။ ဝမ်းသာလိုက်တာ ဝမ်းသာလိုက်တာ။

မေသင်းပန်။ သမီးလေးက ချစ်စရာနော်။ သူ့အဖေကို အရမ်းချစ်တယ် ထင်တယ်။

သိင်္ဂီမြင့်။ ကိုကိုယု နိုင်ငံခြားထွက်သွားတုန်းက သမီးက (၄) နှစ်ပဲရှိသေးတာလေ။ ဖအေ့ကို မှတ်မိရုံလေးပဲ။ အခုတော့ (၉) နှစ်ကျော်ပြီး အရွယ်လေးရလာတော့ ဖအေ့ကို တွေ့ချင်နေတာလေ။

ဒေါ်နုနုစံ။ သူ့အဖေက သူတို့ချမ်းချမ်းသာသာနေရအောင် နိုင်ငံခြားသွားတယ် ဆိုတာတော့သိနေပြီပေါ့ ပန်ပန်ရယ်။ လက်တွေ့မှာလည်း ကိုယ်ပိုင်ကား ပါဂျယ်ရိုးနဲ့ ပြီးတော့ တိုက်နဲ့တာနဲ့ အဆင့်မြင့်မြင့်ဆိုတော့ ကလေးကလည်း နိုင်ငံခြားကျေးဇူးကိုသိနေပြီကွယ်။ ဒီနေ့တောင် ယုမောင်မောင် နိုင်ငံခြားမှာဘေးအန္တရာယ်ကင်းရှင်းအောင် အလုပ်မြဲအောင် သူ့အတွက်ယတြာတွေလုပ်နေကြတာ။ ဩော် သမီး ရွှေထီး (၉) လက်ပါရဲ့လားဟင်။

www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂီမြင့်။ (ဘုရားစင်သို့ လက်ညှိုးထိုးပြပြီး) ပါတယ် မာမီ ဟိုမှာ။

ဒေါ်နုနုစံ။ (ဘုရားစင်သို့ လှမ်းကြည့်ပြီး) သြော် အေးအေး။ ကဲ မာမီ ဘုရားမှာ ရွှေထီး (၉) လက်ကပ်လိုက်ဦးမယ်။ ပြီးရင် မမှူတို့ ချိန်းထားလို့သွားရဦးမယ်။ ခင်မျိုးတို့ ပန်ပန်တို့ သမီးနဲ့စကား ပြောကြဦးနော်။

ခင်မျိုးဟန်။ | မေသင်းပန်။ | ကျွန်မတို့လည်း ပြန်တော့မယ်၊ အန်တီနု (ထကြစေ)

ဒေါ်နုနုစံ။ သြော် ပြန်တော့မလား။ အေးအေး ပန်ပန်ရေ ဈေးဖြတ်ပြီးရင် လိုတဲ့ငွေလာယူနော်။

မေသင်းပန်။ ဟုတ်ကဲ့ပါ အန်တီနုရဲ့။

(ခင်မျိုးဟန်နှင့် မေသင်းပန်တို့ ဇာတ်စင်၏ လက်ဝဲဘက်သို့ ဝင်သွားစေ။ ဒေါ်နုနုစံလည်း ဘုရားစင်ရှေ့သို့သွားပြီး ရွှေထီးငယ် (၉) လက်ကို လက်တွင် ရှိသေစွာကိုင်ပြီးလျှင် နှုတ်မှ တတွတ်တွတ်ပြောဆိုလျက်ဘုရားတွင် ဆက်ကပ်စေ။ သိင်္ဂီမြင့်လည်း ၎င်းနောက်နားမှ ရပ်ကာလက်အုပ်ချီနေစေ။ သိင်္ဂီယု မောင်က နောက်ဘက်ခန်းထဲသို့ဝင်သွားစေ)

(ထိုအချိန်မှာပင် ဇာတ်စင်၏လက်ဝဲဘက်မှ ဘောင်းဘီရှည်နှင့် မိုးချစ်သူ ဝင်လာ၊ ဘုရားရှေ့တွင် ရွှေထီးများကပ်လှူနေသည်ကို လှမ်းတွေ့၍ အသာကိုယ်ရှိန်သတ်ပြီး ဆက်တိုသို့ ဝင်မထိုင် သေးဘဲ မတ်တတ်ရပ်နေစေ)

(ရွှေထီးများကို ပန်းအိုးတွင် စိုက်ပြီးနောက် ဒေါ်နုနုစံနှင့် သိင်္ဂီမြင့် တို့နောက်သို့ ပြန်လှည့်လိုက်သည်နှင့် မိုးချစ်သူကို မြင်ကြစေ)

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နုနုစံ။ ဟော မောင်မိုးချစ် ‖ (ပြိုင်တူ)
သိင်္ဂီမြင့်။ ဟော ကိုမိုးပါလား ‖

မိုးချစ်သူ။ အန်တီနုနဲ့ သိင်္ဂီတို့ဘုရားမှာ ရွှေထီးလှူနေတာ တွေ့လို့ရပ်စောင့်နေတာ။ ဘာလဲ ယုမောင်မောင်အတွက်လား။ (ပြောပြောဆိုဆို ဆက်တီတွင် ဝင်ထိုင်စေ)

ဒေါ်နုနုစံ။ (ဆက်တီတွင် ထိုင်လိုက်ပြီး) ဟုတ်တယ်ကွဲ့။ ယုမောင်မောင်က ဒီကနေ့ (၃၂) နှစ်ပြည့်တဲ့မွေးရက်လေ။ သူ့မွေးနေ့လည်းတိုက်ဆိုင်လို့ သူ့အတွက်အလှူဒါနတွေပြုပေးနေကြတာကွဲ့။ အတော်ပဲ၊ သူ့အတွက်အရက်ဆွမ်းလှူခဲ့တဲ့ ကြာကြာစံ ဟင်းချိုမောင်မိုးကိုတိုက်လိုက်ပါဦးသမီးရယ်။

သိင်္ဂီမြင့်။ ဟုတ်ကဲ့မာမီ။

မိုးချစ်သူ။ ဟော် ကြာကြာစံဆိုတာ ကြာဆံဟင်းကို ပြောတာမဟုတ်လား။ ကောင်းတယ် များများထည့်ခဲ့ သိင်္ဂီရေ။
(သိင်္ဂီမြင့် နောက်ဘက်ခန်းထဲသို့ ဝင်သွားစေ)

မိုးချစ်သူ။ ကျွန်တော်လဲ အန်တီတို့ဆီ မရောက်တာကြာသွားပြီနော်။

ဒေါ်နုနုစံ။ ဟုတ်ပါရဲ့ မောင်းမိုးချစ်သူကို မတွေ့ရတာအတော်ကြာပြီ။ မကြာမကြာလာပါကွယ် မောင်မိုးချစ်ရယ်။ နိုင်ငံခြားကိစ္စနဲ့ပတ်သက်ရင် ဆိုးတိုင်ပင် ကောင်းတိုင်ပင်ဆိုလို့ မောင်မိုးချစ်ပဲ ရှိတာကွဲ့။
(သိင်္ဂီမြင့် ကြာဆံဟင်းခါးပန်းကန်နှင့်အတူ အခန်းထဲမှ ပြန်ထွက်လာပြီး မိုးချစ်သူရှေ့တွင် ချပေးစေ)

သိင်္ဂီမြင့်။ ပူပူလေး သောက်လိုက်ပါဦး ကိုမိုး။

မိုးချစ်သူ။ (ဇွန်းကိုင်ပြီး ကြာဆံဟင်းခါးသောက်ရင်း) ကောင်းလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



(ဆက်သောက်ရင်းပြော) အင်း ဆိုးတိုင်ပင်ကောင်းတိုင်ပင်ဆိုလို့ သတင်းတစ်ခုပြောစရာရှိလို့လာတာ။

ဒေါ်နုနုစံ။ | သိင်္ဂီမြင့်။ ဘာပါလိမ့်။

မိုးချစ်သူ (ကြာဆံဟင်းခါးကို ဆက်မသောက်တော့ဘဲ ရပ်လိုက်ပြီး) အန်တီတို့လည်း ယုမောင်မောင်ဆီက ငွေတွေမှန်မှန်ပို့ပေးလို့ ချမ်းချမ်းသာသာနဲ့ ပိုပိုလျှံလျှံဖြစ်နေတာနော်။

ဒေါ်နုနုစံ။ ဟုတ်တယ်လေကွယ်။ မောင်းမိုးချစ်အကျိုးဆောင်ပေးလို့ သားယုမောင်မောင်နိုင်ငံခြားမှာ အလုပ်ရတယ်။ နိုင်ငံခြား ကျေးဇူးကြောင့် အန်တီတို့လည်း ကောင်းကောင်းကြီးစံစား နေရတာပေါ့ကွယ်။

မိုးချစ်သူ။ ခုရော ယုမောင်မောင်ဆီက ငွေမှန်မှန်ပို့ရဲ့လား။

သိင်္ဂီမြင့်။ အရင်တုန်းကထက်တော့ ငွေနည်းသွားတယ်။ အင်း ငွေ မရောက်တာတောင် (၃) လလောက်ရှိပြီနော် မာမီ။

ဒေါ်နုနုစံ။ ခါတိုင်းတော့ လစဉ်ပို့တဲ့အခါလည်းရှိတယ်။ နောက်မှ စုပြီး ပို့တဲ့အခါလည်းရှိတယ်။ အဲဒါဘာဖြစ်လို့လဲမောင်မိုးချစ်ရဲ့။

မိုးချစ်သူ။ တိုက်ဂျီက သူငယ်ချင်းတစ်ယောက်ဆီက သတင်းရောက်လာ တယ်။ သိင်္ဂီ စိတ်မကောင်းမဖြစ်နဲ့နော်။

သိင်္ဂီမြင့်။ (စိုးရိမ်ပတန်နှင့်) ကိုကိုယု ဘာဖြစ်လို့လဲ ဟင်။

မိုးချစ်သူ။ ယုမောင်မောင်လေ ဟိုကာအမျိုးသမီးတစ်ယောက်နဲ့ ယူတော့မယ် တဲ့။

ဒေါ်နုနုစံ။ | သိင်္ဂီမြင့်။ ဟင် ...။

သိင်္ဂီမြင့်။ (ထိုင်ရာမှ ခြုန်းကနဲ ထရပ်ပြီး မျက်စိမျက်နှာပျက်ဖြင့်) ဘယ်လို လုပ်ကြမလဲဟင် မာမီ၊ ဘယ်လိုလုပ်ကြမလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နုနုစံ။ မောင်မိုးချစ်ရေ ဘယ်လိုလုပ်ရမလဲကွယ်။

မိုးချစ်သူ။ နိုင်ငံခြားမှာ ဆက်မလုပ်မှ ဖြစ်မယ်အန်တီ။

(သိင်္ဂီယုမောင် အခန်းထဲမှ ပြန်ထွက်လာပြီး မိခင် သိင်္ဂီမြင့်ကို နားမလည်ဟန်နှင့် ငေးကြည့်နေစေ)

သိင်္ဂီမြင့်။ (ရပ်တည်ရာမရ လက်များကိုပွတ်ချေ) လွန်ခဲ့တဲ့ သုံးလလောက်က ကိုကိုယုဆီက စာထဲမှာ 'သိင်္ဂီတို့ ချမ်းချမ်းသာသာနေရပြီမဟုတ်လားတဲ့၊ အဲဒီနိုင်ငံခြားမှာ လုပ်ရတဲ့ အကျိုးကျေးဇူးပဲတဲ့၊ ဒါကြောင့် သူ့ဂျပန်မှာ ဆက်အလုပ်လုပ်ဦးမယ်တဲ့ (ထိုင်မလို ထမလိုဖြစ်နေ) ဪ ဒါကြောင့်ကိုး။ အင်း အဲဒီစာရေတုန်းက မာမီက "ဝို့သမက်ကလေး နိုင်ငံခြားကျေးဇူးကို သိတတ်တယ်၊ သိပ်လိမ္မာတယ်"လို့ ပြောသေးတယ်။ ကဲ ခုတော့ ဘာတတ်နိုင်သေးလဲ'

သိင်္ဂီယုမောင်။ ပါပါးက ပြန်မလာတော့ဘူးလားဟင် ဘာဖြစ်လို့လဲ။

သိင်္ဂီမြင့်။ (လေသံခပ်မာမာဖြင့်) ဘာဖြစ်ရမလဲ၊ နိုင်ငံခြားကျေးဇူးလေ။ အဲဒါ နိုင်ငံခြားကျေးဇူးပေါ့။ (အခန်းထဲ ဆောက်တည်ရာမရ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေပြီးနောက်) မဖြစ်ဘူး။ မဖြစ်ဘူး ဗိုလ်တထောင်ဘုရားကို ပြန်သွားပြီး ဗုဒ္ဓဟူးဂြိုဟ်မင်းကြီးကို "ခုနပြောခဲ့တဲ့စကား (၉) ခွန်းကို ပြန်ရုပ်သိမ်းပါတယ်" လို့ သွားပြောမှ မြန်မြန်သွားပြောမှ။

(ပြောပြောဆိုဆို၊ ဇာတ်စင်၏ လက်ဝဲဘက်သို့အပြေးကလေး ဝင်သွားမည်ပြုပြီးမှ နောက်သို့ပြန်လှည့်ကြည့်ကာ ဒေါ်နုနုစံသို့လှမ်းပြော)

သိင်္ဂီမြင့်။ မာမီ ဘုရားစင်ကရွှေထီးတွေလဲ စွန့်လိုက်တော့နော်။

(ဒေါ်နုနုစံ၊ မိုးချစ်သူနှင့် သိင်္ဂီယုမောင်တို့ ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်စဉ်)

(ရှေ့ဖုံးကားပိတ်)

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားပြန်

(တစ်ခန်းရပ်ပြဇာတ်)

ပါဝင်သူများ

| | | |
|---|---|---|
| ၁။ ဦးမင်းဝေ | - | ဌာနခွဲစာရေးကြီး |
| ၂။ ဒေါ်သက်ဆွေ (မဆွေ) | - | ဦးမင်းဝေ၏ဇနီး |
| ၃။ ခင်သက်ဝေ | - | ဦးမင်းဝေ၊ ဒေါ်သက်ဆွေတို့၏သမီးကြီး |
| | - | အောက်တန်းစာရေး |
| ၄။ မောင်မောင်ဆွေ | - | ဦးမင်းဝေ၊ ဒေါ်သက်ဆွေတို့၏သားငယ် |
| ၅။ ဒေါ်သိန်းသိန်း | - | ကြွေးရှင် |
| ၆။ ဒေါ်သန်းသန်း | - | ကြွေးရှင် |

အပြင်အဆင်

တောမြို့ကလေးတစ်ခုရှိ အလယ်အလတ်တန်းစား ဝန်ထမ်းနေအိမ်၊ ပျဉ်ထောင်အိမ်တစ်လုံး၏ ဧည့်ခန်းရေးချက်နောက်ခံကားရှိရမည်။

နံရံပေါ်တွင် ဦးမင်းဝေ၊ ဒေါ်သက်ဆွေတို့စုံတွဲဓာတ်ပုံရှိရမည်။ ဧည့်ခန်းအတွင်း ဆက်တီတစ်စုံထားရှိပြီး တီပွဲအသေးတစ်လုံး၊ စာအုပ်စင်နှင့် စာအုပ်အချို့ နောက်ခံ ကားနှင့် ကပ်လျက်ရှိရမည်။ ဆက်တီနှင့်မလှမ်းမကမ်းတွင်



www.burmeseclassic.com

www.burmeseclassic.com



လေးထောင့်ခုံငယ် တစ်ခုနှင့်တင်လျက်၊ ဓာတ်ပုံအယ်လ်ဘမ် သုံးလေးခု တင်ထား ရမည်။

(ရှေ့ဖုံးကားဖွင့်)

(ဦးမင်းဝေသည် ဆက်တီတွင်ထိုင်လျက် သတင်းစာဖတ်နေစေ။ ဒေါ်သက်ဆွေ အိမ်အတွင်း မီးဖိုခန်းမှထွက်လာသည့်ဟန်နှင့် ဇာတ်စင်၏လက်ဝဲဘက်မှ ထွက်လာစေ။ ဦးမင်းဝေနှင့် မျက်နှာ ချင်းဆိုင်ဝင်ထိုင်စေ)

ဦးမင်းဝေ။ (သတင်းစာကိုချလိုက်ပြီး) ငါ့သားပြန်လာရင် ညနေစာစားဖို့ ဟင်းကောင်းကောင်းချက်ထားရဲ့လားကွ။

ဒေါ်သက်ဆွေ။ မနက်အစောကြီးကတည်းက ဈေးသွားပြီး ကျုပ်တို့သားအမိ တမနက်လုံးချက်ထားပြီးပါပြီတော်။ ဟိုမှာ ငါးမစားရဘူးလို့ သားလေးစာထဲမှာပါဖူးတယ်လေ။ ဒါကြောင့် သူကြိုက်တဲ့ ငါးသလောက်ပေါင်းထားပြီးပြီ။ ကြက်သားလဲ စားချင်ရင် စားလို့ ရအောင် ချက်ထားတယ်။ ညနေကျကြော်ဖို့ အခု သမီး ပန်းဂေါ်ဖီလုပ်နေလေရဲ့။

ဦးမင်းဝေ။ အင်း ... ကောင်းပေ့။ သူတို့ ဟိုမှာနေ့တိုင်း ပူးစာဆုံနေရတဲ့ 'ဂတုံးမင်းသား' တော့ မပါစေနဲ့နော်။

ဒေါ်သက်ဆွေ။ ဩော် ဘဲဥကိုပြောတာလား။ စိတ်ချ မချက်ဘူး။ အင်း သားလေးလည်း မလေးရှားမှာ အစားဆင်းရဲ၊ အနေဆင်းရဲနဲ့ ပင်ပင်ပန်းပန်းလုပ်ခဲ့ရရှာတာ၊ သနားစရာကောင်းလိုက်တာ။ နဂိုရ်က ပိန်ရတဲ့အထဲ အခု ဝါးခြမ်းပြားလေးများဖြစ်နေပြီလား မသိဘူး။

ဦးမင်းဝေ။ အေးပေါ့ကွာ၊ အဲဒီ သူရွေးခဲ့တဲ့လမ်းပဲလေ။ မိဘက ပညာတတ်

www.burmeseclassic.com

www.burmeseclassic.com



စေချင်လွန်းလို့ ဆရာဝန်၊ အင်ဂျင်နီယာဖြစ်စေချင်လွန်းလို့ စာကြိုးစားဖို့တိုက်တွန်းလိုက်ရတာ။ ဒါပေမဲ့ ၁၀ တန်းတောင် မအောင်။

ဒေါ်သက်ဆွေ။ တော်က စာမကျက်လို့ဆူလွန်းတော့ လမ်းပေါ်ရောက်သွားမှာ စိုးလို့ ကျုပ်မှာ ကြိတ်ပြီး ဖျောင်းဖျရ၊ ချော့ရ ... ။

ဦးမင်းဝေ။ ဒါလဲ ၂ ခါကျဖြစ်သွားတာပဲမဟုတ်လား။

ဒေါ်သက်ဆွေ။ ဂီတာတဒေါင်ဒေါင်တွေနဲ့ ပေါင်းမိတာကြောင့်လည်း ဒီလိုဖြစ်သွားတာပါ။ သားလေးကဉာဏ်တော့ကောင်းပါတယ်။ အခုတောင် ကြည့်ပါလား ... နိုင်ငံခြားရောက်တော့ အဲယားကွန်းပညာ ကျွမ်းကျင်နေပြီတဲ့။ အင်း ... ဒါလဲ အင်ဂျင်နီယာတစ်မျိုးပေါ့၊ မဟုတ်ဘူးလားရှင့် ဦးမင်းဝေရဲ့။ ကျွန်မသားလေးက နိုင်ငံခြား ပြန် အင်ဂျင်နီယာရှင့်၊ နိုင်ငံခြားပြန်အင်ဂျင်နီယာ ...

ဦးမင်းဝေ။ ဟုတ်ပါ့များ ... ဟုတ်ပါ့၊ ဟုတ်ပါ့။ နိုင်ငံခြားပြန်ကြီး။ အင်ဂျင်နီယာ ကြီးပါဗျာ ... ။ ဟင်း ၁၀ တန်းနှစ်ခါကျတော့ ဘာလုပ်ရမှန်း မသိ။ ဘာမှလဲမလုပ်တတ်။ သူများတွေ ၅ သိန်းအကုန်ခံပြီး နိုင်ငံခြားသွားအလုပ်လုပ်တာကို အားကျ။ မိဘကိုပူဆာ။ စာရေးကြီးဆိုတဲ့ကျုပ်ကလည်း သူဌေးမဟုတ်။ ရှိသမျှ ရွှေထည်ကလေးတွေရောင်း၊ မိတ်ဆွေတွေဆီအောက်ကျို့ပြီး ငွေတိုးနဲ့ချေး။ ၅ သိန်းရအောင် မနည်းလုပ်ပြီး မလေးရှား ပို့ရတာလေ ဒေါ်သက်ဆွေရဲ့၊ ခင်ဗျားပြောသလို အဲယားကွန်း အင်ဂျင်နီယာကြီးဖြစ်လာတဲ့ နိုင်ငံခြားပြန်ကြီးဆိုပြီး ဂုဏ်ယူရ မှာပေါ့ဗျာ။ ဟား ဟား ဟား ...

ဒေါ်သက်ဆွေ။ တော်က မသရော်ပါနဲ့။ အခု ကျုပ်သားလေး နိုင်ငံခြားက ပါလာမယ့်ငွေတွေရတော့မှ 'ဒါမှငါ့သားကွ၊ ဒါမှငါ့သား

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ဆွေ ကွလို့ဖြစ်မနေနဲ့။ ဟင်း ... သား ဒီနေ့ မြို့ပြန်လာမယ်လဲ့ကြားရော ဖအေရုံးအုပ်စာရေးကြီးကလည်း ခွင့်ယူ၊ သမီး ရုံးစာရေး ကလေးကလည်း ရုံးကိုခွင့်တိုင် ... (ခင်သက်ဝေ လက်သုတ်ပဝါတစ်ခုဖြင့် လက်သုတ်ရင်း လက်ဝဲ ဘက်မှ ထွက်လာစေ)

ခင်သက်ဝေ။ အံမယ် မေမေက သမီးတို့ခွင့်ယူတာကိုသာ ပြောတာကိုး။ မေမေကရော မနက်ကဈေးသွားတာ မိုးတောင်မလင်းသေးဘူး။ ဈေးသည်တွေတောင် ရောက်ဦးမှာမဟုတ်ဘူး။ ဟင်း ဟင်း ... သူ့သားလေးကျတော့ သဲသဲကိုလှုပ် ... ။ (ပြောရင်း ဦးမင်းဝေနံဘေးမှ ခုံတွင်ဝင်ထိုင်ပြီး) ဟုတ်တယ်မဟုတ်လား ဖေဖေ ...

ဦးမင်းဝေ။ ဟုတ်ပ့ါ ဟုတ်ပ့ါ။ ခုနက ထမင်းစားတုန်းကတောင် ဖြောင့်အောင် မစားနိုင်ဘူး။

ဒေါ်သက်ဆွေ။ ဟဲ့ ငို့သားလေးနဲ့ ၃ နှစ်ကြီးများတောင်ခွဲနေရတာ၊ ဒီလောက် တော့ရှိရမှာပေ့ါအေ။

ခင်သက်ဝေ။ အင် ... သမီးလည်း မောင်လေးကို လွမ်းတာပါပဲမေမေရ။ သမီးတို့မှာလည်း ဒီမောင်နှမနှစ်ယောက်ပဲ ရှိတာလေး မောင်လေး ကျောလာလမ်းပူရောက်ပြီး နောက်နှစ်မှာ အဆက် အသွယ်ပြတ်သွားတော့ သမီးဖြင့်လေ စိတ်ပူလိုက်ရတာ။ နောက်မှ လိပ်စာသစ်ရလို့ တော်ပါသေးရဲ့။

ဦးမင်းဝေ။ အဆက်အသွယ်လုံးဝပြတ်သွားပြီး ပြန်မလာခဲ့ရင်တော့လား ညည်းအမေ သားစိတ်နဲ့ သေသွားနိုင်တယ်သမီးရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်ဆွေ။ အမှန်ပဲ အမှန်ပဲ ... ။ ဒါနဲ့ သားလေးက ရန်ကုန်ကို ဘယ်နေ့က ရောက်တာတဲ့လဲ။ ဒီနေ့ မြို့ကိုပြန်ရောက်မှာရော သေချာရဲ့လား ဟင် ... ။

ဦးမင်းဝေ။ မနေ့က ရန်ကုန်ရောက်ရောက်ချင်း ရုံးကိုဖုန်းဆက်တာလေ။ သူနဲ့အတူ နိုင်ငံခြားထွက်တဲ့သူတစ်ယောက်နဲ့ အတူပြန်လာတာတဲ့။ အဲဒီသူငယ်ချင်းအိမ်မှာတစ်ညအိပ်ပြီး မြို့ကို ဒီကနေ့ ပြန်လာမှာလေ။

ဒေါ်သက်ဆွေ။ ရှင်နဲ့ဖုန်းပြောတော့ သားလေးအသံကြည်ရဲ့လား။ အရမ်းပိန်နေလား ...

ဦးမင်းဝေ။ ပိန်လား၊ ဝလား ဖုန်းထဲမှာ ဘယ်လိုသိမှာလဲမိန်းမရာ ... ။ အသံကတော့ ဒီကလက်လှည့်ဖုန်းဆိုတော့ သိပ်မပီသဘူးကွ။ ဒီနေ့ကြုံရာကားနဲ့ ပြန်ခဲ့မှာတဲ့ကွ။ ညနေလောက်တော့ ရောက်မှာပေါ့ကွာ။
(ထိုစဉ် ဇာတ်စင်၏လက်ယာဘက်မှ ဒေါ်သိန်းသိန်း ထွက်လာစေ)

ဦးမင်းဝေ။
ဒေါ်သက်ဆွေ။ ဟော ဒေါ်သိန်းပါလား ... (ထ၍ခရီးဦးကြိုပြုကြစေ)

ဒေါ်သက်ဆွေ။ သိန်းသိန်းလာ ဒီမှာထိုင်။ သမီးရေ ကော်ဖီနဲ့မုန့်ယူခဲ့ပါကွယ်။

ခင်သက်ဝေ။ ဟုတ်ကဲ့မေမေ။ (အိမ်ထဲဝင်သွားစေ)

ဒေါ်သိန်းသိန်း။ သားပြန်လာတော့မယ်သတင်းကြားလို့လာတာ။ ဟုတ်လား မဆွေ။ ဘယ်တော့ပြန်ရောက်မှာလဲ။

ဒေါ်သက်ဆွေ။ သားလေးမနေ့က ရန်ကုန်ပြန်ရောက်တယ်လို့ ဖုန်းရတယ်။ ဒါကြောင့် ကျွန်မတို့လည်း မျှော်နေကြတာ။ သားလေးရောက်ရောက်ချင်း ပါလာတဲ့ငွေတွေကို သိန်းသိန်းဆီအမြန်ဆုံး လာဆပ်မယ်။ ဒီလအတွက် အတိုးလည်း တစ်ခါတည်းပေးမှာ ပါရှင်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သိန်းသိန်း။ ဪ ရပါတယ်မခွေရယ်။ ကျွန်မက ကြွေးလာတောင်းတာ မဟုတ်ပါဘူး။ သတင်းကောင်းမို့လို့ ဝမ်းသာလို့ ကြားကြားချင်း ထလာတာ။

ဒေါ်သက်ခွေ။ အင်း ဟုတ်တယ်သိန်းသိန်းရေ၊ ဝမ်းသာလိုက်ပုံများ ညက အိပ်လို့တောင်မပျော်ဘူး။

(ခင်သက်ဝေ ကော်ဖီနှင့်မုန့်များ ဗန်းဖြင့်ယူလာပြီး ဒေါ်သိန်းသိန်း ရှေ့တွင် ချပေးစေ)

ခင်သက်ဝေ။ ဒေါ်ဒေါ် သုံးဆောင်ပါဦး။

ဒေါ်သက်ခွေ။ (အယ်လ်ဘမ်တစ်ခုကိုယူလိုက်ပြီး) ကော်ဖီသောက်ရင်း သားလေးနိုင်ငံခြားကရိုက်ပို့လိုက်တဲ့ ဓာတ်ပုံလေးတွေလည်း ကြည့်လိုက်ပါဦး သိန်းသိန်းရဲ့။

(ဒေါ်သိန်းသိန်း အယ်လ်ဘမ်ကို လှန်၍ကြည့်ရင်း ကော်ဖီ ပန်းကန်ကိုယူ၍ သောက်နေစေ)

ဒေါ်သက်ခွေ။ (အယ်လ်ဘမ်တစ်နေရာကိုထောက်ပြပြီး) အဲဒါ သားလေး အလုပ်ခွင်ထဲမှာရိုက်ထားတဲ့ပုံတဲ့ သိန်းသိန်းရဲ့။ သားလေးက အဲယားကွန်းကျွမ်းကျင်နေပြီလေ။ လုပ်ရတာကတော့ တိုက်ကြီးတွေရဲ့ ခေါင်းမိုးအထိတက်ရတာတဲ့။ ဓာတ်ပုံထဲမှာ ကြည့်ရင်း၊ ဪ အမြင့်ကြီးကပြုတ်များကျလိုက်ရင်ဆိုပြီး စိုးရိမ်မိသေးတာ။

ဦးမင်းဝေ။ ဪ လူငယ်ဆိုတော့လဲ စွန့်စားချင်ကြတာမဟုတ်ပါဘူး သိန်းသိန်းရယ် ... ခုတော့လဲ ငွေရှာရတာ ဘယ်လောက်ခက်ခဲ သလဲဆိုတာ သူသိသလောက်ရှိသွားပါပြီလေ။

ဒေါ်သိန်းသိန်း။ သူတို့ဆီမှာ ဒေါ်လာမဟုတ်ဘူးဆို ... ။

www.burmeseclassic.com



ဦးမင်းဝေ။ ရင်းဂစ်လို့ခေါ်တယ်၊ မလေးရှားဒေါ်လာပေါ့ဗျာ။

ဒေါ်သိမ်းသိမ်း။ တစ်လကိုဘယ်လောက်ရသတဲ့လဲ ဦးမင်းဝေ ... ။

ဦးမင်းဝေ။ အလုပ်က ၂ နေရာ ၃ နေရာလောက် ပြောင်းရတယ်လို့ သူ့စာထဲမှာပါတယ်။ ပထမအလုပ်ရုံမှာတုန်းကတော့ တစ်လ ရှစ်ရာရတယ်လို့ပါတယ်။ နောက်ပိုင်း စာအဆက်အသွယ် ပြတ်သွားတော့ မသိရတော့ဘူး။

ဒေါ်သက်ဆွေ။ သားလေးက ရသလောက်ကို စုထားတယ်တဲ့ သိမ်းသိမ်းရဲ့။ အင်း ... ပြန်လာရင် ငွေထုပ်ပိုက်ပြီး ပြန်လာမှာပါ။ သိမ်းသိမ်း မုန့်တွေစားပါဦး ... ။

ဒေါ်သိမ်းသိမ်း။ တော်ပါပြီမဆွေ၊ မုန့်တော့မစားတော့ဘူး။ (အယ်လ်ဘမ်ကို ပြန်ပိတ်လိုက်ပြီး) ကဲ ကျွန်မပြန်ဦးမယ်၊ အိမ်မှာညနေစာ စီစဉ် ရဦးမှာမဆွေရဲ့။ အဲ သားငယ်ရောက်ရင်သာ ...

ဒေါ်သက်ဆွေ။ စိတ်ချသိမ်းသိမ်း ... ငွေထုပ်ပိုက်ပြီး ပြေးလာမယ်သိလား။ အတိုးနဲ့ဆိုပေမယ့် သိမ်းသိမ်းတို့ကူညီလို့ သားလေးကို နိုင်ငံခြား လွှတ်နိုင်တာမဟုတ်လား။ ဒီကျေးဇူးကို သိတတ်ရမှာပေါ့ရှင်။ နှစ်သိမ်းတောင်ကူညီထားတာ ...

(ဒေါ်သိမ်းသိမ်းပြန်ရန် ထလိုက်စဉ်မှာပင် ဇာတ်စင်၏လက်ယာ ဘက်မှ ဒေါ်သန်းသန်း ထွက်လာစေ)

အားလုံး။ ဟော ... သန်းသန်းပါလား ...

ဒေါ်သိမ်းသိမ်း။ မမသန်းရေ အသိမ်းရောက်လာတာအတော်လေးကြာသွားပြီ။ ပြန်လိုက်ဦးမယ်နော်။

ဒေါ်သန်းသန်း။ ဩော် ... အသိမ်းပြန်တော့မှာလား။

(ဒေါ်သိမ်းသိမ်း ဇာတ်စင်လက်ယာဘက်သို့ ဝင်သွားစေ။ ဒေါ်သန်းသန်း ဆက်တီတွင်ဝင်ထိုင်စေ။ ခင်သက်ဝေ၊

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သိန်းသိန်း သောက်ထားသော ကော်ဖီပန်းကန်နှင့် မုန့်ပန်းကန်များကိုသိမ်းယူပြီး အတွင်းဘက်သို့ဝင်သွားစေ)

ဒေါ်သက်ဆွေ။ သန်းသန်း ... သားလေး နိုင်ငံခြားကပြန်ရောက်တာ သိပြီးပြီထင်တယ်။

ဒေါ်သန်းသန်း။ (အံ့ဩတန်နှင့် တိုတိုသည်သည်လိုက်ကြည့်ရင်း) ဪ မောင်မောင်ဆွေ ရောက်တောင်နေမှကို။ ဘယ်နှယ့်လဲ ငွေတွေ ပါလာပြီလား။

ဒေါ်သက်ဆွေ။ အိမ်ကိုမရောက်သေးပါဘူးသန်းသန်းရဲ့။ မနေ့ကမှ ရန်ကုန်ကို ရောက်တာပါ။ ညနေလောက်မှ ဒီကိုရောက်မယ်ထင်တယ်။ ဆွေတို့လဲ မျှော်နေကြတာ ... ။

(ခင်သက်ဝေ ကော်ဖီနှင့်မုန့်များယူလာပြီး ဒေါ်သန်းသန်းရှေ့တွင် ချပေးစေ)

ဒေါ်သက်ဆွေ။ ကော်ဖီနှင့်မုန့်တွေ အမောပြေသုံးဆောင်လိုက်ပါဦး သန်းသန်း ရဲ့။ သားလေးရောက်ရောက်ချင်း သန်းသန်းရဲ့ ငွေနှစ်သိန်းကို ချက်ချင်းလာပို့မယ်လို့ စဉ်းစားထားတာမို့လို့ သန်းသန်းဆီကို ကြိုတင်မပြောတော့တာ။

ဒေါ်သန်းသန်း။ အင်း ... မောင်မောင်ဆွေ အတော်လေး စုမိလာမှာပေါ့နော်။ ဘယ်လောက်ပါလာမယ်လို့ပြောလဲ။

ဦးမင်းဝေ။ အဲဒါတော့ သူရောက်မှပဲသိရမှာ။ သူ မလေးရှားကနေ လှမ်းရေးတဲ့စာထဲမှာတော့ အဖေတို့အမေတို့ဆီကို လစဉ်ပို့နိုင်မှာမဟုတ်ဘူးတဲ့။ ရသ၍ကို စုထားမှာပါတဲ့။

ဒေါ်သက်ဆွေ။ အခုပြန်လာမှ မြန်မာငွေနဲ့ယူလာမှာပေါ့ သန်းသန်းရယ်။ ကဲ ... ကော်ဖီတွေအေးလိမ့်မယ် သောက်လိုက်ပါဦး။

ဒေါ်သန်းသန်း။ (ကော်ဖီပန်းကန်ကိုယူသောက်ရင်း) ကျွန်မကတော့လည်း ရှိလွန်းလို့

www.burmeseclassic.com

www.burmeseclassic.com



ချေးတာမဟုတ်ပါဘူးမဆွေရယ်။ အတိုးဆိုတာကလည်း လုပ်စားတဲ့သူတွေလို အများကြီးယူတာမဟုတ်ပါဘူး။ မဆွေတို့ကို အားနာလို့သာ ချေးပေးခဲ့တာပါနော်။

ဒေါ်သက်ဆွေ။ ဟုတ်ပါတယ် သန်းသန်းရယ်။ သန်းတို့ကျေးဇူးကို မမေ့ပါဘူးရှင်။ အခု သားလေးပြန်ရောက်တယ်လို့ကြားရတယ်ဆိုရင်ပဲ သားကိုတွေ့ဖို့ ဝမ်းသာတာထက် အကြွေးတွေအတွက် ရင်အေးရတာက ပိုပါတယ်သန်းသန်းရယ်ယုံပါ။

ဒေါ်သန်းသန်း။ ယုံပါတယ် မဆွေရယ် ... ။

ဦးမင်းဝေ။ မသန်းရေ ကျွန်တော်တို့အကြောင်းလဲ မသန်းသိပါတယ်။ ကျွန်တော်တို့မိသားစုက ကိုယ်ရတဲ့ စာရေးလစာလေးနဲ့ လောက်အောင်စားတတ်ပါတယ်။ စုတောင်စုမိပါသေးတယ်။ ဘယ်သူ့ဆီကမှလဲ အချေးအငှားမလုပ်ဖူးပါဘူး။ သားလေးကြောင့်သာ မသန်းတို့ဆီက ချေးခဲ့ရတာပါ။

ဒေါ်သန်းသန်း။ ဟုတ်ပါတယ်ရှင် ... အခုလာရတာကလည်း မယုံလို့မဟုတ်ပါဘူးနော်။ သားငယ်ရောက်တဲ့သတင်း ဟုတ်မဟုတ်လာမေးရင်း အလည်လာတာပါ။

ဒေါ်သက်ဆွေ။ ကဲ ရောက်တုန်းရောက်ခိုက် သားလေးမောင်မောင်ဆွေ မလေးရှားကရိုက်ပြီးပို့ထားတဲ့ ဓာတ်ပုံလေးတွေကြည့်သွားပါဦး။ (အယ်လ်ဘမ်ကိုလှန်ပြီး) ဟောဒီ သူလုပ်တဲ့လုပ်ငန်း။ အဲယားကွန်းတပ်ဆင်နေတဲ့ပုံတဲ့။ ကြည့်ပါဦးသန်းရယ် အမြင့်ကြီး တက်ရရှာတာ။

ဒေါ်သန်းသန်း။ (အယ်လ်ဘမ်ကို ယူကြည့်ပြီး) ဟုတ်ပါရဲ့နော် ... သူတို့အလုပ်ကလဲ အတော်အန္တရာယ်များတာပဲ။ (အယ်လ်ဘမ်ကို ဟိုလှန် သည်လှန်ကြည့်နေစေ)

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်ဆွေ။ သားလေးတို့အလုပ်က ပင်ပင်ပန်းပန်းလုပ်ရတာတဲ့။ စားတော့လဲ ဖြစ်သလိုချက်စားကြရတာ၊ နေ့တိုင်း ဘဲဥ ပဲတဲ့ဟင်း ဟင်း ဟင်း...

ဒေါ်သန်းသန်း။ (ခင်သက်ဝေ ဘက်သို့လှည့်ပြီး) မောင်လေးပြန်လာရင်စားဖို့ အစ်မလုပ်တဲ့သူက ဟင်းကောင်းတွေ ချက်ထားပြီလား ခင်သက်ဝေ။

ခင်သက်ဝေ။ ဟုတ်ကဲ့အန်တီ သူကြိုက်တဲ့ ငါးသလောက်ရော ကြက်သား ရော ချက်ထားတယ်လေ။

ဒေါ်သန်းသန်း။ ကဲ မဆွေရေ ကျွန်မပြန်လိုက်ဦးမယ်နော်။ သားငယ်ပြန် ရောက်ရင်သာ ...

ဒေါ်သက်ဆွေ။ စိတ်ချသန်းသန်းရေ ငွေထုပ်ကြီးပိုက်ပြီးလာခဲ့မယ်သိလား။

(ဒေါ်သန်းသန်းထပြီး ဇာတ်စင်လက်ယာဘက်သို့ ပြန်ဝင်သွား စေ။ ဦးမင်းဝေ၊ ဒေါ်သက်ဆွေနှင့် ခင်သက်ဝေတို့ သားအမိ သားအဖသုံးယောက်ကျန်စေ)

ခင်သက်ဝေ။ ဖေဖေ မောင်လေးငွေဘယ်လောက်စုမိနိုင်မလဲဟင်။ သမီး လက်ကောက်ကလေးတွေရောင်းခဲ့ရတာ ပြန်လုပ်ပေးနိုင်မယ် မဟုတ်လား။

ဒေါ်သက်ဆွေ။ အို ပြန်လုပ်ပေးမှာပေါ့သမီးရဲ့ မေမေတို့ ထုခွဲရောင်းချခဲ့ရတဲ့ ရွှေထည်လေးတွေ အကုန်ပြန်လု[illegible]နိုင်တဲ့အပြင် ပိုဦးမှာပါ သမီးရယ်။ ဟုတ်ဘူးလား အဖေကြီး ... ။

ဦးမင်းဝေ။ အခင်း တစ်လကို ရင်းဂစ် (၈၀၀) ရတယ်ဆိုတော့ စားသောက် ပြီး (၅၀၀) တော့ကျန်မှာပဲ။ အဲဒီနှုန်းနဲ့ တစ်နှစ်ကို ရင်းဂစ် (၆၀၀၀) စုမိရင် သုံးနှစ်ဆိုတော့ ရင်းဂစ် (၁၈၀၀၀) စုမိနိုင် တာပေါ့။ မြန်မာငွေနဲ့ဆို (၈) သိန်းလောက်ရှိမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ခင်သက်ဝေ။ ဟာ ဒါဆို ကြွေး (၄) သိန်းဆပ်ပြီးရင်တောင် (၄) သိန်းလောက် ကျန်ဦးမှာ။ ပျော်စရာကြီးပေါ့နော် မေမေ။

ဒေါ်သက်ဆွေ။ ပျော်စရာကြီးပေါ့သမီးရဲ့။ ပိုတဲ့ငွေတွေကို ဘာလုပ်ရမလဲ ဆိုတော့ ရွှေထည်လေးတွေ အစားပြန်လုပ်။ ပြီးရင် သားလေး အတွက် လုပ်ငန်းလေးတစ်ခု တည်ထောင်ပေးရမယ်နော် အဖေကြီး။ ဘာလုပ်ငန်းထောင်ပေးရင် ကောင်းမလဲဟင်။ အဖေကြီး စဉ်းစားထားတော့။ ဒါမှ သားလေးတည်ငြိမ်သွားမှာ။

ဦးမင်းဝေ။ အေးပါကွာ စဉ်းစားပါ့မယ်။ ပိုတဲ့ငွေနဲ့ ဖြစ်နိုင်မယ့်လုပ်ငန်းကို ချိန်ရမှာပေါ့။

ဒေါ်သက်ဆွေ။ သားလေးတက်လာတဲ့ အဲယားကွန်းလုပ်ငန်းရော ဘယ့်နှယ် နေမလဲ။

ဦးမင်းဝေ။ ဟာ အဲဒီဟာက တို့မြို့မှာ ဘယ်အလုပ်ရှိမှာတုန်း။ ရန်ကုန်က တည်ဆောက်ရေးလုပ်ငန်းကြီးတွေမှာမှရှိတာ။ ရန်ကုန်မှာ သွားလုပ်ခိုင်းလို့ကလဲ ဖြစ်မှာမဟုတ်ဘူး။ ရန်ကုန်မှာဆို မင်းသား ပျက်စီးမှာ။

ဒေါ်သက်ဆွေ။ သားလေးက ဒီလောက်လည်း မဆိုးသေးပါဘူးအဖေကြီးရာ အင်း တကယ်တော့ ကျုပ်ကလည်း ရန်ကုန်ကိုမလွှတ်နိုင်ပါဘူးတော်။

ခင်သက်ဝေ။ ဖေဖေ ...

ဦးမင်းဝေ။ ဘာလဲသမီး ...

ခင်သက်ဝေ။ သမီးတို့ရုံးတွေနဲ့ အဆက်အစပ်ရှိပြီးသားပဲဥစ္စာ၊ ဖိုတိုစတက် တို့ စတေရှင်နရီတို့ အဲဒီလုပ်ငန်းမျိုးမကောင်းဘူးလား။ လုပ်ငန်း တွင်ကျယ်လာရင် ကွန်ပျူတာစာစီလုပ်ငန်းပါ တိုးချဲ့။ အဲဒီအခါ

www.burmeseclassic.com

www.burmeseclassic.com



သမီးတောင် အလုပ်ကထွက်ပြီး ကွန်ပျူတာလုပ်ငန်းကို ကိုယ်တိုင်လုပ်။ အခုကတည်းက ကွန်ပျူတာသင်တန်းတက် ထားရင် ဖြစ်တာပေါ့။

ဒေါ်သက်ဆွေ။ ဟုတ်တယ် ဟုတ်တယ် မေမေလဲ အဲဒီလုပ်ငန်းကြိုက်တယ်။ သားလေးနဲ့အတူ အဖေကြီးပါလုပ်လို့ရတယ်။

ဦးမင်းဝေ။ အေးကွ ငါတောင် အဲဒီလုပ်ငန်းကို ခပ်ကြိုက်ကြိုက်ပဲ။ လုပ်သက်ပင်စင်ယူပြီး ငါ့သားနဲ့အတူ လုပ်လို့ရတာပဲ။

ဒေါ်သက်ဆွေ။ ကောင်းတယ် ကောင်းတယ် ကျုပ်တို့မိသားစုပျော်စရာကြီး။ (အားလုံးပြုံးပျော်ရွှင်နေကြစေ)

ဒေါ်သက်ဆွေ။ (လက်ပတ်နာရီကိုမျှော်ကြည့်ပြီး) အဖေကြီး သားလေးရောက်တော့ မလားဟင်။ တော် ကားဂိတ်သွားစောင့်ပါလား။

ဦးမင်းဝေ။ ဩော် မင်းကလဲ ကားတွေက ဒီဘက်ကိုကျော်ပြီးမှ ကားဂိတ် ရောက်တာလေကွာ။ သားက ကိုယ့်အိမ်နားမှာကိုယ် ဆင်းမှာ ပေါ့ကွ။

ဒေါ်သက်ဆွေ။ သမီးရေ ညနေစာထမင်းအိုးတည်တော့လေ။ ပြီးရင် ချက်ထား တဲ့ဟင်းတွေနွေး။ ပန်းဂေါ်ဖီကြော်၊ ဟင်းချိုတစ်ခွက်ချက်လိုက်။

ခင်သက်ဝေ။ ဟုတ်ကဲ့မေမေ။ (ပျော်ရွှင်မြူးတူးစွာထသွားပြီး အတွင်းသို့ ဝင်ခါနီးတွင်မှ ပြန်လှည့်ကြည့်ပြီး) ဩော် သမီးတို့မှာ ဗွီစီဒီစက် မရှိသေးဘူးနော်။ အဲဒါအရင်ဝယ် သိလားမေမေ။ (ပြောပြီး ဝင်သွားစေ)

ဦးမင်းဝေ။ သမီးပြောတာလဲ မှန်တယ်ကွ။ ခုခေတ်မှာ ဗွီစီဒီလေးဘာလေး ကလဲ ရှိဦးမှ။ ဒီမှ ကိုယ်ကြည့်ချင်တဲ့ ဒစ် (စ်) တွေကြည့်နိုင်မှာ။

ဒေါ်သက်ဆွေ။ ဟုတ်ပ! တီဗွီကလာတဲ့ နိုင်ငံခြားဇာတ်လမ်းတွေက အပြတ် အပြတ်နဲ့။ ဝယ် ဝယ် ဗွီစီဒီလည်းဝယ်။

www.burmeseclassic.com

www.burmeseclassic.com



(ထိုစဉ်မှာပင် အိမ်ရှေ့မှ လှမ်းခေါ်သည့်အသံမျိုးဖြင့် မောင်မောင်ဆွေ၏ အော်ခေါ်သံ ပေါ်ထွက်လာစေ)

မောင်မောင်ဆွေ၏အသံ။ ဖေဖေရေ ...မေမေရေ ...မမရေ ...

ဦးမင်းဝေ + ဒေါ်သက်ဆွေ။ ဟော သားလေးအသံ။ သားရေ သားလေးရေ ...

(ဇာတ်စင်၏လက်ယာဘက်သို့ ဝမ်းသာအားရပြေးသွားကြပြီး၊ အိမ်ရှေ့တံခါးမကြီးမှ အပြင်သို့လှမ်းကြည့်သည့်ဟန်နှင့် လှမ်းကြည့်ကြစေ)

(ခဏအတွင်းမှာပင် လက်ဆွဲအိတ်ကြီးတစ်လုံးနှင့် အခြားအိတ်များကို မနိုင်မနင်းလွယ်လျက် ဘောင်းဘီဝတ်နှင့် ဆံပင်ရှည်နှင့် မောင်မောင်ဆွေအား ဦးမင်းဝေနှင့် ဒေါ်သက်ဆွေတို့က တစ်ဘက်တစ်ချက်တွဲလျက် ဧည့်ခန်းထဲသို့ ခေါ်လာကြစေ)

(ခင်သက်ဝေလည်း ပြေးထွက်လာပြီး "မောင်လေး" ဟု အားရပါးရခေါ်ကာ လက်ထဲမှအိတ်ကြီးကို ဝိုင်းသယ်ယူလာစေ)

(အထုပ်အပိုးများကိုစုပုံချထားပြီးနောက် မောင်မောင်ဆွေက မိဘများနှင့် အစ်မကိုထိုင်ကန်တော့စေ။ မောင်မောင်ဆွေ မျက်နှာပြန်မော့လိုက်သည့်အခါ မျက်ရည်များဝဲနေစေ။ ဦးမင်းဝေ၊ ဒေါ်သက်ဆွေနှင့် ခင်သက်ဝေတို့လည်း မျက်ရည်များ တွေတွေကျနေစေ)

ဒေါ်သက်ဆွေ။ (မောင်မောင်ဆွေ၏ပခုံးကိုဖက်ပြီးငိုလျက်) သားလေးရယ် မေမေ့သားလေးရယ် ... ပိန်သွားလိုက်တာ ကြည့်ပါဦး ...

(အတန်ကြာမှ ...)

ဦးမင်းဝေ။ ကဲကဲ မိသားစုပြန်ဆုံပြီလေ။ ပျော်ရမယ့်ဥစ္စာ မငိုကြနဲ့တော့လေ။

ဒေါ်သက်ဆွေ။ (မျက်ရည်သုတ်လိုက်ပြီး) သားလေး ရေမိုးချိုးပြီးရင် ပျော်ပျော်ပါးပါးထမင်းစားကြမယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ဆွေ။ သားအခြေနေကို ဖေဖေတို့ မေမေတို့ကို ရှင်းပြဦးမယ်လေ။

ဒေါ်သက်ရွှေဆွေ။ အို ထမင်းစားပြီးမှပြော။ အေးအေးဆေးဆေးပေါ့သားရယ်။

ဦးမင်းဝေ။ သားလေးပြောတာဟုတ်တယ်ကွအမေကြီးရ။ သူပါလာတဲ့ ငွေရေးကြေးရေးအခြေအနေကိုသိပြီးမှ ကြွေးကိစ္စတွေရှင်းနိုင်မှာလေ။ သိန်းသိန်းတို့ သန်းသန်းတို့ကို သားလေးပြန်ရောက်ရောက်ချင်း လာဆပ်မယ်လို့ မင်းပဲနေ့လယ်တုန်းက ကတိပေးထားတယ်မဟုတ်လား။

ဒေါ်သက်ဆွေ။ အင်း အင်း ဟုတ်သားပဲ ... ။

ဦးမင်းဝေ။ ကဲ ငွေဘယ်လောက်စုမိခဲ့လဲသား။ ခု ပါလာပြီမဟုတ်လား။ (အားလုံး မောင်မောင်ဆွေကိုဝိုင်းကြည့်ကာ ပြောမည့်စကားကို ကြားချင်ဇောနှင့် နားစွင့်နေကြစေ)

မောင်မောင်ဆွေ။ သား ရောက်ခါစနှစ်တုန်းက အတော်လေးစုမိပါတယ်။ အဲယားကွန်းလုပ်ငန်းပေါ့။ ဒါပေမဲ့ ဒုတိယနှစ်ကျတော့ မေမေတို့နဲ့ အဆက်ပြတ်သွားတဲ့နှစ်ပေါ့။ သူတို့ဆီက လူဝင်မှုဥပဒေအရ သားတို့ကို ရဲကဖမ်းတာ အတော်ကုန်သွားတယ်။ အဲဒီနောက် အချုပ်ကလွတ်လာတော့ နောက် အလုပ်ရုံတစ်ခုမှာ ဆက်လုပ်တာ နည်းနည်းတော့ ပြန်စုမိလာတယ်။ အဲဒီအလုပ်ရုံမှာ လုပ်နေတုန်း သူငယ်ချင်းတစ်ယောက်ကဆွယ်တာနဲ့ စင်ကာပူအပျော်စီးခရူဇာသင်္ဘောကြီးမှာ အလုပ်လျှောက်တယ်။ ရင်းဂစ်တစ်သောင်းခွဲ ကြိုတင်သွင်းထားရမယ်ဆိုလို့ စုထားသမျှလေး ပေးလိုက်တာ အဲဒါပါသွားရော။

ခင်သက်ဝေ။ ဟင် အလိမ်ခံရတာပေါ့ ဟုတ်လား။

မောင်မောင်ဆွေ။ ဟုတ်တယ်။ အေးဂျင့်ဆိုတဲ့လူက လိမ်ယူသွားတာလေ။ ဒီနဲ့

www.burmeseclassic.com

www.burmeseclassic.com



အပြန်စရိတ်ကလေးမနည်းရအောင် အလုပ်လုပ်ပြီး အချပြန်လာရတာ။ ပတ် (စ်) ပို့ကလဲ ၃ နှစ်စေ့သွားပြီ။

(အားလုံးငိုင်သွားကြစေ။ ဘာပြောရမှန်းမသိဘဲ မှိုင်တွေချလျက်ရှိကြစေ)

မောင်မောင်ဆွေ။ သားကိုခွင့်လွှတ်ကြပါနော်။ (ခေါင်းကိုအောက်ငုံ့လျက်ရှိစေ)

(အတန်ကြာငြိမ်သက်လျက်ရှိနေပြီးနောက်)

ဦးမင်းဝေ။ (ထိုင်ရာမှထလိုက်ပြီး) ကဲကဲ ဘာမှစိတ်ညစ်မနေကြနဲ့တော့။ မြို့လယ်မှာရှိတဲ့ ဒီအိမ်ကိုရောင်း။ ကြွေး ၄ သိန်းကိုဆပ်၊ ကျန်တဲ့ငွေနဲ့ မြို့စွန်တောပိုင်းမှာ အိမ်ကလေးဝယ် ... (စကားကိုခဏရပ်လိုက်ပြီးနောက် အသံကိုမြှင့်၍ တစ်လုံးချင်းပြော)

''နိုင်ငံခြားပြန်ကြီးအတွက် ဂနိုင်နားမှာ သွားစံကြတာပေါ့ကွာ''

ကဲ ဇါအိမ်သွားရောင်းပြီပော့။ (ပြောပြောဆိုဆို အိမ်ပြင်သို့ထွက်သွားမည်ပြုစဉ်)

(ရှေ့ပုံးကားပိတ်)

www.burmeseclassic.com

www.burmeseclassic.com

# တတိယအခြေ
(တစ်ခန်းရပ်ပြဇာတ်)

ပါဝင်သူများ

၁။ ဦးဖေမောင် – ဘဏ်မန်နေဂျာ (ငြိမ်း)
၂။ ဒေါ်မေအောင် – ဦးဖေမောင်၏ဇနီး
– အထက်တန်းပြဆရာမ (ငြိမ်း)
၃။ ကိုကိုမောင် – ဦးဖေမောင်၊ ဒေါ်မေအောင်တို့၏သားကြီး
၄။ ညီညီမောင် – ဦးဖေမောင်၊ ဒေါ်မေအောင်တို့၏သားငယ်
၅။ နီနီဖူး – ကိုကိုမောင်၏ဇနီး
၆။ ကြည်ကြည်ဦး – ညီညီမောင်၏ဇနီး
၇။ ရဲနီ – ကိုကိုမောင်၊ နီနီဖူးတို့၏ ၅ နှစ်ရွယ်သားငယ်
၈။ သဲကြည် – ညီညီမောင်၊ ကြည်ကြည်ဦးတို့၏ ၃ နှစ်ရွယ် သမီးငယ်

အပြင်အဆင်

ရန်ကုန်မြို့ ဘုရင့်နောင်လမ်းမကြီးပေါ်ရှိ လုံးချင်းတိုက်တစ်လုံး၏ ဧည့်ခန်း ရေးချက်နောက်ခံကားရှိရမည်။ ၎င်းကားတွင် အတွင်းဘက်သို့ ဝင်ရောက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သည့် ဝင်ပေါက်တစ်ခုပါရှိရမည်။

ဧည့်ခန်းအတွင်း အကောင်းစားဆက်တီတစ်စုံရှိရမည်။ တီဗွီ၊ ဗွီစီဒီ စသည့် ခေတ်မီအသုံးအဆောင်များလည်း သင့်သလိုထားရှိရမည်။

(ရှေ့ပိုးကားဖွင့်)

(ဆက်တီတွင် ကိုကိုမောင်နှင့် နီနီပူးတို့ကတစ်တွဲ၊ ညီညီမောင်နှင့် ကြည်ကြည်ဦးတို့ကတစ်တွဲ မျက်နှာချင်းဆိုင်ထိုင်နေကြစေ။ ပရိသတ်ကို တစ်စောင်းပေးအနေအထားဖြစ်သည်။ သားငယ် ရဲနီနှင့် သမီးငယ် သဲကြည် တို့က ကြမ်းပြင်ပေါ်တွင် ကစားစရာများဖြင့် ဆော့ကစားနေကြစေ)

ညီညီမောင်။ ကိုကို ကိုတို့ကြေးနန်းထဲမှာရော ဖေဖေချိန်းတာ ဒီနေ့ဟုတ်တယ်နော် ... ။

ကိုကိုမောင်။ ဟုတ်ပါတယ် ညီညီရဲ့။ (မိမိအင်္ကျီအိတ်ထဲမှ ကြေးနန်းစာရွက်ကိုထုတ်ယူလိုက်ပြီး) ရော့ ဒီမှာ။ (ညီညီမောင်သို့ လှမ်းပေးစေ)

ညီညီမောင်။ (စာရွက်ကိုလှမ်းယူပြီးဖတ်စေ) "ဖေဖေနဲ့မေမေ ဒီဇင်ဘာ ၁၂ (ဆယ့်နှစ်) ရက် သားကြီးထံရောက်မည်။ ညီညီတို့မိသားစုကို ခေါ်ထားပါ" တဲ့ ... ။

အင်း ညီညီ့ဆီ ရိုက်လိုက်တဲ့ကြေးနန်းကလဲ ဒီဇင်ဘာ ၁၂ ရက် ကိုကို့အိမ်မှာ မိသားစုအားလုံးသွားပြီးစောင့်နေကြလို့ပါတာပဲ။ ကြေးနန်းရိုက်လိုက်တဲ့ရက်စွဲလဲတူတယ်။ ဒီဇင်ဘာ ၁၀ ရက် နေ့ကရိုက်လိုက်တာ။

ကိုကိုမောင်။ ဒီနေ့ ... ဒီဇင်ဘာ (၁၂) ရက်လေ။ မမှားပါဘူး ညီညီရဲ့။ ဘာနဲ့ လာမယ်လို့သာ မပါတာ။

www.burmeseclassic.com

www.burmeseclassic.com



ညီညီမောင်။ အင်းလေ ရထားနဲ့လာမယ်ဆိုလည်း ဘူတာကြီးမှာ ကားနဲ့ သွားကြိုလို့ရတယ်။ ကားနဲ့လာမယ်ဆိုလည်း အဝေးပြေးဂိတ်မှာသွားကြိုရင်ရတယ်။ ခုတော့ ဒီမှာတစောင့်စောင့်နဲ့နေရပြီး သွားမကြိုနိုင်ဘူးဖြစ်နေတာပေါ့။

ကိုကိုမောင်။ ဖေဖေ မေမေတို့က မုံရွာကနေ မန္တလေးကိုရောက်မှ ရထား၊ ကား ရရာစီစဉ်မှာမို့လို့ ကြိုတင်အသိမပေးနိုင်တာဖြစ်မှာပါ ညီညီရဲ့။

ကြည်ကြည်ဦး။ ကြည်တို့မိသားစုကို ကိုကိုတို့တိုက်မှာခေါ်ထားတာဆိုတော့ မေမေတို့က ကြည်တို့တိုက်ခန်းကို မလာတော့ဘူးလား မသိဘူးနော် ... ။

နီနီပု။ ဒီလိုတော့ ဟုတ်မယ်မထင်ပါဘူးကြည်ကြည်ရာ။ ကြည်ကြည်တို့တိုက်ခန်းက ယုဇနမှာဆိုတော့ ဝေးတယ်လေ။ ဖေဖေတို့ မေမေတို့ ရန်ကုန်ရောက်ရောက်ချင်း တို့မိသားစုနှစ်စုလုံးကို တစ်ပြိုင်နက်တည်း တွေ့ချင်လို့ ဘူတာတို့ ကားဂိတ်တို့နဲ့ နီးတဲ့ ဒီမှာချိန်းတာနေမှာပါ။ သူတို့မှာ ကိုကိုမောင်နဲ့ ညီညီမောင် ဒီသားနှစ်ယောက်ပဲရှိတာ။ နှစ်အိမ်စလုံးကို ရောက်မှာပါ။ မပူပါနဲ့ ကြည်ကြည်ရဲ့။ ဒီအိမ်မှာ သူတို့မြေးကြီး ရဲနီနဲ့ ခဏနေပြီးရင် ကြည်ကြည်တို့အိမ်မှာ မြေးမလေး သဲကြည်နဲ့ အကြာကြီး လိုက်နေမှာသေချာတယ်။

ကိုကိုမောင်။ ဟင်းကောင်းကောင်းချက်ကျွေးဖို့သာပြင်တော့ ကြည်ကြည်ရေ့ မေမေက ချွေးမငယ်လေးလက်ရာကို စားချင်နေမှာ ဟားဟား...

ကြည်ကြည်ဦး။ မမနီရဲ့လက်ရာက ပိုကောင်းမှာပါနော် ဟင်း ဟင်း ဟင်း ...

ကိုကိုမောင်။ ပြောသာပြောရတာပါ။ ဖေဖေတို့ မေမေတို့က မုံရွာက သူတို့ခြံလေးနဲ့ အိမ်ကလေးကို အကြာကြီးခွဲနိုင်မှာမဟုတ်ပါဘူးကွာ။

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| နီနီဖူး။ | ဟုတ်တယ် တကယ်တော့ နီတို့တိုက် အကျယ်ကြီးပဲ။ ဖေဖေ ပင်စင်ယူကတည်းက နီတို့နဲ့လာနေဖို့ခေါ်ထားချင်တာ။ ဖေဖေတို့က သူတို့နေမယ့်အိမ်ကလေးပြင်ဆောက်ပြီးပြီဆိုလို့သာ မပြောတော့တာ။ |
| ညီညီမောင်။ | ညီညီတို့တိုက်ခန်းမှာလာနေရင်လည်း ရတာပဲလေ။ ဖေဖေက သူတို့ဘာသာပဲ အေးအေးဆေးဆေးနေပြီး တရားအားထုတ်မယ်လို့ စာထဲမှာပါလို့သာ မခေါ်ခဲ့တာ ... ။ |
| ကိုကိုမောင်။ | အင်း ... အဲဒါကြောင့် ဖေဖေ မေမေတို့လာတုန်းလာခိုက်မှာတော့ စိတ်ချမ်းသာအောင် ပြုစုကြတာပေါ့ကွာ။ ကိုကိုတို့လည်း ဘုရင့်နောင်ပွဲရုံကို စာရေးနဲ့ မျက်နှာလွှဲထားလိုက်တယ်။ ညီညီ Construction Group ကရော အခုဘယ်မှာဆောက်နေတာလဲ။ လွှတ်ထားလို့ရတယ် မဟုတ်လား ... ။ |
| ညီညီမောင်။ | ရပါတယ်။ Group က တခြားအိုရိုက်တာတွေလည်း ရှိသေးတာပဲ။ ဖေဖေတို့မေမေတို့ ဘုရားတွေလိုက်ဖူးဖို့တော့ ညီညီပဲ တာဝန်ယူလိုက်မယ်နော်။ ညီညီ ပါဂျယ်ရိုးကားနဲ့ပို့မယ်လေ။ |
| ကိုကိုမောင်။ | အေးအေး ကောင်းတယ်။ (ခေတ္တမျှစဉ်းစားပြီး) ကိုကို တစ်ခုတော့ စိုးရိမ်နေတယ်ကွ။ |
| အားလုံး။ | ဘာလဲ ကိုကို ... |
| ကိုကိုမောင်။ | ဖေဖေက အခုလို ကြေးနန်းနဲ့ မချိန်းစဖူးချိန်းပြီး တစ်စုတစ်ဝေးထဲ တွေ့ချင်တာဟာ ဘာဖြစ်လို့ပါလိမ့်။ ဖေဖေတို့ မေမေတို့ နေမှကောင်းကြရဲ့လားမသိဘူး။ ရန်ကုန်မှာကြာကြာနေမှ နေနိုင်ပါ့မလားမသိဘူး။ |
| ညီညီမောင်။ | ဖေဖေ ပင်စင်ယူတဲ့နှစ်၊ ရန်ကုန်ကို ဆင်းလာကြတုန်းက ဖေဖေက ပင်စင်သာယူတယ် အရွယ်မကျသေးဘူး။ နောက်ပိုင်း |

www.burmeseclassic.com

www.burmeseclassic.com



ရေးတဲ့ စာထဲမှာလည်း ကျန်းမာကြောင်းပါသားပဲကိုကိုရဲ့

ကိုကိုမောင်။ အင်း ဟုတ်ပါတယ်လေ။ ဖေဖေက ဘဏ်မန်နေဂျာဘဝနဲ့ တစ်သက်လုံး အရိပ်အောက်မှာနေရတာဆိုတော့ အရွယ်တင်တာပေါ့ကွာ။ မေမေကလည်း အေးအေးဆေးဆေးနေတတ်တော့ အသက်ကြီးတယ်လို့ မထင်ရဘူးလေ။

နီနီဖူး။ မန်နေဂျာဘဝတုန်းက စုဌွေလေးနဲ့ အခုပင်စင်လေးနဲ့ မပူမပင်ရတော့ အိုဇာတာကောင်းတယ်လို့ ဆိုရမှာပေါ့နော်။ အကိုတို့ နီတို့သာ ပွဲရုံထဲမှာ ငါးခြောက်တွေ၊ ပုစွန်ခြောက်တွေနဲ့ လုံးထွေးနေရ။ ပင်ပန်းလိုက်တာ။ ကြီးလာရင် အဖေတို့ အမေတို့လိုမှ နေရပ့ါမလား ... ။

ကြည်ကြည်ဦး။ ဟုတ်တယ်နော် ... ကြည်တို့လဲ ပိုက်ဆံရတာသာလူမြင်တာ။ နေပူမရှောင် မိုးရွာမရှောင် အုတ်ခဲတွေ သံချောင်းတွေနဲ့ လုံးထွေးနေရတဲ့ ကိုညီ့လုပ်စာကို စားတောင်မစားရက်ပါဘူး။

ကိုကိုမောင်။ ဩော် တို့ညီအစ်ကိုနှစ်ယောက်က ဖေဖေတို့ မေမေတို့ ထွင်ပေးတဲ့လမ်းကို လျှောက်နေရင် ဘယ်ဒီလောက်ပင်ပန်းပါ့မလဲကွယ်။

နီနီဖူး။ အရင်လမ်းအတိုင်းလျှောက်ရင်ကော ဒီလိုချမ်းသာပါ့မလား အစ်ကိုရဲ့။

ကြည်ကြည်ဦး။ ဟုတ်တယ် ဟုတ်တယ်။

နီနီဖူး။ အစ်ကို နီနဲ့ရလို့ နီတို့ မိဘလက်ငုတ်ပွဲရုံလုပ်ငန်းကို လုပ်ဖြစ်လို့သာ ချမ်းချမ်းသာသာနေရတာမဟုတ်ဘူးလား။ ကြီးကြပ်ရေးမှူးဘဝနဲ့ ဘဏ်မှာဆက်လုပ်လို့ကတော့ ဟင်း ...

ညီညီမောင်။ ညီညီလည်း အရင် အေဂျီတီအိုင် လမ်းမိုလ်ဘဝနဲ့ အခု Construction Group ဖွဲ့ပြီးလုပ်တာ၊ စီးပွားဖြစ်တာ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ တခြားစီပဲ။

နီနီဖူး။ ကိုယ့်ကြိုးစားမှုနဲ့ကိုယ်ဖြစ်လာကြတာလေ။ ဝီရိယအကျိုး ခံစားရတာပေါ့နော်။

(ထိုစဉ် ကားတစ်စီး တိုက်ရှေ့တွင် ဆိုက်သည့်အသံ ထွက်ပေါ်လာစေ)

အားလုံး။ ဟော လာပြီထင်တယ် ... ။

(ကိုကိုမောင်ကဦးဆောင်ပြီး ဇာတ်စင်၏လက်ယာဘက်သို့ ပြေးဝင်သွားကြစေ။ကလေးများလည်း လိုက်သွားကြစေ)

(ခဏအတွင်းမှာပင် ကိုကိုမောင်၊ ညီညီမောင်၊ နီနီဖူး၊ ကြည်ကြည်ဦးတို့ လက်ဆွဲအိတ်များ၊ ဆွဲခြင်းများ၊ ပိန်းအိတ်များကိုဆွဲလျက် ပြန်ထွက်လာကြစေ။ ဦးဖေမောင်က မြေးကြီးရဲနီကိုချီလျက်၊ ဒေါ်မေအောင်က မြေးငယ် သဲကြည်ကို ချီလျက် ပြုံးရွှင်စွာပါလာစေ။ ပစ္စည်းများကို အခန်းထောင့်တွင်စု၍ ချထားစေ)

(ဆက်တီတွင် ဦးဖေမောင်နှင့် ဒေါ်မေအောင်က ခေါင်းရင်းဘက်တွင် နေရာယူလျက် ဝိုင်းထိုင်ကြစေ။ နီနီဖူးက အတွင်းဘက်သို့ ဝင်သည့်ဝင်ပေါက်မှတစ်ဆင့် တိုက်အတွင်းသို့ဝင်သွားစေ)

ဦးဖေမောင်။ (မြေး ရဲနီအား နမ်းရှုံ့ပြီး) ဒို့မြေးကြီးရဲနီကို ဘိုးဘိုးကြီးက လွမ်းနေတာကွဲ့။

(ရဲနီသည် ဦးဖေမောင်ဘေးနားတွင်ရပ်နေစေ)

ဒေါ်မေအောင်။ (မြေး သဲကြည်အားနမ်းရှုံ့ပြီး) ဒို့မြေးလေးကချောလိုက်တာ။

(ပေါင်ပေါ်တင်၍ ပွေ့ပိုက်ထားစေ)

(နီနီဖူး သစ်သီးဖျော်ရည်အအေးပန်ခွက်များနှင့် မုန့်များအား လင်ပန်းနှင့် ထည့်လျက် အတွင်းခန်းမှ ယူထွက်လာစေ။

www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်ဦးက ဖန်ခွက်များကို လင်ပန်းထဲမှယူပြီး မိဘများ ရှေ့သို့ တရိုတသေချပေးစေ။ မိဘများ ကြည်နူးစွာ ကြည့်နေ ကြစေ)

ကိုကိုမောင်။ သားက ဖေဖေတို့ နေမှကောင်းရဲ့လားလို့ စိုးရိမ်မိသေးတယ်။ ဖေဖေမေမေတို့ အမောပြေ သစ်သီးဖျော်ရည်အေးအေးလေး သောက်လိုက်ပါဦး။ အနားယူပြီးမှ ထမင်းစားကြတာပေါ့နော်။

နီနီပု။ သမီးတို့မိသားစုနှစ်စုလုံး ဒီမှာ ဖေဖေတို့ မေမေတို့နဲ့အတူ ထမင်းပျော်ပျော်ရွှင်ရွှင်စားကြဖို့ စီစဉ်ထားတယ်ဖေဖေရဲ့ ...။

ဦးဖေမောင်။ အေးအေး ကောင်းတယ် ကောင်းတယ်။ ဖေဖေတို့လည်း အဲဒီလိုတစ်စုတစ်ဝေးတည်းတွေ့ရအောင် ကြေးနန်းကြိုရိုက်ထားတာကွဲ့။

နီနီပု။ သားလေး မေမေ့ဆီလာ ...

ကြည်ကြည်ဦး။ သမီးလေး မေမေ့ဆီလာ ...

(ကလေးများကိုခေါ်ပြီး ဖျော်ရည်နှင့် မုန့်များတိုက်ကျွေးကြစေ)

(ဦးဖေမောင်နှင့် ဒေါ်မေအောင် ဖျော်ရည်အေးများသောက်ကြစေ)

(ဒေါ်မေအောင်က သစ်သီးဖျော်ရည်ခွက်ကို အမြန်သောက်ပြီး နောက်၊ အခန်းထောင့်မှ လက်ဆွဲခြင်းနှင့် ပိန်အိတ်တို့ကို သွားယူစေ။ နီနီပုနှင့် ကြည်ကြည်ဦး တို့က "မေမေ သမီးတို့ယူပေးမှာပေါ့" ပြောကာ ဝိုင်းယူပေးကြစေ။ ဆက်တီ စားပွဲအနီးတွင် ချပေးစေ)

ဒေါ်မေအောင်။ မင်းတို့ အောက်သူအောက်သားတွေအတွက် အညာ လက်ဆောင်တွေပါလာတယ်ကွဲ့။ (လက်ဆွဲခြင်းထဲမှ ကြွက်ခွပ် အိတ်နှင့်ထုပ်ထားသော အထုပ်များကိုယူ၍ ဆက်တီစားပွဲပေါ် သို့တင်စေ) ဝ့ါမြေးတွေကို ပထမဆုံးပေးရမယ်ကွဲ့။ (အထုပ်များ

www.burmeseclassic.com

www.burmeseclassic.com



ကိုယူ၍ ရဲနီနှင့် သဲကြည်အား တစ်ထုပ်စီတစ်ထုပ်စီပေးရင်း)
ရော့ ဟောဒါက ထန်းလျက်၊ ဟောဒါက ပေါက်ပေါက်ဆုတ်။
(အထုပ်များကို နီနီပူးနှင့် ကြည်ကြည်ဦးတို့ကို ယူထားပေးစေ)
(ထို့နောက် ပိန်အိတ်ကိုဖွင့်လိုက်ပြီ ...)

ဒေါ်မေအောင်။ ဇီးသီးတွေအတွက်တော့ ဟောဒီမှာ ... (အိတ်ထဲမှ သနပ်ခါးတုံး ရှည်ကြီးများကိုထုတ်ယူပြီး) ရော့ မေမေ တောကသပ်သပ် မှာပြီး ဝယ်စုထားတာတွေ ...။ (သနပ်ခါးတုံးရှည် ၃ ခုစီပေးစေ)

နီနီပူး။ ‖ ကြည်ကြည်ဦး။ ‖ ဟာ ... သနပ်ခါးစစ်စစ်တွေ ...

(ထို့နောက် ခြင်းထဲမှ လေးထောင့်ပလတ်စတစ်ဘူး ၂ ဘူးကိုထုတ်ယူပြီး ...)

ဒေါ်မေအောင်။ ဟောဒီမှာ ဇီးသားတွေအကြိုက် ဇီးမှုန့်နဲ့သကာရည်စစ်စစ် ရောလုပ်ထားတဲ့ အညာဇီးယို။ တစ်ဘူးစီလုပ်လာတာ ... ။

ကိုကိုမောင်။ ‖ ညီညီမောင်။ ‖ ဟာ အကြိုက်ပဲ ... (တစ်ဘူးစီလှမ်းယူစေ)

ဦးဖေမောင်။ ကိုင်း အမေကြီးကိစ္စပြီးသွားပြီလား။

ဒေါ်မေအောင်။ ပြီးပါပြီရှင် ပြီးပါပြီ။ (ပိန်အိတ်လွတ်ကို ဆွဲခြင်းလွတ်ထဲထည့် ပြီးနောက် ထိုင်ခုံတွင် ကျောဆန့်၍ထိုင်လိုက်စေ။ ပစ္စည်းများ ပေးပြီးပြီဖြစ်၍ အားရကျေနပ်သော မျက်နှာထားမျိုးရှိနေစေ)

ဦးဖေမောင်။ အမေကြီးကိစ္စပြီးရင် အဖေကြီးကိစ္စ စမယ်။ အေးအေး ဆေးဆေး စကားပြောရအောင် မြေးလေးတွေကို အိမ်နောက်ထဲ သွားကစားခိုင်းထားရင်ကောင်းမယ်။

(ကိုကိုမောင်တို့ ဇနီးမောင်နှံ၊ ညီညီမောင်တို့ ဇနီးမောင်နှံ နားမလည်သည့်ဟန် နှင့် ဖခင်ကိုကြည့်မိကြစေ။ နီနီပူးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်ဦးတို့ ကလေးများကို အတွင်းဘက်သို့ ခေါ်သွားကြစေ။ ပြီးနောက် ပြန်ထွက်လာစေ)

ဦးဖေမောင်။ ဒီလိုကွဲ့ သားတို့သမီးတို့ရဲ့ ...။ အခုတစ်ခေါက် ဖေဖေတို့ မေမေတို့ မင်းတို့ဆီလာတာ အင်တာဗျူးလုပ်မလို့ကွဲ့။ အထူး ဆွေးနွေးပွဲလေးလို့ ဆိုရမှာပေါ့ကွယ်။

သားသမီးများ။ (အံ့ဩတကြီးနှင့်) ဟင် ...

ဦးဖေမောင်။ ဖေဖေက မြစ်ဝကျွန်းပေါ်သား၊ ဘွဲ့ရတော့ ဘဏ်မှာ လက်ထောက်မန်နေဂျာရာထူးရပြီး စစ်ကိုင်းမှာ တာဝန်စပြီး ထမ်းဆောင်ရတယ်။ အဲဒီမှာ စစ်ကိုင်းအထက်တန်းကျောင်းက အထက်တန်းပြဆရာမ ဒေါ်မေအောင်နဲ့ ဖူးစာဆုံတယ်။ ဒါတော့ သားတို့သမီးတို့သိတယ်နော် ... ။

သားသမီးများ။ သိပါတယ် ဖေဖေ။

ဦးဖေမောင်။ နောက် ဖေဖေပုသိမ်ကိုပြောင်းပြီး မန်နေဂျာရာထူးနဲ့ ထမ်းဆောင်ရတဲ့အချိန်မှာ သားကြီး ကိုကိုမောင်ကိုမွေးတယ်နော်။

ကိုကိုမောင်။ ဟုတ်ကဲ့ပါဖေဖေ။

ဦးဖေမောင်။ ဖေဖေ ပဲခူးဘဏ်မှာ ထမ်းဆောင်ရတဲ့ အချိန်ကျတော့ သားလေး ညီညီမောင်ကိုမွေးတယ်နော်။

ညီညီမောင်။ ဟုတ်ကဲ့ပါဖေဖေ။

ဦးဖေမောင်။ သားကြီး ဆယ်တန်းအောင်တော့ စီးပွားရေးတက္ကသိုလ် ဆက်ထားတယ်။ ဘီကွမ်းဘွဲ့ရတယ်။ ဘဏ်မှာ ကြီးကြပ်ရေးမှူး ဖြစ်တယ်။ သားလေးကတော့ စက်မှုသိပ္ပံက အော်တိုအိုင်း ဆောက်လုပ်ရေးမှာ အင် (ဓ်) အေအိုး ရတယ်။ ဟုတ်တယ် နော် ... ။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုမောင်။ ညီညီမောင်။ ‖ ဟုတ်ပါတယ်ဖေဖေ။

ဦးဖေမောင်။ သားကြီးက ဘွဲ့ရရချင်း ပဲခူးသူလေး နီနီဖူးနဲ့ရတယ်။ နောက်တော့ ဘဏ်ကထွက်ပြီး ပွဲရုံလုပ်ငန်းလုပ်တယ်။ သားလေးက အက် (စ်) အေအီး ဖြစ်ချိန်မှာ ကြည်ကြည်ဦးနဲ့ရတယ်။ နောက်တော့ Construction Grop ဖွဲ့ပြီး ကိုယ်ပိုင်လုပ်ငန်းလုပ်တယ်။ မှန်တယ်နော် ... ။

သားသမီးများ။ မှန်ပါတယ်ဖေဖေ။

ဦးဖေမောင်။ ဒါတွေက သားတို့သိတဲ့အပိုင်းပေါ့။ သားတို့မသိတဲ့အပိုင်းကတော့ သားတို့တစ်တွေ တက္ကသိုလ်နဲ့ ကျိုတီအိုင်မှာ ပညာသင်ကြားနိုင်ဖို့ ဖေဖေနဲ့မေမေ အပြင်မှာဘာတွေလုပ်ကိုင်ခဲ့ရတယ်ဆိုတာ သားတို့မသိဘူး။ အဲဒါတွေတော့ ထားလိုက်တော့။ ပြီးခဲ့ပြီလေ။ ဖေဖေတို့ ပင်စင်ယူတဲ့အခြေအနေကိုပဲပြောတော့မယ်။ ဖေဖေပင်စင်ယူတဲ့အချိန်မှာ အခုလို ကိုယ်ပိုင်အိမ်ကလေးနဲ့နေနိုင်အောင် ဘယ်လိုကြိုးပမ်းခဲ့ရတယ်ဆိုတာကိုတော့ သားတို့သိဖို့လိုလိမ့်မယ်။

သားသမီးများ။ ပြောပါဖေဖေ ... ။

ဦးဖေမောင်။ ဖေဖေ မုံရွာမှာ ပထမအကြိမ် တာဝန်ကျတုန်းက သားတို့အိမ်ထောင်မကျသေးဘူး။ တက္ကသိုလ်၊ ကျိုတီအိုင်တွေမှာ ကျောင်းတက်နေကြတုန်း။ အဲဒီအချိန်မှာ ဖေဖေ၊ ပထမဆုံးတိုးချဲ့တဲ့ မြို့ကွက်မှာ မြေကွက်တစ်ကွက်ရခဲ့တယ်လေ။ အဲဒါနဲ့ ပင်စင်ယူခါနီး တစ်နှစ်မှာ မုံရွာကိုပြန်တောင်းပြီး မူလအိမ်အိုကလေးကို အခုနေတဲ့ ပျဉ်ထောင်အိမ်ဖြစ်အောင်လုပ်ခဲ့တာပဲ။ (ခဏနားပြီး) ကိုင်း ဖေဖေ အခုသားတို့ကို ပုစ္ဆာတစ်ခုမေးမယ့်အပိုင်းရောက်လာပြီ။ ဖေဖေ လွန်ခဲ့တဲ့ ၂ နှစ်က ပင်စင်

www.burmeseclassic.com

www.burmeseclassic.com



ယူတယ်။ မင်းအမေကတော့ သားလေးလက်ထပ်ပြီးတဲ့နှစ်မှာ လုပ်သက်နဲ့ ပင်စင်ယူခဲ့တယ်လေ။

သားသမီးများ။ ဟုတ်ကဲ့ဖေဖေ။

ဦးဖေမောင်။ ဖေဖေပင်စင်ယူတဲ့အချိန်မှာ ဟိုးနှစ်ပေါင်းများစွာကတည်းက လစဉ်လိုလိုဝယ်ထားခဲ့တဲ့ ဘဏ်ငွေစုလက်မှတ်ထုတ်လိုက်တော့ ငွေ ၈ သိန်းလောက်ရတယ်။ လက်ထဲမှာရှိတဲ့ငွေလေးနဲ့ ပေါင်းလိုက်တော့ ဆယ်သိန်းလောက်။ အဲဒါနဲ့ နေစရာ အိမ်ကလေး ဖြစ်အောင်ဖန်တီး၊ ကျန်တဲ့ငွေလေးကို ယုံရတဲ့ လူတစ်ယောက်ကတစ်ဆင့် အတိုးရင်းပွားလေးပေးထားခဲ့ တယ်။ အဲဒါနဲ့ ဂုဏ်ခြွေလေးရနေတယ်ကွဲ့။ ဒါပေမဲ့ ... (တံတွေး တစ်ချက်မြိုချလိုက်ပြီး) အခု မကြာခင်ကပဲ အဲဒီယုံရတဲ့လူက မယုံရဘူးဖြစ်သွားတယ်ကွဲ့။ ဖေဖေ့ငွေရင်းကို ပြန်မပေးတော့ ဘဲ တခြားကိုပြောင်းသွားတယ် ... ။

သားသမီးများ။ ဟာ ... (အားလုံးငြိမ်သက်နေစေ)

ဦးဖေမောင်။ အဲဒီတော့ ... ဖေဖေတို့မှာ ပင်စင်လစာလေးတွေပဲရှိတော့တယ်။ လက်ရှိကုန်ဈေးနှုန်းနဲ့ဆို အခက်အခဲတွေနေရပြီကွဲ့။ ဒီတော့ ဖေဖေတို့ဘာလုပ်ရမလဲ။ (ခဏနားပြီး) ဖေဖေ့မှာ ဒီပုစ္ဆာရဲ့ အဖြေ ၂ ခုတော့ ရှိထားတယ်။

"ပထမအဖြေက ... သားတို့နှစ်ယောက်က တစ်လကို ၅၀၀ဝိ/– စီ ဖေဖေတို့ကို ပံ့ပိုးမယ်ဆိုရင် ဖေဖေတို့ပင်စင်လစာ တွေနဲ့ပေါင်းပြီး အဘိုးကြီး အဘွားကြီးနှစ်ယောက် စားလောက် တယ်"

"ဒုတိယအဖြေကတော့ ... အခု ဖေဖေတို့နေတဲ့ မြို့ကွက်က ပထမဆုံးတိုးချဲ့တာဆိုတော့ အခုနေတာပိုင်း ထပ်ချဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



ကွက်သစ်တွေနဲ့စာရင် မြို့ထဲပိုင်းဖြစ်နေပြီ။ အိမ်ဈေးတွေ ကောင်းနေပြီ။ အဲဒီမြေနဲ့ အိမ်ကို ရောင်းလိုက်ပြီး နောက်ဆုံး တိုးချဲ့တဲ့ကွက်သစ်မှာ မြေကွက်ဝယ်၊ အိမ်ကလေးသေးသေး တစ်လုံးဆောက်နေရင်တော့ ငွေပိုငွေလျှံလေးထွက်လာမယ်။ အဲဒီငွေလေးကို ချွေတာစားရင် တို့အဘိုးကြီး အဘွားကြီး သေတဲ့အထိ စားလောက်မယ်လို့ထင်တယ်"

(စကားကိုရပ်လိုက်စေ။ အားလုံး ငြိမ်သက်လျက်ရှိစေ။ အတန်ကြာမှ ...)

ဦးဖေမောင်။ (ဆက်ပြော) အဲဒါ ဖေဖေ မေမေတို့ စဉ်းစားထားတဲ့ အဖြေ ၂ ခုပဲ။ အဲဒီ ၂ ခုမှာ ဘယ်အဖြေဟာ အကောင်းဆုံးလဲ။ ဒီမှ မဟုတ် သားတို့ကရော ဘယ်လိုအကြံမျိုးရှသလဲဆိုတာ ဖေဖေတို့ ထမင်းစားနေတုန်း သားတို့တစ်တွေ ဆွေးနွေးကြပါ။ ထမင်းစားပြီးတဲ့အခါ မင်းတို့ရဲ့သဘောထားကို ပြောပြကြ။ ကဲ ... ဖေဖေနဲ့ မေမေ ထမင်းအရင်စားနှင့်မယ်နော် ... ။

အားလုံး။ ဟုတ် ဟုတ်ကဲ့ ... ။

နီနီပု။ ဖေဖေနဲ့မေမေအတွက် သမီး ထမင်းပွဲပြင်လိုက်မယ်။ (ဝင်ပေါက်မှနေ၍ အိမ်အတွင်းခန်းသို့ ဝင်သွားစေ)

ကိုကိုမောင်။ ညီညီနဲ့ကြည်ကြည်တို့တော့ ဖေဖေတို့စားပြီးမှ ကိုကိုတို့နဲ့အတူ စားတာပေါ့ ဟုတ်လား။

ညီညီမောင်။ ဖေဖေ မေမေတို့ကို အေးအေးဆေးဆေး ထမင်းကျွေးပြီး ကိုကို။

ကိုကိုမောင်။ အေးပါကွာ။ ကဲ ညီညီတို့လင်မယားဆွေးနွေးနှင့်ကြ။ (မိဘများသို့) ဖေဖေနဲ့ မေမေ ထမင်းစားရအောင်။ ဆာရောပေါ့။

www.burmeseclassic.com

www.burmeseclassic.com



(ဦးဖေမောင်နှင့် ဒေါ်မေအောင်အား ကိုကိုမောင်က အတွင်းဆောက်သို့ တံခါးပေါက်မှ ခေါ်ဆောင်၍ ဝင်သွားကြစေ)

ကြည်ကြည်ဦး။ အစ်ကို ဘယ်လိုစဉ်းစားလဲတင် … ။

ညီညီမောင်။ ကိုကို့သဘောထားက ဘယ်လိုရှိမလဲ မသိဘူး။

ကြည်ကြည်ဦး။ ကြည်တို့မှာ အခုနေ ဝင်ငွေကောင်းနေပေမယ့် စီးပွားရေးဆိုတာ ရေရှည်ကျတော့ အတက်အကျရှိတယ်လေ။ ဖေဖေ မေမေတို့ တစ်ခါတစ်ရံလာတဲ့အခါ တတ်နိုင်သလောက် ကန်တော့လိုက်တာက ကောင်းမယ်ထင်တယ် ကိုညီရဲ့။

ညီညီမောင်။ တစ်လငါးထောင်ဆိုတာ သိပ်တော့မများဘူး ကြည်ရဲ့။

ကြည်ကြည်ဦး။ မများပေမယ့် ကြာလာတော့ ဝန်ထုပ်ဝန်ပိုးဖြစ်မှာစိုးတယ်ကို။ တကယ်လို့ စီးပွားရေးကျသွားလို့ လစဉ်မပို့နိုင်ဘူးဆိုရင်လည်း မကောင်းဘူး။

(ကိုကိုမောင်နှင့် နီနီပုတို့ ဝင်ပေါက်မှပြန်ထွက်လာကြစေ)

နီနီပု။ ဖေဖေက သူတို့ ထမင်းအေးအေးဆေးဆေး စားမယ်တဲ့။ သမီးတို့အိမ်ရှေ့မှာ သွားဆွေးနွေးကြဆိုလို့။ ကဲ ကြည်ကြည်တို့ ဘယ်လိုသဘောရလဲဟင်။ (ဆက်တီတွင် ထိုင်ကြစေ)

ကြည်ကြည်ဦး။ တစ်လငါးထောင်ဆိုတာ မများပေမယ့် စီးပွားရေးမကောင်းတဲ့အခါ ပုံမှန်မပို့နိုင်မှာစိုးတယ်မမနီရဲ့။ ဒါကြောင့် ကြုံတဲ့အခါ တတ်နိုင်သလောက် ကန်တော့လိုက်တာက ကောင်းမလားလို့

နီနီပု။ နီလဲ အဲဒီသဘောမျိုး စဉ်းစားလို့ရတယ်။ (ကိုကိုမောင်ဘက်သို့ လှည့်၍) နောက်တစ်ခုက ကိုမောင်စဉ်းစားကြည့် နီတို့ပိုင်ငန်းကြီးနဲ့ မိဘကို ငါးထောင်ကန်တော့တယ်ဆိုရင် ကြားရတဲ့လူတွေက ကဲ့ရဲ့ကြမှာပေါ့။ ကြုံတုန်း တစ်သောင်းတန်သည်

www.burmeseclassic.com

www.burmeseclassic.com



နှစ်သောင်းတန်သည် ကန်တော့လိုက်၊ အကောင်းဆုံးပြုရလိုက်တာက လူကြားလို့ကောင်းတယ်။

ညီညီမောင်။ ဒါလည်း ဟုတ်တာပဲ။

ကိုကိုမောင်။ ဒါပေမဲ့ ဖေဖေက သားသမီးတွေ ဝန်မပိအောင် စီစဉ်ချင်တာလို့ထင်တယ်ကွ။

ကြည်ကြည်ဦး။ အဲဒီ လစဉ်ဆိုတာကြီးက ဝန်တက်မယ်ထင်တယ်။ ဒါကြောင့် မမနီပြောသလို အခု နှစ်သောင်းလောက်စီ ကန်တော့လိုက်။ နောက်ပိုင်းမှာလည်း ဖေဖေတို့ ဒီမလာနိုင်ရင် ကြည်တို့သွားတဲ့အခါ သင့်သလိုကန်တော့။ အဲဒါပဲကောင်းမယ်ထင်တယ်။

ကိုကိုမောင်။ အင်း ... ဖေဖေမေမေတို့ကို တို့ဆီခေါ်ထားရကောင်းမလား...။

နီနီပု။ ဟာ ဒါတော့ ...။ အင်း ဖေဖေကလည်း နေမှာမဟုတ်ပါဘူး။ ဖေဖေက အေးအေးဆေးဆေးနေချင်မှာ။ ဒီမှာက ပွဲရုံလုပ်ငန်းတွေနဲ့ ရှုပ်နေတာ။ ညီညီတို့ဆီမှာကျတော့လည်း ဆောက်လုပ်ရေးလုပ်ငန်းတွေက ရှုပ်တာပဲ။

ညီညီမောင်။ ဖေဖေပေးထားတဲ့အဖြေနှစ်ခုအနက် တစ်ခုကိုပဲရွေးရမှာ မဟုတ်လား။ အဲဒီတော့ ကိုကိုတို့ မနီတို့က ပထမအဖြေ လစဉ်ငါးထောင်ကို မကြိုက်ရင် ဒုတိယအဖြေကိုရွေးရတော့မှာပေါ့ မဟုတ်ဘူးလား ... ။

(အားလုံး အတွေးကိုယ်စီနှင့် ငြိမ်နေကြစေ)

(ထိုစဉ်မှာပင် ဦးဖေမောင်နှင့် ဒေါ်မေအောင်တို့ လက်သုတ်ပဝါဖြင့် ကိုယ်စီ လက်သုတ်ရင်း ဝင်ပေါက်မှထွက်လာပြီး ဆက်တိုက်တွင် ဝင်ထိုင်ကြစေ။ သားသမီးများ လှုပ်လှုပ်ရှရှဖြစ်သွားစေ)

ဦးဖေမောင်။ ကိုင်း သားတို့သမီးတို့ စဉ်းစားပြီးကြပြီလား။ ဘယ်အဖြေကို ကြိုက်လဲ ... ။

www.burmeseclassic.com

www.burmeseclassic.com



(သားသမီးများ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြပြီးမှ)

အားလုံး။ (ကရောသောပါးအသံနှင့်) ဒု .. ဒု .. ဒုတိယအဖြေကောင်းမယ်ထင်ပါတယ်ဖေဖေ။

ကိုကိုမောင်။ ငါးထောင်ဆိုတာ သေးနုတ်နေလို့ပါဖေဖေ။ သားတို့ကြီးလာလို့ ကန်တော့ကြမှာပါ။ အခု ဖေဖေတို့ပြန်ရင်လဲ ကန်တော့ကြမှာပါ။

ကျန်ခုယောက်။ ဟုတ် ဟုတ်ပါတယ်ဖေဖေ။

ဦးဖေမောင်။ (လက်ကာပြပြီး တစ်ခုခုကိုယတိပြတ်ဆုံးဖြတ်ပြီးဟန်နှင့်) အခု ပြန်ရင်လည်း ကန်တော့စရာမလိုတော့ပါဘူး။ နောင်လည်း ကန်တော့စရာ မလိုတော့ပါဘူး သားတို့သမီးတို့ရယ်။ ဘာကြောင့်လည်းဆိုတော့ ဒီကိုမလာခင် ဖေဖေနဲ့မေမေ အလောင်းအစားတစ်ခုလုပ်ခဲ့တာ အခု ဖေဖေနိုင်သွားလို့ပါပဲ။

သားသမီးများ။ (အမိပ္ပာယ်မပေါက်၊ အံ့ဩလျက်) ဘယ်လို ... ဘာဖြစ်လို့လဲ ဖေဖေ ... ။

ဦးဖေမောင်။ ဒီလိုကွဲ့ သားတို့သမီးတို့ရဲ့ မင်းတို့ကိုပြောထားတဲ့အဖြေ ၂ ခုမှာ မင်းတို့ ပထမအဖြေကိုရွေးလိမ့်မယ်လို့ မင်းတို့ မေမေကယုံကြည်တယ်။ ဖေဖေကတော့ မင်းတို့ ဒုတိယအဖြေကိုရွေးချယ်မယ်လို့ တွက်ပြီးသားပါ။ အဲဒီ ဖေဖေနဲ့မေမေ အလောင်းအစားလုပ်ခဲ့တာ အခု ဖေဖေနိုင်တယ်လေ။ (ခဏဆိုင်းပြီး) ခုန အဖြေ ၂ ခု အပြင် မင်းတို့ကိုမပြောသေးတဲ့ တတိယအဖြေတစ်ခုလည်း ရှိသေးတယ်ကွဲ့။ ပထမအဖြေကို မင်းတို့သားသမီးများက ရွေးချယ်တယ်ဆိုရင်တော့ မင်းတို့လစဉ်ပို့တဲ့ငွေ နှစ်ယောက်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်သောင်းနဲ့ ဆက်စားသွားရုံပေါ့။ ဒုတိယအဖြေကို မင်းတို့ ရွေးချယ်တယ်ဆိုရင်တော့ ဖွက်ထားတဲ့ တတိယအဖြေအတိုင်း ဆက်လုပ်ကြမယ်လို့ ဖေဖေနဲ့မေမေ ဆုံးဖြတ်ခဲ့ကြတယ်လေ။

အခု မင်းတို့က ဒုတိယအဖြေကိုရွေးချယ်ကြတဲ့အတွက် တတိယအဖြေကို မင်းတို့ကိုပြောပြတော့မယ်။ အဲဒါကတော့ ဒီမှာ ဖတ်ကြည့်ကြ ...

(ဦးဖေမောင်သည် လက်ကိုင်အိတ်ကိုဖွင့်ပြီး အထဲမှဖိတ်စာ ကတ်ပြားတစ်ခုကို ဆွဲထုတ်လိုက်ပြီးလျှင် ကိုကိုမောင်သို့ လှမ်းပေးစေ။ ကိုကိုမောင်က ထိုင်ရာမှထပြီး ဖိတ်စာကတ်ကို ရိုသေစွာလက်ခံယူကာ ဆက်တီ၏ရှေ့ပိုင်းသို့ ထွက်လာစေ။ ညီညီမောင်နှင့် နီနီပု၊ ကြည်ကြည်ဦးတို့လည်း ထိုင်ရာမှ ထကြကာ ကိုကိုမောင့် လက်ထဲရှိဖိတ်စာကို ဝိုင်းဖတ်ကြစေ)

(၄င်းတို့ တစ်ဦးစီထံမှ အံ့ဩဝမ်းနည်းစကားသံများ ထွက်ပေါ်လာစေ)

ကိုကိုမောင်။ ဖေဖေက စစ်ကိုင်းတောင်ရိုးမှာ ရဟန်းဘောင်ဝင်မယ် ...

ညီညီမောင်။ မေမေကလဲ သာသနာ့ဘောင်ဝင် သီလရှင်ဝတ်မယ် ...

နီနီပု။ အိမ်နဲ့ခြံမြေကို ရောင်းမယ် ...

ကြည်ကြည်ဦး။ ရောင်းလို့ရတဲ့ငွေကို စစ်ကိုင်းတောင်ရိုးမှာလှူမယ် ...

(ထို့နောက် သားသမီးများ မိဘများဘက်သို့လှည့်ပြီး ရိုသေစွာ ပုဆစ်တုပ်၍ ထိုင်ကြစေ။ ဝမ်းနည်းစိတ်ထိခိုက်လာကြစေ)

ဦးဖေမောင်။ ကိုင်း ... ဒီတော့ ဖေဖေနဲ့မေမေ မင်းတို့ဆီကို ဒီနောက်ဆုံး လာရောက်နှုတ်ဆက်တာပဲ။ အဲဒီဖိတ်စာဟာ မှူကြမ်းပရုပ်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေမေမေတို့ပြန်သွားရင် အလှူနေ့ရက်သတ်မှတ်ပြီး ဖိတ်စာဝေလိုက်ရုံပဲရှိတော့တယ်။

ဒေါ်မေအောင်။ အလှူကို စစ်ကိုင်းတောင်ရိုးမှာလုပ်မယ်။ သားတို့ သမီးတို့ မြေးတို့လာနိုင်ရင်လာကြနော်။ မလာနိုင်ရင်လဲ ကိစ္စမရှိပါဘူးကွယ်။

ဦးဖေမောင်။ ဖေဖေတို့ မေမေတို့တော့ သံသရာခရီးမှာ ကိုယ့်လမ်းကိုယ်လျှောက်ပြီလို့သာ မှတ်ကြပါတော့ သားတို့သမီးတို့ ... ။

(သားသမီးတို့က မိဘများအား ဝမ်းနည်းစိတ်ထိခိုက်သော မျက်နှာများဖြင့် ဦးချကန်တော့လိုက်ကြစဉ်)

(ရှေ့ပိုးကားပိတ်)

www.burmeseclassic.com

www.burmeseclassic.com

# ဆယ်ယောက် နှစ်ယောက်

(တစ်ခန်းရုပ်ပြဇာတ်)

ပါဝင်သူများ

| | |
|---|---|
| ၁။ ဦးချမ်းမြေ့ | - ဘိုးဘွားရိပ်သာ၊ ဥက္ကဋ္ဌ |
| ၂။ ဦးခင်မင် | - ဘိုးဘွားရိပ်သာ၊ အတွင်းရေးမှူး |
| ၃။ ကိုဖိုးအေး | - ဘိုးဘွားရိပ်သာ၊ ဂေဟာမှူး |
| ၄။ ကိုတိုးလေး | - ဘိုးဘွားရိပ်သာ၊ အထွေထွေဝန်ထမ်း |
| ၅။ ဦးသိတာ | - စာရေးဆရာ |
| ၆။ ဦးသာယာ | - သတင်းစာဆရာ/ သတင်းထောက် |
| ၇။ ဦးရန်လင်း | - ဘိုးဘွားရိပ်သာမှ ဘိုးတစ်ဦး |
| ၈။ ဦးသိန်း | - ” ” |
| ၉။ ဦးဟန်ခင် | - ” ” |
| ၁၀။ ဦးငွေ | - ” ” |
| ၁၁။ ဒေါ်တင်ယု | - ဘိုးဘွားရိပ်သာမှ ဘွားတစ်ဦး |
| ၁၂။ ဒေါ်အေးဘုံ | - ” ” |
| ၁၃။ ဒေါ်အုံးကြည် | - ” ” |
| ၁၄။ ဒေါ်ကြွယ် | - ” ” |
| ၁၅။ - | - ဘိုး ဦးငွေ၏သမီး |
| ၁၆။ - | - ဘွား ဒေါ်ကြွယ်၏သား |
| ၁၇။ - | - အဘိုးအိုတစ်ဦး |



www.burmeseclassic.com

www.burmeseclassic.com



## အပြင်အဆင်

ဘိုးဘွားရိပ်သာတစ်ခု၏ စောင့်ရှောက်ရေးရုံးခန်းအတွင်းပိုင်း အုတ်နံရံနှင့် ၎င်းရုံးခန်း၏ဝဲယာတွင် ဧည့်တွေ့ဆုံခန်းများ၏အတွင်းပိုင်း အုတ်နံရံရေးချက်များ ပါရှိသည့် နောက်ခံကားရှိရမည်။

ရေးရမည့်ပုံစံမှာ လက်ယာဘက်ဧည့်တွေ့ခန်းကို ကားချပ်၏လေးပုံတစ်ပုံ ရေးရမည်။ အပေါ်နားတွင် "ဘိုး ဧည့်ခန်း" ဆိုင်းဘုတ်ငယ် သီးခြားချိတ်ဆွဲထားရမည်။ ကားချပ်၏လက်ယာဘက်အစွန်နားတွင် အတွင်းဘက်သို့များပြလျက် "ဘိုး ဆောင်သို့" ဟု ဆိုင်းဘုတ်သဖွယ် တစ်ပါတည်းရေးဆွဲပါရှိရမည်။

လက်ဝဲဘက်ဧည့်ခန်းကိုလည်း ကားချပ်၏လေးပုံတစ်ပုံရေးရမည်။ အပေါ်နားတွင် "ဘွား ဧည့်ခန်း" ဆိုင်းဘုတ်ငယ် သီးခြားချိတ်ဆွဲထားရမည်။ ကားချပ်၏ လက်ဝဲအစွန်နားတွင် အတွင်းဘက်သို့မြားပြလျက် "ဘွား ဆောင်သို့" ဟု ဆိုင်းဘုတ်သဖွယ် တစ်ပါတည်း ရေးဆွဲပါရှိရမည်။

ကားချပ်၏အလယ်ရုံးခန်းရေးချက်မှာ ကားချပ်၏ နှစ်ပုံတစ်ပုံဖြစ်သည်။ အပေါ်ထိပ်နားတွင် "ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးရုံးခန်း" ဟူသော ဆိုင်းဘုတ်ကို ဝဲယာရှိ ဧည့်ခန်းဆိုင်းဘုတ်များထက်ကြီးအောင်ရေး၍ ချိတ်ဆွဲထားရမည်။

စောင့်ရှောက်ရေးရုံးခန်းနှင့် ဝဲယာဧည့်ခန်းများ၏အကြားတွင် နံရံနှင့် အပိုင်းအခြားရှိသည်ကို သရုပ်ပေါ်စေရန်အတွက် နံရံရေးချက်တိုင်ပုံးကားချပ် တစ်ချပ်စီကို ထောင်လိုက်ချိတ်ဆွဲထားရမည်။ (၎င်းတိုင်ပုံးကားချပ်များ၏ အလယ်လောက်တွင် ပြတင်းပေါက်တစ်ပေါက်စီ ပါရှိရမည်) ဤသို့ အခန်းကန့်ပေးလိုက်ခြင်းအားဖြင့် စောင့်ရှောက်ရေးရုံးခန်းမှာ အလယ်တွင် သီးသန့်အခန်းကျယ်အဖြစ် တည်ရှိသွားပြီး၊ ဝဲယာမှအခန်းငယ် ၂ ခု (ဘိုးဧည့်ခန်းနှင့် ဘွားဧည့်ခန်း) တို့လည်း အဆောက်အဦတစ်ခုတည်း၊ အမိုးတစ်ခုတည်းအောက်တွင် သီးခြားအခန်းများ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် တည်ရှိသွားမည်ဖြစ်သည်။ ၎င်းအခန်း ၃ ခန်းမှာ သီးခြားစီဖြစ်သော်လည်း အမိုးတစ်ခုတည်းအောက်တွင်ဖြစ်၍ အခန်းများ၏ ရှေ့မျက်နှာစာမှနေ၍ တစ်ခန်းနှင့်တစ်ခန်း ကူးသန်းသွားလာနိုင်မည်ဖြစ်သည်။ တစ်ခန်းမှတစ်ခန်းသို့လည်း အခန်းခြားနံရံအဖြစ် ဖန်တီးထားသည့် တိုင်ပုံးကားချပ်များရှိ ပြတင်းပေါက်များမှနေ၍ လှမ်းမြင်နိုင်ရမည်ဖြစ်သည်။

စောင့်ရှောက်ရေးရုံးခန်းအတွင်း လေးထောင့်စားပွဲ၊ ကုလားထိုင်လေးငါးလုံးနှင့် ဗီရိုတစ်လုံး စနစ်တကျထားရှိရမည်။ ဘိုးဘွားများအမည်နှင့် ပတ် (စ်) ပို့ ဓာတ်ပုံပါရှိသော ဘိုးဘွားတစ်ဦးချင်းကတ်ပြားများကို နံရံတွင် Board ဖြင့် ချိတ်ဆွဲထားရမည်။ နေ့စဉ်အာဟာရအလှူရှင်ဇယားကိုလည်း ဘောဖြင့်ချိတ်ဆွဲထားရမည်။ ဘိုးဘွားတစ်နေ့တာလုပ်ငန်းဇယား၊ စည်းကမ်းများ၊ ပြက္ခဒိန် စသည်တို့လည်း သင့်သလို ချိတ်ဆွဲထားရှိရမည်။ ထို့ပြင် နံရံအလယ်တည့်တည့်အပေါ်နားတွင် "သက်ကြီးရွယ်အို၊ ဘဝကို၊ စိုပြည်စေဖို့ ကြိုးပမ်းစို့" ဟူသော စာတမ်းကို ထင်ရှားစွာ ရေးသားထားရမည်။

'ဘိုး ဆည့်ခန်း' နှင့် 'ဘွား ဆည့်ခန်း' တို့တွင် ထိုင်ခုံတန်းလျားရှည်တစ်လုံးစီ နံရံကိုကပ်လျက်ချထားရမည်။

(ရှေ့ပုံးကားဖွင့်)

(စောင့်ရှောက်ရေးရုံးခန်းအတွင်း ဂေဟာမှူး ကိုဗိုးအေးသည် အာဟာရအလှူရှင်ဇယားဘောပေါ်တွင် ရေးသွင်းလျက်ရှိစေ။ အထွေထွေဝန်ထမ်းကိုတိုးလေးသည် တံမြက်စည်းလှဲနေစေ)

(ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးချမ်းမြေ့၊ အတွင်းရေးမှူး ဦးခင်မင်နှင့် စာရေးဆရာဦးသိတာ၊ သတင်းထောက် ဦးသာယာတို့သည် စောင့်ရှောက်ရေးရုံးခန်းအတွင်းသို့ ဝင်လာခါစ မတ်တတ်အနေအထားရှိနေစေ)

www.burmeseclassic.com

www.burmeseclassic.com



**ဦးချမ်းမြေ။** ကဲ စာရေးဆရာကိုသီတာနဲ့ သတင်းထောက် ကိုသာယာ တို့ရေ ... ကျွန်တော်တို့သူငယ်ချင်းတွေ ဆုံရခဲ့တယ်ဗျ။ အခုလို ကျွန်တော်တို့ ဘိုးဘွားရိပ်သာ ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေး လေ့လာသွားကြပါဦးဗျာ။ ကျွန်တော်က လက်ဖက်ရည်ပွဲနဲ့ ဧည့်ခံပါ့မယ်။ ထိုင်ကြပါဦးခင်ဗျ။

**ဦးသာယာ။** အို ဘိုးဘွားရန်ပုံငွေနဲ့ လက်ဖက်ရည်တွေသောက်သွားတယ်လို့ အပြောခံနေရပါဦးမယ်ဗျာ ဟား ဟား ...

**ဦးချမ်းမြေ။** ဟာ ... ကျွန်တော့်အိတ်ထဲက တိုက်မှာပါဗျ။ ကဲ ထိုင်ကြဗျာ။ (ကုလားထိုင်များတွင် ထိုင်ကြစေ)

**ဦးချမ်းမြေ။** ကိုတိုးလေးရေ လမ်းထိပ် လက်ဖက်ရည်ဆိုင်က လက်ဖက်ရည် ၆ ခွက်သွားဝယ်ကွာ။ ပါဆယ်ယူလာပြီး ဒီကျမှ ပန်းကန်နဲ့ ထည့်ခဲ့ပေါ့။ ဘယ်လိုသောက်ကြမလဲ။ တို့အတွက်တော့ ပေါ့ဆိမ့်ပေါ့ကွာ။

**ဦးသာယာ။**
**ဦးသီတာ။** ပေါ့ဆိမ့်ပါပဲဗျာ။

**ဦးချမ်းမြေ။** ကိုတိုးလေးရေ မြန်မြန်ဟော့နော်။

**ကိုတိုးလေး။** ဟုတ်ကဲ့ ဟုတ်ကဲ့။ (တံမြက်စည်းကို နေရာတကျထားပြီး ဇာတ်စင်၏လက်ယာဘက်သို့ဝင်သွားစေ)

**ဦးခင်မင်။** စာရေးဆရာ၊ သတင်းစာဆရာတွေအတွက် ဒီမှာကုန်ကြမ်းတွေ ရနိုင်တယ်နော်။

**ဦးသာယာ။** အဲ ကျွန်တော်ကတော့ သတင်းတစ်ပုဒ်ရပြီလေ။ ခုနက ကျင်းပပြီးစီးသွားတဲ့ 'အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အို

www.burmeseclassic.com



များနေ့' အခမ်းအနားသတင်းကို ဒီနေ့ညသဘော်ာနဲ့ သတင်းစာတိုက်ကိုပို့ရမယ်ဗျ။

ဦးချမ်းမြေ့။ ခယက ဥက္ကဋ္ဌကြီးကလဲ သတင်းအမြန်ဆုံးပို့ဖို့ပြန်ခါနီး မှာသွားတယ်။ ကိုသာယာကိုပဲ အားကိုးရမှာပဲ။

ဦးသာယာ။ စိတ်ချပါဗျာ။ ဒါက ကျွန်တော်တို့သတင်းထောက်တွေရဲ့ တာဝန်ပါ ကိုချမ်းမြေ့ရာ။ (မှတ်စုစာအုပ်ကို လွယ်အိတ်ထဲမှထုတ်ယူလိုက်ပြီး) ဟောဒီမှာ သတင်းအချက်အလက်တွေ ... ။ ကျွန်တော်မှတ်ထားတာတွေ မှန်မမှန်တော့ အခုတိုက်ကြည့်ချင်တယ်ဗျာ။ ကျွန်တော်လိုချင်တဲ့အချက်ကလေးတွေလည်း ရှိသေးတယ်။

ဦးချမ်းမြေ့။ ဟာ ရတယ်၊ ရတယ်။ ရိပ်သာအတွင်းရေးမှူး ဦးခင်မင်ဆီမှာ အချက်အလက်တွေရှိပါတယ်။

ဦးခင်မင်။ ဟုတ်ကဲ့ အားလုံးရှိပါတယ်။ (မှတ်စုစာအုပ်ကိုလှန်စေ) အခုနှစ်၊ အောက်တိုဘာလ (၁) ရက် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့မှာ ကမ္ဘာ့ကုလသမဂ္ဂက သတ်မှတ်ထားတဲ့ ဆောင်ပုဒ်ကတော့ 'သက်ရွယ်စုံညီလူ့ဘောင်ဆီသို့' ဖြစ်ပါတယ်။

ဦးသာယာ။ ခယကဥက္ကဋ္ဌကြီးရဲ့ အမှာစကားထဲမှာ အဲဒီ 'Towards a Society For All Ages' ဆောင်ပုဒ်ထည့်ပြောသွားတယ်လေ။ ကျွန်တော်ရေးမယ့်သတင်းထဲမှာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ (၁) ရက်၊ နေ့လယ် (၁) နာရီ၊ ဘိုးဘွားရိပ်သာမှာ ကျင်းပကြောင်းနဲ့ ခယကဥက္ကဋ္ဌကြီး တက်ရောက်အမှာစကားပြောကြားပါမယ်။ နောက်ပြီး ဘိုးဘွားများကို စေတနာရှင်များက လှူဒါန်းတဲ့ ငွေနဲ့

www.burmeseclassic.com



ပစ္စည်းအရေအတွက်ထည့်မယ်။ အဲဒီ ဘယ်လောက်ရှိမလဲ။
(ရေးမှတ်ရန် ဘောလ်ပင်ပြင်ဆင်စေ)

ဦးခင်မင်။ (မှတ်စုစာအုပ်ကိုကြည့်ပြော) ဘိုးဘွားများအတွက် ထာဝရ ငွေပဒေသာပင်စိုက်ထူဖို့ လှူဒါန်းငွေစုစုပေါင်းက (၂၅၃၀၀ကျပ်/-)၊ ဘဏ်ငွေစုလက်မှတ်ဝယ်မှာ။ ဘိုးဘွား (၃၀) အတွက်လှူဒါန်း ငွေက (၁၈၀၀၀ကျပ်/-) ဆိုတော့၊ တစ်ဦးကို (၆၀၀ကျပ်/-) ရမယ်။ ဘိုးဘွားတွေအတွက် ဆေးဝါးနဲ့ စားသောက်ဖွယ်ပစ္စည်းတွေ ကတော့ အတိအကျပြောလို့မရဘူးပေါ့နော်။ ခုနကပဲ ခွဲဝေပြီး ကြွပ်ကြွပ်အိတ်နဲ့ထည့်ပေးတာ၊ တစ်ဦးတစ်ဦးကို အများကြီးပဲ။

ဦးသာယာ။ ရပါတယ်၊ ရပါတယ် ... ပစ္စည်းတွေတန်ဖိုးကတော့ အတိအကျ မလိုပါဘူး။ အဲ ဘိုးဘွားအရေအတွက် ...

ဦးခင်မင်။ ဘိုး ၁၂ ယောက်၊ ဘွား ၁၈ ယောက်၊ ပေါင်း ၃၀ ပေါ့။ အသက် ၁၀၂ နှစ် ဘွားတစ်ယောက်ပါတယ်။ ထည့်ချင်ရင် ထည့်ရေးနိုင်အောင် ... ။ ပြောာ် ယောဂီဝတ်စုံလှူတဲ့ အလှူရှင်က နှစ်ဦး၊ နှစ်စဉ်အလှူရှင်လည်း (၁၀) ဦးပေါ်တယ်။

ဦးသာယာ။ ဟုတ်ကဲ့ ဒီလောက်ဆိုရပါပြီ။ (မှတ်စုစာအုပ်တွင် အပြီးသတ် ရေးပြီး စာအုပ်ကိုပိတ်လိုက်စေ)

(ထိုအချိန်မှာပင် ကိုတိုးလေး လက်ဖက်ရည်ပန်းကန်များကို လင်ပန်းတစ်ခုနှင့် ထည့်လျက်ရုံးခန်းထဲသို့ ဝင်လာစေ။ လက်ဖက်ရည်ပန်းကန်များနှင့် မုန့်များကို လိုက်လံချပေးစေ။ ပြီးလျှင် ရေနွေးကြမ်းဓာတ်ဘူးကို အလယ်တွင်တည်ပေးစေ)

ဦးချမ်းမြေ။ ကဲ လက်ဖက်ရည်နဲ့ မုန့်တွေသုံးဆောင်ကြပါဗျာ ... ။ (ဒေသတွင် ရေးနေသော ဂေဟာမှူးသို့) ကိုဖိုးအေးလည်း ခင်ဗျားအလုပ် ကလေးခဏနားပြီး လက်ဖက်ရည်အတူသောက်ကြရအောင် ဗျာ။ ကိုတိုးလေးလည်းသောက်။

www.burmeseclassic.com

www.burmeseclassic.com



(အားလုံး စားပွဲတွင်ဝိုင်းထိုင်ပြီး လက်ဖက်ရည်နှင့်မုန့်များ စားသောက်ကြစေ။ စားသောက်ရင်း စကားပြောကြစေ)

(ထိုအချိန်မှာပင် ဇာတ်စင်၏လက်ယာဘက်မှနေ၍ အဘိုး နှစ်ယောက် သုံးယောက် ဘိုးညွှန့်ခန်းသို့ဝင်လာပြီး တန်းလျား ပေါ်တွင် ထိုင်ကြစေ။ ထိုနည်းတူပင် ဇာတ်စင်၏လက်ဝဲဘက်မှ နေ၍ အဘွားသုံးလေးယောက် ဘွားညွှန့်ခန်းသို့ဝင်လာပြီး တန်းလျားပေါ်တွင် ထိုင်နေကြစေ)

ဦးသာယာ။ ကိုင်း ... ကျွန်တော့်ကိစ္စတော့ပြီးပြီဗျို့။ စာရေးဆရာ ကိုသီတာ ရော ကုန်ကြမ်းရပြီလား။

ဦးသီတာ။ (တစ်စုံတစ်ခုကို နက်နက်နဲနဲတွေးတောနေဟန်နှင့်) ရတော့ မယ်ဗျ၊ ရတော့မယ်။ ဘိုးဘွားရိပ်သာဥက္ကဋ္ဌကြီး၊ အတွင်းရေးမှူး ကြီးနဲ့ ဂေဟာမှူးကြီးတို့ ကူညီမယ်ဆိုရင် ကုန်ကြမ်းတွေ အများကြီးရမှာဗျ။

ဦးချမ်းမြေ။
ဦးခင်မင်။
ကိုဖိုးအေး။ ကူညီမှာပေါ့။ ဘာကူညီရမလဲပြော ... ။

ဦးသီတာ။ ဒီလိုဗျ။ မိဘနဲ့သားသမီးဆက်ဆံရေးနဲ့ပတ်သက်လို့ ကျွန်တော့် ရင်ထဲမှာ ခံစားနေရတာလေးတွေကို ရေးချင်နေတာကြာပြီ။ သတင်းစာထဲမှာ အဖေကိုပြန်တရားစွဲတဲ့သမီး၊ မိဘက သား သမီးကို သွာနုတ္တသား/သမီးအဖြစ် ကြေညာကြရတာတွေ ဖတ်ရတော့ ရင်ထဲမှာ နင့်နင့်သွားတယ်။ တစ်ခါကလည်း ရေးက နာမည်ကြီးအဆိုတော်ကြီးတစ်ယောက်လေ၊ သူဆိုပြီး သီချင်းတွေကို ဆိုဆိုပြပြီး ပိုက်ဆံလိုက်တောင်းနေတာကို ရင်နင့်စဖွယ် တွေ့ခဲ့ရဖူးတယ်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ကျွန်တော်တို့ကာလမှာ မိအိုဖအိုကို မငြိုမငြင် လုပ်ကျွေးပြုစုတဲ့ သားသမီးမျိုး ရှိမှရှိသေးရဲ့လား။ ဟို ဆိုရိုးစကားတစ်ခုရှိတယ်။ "မိဘနှစ်ယောက်က သားသမီး ဆယ်ယောက်ကို ကျွေးနိုင်တယ်၊ သားသမီးဆယ်ယောက်က မိဘနှစ်ယောက်ကို မကျွေးနိုင်ဘူး" တဲ့။ အဲဒီစကားဟာလည်း ခြွင်းချက်မရှိ မှန်တဲ့ကာလရောက်နေပြီလား ... ။

အဲဒီအဖြေဟာ ဟောဒီဘိုးဘွားရိပ်သာမှာရှိနေတယ်လို့ ကျွန်တော်တွေးမိတယ်ဗျ။

ဦးချမ်းမြေ့။ ဟာ ... တကယ်ရှိတာပေါ့ဗျာ။ ဘိုးဘွားတွေကို လေ့လာလိုက်ရင် အဲဒီအဖြေဟာ ထင်ထင်ရှားရှားကြီးကို ပေါ်တာပေါ့ဗျာ။ ကဲ လေ့လာလို့ရအောင် ကျွန်တော်တို့က ကူညီပါ့မယ်ဗျာ။

ဦးခင်မင်။ ကျွန်တော်တို့ စောင့်ရှောက်ရေးရုံးမှာ ဘိုးဘွားတွေရဲ့ ကိုယ်ရေးမှတ်တမ်းတွေရှိပါတယ်။ ဘိုးဘွားရိပ်သာကို သူတို့ဘာကြောင့် ရောက်လာတယ်ဆိုတဲ့အကြောင်းကိုဖတ်လိုက်ရင်ပဲ ဆရာ လိုချင်တဲ့အဖြေပေါ်ပါတယ်။

ကိုဗိုးအေး။ ကျွန်တော်အကြံပြုချင်ပါတယ်။ ဒီနေ့ဟာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကျင်းပတဲ့နေ့မို့လို့ နေ့လယ်ပိုင်းတစ်လျှောက်လုံးကို အားလပ်ချိန်ပေးထားပါတယ်။ ညနေစာထမင်းစားချိန်အထိ ဘိုးဘွားတွေအားနေပါတယ်။ အခုဆိုရင် သူတို့ကိုလှူဒါန်းထားတဲ့ငွေနဲ့ပစ္စည်းလေးတွေကို သိမ်းဆည်းနေကြမှာ။ ဒါကြောင့် ဘိုးဘွားတချို့ကို ဆရာ ကိုယ်တိုင်တွေ့ဆုံမေးမြန်းရင်ကောင်းမယ်လို့ထင်ပါတယ်။

ဦးသီတာ။ ဂေဟာမှူးပေးတဲ့အကြံကောင်းတယ်ဗျ။ ဘယ်လိုတွေ့လို့ရမလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးအေး။ (ဘိုး ညည့်ခန်းနှင့် ဘွား ညည့်ခန်းဘက်သို့ လက်ညှိုးထိုးပြပြီး) အထူးတလည်တောင်စီစဉ်နေစရာမလိုပါဘူးခင်ဗျာ။ အဲဒီ ညည့်ခန်းတွေမှာ ဘိုးဘွားတွေအခုတောင်ရောက်စပြုနေပါပြီ။ မကြာခင်လည်း ထပ်ပြီးရောက်လာကြဦးမှာပါ။ ဆရာ လေးငါး ယောက်တွေ့လိုက်ရင်ပဲ ဆရာလိုချင်တဲ့အဖြေရမှာပါ။ နောက်ပြီးတော့ ဆရာ့အတွက် အံ့သြစရာ၊ စိတ်ဝင်စားစရာဇာတ်လမ်းလေးတွေတောင်ရဦးမယ်ဗျ။ မကြာခင် ဘိုးဘွားတွေရဲ့ အတွဲလေးတွေရောက်လာကြတော့မှာလေ။

ဦးသီတာ။ ဘယ်လို ဘယ်လို အတွဲလေးတွေ ဟုတ်လား။

ဦးချမ်းမြေ့။ စာရေးဆရာကြီးတော့ အတွဲတွေဆိုလို့ အတော်စိတ်ဝင်စားသွားပြီနဲ့တူတယ်။

ကိုဖိုးအေး။ (ခပ်ပြုံးပြုံးမျက်နှာဖြင့်) သက်ကြီးရွယ်အိုများနေ့တိုင်းမှာ ကျွန်တော်တို့တွေ့နေကျ အတွဲတွေပေါ့ ဟဲ ဟဲ ။ အဲဒီအတွဲတွေရောက်မလာခင် အခု ညည့်ခန်းတွေမှာရောက်နေကြတဲ့ ဘိုးဘွားတွေကို စာရေးဆရာကြီးတွေ့ရအောင် ကျွန်တော်နဲ့ သွားရင်ကောင်းမလား။

ဦးချမ်းမြေ့။ ကောင်းတယ်၊ ကောင်းတယ် ... ကိုဖိုးအေးက ကိုသီတာကို ဘိုးဘွားတွေနဲ့ မိတ်ဆက်ပေးလိုက်ပေါ့နော်။

ဦးခင်မင်။ အဲဒီဘိုးဘွားတွေရဲ့ အချက်အလက်ကလေးတွေကြည့်ချင်ကြည့်လို့ရအောင် ကျွန်တော် သူတို့ကိုယ်ရေးမှတ်တမ်းတွေကို အဆင်သင့်လုပ်ထားလိုက်မယ်၊ ဟုတ်လား။ (ထပြီး ဗီရိုထဲမှ ကိုယ်ရေးမှတ်တမ်းစာတွဲကိုယူစေ)

ဦးချမ်းမြေ့။ ကိုသာယာရေ ရေနွေးကြမ်းသောက်ဦးဗျ။

www.burmeseclassic.com

www.burmeseclassic.com



ဦးသာယာ။ ဟုတ်ကဲ့ပါ။ ကျွန်တော်လည်း အပျင်းပြေ ဘိုးဘွားတွေရဲ့ ကိုယ်ရေးမှတ်တမ်းလေးတွေ ဖတ်ဦးမယ်ဗျာ။ (ဦးခင်မင်ထံမှ စာတွဲကိုယူ၍ လှန်လှောဖတ်နေစေ)

(ဂေဟာမှူး ကိုပိုးအေးနှင့် စာရေးဆရာ ဦးသီတာတို့ ရုံးခန်းမှ ဘိုး ဧည့်ခန်းဘက်သို့ ကူးသွားကြစေ။ ဤအချိန်မှစ၍ ဘိုး ဧည့်ခန်းကို ကွက်ထိုး မီးထိုးထားရမည်။ အဘိုး ၄ ယောက်ရှိနေ။ အဘိုးများဖရှေ့ရောက်လျှင် ...)

ကိုပိုးအေး။ ဘိုးတို့ ... ဒီက စာရေးဆရာကြီး ဦးသီတာက ဘိုးတို့အကြောင်းလေးတွေသိချင်လို့ပါတဲ့။ ဆရာရေ ဟောဒီအဘိုးတွေကတော့ ဒါက ဦးရန်လင်း၊ ဒါက ဦးသိန်း၊ ဒါက ဦးဟန်ခင်၊ ဒါက ဦးဌေးတဲ့

ဦးသီတာ။ ဘိုး တို့ကို ကျွန်တော်ရိုရိုသေသေမေးပါရစေနော်။ ဘိုးတို့ ဒီဘိုးဘွားရိပ်သာကို ရောက်လာတဲ့အကြောင်းပေါ့လေ၊ တိုတိုနဲ့ လိုရင်းပြောပြပါလား ... ။ (မှတ်စုစာအုပ်ဖြင့် လိုက်မှတ်ရန် ပြင်စေ)

ဦးရန်လင်း။ ကျုပ်က အငြိမ်းစားရဲတပ်ကြပ်ကြီးပါ။ သား ၃ ယောက် သမီး ၁ ယောက်ရှိတယ်။ သူတို့အိမ်ထောင်နဲ့သူတို့ စားနိုင်သောက်နိုင်သူတွေပါ။ သားတွေကရော၊ သမီးကရော၊ ကျုပ်ကို သူတို့နဲ့ အတူနေဖို့ မခေါ်ကြဘူး။ ဒါနဲ့ ကျုပ်မိန်းမဆုံးတော့ ဒီရောက်လာတာပဲ။

ဦးသီတာ။ သားသမီးတွေက လာလာမတွေ့ကြဘူးလား။

ဦးရန်လင်း။ မလာပါဘူးဗျာ။

ဦးသိန်း။ ကျုပ်က ပင်လယ်ပိုင်းကပါ။ သားတစ်ယောက်ရှိတယ်။ ချွေးမလုပ်တဲ့သူက ကျုပ်ကို မကြည်ဖြူလို့ တူမတွေရှိတဲ့ ဒီမြို့ကို ခဏလာနေတာ။ နောက်တော့ တူမတွေကလည်း ကြာကြာ

www.burmeseclassic.com



| | |
|---|---|
| | မထားနိုင်ဘူးထင်ပါရဲ့ ဒီဘိုးဘွားရိပ်သာကို လာပို့ကြတော့ ကျုပ်လည်း ဘာမှမပြောဘဲ နေလိုက်တာပါပဲ။ |
| ဦးဟန်ခင်။ | ကျုပ်ကတော့ လက်သမားဗျ။ ပထမအိမ်ထောင်နဲ့ သားသမီး ၃ ယောက်အရမှာ သူက နောက်လင်ယူသွားတယ်လေ။ ဒါနဲ့ ကျုပ်လည်း နောက်အိမ်ထောင်ထူတော့ သူ့မှာ သားသမီး ၄ ယောက်ပါလာတယ်ဗျ။ အဲဒီမိန်းမဆုံးသွားတဲ့အချိန်မှာ ကျုပ်လည်း အလုပ်မလုပ်နိုင်တဲ့အခြေအနေရောက်သွားပြီ။ ဒါနဲ့ မယားပါသားသမီးတွေက ဒီကိုပို့လိုက်ကြတာပါပဲဗျာ။ |
| ဦးသီတာ။ | သားရင်း သမီးရင်းတွေကရော အဘိုးကို ခေါ်မထားဘူးလား။ |
| ဦးဟန်ခင်။ | သူတို့က ငယ်ငယ်လေးကတည်းက သူ့အမေနောက်ပါသွားတာဆိုတော့ ကျုပ်ကို အဖေလို့တောင် မမှတ်ကြဘူးထင်ပါရဲ့ဗျာ။ |
| ဦးငွေ။ | ကျုပ်မှာတော့ သမီးတစ်ယောက်ရှိတယ်ဗျာ။ ဖအေတစ်ခု သမီးတစ်ခုဆိုပါတော့။ ကျုပ်က စက်ထဲမှာ အလုပ်ကြမ်းလုပ်ပြီး သမီးလေးကိုကျွေးမွေးပြုစုလာခဲ့တာ။ သူ ဆိုက္ကားသမားနဲ့ အိမ်ထောင်ကျသွားတော့ ကျုပ် သူတို့နဲ့အတူ လိုက်နေတယ်။ နောက် ကျုပ် လေငန်းဖြစ်ပြီး အလုပ်မလုပ်နိုင်တော့ သမက်က ကျုပ်ကို ဒီလာပို့တာပဲ။ |
| ဦးသီတာ။ | အဘိုးရဲ့သမီးက လာမတွေ့ဘူးလား။ |
| ဦးငွေ။ | အင်း တစ်နှစ်တစ်ခါတော့ ဒီလိုနေ့မှာ လာတတ်တယ်။ ဒါကြောင့် ခု ထွက်စောင့်နေတာလေ။ |
| ကိုဖိုးအေး။ | ကဲ ကျွန်တော်တို့ ဘွား ညောင်ခန်းသွားကြဦးစို့။ |
| | (ဦးသီတာနှင့် ကိုဖိုးအေး ဘွားညောင်ခန်းဘက်သို့ကူးသွားစေ။ |

www.burmeseclassic.com

www.burmeseclassic.com



ကွက်ထိုးမီး တစ်ပါတည်းလိုက်ထိုးထားရမယ်။ အဘွား ၃ ယောက် တန်းလျားပေါ်တွင်ရှိနေ။ အဘွားများရှေ့ရောက်လျှင်-)

ကိုဖိုးအေး။ ဘွားတို့ ဒီကစာရေးဆရာကြီး ဦးသီတာက ဘွားတို့အကြောင်းလေးတွေ လေ့လာချင်လို့ လာတာပါ။ အဲဒါ ဘွားတို့ ဒီဘိုးဘွားရိပ်သာကိုရောက်လာတဲ့အကြောင်းလေးတွေ ပြောပြပေးကြပါနော်။

ဦးသီတာ။ တိုတိုနဲ့လိုရင်းပေါ့အဘွားတို့ရာ။ အဘွားတို့မောနေမှာစိုးလို့ ခပ်တိုတိုပဲပြောပါ။ (မှတ်စုစာအုပ်ပြင်ဆင်စေ)

ကိုဖိုးအေး။ ကဲ အဘွား ဒေါ်တင်ယုကစပြီး ပြောပြနော်။

ဒေါ်တင်ယု။ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတာလေ။ အစောကြီးအိမ်ထောင်ကျပြီး သားကတပ်ထဲမှာ တပ်ကြပ်ကြီး၊ ရှမ်းပြည်ဘက်မှာ။ သမီးယောက်ျားက စိုက်ပျိုးရေးဌာနမှာဆိုတော့ သမီးကလည်း သူ့ယောက်ျားပြောင်းတဲ့နောက် လိုက်နေရတယ်။ ကျွန်မယောက်ျားက ကျောင်းဆရာ။ သူ့ပင်စင်လေးနဲ့ အဘိုးကြီးအဘွားကြီး နေခဲ့ကြတာ။ အဘိုးကြီးဆုံးတော့ သားနဲ့သမီးလာတယ်။ ကျွန်မ သူတို့ဆီလိုက်နေနိုင်မှာမဟုတ်ဘူးဆိုပြီးတော့ ဘိုးဘွားရိပ်သာမှာ အပ်ပေးခဲ့တာလေ။

ဦးသီတာ။ သားနဲ့သမီးက နောက်ပိုင်း တစ်ခါမှ လာမတွေ့ဘူးလား။

ဒေါ်တင်ယု။ သူတို့က ဟိုးအဝေးကြီးမှာလေ ... ဘယ်လာနိုင်ကြမှာတုန်း။ အင်း ... တွေ့တော့တွေ့ချင်ပါရဲ့ကွယ်။ သူတို့အတွက် အဘွားစုထားတဲ့ ပိုက်ဆံလေးတွေ ပေးချင်သေးတယ်။ မြေးလေးတွေလည်း တွေ့ချင်ပါရဲ့။ ဘယ်အရွယ်ရောက်ကုန်ကြပြီလဲမသိဘူး ...။

ကိုဖိုးအေး။ ကဲ အဘွားဒေါ်အေးဘိုက ပြောပြပါဦး။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးဘုံ။ အဘွားက ရန်ကုန်ကပါ။ သားတစ်ယောက်နဲ့ သမီးနှစ်ယောက် ရှိတယ်။ ရန်ကုန်မှာ တစ်နေရာစီ နေကြတာလေ။ ကျုပ် အဘိုးကြီးက အစောကြီးသေသွားတော့ သမီးတွေအိမ်မှာ တစ်လှည့်စီနေတာ။ နောက်ပိုင်းကျတော့ သမီးတွေရဲ့ အပြော အဆိုတောင်ခံရပြီး စိတ်မချမ်းသာလို့ ဒီမြို့မှာရှိတဲ့ ညီမဆီလာ နေရင်း ဒီဘိုးဘွားရိပ်သာမှာ နေဖြစ်သွားတာလေ ... ။

ဦးသီတာ။ အဘွားရဲ့သားကရော အဘွားကို မခေါ်ဘူးလား။

ဒေါ်အေးဘုံ။ သူကအကြီးဆုံးသားလေ။ သူ့မှာလည်း သားသမီးတွေမကဘူး၊ မြေးမြစ်တောင်ရနေပြီဆိုတော့ သူ့မိသားစုနဲ့သူ ရှုပ်နေတာပဲ။ သူကခေါ်တောင် အဘွားမနေနိုင်ပါဘူးကွယ်။ ဒီလို ဘိုးဘွား ရိပ်သာနေရတာက အေးချမ်းပါတယ်။

ကိုဖိုးအေး။ ကဲ အဘွားဒေါ်အုံးကြည်ကလည်း ပြောပြလိုက်ပါဦးနော်။

ဒေါ်အုံးကြည်။ ရှည်ရှည်ဝေးဝေး ပြောစရာမရှိပါဘူးကွယ်။ သားသမီး ၅ ယောက်ရှိတယ်။ သူတို့အဖေဆုံးတော့ အဘွားအသက် ၆၅ နှစ် ရှိပြီ။ ဘယ်သား၊ ဘယ်သမီးကမှ သူတို့နဲ့လာနေဖို့ စကား မဟကြဘူး။ တစ်ခုတော့ပြောပါတယ်။ အမေ့အိမ်ကိုရောင်းချ ပြီး အမေအေးအေးချမ်းချမ်း စားသွားပါတဲ့။ သူတို့ အမေ့အမွေ ကို မမျှော်ပါဘူးတဲ့။ အဲ့နဲ့ အိမ်မကြီးကိုရောင်း၊ ဘေးနားမှာ တဲလေးထိုးနေခဲ့တာ။ ရောင်းရတဲ့ငွေကုန်တော့ ဒီဘိုးဘွား ရိပ်သာ ရောက်လာတာပါပဲကွယ်။

ဦးသီတာ။ သြော် သြော် ...

ကိုဖိုးအေး။ ကဲ ဆရာရေ ရုံးခန်းထဲသွားကြဦးစို့။

(ကိုဖိုးအေးနှင့် ဦးသီတာ ရုံးခန်းထဲသို့ ပြန်သွားကြစေ။ အဘွား

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်ယု၊ ဒေါ်အေးဘုံ၊ ဒေါ်အုံးကြည်တို့လည်း ဘုရားဆောင်သို့ဟု မြားပြထားသည့်အတွင်းဘက်သို့ ဝင်သွားကြစေ။ ကွက်ထိုးမီးရပ်လိုက်ရမည်)

ဦးချမ်းမြေ။ ဆရာ ကိုသီတာရေ့ ခင်ဗျားသိချင်တဲ့အဖြေရခဲ့ပြီမဟုတ်လား။ လာ အမောပြေ ရေနွေးကြမ်းလေး သောက်ပါဦးဗျာ။

ဦးသီတာ။ (ကုလားထိုင်တွင် ဝင်ထိုင်ရင်း) အဖြေကတော့ ထင်ထင်ရှားရှားကြီးပေါ်ပါတယ်ဗျာ။ ဩော် ... သားသမီးဆယ်ယောက်နဲ့ မိဘနှစ်ယောက်၊ အင်း ... ဆယ်ယောက်နဲ့နှစ်ယောက်၊ ဆယ်ယောက်နဲ့ နှစ်ယောက် ...

ဦးချမ်းမြေ။ အဲဒီဆယ်ယောက်က မကျွေးနိုင်ဘဲပစ်ထားတဲ့နှစ်ယောက်က အဲဒီဆယ်ယောက်ကို ပြန်ကျွေးနေရတဲ့ဇာတ်လမ်းလေးတွေလည်းစာရေးဆရာကြီးကို ပြောပြလိုက်ပါဦး ကိုဖိုးအေးရာ ...

ကိုဖိုးအေး။ ကျွန်တော်တောင် မပြောရပါဘူး ဥက္ကဋ္ဌကြီးရာ၊ ဟောဟိုမှာ ဇာတ်လမ်းတစ်ပုဒ် လာပါပြီ။ (ဘိုး ညည့်ခန်းသို့ လက်ညှိုးထိုးပြစေ။ အားလုံးလှမ်းကြည့်ကြစေ) အတွဲလေးတွေဆိုတာ အဲဒါပါပဲခင်ဗျား ... ။

(ဘိုး ညည့်ခန်းကို ကွက်ထိုးမီးဖြင့် ပြရမည်)

(ဇာတ်စင်၏လက်ယာဘက်မှ အမျိုးသမီးတစ်ယောက်၊ ကလေးလက်ဆွဲ လျက်ဝင်လာစေ။ ထိုအချိန်တွင် ဘိုး ညည့်ခန်းထဲမှ ဦးရန်လင်း၊ ဦးသိန်း၊ ဦးဟန်ခင်တို့ ဘိုးဆောင်သို့ဟု မြားပြထားသည့်အတွင်းဘက်သို့ ဝင်သွားကြစေ။ ဦးငွေး တစ်ယောက်တည်း ကျန်ရစ်စေ)

(မိန်းကလေးသည် ဦးငွေးကို တွေ့လျှင်တွေ့ချင်း ထိုင်ပြီး ခြေထောက်ကိုဖက်၍ ငိုစေ။ ဦးငွေးလည်း မျက်ရည်များကျစေ။ ကလေးကိုချီ၍ နမ်းရှုံ့နေစေ)

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး။ သမီးမအားလို့ အဖေ့ဆီမလာနိုင်တာပါ။ အဖေနေကောင်းတယ်နော်။

ဦးဌေး။ အဖေနေကောင်းပါတယ်။ သမီးတို့အလုပ်အကိုင် ဘယ့်နှယ်နေလဲ။

မိန်းကလေး။ ထုံးစံအတိုင်းပါပဲအဖေရာ။ လုံးချာပတ်ချာလည်နေတာပါပဲ။

ဦးဌေး။ (မိမိအင်္ကျီအိတ်ထဲမှ ငွေစက္ကူများဆွဲထုတ်ပြီး) ရော့ ရော့ ဒီနေ့အခမ်းအနားမှာရတဲ့ အလှူငွေထဲက ငါးထောင်ယူသွား။ အဖေလှူဖို့ တစ်ထောင်ပဲချန်ထားတယ်။ ကဲကဲ ပြန်ကြတော့။

(မိန်းကလေးက ငွေများယူပြီး ကလေးကိုလက်ဆွဲကာ ဇာတ်စင်၏လက်ယာ ဘက်သို့ ပြန်ဝင်သွားစေ။ ဦးဌေးလည်း ဘိုးဆောင်ဘက်သို့ဝင်စေ။ ကွက်ထိုးမီး ရပ်လိုက်ရမည်)

ကိုဖိုးအေး။ (ဘွား ညော့ခန်းဘက်သို့ညွှန်ပြပြီး) ဟော ဟိုမှာလဲ ဇာတ်လမ်းတစ်ပုဒ်ဆရာရေ့ ... ။ အဲဒီအဘွားနာမည်က ဒေါ်ကြွယ်တဲ့။

(ဘွားဆောင်သို့ဟူသော ဆိုင်းဘုတ်ဘက်မှနေ၍ အဘွားဒေါ်ကြွယ်ထွက်လာစေ) အားလုံးလှမ်းကြည့်ကြစေ။ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးရှိသည်၊ သားဆိုးသမီးဆိုး ပစ်ရိုးထုံးစံမရှိဆိုတဲ့ ဇာတ်လမ်းပေါ့။ ကျွန်တော်တို့ကတော့ မြင်နေကျမို့ ရိုးနေပြီလေ။

(ဘွား ညော့ခန်းကို ကွက်ထိုးမီး ထိုးထားရမည်)

(လူရွယ်တစ်ယောက် ဇာတ်စင်၏လက်ဝဲဘက်မှ "အမေ အမေ" ဟုခေါ်ကာ ယိုင်ထိုးယိုင်ထိုးနှင့်ဝင်လာပြီး ဒေါ်ကြွယ်နှင့် မျက်နှာချင်းဆိုင်မိစေ။ ဒေါ်ကြွယ်က ဟိုဟိုသည်သည်ကြည့်ပြီး အတွင်းအိတ်ထဲမှ ငွေစက္ကူများ ထုတ်ပေး စေ။ ပေးပြီးချင်း လူရွယ်အား "သား ပြန်တော့ ပြန်တော့ ..." ဟုပြောလျက် ညော့ခန်းထဲမှ တွန်းထုတ်စေ။ လူရွယ်ထွက်သွားသွားချင်း

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြွယ် ဘွားဆောင် ဘက်သို့ ပြန်ဝင်စေ)

(ကွက်ထိုးမီး ရပ်လိုက်ရမည်)

(ထိုစဉ် ဇာတ်စင်၏လက်ယာဘက်မှ အဘိုးအိုတစ်ယောက် တောင်ဝှေး ထောက်ကာ ထောက်ကာနှင့် ရုံးခန်းအတွင်းသို့ ဝင်လာစေ)

ကိုဗိုးအေး။ ဟာ အဘိုးငြိမ်းပါလား။ (ထပြီး ဖေးမတွဲခေါ်လာ) ထိုင် ဒီမှာထိုင် အဘိုး ... (ကုလားထိုင်တစ်လုံးတွင် နေရာပေးစေ) အဘိုး ဘယ်လာတာလဲ ... ။

အဘိုးငြိမ်း။ ဒီကိုပဲလာတာ ဂေဟာမှူးကြီးရဲ့။ ဒီမှာပြန်နေချင်လို့ပါ။

ကိုဗိုးအေး။ ဟင် ဘယ်လိုဖြစ်တာလဲအဘိုးငြိမ်းရဲ့။ (ဦးချမ်းမြေ့နှင့် ဧည့်သည်များသို့လှည့်ပြီး) ဒီအဘိုးက အရင်ကဒီမှာနေသွားတာလေ၊ သူ့ကိုလာအပ်ပေးတဲ့ သမက်နဲ့သမီးက လွန်ခဲ့တဲ့ ၃ လလောက်က လာပြန်ခေါ်သွားတာ။ သူတို့လည်း စီးပွားရေးလေးကောင်းလာလို့တဲ့၊ သူတို့အဖေကိုလည်း ဆေးကုပေးချင်လို့တဲ့၊ အဲနဲ့ သူတို့သားသမီးများရဲ့ ဝန်ခံချက်ယူပြီး ပြန်အပ်ပေးခဲ့တာ။ ကဲ ... အဘိုးငြိမ်းရေ အဘိုးက ဘာဖြစ်လို့ ပြန်လာချင်ရတာလဲ ရှင်းပြပါဦး။

အဘိုးငြိမ်း။ ဒီလိုပါ ... ကျုပ်မှာ သားတစ်ယောက် သမီးတစ်ယောက်ရှိတာလေ။ သားက ရန်ကုန်မှာ သူ့အိမ်ထောင်နဲ့သူ။ ကျုပ်က ဒီမြို့မှာ သမီးသမက်နဲ့ အတူနေရာကနေ သမက်က ဒီဘိုးဘွားရိပ်သာမှာ လာပို့လို့ဒီမှာနေတာအတော်ကြာပြီ။ စိတ်လဲချမ်းသာပါတယ်။ အဲဒီခုန ဂေဟာမှူးပြောသလို ကျုပ်ကို ဆေးကုပေး မယ်ဆိုပြီး သမက်ကပြန်ခေါ်သွားတာလေ။ အင်း ... တကယ်ပါကတော့ ကျုပ်သားက နိုင်ငံခြားမှာ အလုပ်သွားလုပ်ရာက ပြန်လာပြီ ကြားလို့၊ အဲဒီက ပိုက်ဆံတောင်းချင်တာနဲ့ ကျုပ်ကိုသူတို့

www.burmeseclassic.com



ပြန်ခေါ်တာဗျ။ အခု သားဆီက ပိုက်ဆံဖြစ်ဖြစ်ပြောက်ပြောက် မရတော့ သမက်က ကျုပ်ကို နေ့တိုင်း ဆောင့်ဆောင့် နေတယ်။ ဒါကြောင့် ကျုပ်ဒီမှာ ပြန်နေချင်လို့ ... ။

(အားလုံး စိတ်မကောင်းဖြစ်နေကြစေ)

ဦးချမ်းမြေ။ အင်း စိတ်မကောင်းစရာပဲ။ ဒါပေမဲ့ ဘိုးဘွားရိပ်သာ စည်းကမ်း ကလည်းရှိသေးတယ်။ ကဲ အဘိုးငြိမ်းကိစ္စကို ကြီးကြပ်မှု ကော်မတီအစည်းအဝေးမှာ တင်ပြပြီး ဆုံးဖြတ်ပေးမယ်။ အခုတော့ အိမ်ပြန်ဦးနော်အဘိုး။

အဘိုးငြိမ်း။ အင်း အင်း ဒါဆို ကျုပ်ပြန်လိုက်ဦးမယ်။ (တောင်ဝှေးထောက် ကာ ထောက်ကာ ပြန်လည်ထွက်ခွာသွားစေ)

(ရုံးခန်းထဲမှလူများ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး စိတ်မသက်မသာ ဖြစ်နေကြစေ)

ဦးချမ်းမြေ။ ကိုင်း စာရေးဆရာကြီး ကိုသီတာရေးချင်နေတဲ့ မိဘနဲ့သား သမီးအကြောင်းကတော့ ရေးစရာတွေအများကြီးရသွားပြီ ပေါ့နော်။

ဦးသီတာ။ အင်း ရေးစရာတွေလည်း အများကြီးရပါတယ်ဗျာ။ သံဝေဂ လည်း ရမိပါရဲ့။ ဩော် ... မိဘဆိုတာ ဖယောင်းတိုင်လိုပဲတဲ့။ သနပ်ခါးတုံးလိုပဲတဲ့။ သစ်ပင်လိုပဲတဲ့။ မှန်လိုက်တာဗျာ။ ဖယောင်းတိုင်ကလည်း သူများအလင်းရဖို့ ကိုယ်ကလောင်ကျွမ်း ခံရတယ်။ သနပ်ခါးတုံးကလည်း သူများအမွှေးနံ့သာလိမ်းနိုင်ဖို့ ကိုယ်က အသွေးခံရတယ်။ သစ်ပင်ကလည်း သူများကို အရိပ် အာဝါသပေးဖို့ ကိုယ်ကနေပူခံရတယ် ... ။

ဦးသာယာ။ ဟုတ်တယ်လေ။ ဒါပေမဲ့ မိဘရယ်လို့ဖြစ်လာကတည်းက

www.burmeseclassic.com



သားသမီးအပေါ် အနစ်နာခံနိုင်တဲ့သတ္တိဆိုတာ ရှိလာတာပဲဗျ။

ဦးသီတာ။ အဲ ဟုတ်ပြီ။ သည်တော့ ... (လေးလေးနက်နက် စဉ်းစားပြီး) ကျွန်တော်တို့စာရေးဆရာတွေကလည်း "သားသမီးများက မိဘများအပေါ် အနစ်နာခံနိုင်တဲ့သတ္တိတွေမွေးလာအောင်" လမ်းပြဆွဲဆောင်ရေးသားကြဖို့လိုမယ်ဗျ။ မဟုတ်ဘူးလား ... ။

ဦးချမ်းမြေ့။ ရေး ... ရေး ... ခင်ဗျားတို့စာရေးဆရာတွေကလည်း ရေးရမှာပေါ့ဗျာ။ အင်း ... အင်း ... ကျွန်တော်တို့ကတော့ (မျက်နှာ ခပ်ပြုံးပြုံးလုပ်ပြီး စကားကိုရပ်ထားစေ)

ဦးသီတာ။ ဥက္ကဋ္ဌကြီး ... စကားဆက်ဦးလေ။

ဦးချမ်းမြေ့။ အင်း ... ကျွန်တော်တို့ဘိုးဘွားရိပ်သာတွေကတော့ သားသမီးတွေက မကျွေးနိုင်လို့ ရောက်လာမယ့် မိဘတွေကိုကျွေးနိုင်အောင် ဆက်ပြီးပြင်ဆင်ထားရဦးမှာပါပဲဗျို့ ... ။

အားလုံး။ ဟုတ်လိုက်လေဗျာ ...

ဦးသီတာ။<br>ဦးသာယာ။ ကဲ ကျွန်တော်တို့လည်း ကုန်ကြမ်းတွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ ပြန်ဦးမယ်ဗျို့။

(မတ်တက်ရပ်ကြစေ)

ဦးသီတာ။ မပြန်ခင် ဘိုးဘွားရိပ်သာဥက္ကဋ္ဌကြီးကို မှာခဲ့ဦးမှပဲဗျ။

ဦးချမ်းမြေ့။ ဘာပါလိမ့် စာရေးဆရာကြီးရဲ့။

ဦးသီတာ။ ခင်ဗျားတို့ ဘိုးဘွားရိပ်သာမှာ ကျွန်တော့်အတွက် တစ်နေရာ ချန်ပေးထားပါဗျို့ ... ။

ဦးသာယာ။ ဪ ... သားသမီးတွေကို လမ်းပြမယ့် စာရေးဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



ကတောင် ဒီလိုမှာတယ်ဆိုတော့ ဘိုးဘွားရိပ်သာဥက္ကဋ္ဌကြီး
ရေ့ … ကျွန်တော့်အတွက်လဲ တစ်နေရာဖို့ …
(အားလုံးရယ်မောလျက်ရှိစဉ်)

(ရှေ့ဖုံးကားပိတ်)

ဇင်မင်း (သမိန်ထော)

www.burmeseclassic.com